

ဤဆွေလှိုင်ဦး၏ "မိုးပေါ်ကမချော"ဝတ္ထုကို စာမူခွင့်ပြုချက်အမှတ် ၁
၆(၅)အရ ဒေါ်ခင်ကြည် (ဝ၄၇၈ဝ)၊ ရတနာမဏ္ဍု ပုံနှိပ်တိုက်၊ ၂ဝ၇၊ ဝေဇယ
ာမ်း၊ ၁၆ရပ်ကွက်၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့မှ ပုံနှိပ်ပြီး မျက်နှာဖုံးခွင့်ပြု
ခမှတ် ၉၂၆/၉၆(၇)အရ ဦးကျော်စိန် (ဝ၂၉ဝ၉) ကျောက်စိမ်း ပုံနှိပ်တိုက်၊၁
၃လမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ပြီး ဦးလှဋ္ဌေး (ဝ၁၁၃၈) လှဋ္ဌေးစာပေ၊
၂၆လမ်း၊ ရန်ကုန်မြို့မှ ၁၉၉၆ခု၊ ဩဂုတ်လတွင် အုပ်ရေ ၅ဝဝကို တန်
ဝိ/-ကျပ်ဖြင့် ထုတ်ဝေလိုက်ပါသည်။

ဖြန့်ချိရေး-ပြုံးပန်းတစ်ရာစာပေ ဖုံး-၂၇၅၁





# မိုးပေါ်ကမချော





# ဆွေလှိုင်ဦး

မိုးပေါ်က မချော

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

တပ်မတော် ဖြိုခွဲသူ ဒို့ရန်သူ
တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့သက်မခံ
အယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်
စည်းကမ်းလိုက်နာ ဘေးကင်းကွာ
ရပ်ရွာအေးချမ်းသာယာရေး
ဝိုင်းဝန်းတူညီ စောင့်ထိန်းပေး
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

---

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

အခန်း (၁)

---

လှိုင်း....

လူးသည်၊ လိမ့်သည်၊ လှုပ်သည်။

ပေလီ ပင်လယ်ပြင်မှ လှိုင်းခေါင်းဖြူကြီးများသည် တဝေါဝေါ အော်မြည်ရင်း ကမ်းစပ်သို့ ပြေးတက်လာကြသည်။

ကမ်းခြေ တစ်လျှောက်တွင် လှိုင်းတန်းကြီး ဖွေးဖွေးဖြူသွားသည်။

သည်ပေလီ ကမ်းခြေတွင်....

ငမန်းလေး မျှီးခက်။

ခင်စန္ဒီ။

ချစ်စရာကောင်းလှတဲ့ ချစ်ချစ်။

သားကလေး မောင်မျိုးခက်အပေါ်တွင် အနန္တမေတ္တာဖြင့် ရှာဖွေနေသော တစ်ချိန်က အင်းလျားဆောင်သူ တင်မျိုးဆွေ။

ချစ်ချစ်၏ မေမေ ဖေဖေများ ဖြစ်ကြသော ဘီအေစီ လေယာဉ်မှူး ကပ္ပတိန် ဘခက်နှင့် ဇနီး နုနုချွတ်။

သူတို့တစ်တွေသည် တစ်နေ့နေ့ တစ်ချိန်ချိန်၊ တစ်နေရာရာတွင် လာရောက် ဆုံစည်းကြလိမ့်မည်ဟု မည်သည့်ကာလကမှ မမျှော်မှန်းခဲ့ကြ။ လောကသည် ဆန်းကြယ်လွန်းသည်။

သည်နေရာ သည်ဌာနတွင် သူတို့တစ်တွေ မမျှော်လင့်ဘဲ တွေ့ဆုံကြလေပြီ။

ချစ်ချစ်သည် သူတို့အနီးသို့ ရောက်လာသော မျိုးခက် အနေရခက်နေသဖြင့် သူမက အရင် မိတ်ဆက် ပေးလိုက်ရသည်။

'ကို...ကိုမျိုးခက်၊ ဒါ ချစ်ချစ်ရဲ့ ဖေဖေနဲ့ မေမေလေ၊ ငပလီကိုလာပြီး အနားယူရင်း ချစ်ချစ်ဆီကို လာလည်ကြတာ'

မျိုးခက်သည် ချစ်ချစ်၏ မိခင်နှင့် ဖခင်အား ပြုံးရွှင်စွာ ကြည့်လိုက်သည်။

'ဖေဖေ၊ သူ...အဲ...ကိုမျိုးခက်ဆိုတာ သူပဲဖေဖေ၊ ချစ်ချစ် လေယာဉ်ပျံပျက်ကျတုန်းက ကယ်ခဲ့တဲ့ မြပြင်ရွာက ကြက်ခြေနီရဲဘော်ကလေးပေါ့'

အဲသည်တော့မှ သမီးကလေး လေယာဉ် ပျက်ကျရာတွင် ပါဝင်ခဲ့သည်ကို နုနုချွတ် သိသွားပြီး ရင်ထဲတွင် ဒိန်းခနဲ သောကလှိုင်းကြီး အောင့်တက်သွားသည်။

'အေး...တွေ့ရတာ သိပ်ပြီးဝမ်းသာတယ် ငါ့တူရာ၊ သမီးလေး ချစ်ချစ် အခုလို အသက်ရှင်နေတာ ငါ့တူ ကျေးဇူးကြောင့်ပါပဲ၊ ဦးလေး ငါ့တူကို သိပ်ပြီးကျေးဇူးတင်ပါတယ်'





ကပ္ပတိန် ဘခက်သည် မျိုးခက်၏ပခုံးကို တရင်းတနှီးဆုပ်ကိုင်ရင်း ဝမ်းသာအားရ ပြောသည်။

တင်မျိုးဆွေ၏ ရင်ထဲတွင် နင့်ခနဲ။

ငါ့တူ တဲ့။

သားအရင်းနှင့် အဖေအရင်း တွေ့လို့မှ မသိကြတဲ့ဘဝ။

သားကလည်း မိခင်ကို တစ်ချက်သာကြည့်၍ မျက်နှာလွှဲသွားသည်။

လွှဲသွားသော မျက်နှာတွင် နာကြည်းမှုတွေ အထင်းသားပေါ်လွင်နေသည်ကို တင်မျိုးဆွေ မြင်လိုက်ရသည်။

ရင်ထဲက စကားလေးတွေနှင့် ပြောမိသည်။

'သား...သားလေးရဲ့အဖေဟာ အခု မင်းပခုံးကို ကိုင်ထားတဲ့ ကပ္ပတိန် ဘခက်ပေါ့ သားရယ်၊ အဲဒါ မင်းအဖေလေ၊ မင်းရဲ့အဖေပေါ့'

သို့ရာတွင်...

ရင်ထဲကသာ ပြောမိပါသည်။

အသံကတော့ မထွက်ရှာပါ။ မထွက်ဝံ့ပါ။

သည်ထက် အရေးကြီးတာက...

သားကလေးရဲ့ ချစ်သူဟာ ဖအေတူ မအေကွဲက မွေးတဲ့ မောင်နှမ အရင်းခေါက်ခေါက်။

တစ်ဖအေတည်းကမွေးတဲ့ မောင်နှမ။

မောင်နှမချင်းပင် မသိကြလို့ ချစ်သူဘဝကို ရောက်နေကြတဲ့ မောင်နှမ။

ဇာတ်မျိုးဆွေသည် ပြုံးနေဟန် တူသော်လည်း ရင်ထဲတွင် မျက်ရည်ကျနေသည်။ နှလုံးသားထဲတွင် နင့်နေပါသည်။

ဝမ်းနည်းတစ်ချာ ဝမ်းသာတစ်ခု။

သားကလေးနှင့် တွေ့တာက ဝမ်းသာတာ တစ်ခုတည်း။

သူ့ဖအေကို ဖအေမှန်း မသိ။

မအေကို စိမ်းကားတဲ့အကြည့်နှင့် ကြည့်၏။

လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်က ချစ်သူ သို့မဟုတ် လင်သားမှန်း မသိလိုက်ရဘဲ လင်သားဖြစ်ခဲ့သူ ကပ္ပတိန် ဘခက်နှင့် ပြန်လည်တွေ့ဆုံလိုက်ရပုံက ဝမ်းနည်းဘစ်ရာကို ရင်ထဲမှ ထိုးထည့်ခံလိုက်ရသလို ဖြစ်သွားရှာသည်။

ခင်စန္ဒီသည် ပဝါအနီကဒလေးကို ခေါင်းမှာ ချည်ရင်း မလှမ်းမကမ်းရှိ အမိုးဖွင့် ဝီလီဂျစ်ပေါ်မှ သူတို့တစ်တွေကို ကြည့်နေသည်။

မျိုးခက်သည် သူ့လက်ကို ဇမ်းပန်းဘသာကိုင်၍ ကျေးဇူးတင်စကားပြောနေသော ချစ်ချစ်၏ဖခင်ကို ပြုံးရွှင်စွာကြည့်လိုက်သည်။

သူ့လက်ကို ကိုင်ဆွဲထားသည့် လူချောကြီး၏လက်မှ သွေးနှင့် သူ့လက်မှ သွေးတို့မှာ ဆက်နေသည်။

မျိုးခက်ရင်ထဲတွင် သူ၏ ကျေးဇူးတင်စကားကို ကြားရတော့ ကြက်သီးထအောင် ဝမ်းသာရသည်။

ချစ်ချစ်ဖခင်ကို သူ၏ဖခင်ကဲ့သို့ ရင်ထဲက အသိလိုခင်မင်လာမိသည်။ လှိုက်လှိုက်လှဲလှဲ ပြန်ပြောမိသည်။





'ဦးလေးနဲ့တွေ့ရတာ သိပ်ပြီးဝမ်းသာတာပဲဗျာ၊ ချစ်ချစ်ကို ကယ်လိုက်ဘာဟာလဲ တာဝန်အရပါ၊ ကျွန်တော်က ကျေးရွာ ကြက်ခြေနီဆိုတော့ ဒုက္ခရောက်နေတဲ့လူကို ကယ်တင်ဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်'

'တာဝန်ကတော့ တာဝန်တစ်ပိုင်းပေါ့ မောင်မျိုးခက်၊ ဒါပေမယ့် ညကြီးမင်းကြီးမှာ လှိုင်းတွေ လေတွေကြားထဲက သမီးအသက်ကို စွန့်စွန့်စားစား ကယ်ခဲ့တာဟာ တာဝန်စိတ်တစ်ခုတည်းနဲ့တော့ ဒါလောက် မစွန့်စားရဲဘူး၊ မောင်မျိုးခက်ရဲ့ ပင်ကိုစိတ်ထားကိုက ကောင်းလို့၊ အဲ...အတွက်ရှိသို့ ဖြစ်ပါလိမ့်မယ်'

နူနူချွတ် ဒါတွေကို မသိခဲ့။

လေယာဉ် ပျက်ကျသည့်အထဲတွင် သမီးကလေး ချစ်ချစ် ပါဝင်ခဲ့သည်ကို မသိခဲ့။

ချစ်ချစ်နှင့် ကပ္ပတိန်ဘခက်ကလည်း လျှို့ဝှက်ထားခဲ့သည်။

သူမတွင် နှလုံးရောဂါ ရှိသည်။

ချစ်ချစ်အတွက် အစိုးရိမ်ပိုမှာစိုး၍ ထိမ်ဝှက် ခဲ့ကြသည်။

'ချွတ်ချွတ်စိုးရိမ်မှာစိုးလို့ မောင်မပြောခဲ့တာ၊ ဟိုတလောက သံတွဲလေဆိပ်က အတက်မှာ စက်ချွတ်ယွင်းပြီး ပင်လယ်ထဲကို ပျက်ကျတဲ့ ဒါကိုတာလေယာဉ်မှာ ချစ်ချစ်လဲ ပါတယ်၊ သူက ချစ်ချစ်ကို ကယ်ခဲ့တာလေ၊ သူ့နာမည်က မောင်မျိုးခက်တဲ့၊ သမီးက မောင့်ကိုတော့ အားလုံး ပြောပြပြီးသားပါ'

နုနုချွတ်၏ရင်ထဲတွင် သမီးလေးအတွက် စိုးရိမ်ပိုမှုက လွန်ကဲလာသလို သမီးလေးအသက်ကို ကယ်ခဲ့ပါသည် ဆိုသော မောင်မျိုးခက်ကို တွေ့ရသဖြင့် နှင့်ခနဲ ဝမ်းသာသွားမိသည်။

'ဝမ်းသာလိုက်တာ မောင်မျိုးခက်ရယ်၊ သမီးကို အန်တီက အသက်လောက်ချစ်တာ၊ သမီးသာ သေသွားရင် အန်တီလဲ သေမှာပဲ၊ ကဲ....မောင်မျိုးခက်ရော မဆွေပါ ဘာန်ဂလိုကို လိုက်ခဲ့ကြပါဦး'

နုနုချွတ်အသံက တုန်ယင်နေသည်။

တွေ့မည့်တွေ့တော့ အနှစ် နှစ်ဆယ်ကျော်က အစ်မ အရင်းလို ခင်မင်တွယ်တာခဲ့ရသော မမတင်မျိုးဆွေနှင့် သမီးလေးရဲ့ အသက်သခင် ကျေးဇူးရှင်ကို တစ်ပြိုင်တည်း တွေ့နေရသည်။

ဝမ်းသာလွန်းသော စိတ်သည် နှလုံးရောဂါရှင် တစ်ယောက်အတွက် အန္တရာယ်ပင်ဖြစ်သလို အစိုးရိမ်ပိုစိတ်က လည်း ဒုက္ခပေးနိုင်သည်။

နုနုချွတ်ရင်ထဲတွင် ဝမ်းသာမှုတွေ လှိုက်၍လှိုက်၍ တက်လာသည်။

သမီးလေးအတွက် စိုးရိမ်သောကတွေ လှိုက်၍ လှိုက်၍ တက်လာသည်။

ခင်စန္ဒီသည် ဂျစ်ကားပေါ်မှဆင်း၍ သူတို့ရှိရာသို့ လျှောက်လာသည်။

လှိုင်းတွေက လှုပ်နေသည်။





ခင်စန္ဒီ စိတ်ကလေးကလည်း ခနေနိုခနော်နဲ့၊ လုပ်လီလုပ်လဲ့ ဖြစ်လို့နေသည်။

'အန်တီဆွေ....အန်တီဆွေ မြပြင်ကမ်းခြေကိုလမ်းလျှောက်ထွက်သွားတယ်ဆိုလို့ ဒီဒီ အပြန်မခက်အောင် ကားနဲ့ လာကြိုတာ'

ခင်စန္ဒီက ပြောသည်။

ပြောရင်း မျိုးခက်ကို အရှက်ကလေးပါသောအကြည့်နှင့် ရိပ်ခနဲ ကြည့်ပစ်လိုက်သည်။

စင်စစ်....

ဒေါ်တင်မျိုးဆွေကို ကြိုဖို့လာတာ မဟုတ်။

ခင်စန္ဒီလာတာကသူမ၏နှလုံးသားကလေးကိုဆော့ကစားသွားခဲ့သည့် အချစ်ဆုံးချစ်သူလေး ကိုမျိုးခက်ဆီကို လာတာပါ။

ဒါပေမယ့်....

အန်တီဆွေနှင့် တွေ့ရတော့....

သူ့ကိုလည်း တွေ့ရတော့....

ခင်စန္ဒီ ဝင်ရောရတော့တာပေါ့။

အန်တီတင်မျိုးဆွေကို ခုတုံးလုပ်ပြီး စကားပြောရတော့တာပေါ့။

ချစ်ချစ်သည် ခင်စန္ဒီကို စိမ်းစိမ်းကားကားကြည့်နေသည်။

သူတို့အားလုံးကို ဦးစောဒီက ကျောက်ဆောင်ပေါ်မှ မှန်ဘီလူးဖြင့် ကြည့်နေ၏။ သူတို့ မသိ။

နုနုချွတ်၏ အသံက တုန်ယင်စွာ ထွက်ပေါ်လာသည်။

'မောင်....မောင်မျိုးခက်ရော မ.... မတင်မျိုးဆွေပါ ချွတ်ချွတ်တို့ ဘန်ဂလိုကို လိုက်.... လိုက်....လည်....အမယ်လေး....မူးမူးတယ်၊ မူးတယ်'

နုနုချွတ်၏ရင်ထဲတွင် လှိုက်ခနဲ ဖြစ်သွားသည်။

ခံစားမှု....

စိုးရိမ်မှုတွေ၊ ဝမ်းသာမှုတွေက နှလုံးကို အဟုန်ပြင်းစွာ ရိုက်ခတ်လိုက်သည်။

'ချွတ်ချွတ်....ချွတ်ချွတ်'

'မေမေ....'

နုနုချွတ် ခွေလဲသွားသည်။

သူတို့အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

နုနုချွတ် သတိမရ။

မျိုးခက်က ကြက်ခြေနီရဲဘော်လေးပီသစွာ ရုတ်တရက် မေ့လဲသွားသည်ကို ပြုစုသော နည်းဖြင့် ချက်ချင်းပြုစုသည်။

'သိပ်မအုံနဲ့၊ ဘေးကိုဖယ်....ဘေးကိုဖယ်'

မျိုးခက်သည် ချစ်ချစ်၏မိခင်ကို သတိရအောင် အရေးပေါ်နည်းဖြင့် ပြုစုနေစဉ် ခင်စန္ဒီက ဝင်ပြောသည်။

'ဒီဒီ ကားနဲ့ သံတွဲဆေးရုံကို အမြန်ဆုံးပို့ပေးမယ်'

'ဟုတ်တယ်၊ ဆရာဝန်တစ်ယောက်ဆီကို အမြန်ဆုံးရောက်ဖို့ အရေးကြီးတယ်'

ကပ္ပတိန် ဘခက် အသံက စိုးရိမ်မှုတွေ လွှမ်းကဲနေသည်။

တင်မျိုးဆွေကတော့ ကျောင်းကတည်းက ချွတ်ချွတ်တွင် နှလုံးအားနည်းသောရောဂါ အနီးမီးယား Anaemia ရှိနေ





သည်ဟု သိထားသဖြင့် ချွတ်ချွတ် အတွက် စိုးရိမ်သွားမိသည်။

'ဆရာဝန်တစ်ယောက်ဆီကို အမြန်ဆုံးရောက်ဖို့တော့ လိုတယ်၊တူမကြီးက ကားနဲ့လိုက်ပို့ပေးမယ်ဆိုရင်တော့ သိပ်ပြီး ကျေးဇူးတင်ပါတယ်'

'ဟုတ်တယ်၊ ဒီဒီ အကြံကောင်းတယ်၊ တင် တင်၊ ကားပေါ်ကို မြန်မြန်တင်'

တင်မျိုးဆွေက ဆိုသည်။

ကပ္ပတိန်ဘခက်သည် နုနုချွတ်ကိုပွေ့၍ ခင်စန္ဒီ၏ဂျစ်ကားနောက်ခန်းသို့ တင်လိုက်သည်။

ခုမှတော့ မလိုက်လို့ မဖြစ်တော့။

မျိုးခက် ကားပေါ်သို့ တက်လိုက်ရသည်။

အားလုံး ဂျစ်ကားပေါ်သို့ ရောက်သွားသည်။

ခင်စန္ဒီသည် ဗီလီဂျစ်ကလေးကို ငပလီ ပင်လယ်ကမ်းခြေမှ အမြန်ဆုံး မောင်းထွက်ခဲ့သည်။

မျိုးခက်။

ချစ်ချစ်။

ကပ္ပတိန်ဘခက်။

တင်မျိုးဆွေတို့၏ရင်ထဲတွင်လည်း လှုပ်ခတ်နေကြသည်။

အတွေးကိုယ်စီ....

လူဆိုသည်မှာ ခံစားမှုတစ်ခုနှင့်မည်သည့်အခါမှ ကင်းကွာ၍ မနေနိုင်။

စိတ်တစ်ခုနှင့် ကင်းလွတ်၍ နေလို့မရ။

သူတို့ဘဝလေးတွေ။

သူတို့ ခံစားမှုကလေးတွေကလည်း ကိုယ်စီကိုယ်င ရှိကြ
သည်။

ချစ်ချစ် မေမေ့အတွက် သိုပ်စိုးရိမ်နေသည်။ ရတက်ပွေရ
သည်။

မျိုးခက်ကတော့ နာကြည်းထားမိသော မိခင်နှင့် အတူ
ကားတစ်ကားတည်း အတူစီး၍လိုက်ပါခဲ့ရသဖြင့် စိတ်ထဲတွင်
တစ်မျိုး ဖြစ်နေသည်။

ပြီးတော့ ဒီဒီ။

ခင်စန္ဒီ။

သူမနှင့်အချစ်ရိုင်းလေးတစ်ချစ် ချစ်ခဲ့မိသည်။

မျိုးခက်/ဘယ်သူ့ကိုမှ မကြည့်။ မေ့နေသော နူနူချွတ်ကို
သတိပြန်၍ရလိုရငြား ပြူစုကုသရင်း ကားပေါ်တွင် ပါလာ
သည်။ ချစ်ချစ်ကို မကြည့်ရက်ဆုံး ဖြစ်နေသည်။

ခင်စန္ဒီကတော့ အချစ်ဆုံး ချစ်သူကလေး သူ့ကားပေါ်
တွင် ပါလာသဖြင့် ရင်ခုန်သံ မြန်နေသည်။

တင်မျိုးဆွေသည် သားနှင့်လင်ကို မြင်နေရပါလျက်ကယ်
နှင့် သားကို သားလို့မခေါ်ရဲ။

လင်ကိုလင်လို့ မပြောရဲ။

ငရဲမီးထဲတွင် သူမနှလုံးသားကို ကင်ထားသလို ပူနေ
သည်။

နူနူချွတ်အတွက်လည်း စိုးရိမ်ရသည်။

'အို...မဆွေ ဘယ်လိုနေရမှာလဲ ကိုဘခက်ရယ်'





ရင်ထဲက ညည်းညူမိသည်။

အသံကတော့ မထွက်ဝံ့ရှာ။ ရင်ထဲမှာ ချစ်ချစ်တောက်
အောင် ပူလောင်နေရှာပါသည်။

ချစ်ချစ်သည် မေ့နေသော မေမေ့ကိုကြည့်၍ အားလုံးကို
မေ့နေသည်။

မေမေ့ကို ချစ်ချစ် သိပ်ချစ်သည်။

မေမေများ မတော်တဆဖြစ်သွားလျှင်....

အို....ချစ်ချစ် ဆက်မတွေးရဲတော့။

ကိုမျိုးက မေမေ့ကို ပြုစုကုသပေးနေသည်ကို ရင်တမမ
ဖြင့် ကြည့်နေသည်။ သူ့အပေါ်တွင် စိတ်နာနေမိသည့် စိတ်
ကလေးပင် လွင့်စဉ်သွားရသည်။

ခင်စန္ဒီသည် ဝီလီဂျစ်ကို ဂျက်လေယာဉ်ပျံလိုမောင်းတော့
သည်။

လမ်းက ကျဉ်းသည်။

ဟွန်းတီး၍ အတင်းမောင်းလာသော ဂျစ်ကားကို အလန့်
တကြား ရှောင်ပေးကြသည်။

ငပလီ....သံတွဲ လမ်းဆုံ။

လမ်းဆုံမှ သံတွဲမြို့သို့ လေးမိုင်နှင့် သုံးဖာလုံ ဝေးသည်။

ဂျစ်ကား ခ-လ-ရ-၅၅ ကို ကျော်ခဲ့သည်။

၆၇၅ အင်ဂျင်နီယာတပ်ဆွယ်ကို ဖြတ်၍ သံတွဲကို သဲသဲ
မဲမဲ မောင်းသည်။

ကံကောင်းလို့ အားလုံးမသေ။

နန်းချောင်တံတားထိပ်တွင် သံတွဲမှလာသော အာတီဘီကားနှင့် ရင်ဆိုင်တွေ့သည်။ ကားလေးက ရပ်မပေး။ ကားကြီးက လမ်းဘေးသို့ဆွဲချပြီး ပွတ်ကာသီကာ ရှောင်လိုက်ရသည်။ ကားပေါ်မှ အရိုင်ဘာ၏အော်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ ခင်စန္ဒီ အပြုံးမပျက်။

ဒိုးတောင်ကွေ့တွင် လမ်းက အင်္ဂလိပ် အက္ခရာစာလုံး အက်စ် S ပုံသဏ္ဍာန် အကွေ့အကောက်ကလေး ဖြစ်နေသည်။

'ဒီဒီ၊ ဖြည်းဖြည်းမောင်းပါကွယ့်၊ လမ်းကကျဉ်း....'

ရှေ့ခန်းက ထိုင်ပါလာသော တင်မျိုးဆွေ၏ စကားမဆုံးခင်....

S....Turn ကို ခင်စန္ဒီ စပို အပြည့်နှင့် ကွေ့ထည့်ပစ်လိုက်သည်။

ရှေ့တွင် ဂျစ်။

အငှားဆွဲသည့် တက္ကစီဂျစ်ကို လှစ်ခနဲပွတ်၍ ကျော်တက်လိုက်ပြီး ကားလမ်းကို ဖြတ်နေသော နွားသုံးကောင်ကို မနည်းကွေ့ပတ်ရှောင်လိုက်စဉ် ရှေ့မှလာနေသော ကုန်တင်ကားနှင့် ဘွားခနဲ တွေ့သည်။

အားလုံး ဘုရားတမိကြသည်။

ဒါလောက်တော့ ရပါတယ်။

ခင်စန္ဒီပဲ။

ကဲ....





ကားကိုဂီယာနှင့်ထိန်း၍ ဘရိတ်ကို မြင့်နင်းလိုက်ပြီး လမ်းဘေးမြက်တောထဲမှ အသံကလေး မတွေ့ရှောင်လိုက်သည်။

'ဝေါ...'

ကားနှစ်စီး လက်တစ်လုံးလောက် ပွတ်သွားသည်။

ခင်စန္ဒီ အပြုံးမပျက်သေး။

စက်ရှိန်ကိုမြှင့်၍ STC ကို ဖြတ်ခဲ့ပါသည်။ သစ်ထုတ်လုပ်ရေး စခန်း ကျော်သည်နှင့် သံတွဲအဝင်။

ဘယ်ဘက်တွင် ပြည်သူ့ဆေးရုံ။

ဆေးရုံထဲသို့ ကားကို ကွေ့ဝင်လိုက်သည်။

နုနုချွတ် ညည်းညူ လူးလွန့်လာသည်။

'မောင်....သမီး....သမီး....ချစ်ချစ်'

'မေမေ၊ ချွတ်ချွတ် မေမေ့အနားနားမှာ ရှိတယ်လေ'

'ချွတ်ချွတ်....သတိထား၊ စိတ်ခိုင်ခိုင်ထား၊ အခု ဆေးရုံကိုရောက်လာပြီ၊ ဘာမှမပူနဲ့'

မျိုးခက် ဝမ်းသာသွားသည်။

တင်မျိုးဆွေကတော့ ဝမ်းသာ ဝမ်းနည်း။

သူတို့တစ်တွေက ထင်ထင်ပေါ်ပေါ် လင်မယား။

လင်သားနှင့် သမီးကို ခေါ်နိုင်ပြောနိုင်သည်။

သူမက သားတစ်ယောက်မိခင်။ လင်ဖြစ်သူ၊ သားဖြစ်သူနှင့် ကားအတူစီးလာပါလျက်ကယ်နှင့် သူမဘာဝက လင်နှင့်သားကို စကြဝဠာ ခြားနေပါသည်။

ရင်နာလိုက်တာ။

သည်ဘဝမှာ သည်လင်၊ သည်သားနှင့် ကားတစ်စီးတည်း အတူစီးလာရပါလျက်ကယ်နှင့်....

သားကို မခေါ်ဝံ့။

လင်ကို မခေါ်ဝံ့။

ချုပ်ရိုးကြောင်း ဆွေးနေသော မဆွေ အသည်းကလေး တွေ ပဲ့ကြေကုန်ပါပြီရှင်။

ခင်စန္ဒီသည် ကားကိုရပ်လိုက်သည်။

သည်အချိန်မှာပင် ခင်စန္ဒီ၏ ဖခင် ဦးစောဒီ၏ Mazda ၉၂၉-ခေတ်ပျံ ကားနက်ကလေးက ဆေးရုံရှေ့မှ ဖြတ်၍ မောင်းသွားသည်။

သူတို့အားလုံးကို မျက်လုံးနှစ်လုံးနှင့် ကြည့်သွားသည်။

သံတွဲပြည်သူ့ ဆေးရုံမှ ဒေါက်တာခင်မာသူသည် နူနူချွတ်ကို သွေးအား၊ နှလုံးအား တိုင်းပါသည်။ လူနာက သိပ်အား နည်းနေသည်။ ချက်ချင်းပင် ပရန်ထရိုဗိုက် Prentrovite နှင့် ဂလူးကို့စ် 500-CC ကို အကြောဆေးသွင်းထားပြီး 'ရှော့' ရလျှင် ပေးရသော ဆော်လိုကော့တက် Solucortef အိုင်ဗီ ကို သွေးပိုက်ထဲမှ အကြောထဲသို့ အရေးပေါ် ထိုးသွင်းလိုက်သည်။

အကြောဆေး 500-CC ဆိုလျှင် အနည်းဆုံး နှစ်နာရီခွဲ ခန့် ကြာအောင် သွင်းရသည်။

လူနာက အားကလည်း နည်းသည်။

စိတ်ဆင်းရဲလည်း ခံနိုင်ပုံမရ။





ကပ္ပတိန်ဘခက်၊ တင်မျိုးဆွေနှင့် ချစ်ချစ်တို့က သတိရနေပြီ ဖြစ်သော နူနူချွတ်ကို ဝိုင်း၍အားပေးကြသည်။

ငမန်းလေးသည် ဆေးရုံဘေးရှိ အုတ်ခုံကလေးပေါ်တွင် ထိုင်၍ မှိုင်နေသည်။

ရွှေရောင်တွေဝင်းနေသော နံတော်တောင်ပေါ်မှ ရွှေနံ တော် ဘုရားကို ငေးမောကြည့်ရှုနေမိသည်။ သူ့ဒုက္ခကို မည်သူ ကယ်နိုင်လေမည်နည်း။

မေမေ။

ခင်စန္ဒီ။

ချစ်ချစ်။

သည်အမျိုးသမီးသုံးယောက်တွင် တစ်ယောက်က အမေ မိခင်။

တစ်ယောက်က ချစ်သူ၊ ချစ်ချစ်။

တစ်ယောက်က ကိုယ်ချင်းရင်းနှီးခဲ့ပြီးဖြစ်တဲ့ ခင်စန္ဒီ၊ ဒီဒီ။

စင်စစ်....

ဒီဒီ့ကို မျိုးခက် ချစ်လို့မဟုတ်။

ခင်စန္ဒီက သူ့ပါးကို လက်သည်းဖြင့် ကုတ်သဖြင့် ပခုံးကို ကိုင်တွန်းလိုက်စဉ် နှစ်ယောက်သား ထွေးလျက်သားလဲသည်။

ဟိုး....ရှေးရှေးတုန်းက....

ချွန်ရ ရှင်ရသော တောင် နန်းတော်ကိုကောင်းကင်ချွန် ဖြင့် ဆွမ်းခံအကြွ....

လေသာပြတင်းဝမှ မုဒုလက္ခဏာမိဖုရား ခါးဝတ်တော် လျှော၍ မမြင်အပ်သည့်အရာကိုမြင်မိပြီး ပြစ်မှားမိ၍ ကောင်းကင်က ကျွမ်းထိုးမှောက်ခုံ ထိုးကျသေးတာပဲ။

မျိုးခက်က ပုထုဇဉ်။

ပြီးတော့ ငယ်သည်၊ သန်သည်၊ မာသည်။

သွေးသားဆူဖြိုးတက်ကြွနေသည့်အရွယ်။

ဘယ်ခံနိုင်လိမ့်မလဲ။

ခင်စန္ဒီကလည်း အဲလိုမျိုး၊ အဲလိုမျိုးဆိုတော့....

နှစ်ယောက်စလုံးအတွေ့တွင်ဘဝကို မေ့သွားခဲ့မိကြသည်။

ဒါကို အသက်လောက် ချစ်ရသော ချစ်ချစ် ကလေးများ သိသွားခဲ့လျှင်....

မျိုးခက် ဆက်မတွေးဝံ့။

ခင်စန္ဒီသည် သူ့ကို ချစ်နေပြီ။

သူမ၏မျက်လုံးဝိုင်းဝိုင်းကြီးတွေထဲတွင် အချစ်ကလေးတွေကို မြင်ရသည်။

ဘယ့်နှယ်လုပ်ကြမလဲ။

ဘယ့်နှယ်မှမလုပ်တတ်။

သူ့ဇာတ်ကို သူမနိုင်တော့။

မင်းသမီးက နှစ်လက်။

မင်းသားဆိုရင်လည်း တွဲကလိုက်ရုံပင်။

ကပြီးတာနှင့် လိုက်ကာချ။

မင်းသမီးတွေက သူ့နေရာ သူပြန်သွား။

ကနေတုန်းကတော့ လင်မယားပေါ့။





အခုတော့ သည်လိုမဟုတ်။

လိုက်ကာချလို့ ဇာတ်မပြီး၊ ပြည်ဖုံးကားချလို့ ပွဲမပြီး။

စိတ်ကြီးကို ညစ်ရပါရဲ့ဗျာ။

ကျွန်တော့်ဘဝမှာ မိန်းမတွေ ကောင်းကျိုး မပေးခဲ့ပါဘူး။ သည်တစ်သက် မမြင်တော့ဘူး၊ မတွေ့တော့ဘူး၊ မဆက်ဆံတော့ဘူးဟု စိတ်ကူးဖြင့် ဆုံးဖြတ်ချက်ချထားသော အဖေမပေါ်တဲ့သားကို မွေးခဲ့သည့် မေမေ။ ကျွန်တော့်ကို လောကအလယ်မှာ မျက်နှာငယ်ဘဝကို ပို့ပေးခဲ့သည့် မေမေကလည်း သံတွဲကို ဘယ်လိုကနေ ဘယ်လို ရောက်နေသည် မသိ။

'သား.... လူလေး၊ မောင်မျိုးခက်'

နောက်ကို လှည့်ကြည့်လိုက်သည်။

မေမေ....

သူ့ကို ငေးတွေဝေစွာ ကြည့်နေရှာသည်။

'မေမေ'

မျိုးခက်အသံက နာကြည်း တုန်ယင်နေသည်။

'သားရယ်'

'မေမေ ဒီကို ဘာဖြစ်လို့ လိုက်လာတာလဲ'

'ဘယ့်နှယ်ပြောလိုက်တာလဲ သားရယ်၊ သားအိမ်ကထွက်သွားကတည်းက မေမေရှာခဲ့တာပါ၊ သားဘဝမှာ အမည်းစက်ကြီးထင်တာကို တစ်နေ့တော့ မေမေ ပျက်အောင် ဖျက်ပေးပါမယ်ကွယ်၊ မေမေနဲ့ မော်လမြိုင်ကို ပြန်လိုက်ခဲ့ပါ'

မော်လမြိုင်တဲ့။

ကစ်မြို့လုံးက သူ့ကို အဖေမပေါ်ဘဲ မွေးတဲ့သားလို့ သိကြသည်။ အထင်သေး နှိမ့်ချကြသည်။

မျိုးခက် ရင်ထဲတွင် ကျဉ်ခနဲ နာသွားသည်။

'သွားစမ်းပါဗျာ၊ ကျွန်တော့်ဘာသာ အေးအေး ဆေးဆေး နေပါရစေ၊ နောက် ကျွန်တော်ရှိတဲ့နေရာကို ဘယ်တော့မှ မလာပါနဲ့ မေမေ၊ မေမေလာရင် ကျွန်တော် ထွက်ပြေးမှာပဲ၊ ကျွန်တော့်ဘဝကလေး အေးအေးချမ်းချမ်း ဖြစ်နေတာကို မေမေ မကြည့်ရက်ဘူးလား'

'သားရယ်....မေမေ သားမျက်နှာလေးကိုမြင်ချင်လွန်းလို့၊ သားကလေးကိုလွမ်းလို့ မေမေ့ရင်တွေ ဆို့နေပြီကွယ့်၊ ဒါကြောင့် လိုက်လာတာပါ'

'သွားဗျာ.... တော်တော့၊ ကျွန်တော်ရှက်တယ် မေမေ၊ ကျွန်တော့်ဆီကို ဘာဖြစ်လို့လိုက်လာရတာလဲဗျာ၊ ကျွန်တော့် ဘာသာ စိတ်ချမ်းချမ်းသာသာ နေပါရစေ၊ အဖေမရှိတဲ့ ကျွန်တော့် ဘဝမှာ သားလို့ ကျွန်တော့်ကို မခေါ်ပါနဲ့'

စိမ်းကားလှတဲ့ သားလေးရဲ့ စကားဟာ တင်မျိုးဆွေ၏ နှလုံးသားကို ဓားဝါးပါးနှင့် လှီးလိုက်သလို ခံစားလိုက်ရသည်။

'သားရယ်....သားကို မြင်ချင်လွန်းလို့ မေမေ လိုက်လာရတာပါကွယ်'

တင်မျိုးဆွေအသံတွေက တုန်နေပါသည်။

'မလာပါနဲ့ဗျာ၊ အဖေမရှိတဲ့ ကျွန်တော့်ဘဝမှာ အမေလဲ မရှိတော့ဘူးလို့ ကျွန်တော် မှတ်ယူထားတယ်'





'ဟဲ့....မင်းအဖေဟာ မင်းကို မွေ့ဖက်နှုတ်ဆက်ခဲ့တဲ့ မင်းချစ်သူရဲ့ ဖေဖေ ကမ္ဘာတိန့်ဘခက်သော၊ မင်းတို့ဟာ သားအဖ အရင်းခေါက်ခေါက်တွေ၊ မောင်နှမအရင်းတွေ'

သည်စကားလေးတွေကိုတော့ ရင်ထဲကပဲ ပြောမိသည်။ ပါးစပ်က ပြောမိတာကတော့....

'အေး....အေးပါသားလေးရယ်၊ သားလေးစိတ်ချမ်းသာမယ်ဆိုရင် သားဆီကို မေမေ မလာတော့ပါဘူး'

တင်မျိုးဆွေရင်ထဲတွင် သိမ့်ခနဲ တုန်ခနဲ....

ဘယ်လိုလုပ်ရမလဲ။

သားနှင့် အဖေ

မောင်နှင့် နှမ

လင်နှင့်မယား....

ဒါတွေကို တင်မျိုးဆွေ တစ်ဦးတည်းသာ သိသည်။

'အေး....အေးပါကွယ်၊ မေမေ သွားပါ့မယ်'

တင်မျိုးဆွေသည် မျက်ရည်မကျအောင် ထိန်းရင်း ဆေးရုံရှေ့သို့ ထွက်ခဲ့သည်။

ခင်စန္ဒီ မြင်ရသည်။

ကြားရသည်။

မမျှော်လင့်ဘဲ အန်တီတင်မျိုးဆွေ နှင့် သူ့ နှလုံးသားကလေးကို ဆော့ကစားသွားခဲ့သည့် ကိုမျိုးခက်တို့ စကားပြောနေကြသည်ကို ဆေးရုံဆောင့်အကွယ်ရှိ ထင်းရှူးပင်ပုကလေးများအကြားမှ ကြားလိုက်မြင်လိုက်ရသည်။

ကိုမျိုးခက်ဟာ အန်တီတင်မျိုးဆွေရဲ့ သားတဲ့။

အံ့အားသင့်သွားသည်။

သူမသည် မျိုးခက်အနီးသို့ အသာကလေး လျှောက်သွား
သည်။

မျက်နှာက ရှက်နေသည်။

သူ့စကားကို ရှက်ရှက်နှင့် ကြားချင်သေးသည်။ နှစ်ကိုယ်
ကြားစကားလေး ပြောချင်သည်။

ဘာပြောရမှန်းတော့ ခင်စန္ဒီ မသိ။

ပြောရမှာ ရှက်သည်။ ခက်သည်။

'ကိုမျိုးခက်'

'ဗျာ'

တစ်ယောက် လာပြန်ပြီ။

ခင်စန္ဒီ။

'ဟို....ဟို....ကိုမျိုးခက် မနက်ဖြန် အား.... အားသလား
ဟင်'

'ဘာဖြစ်လို့လဲ'

ခင်စန္ဒီ ခေါင်းကလေးငုံ့သွားသည်။

'ပြောစရာရှိလို့ပါ'

'ကျွန်တော် မနက်ဖြန် လုံးသာချိုင်ကို သွားမလို့'

'ဒီဒီ လာခဲ့လို့ ရမလား'

'မလာချင်ပါနဲ့ ဒီဒီရယ်၊ ဟိုတစ်ခါ ဒီဒီလာတုန်းက ကျွန်
တော် မှားမိတယ်၊ အဲဒီအမှားအတွက်လဲ စိတ်ထဲမှာတစ်စက်
ကလေးမှ မကောင်းဘူး၊ ဒီဒီ့ကို ကျွန်တော် တောင်းပန်ပါ
တယ်ဗျာ'



'ကိုမျိုးခက်က မှားတယ်ထင်လို့လား၊ ဒီဒီက ဘဝတစ်ခု
လုံး အဆုံးရှုံးခံလိုက်ရတာပါ ကိုမျိုးခက်၊ ဒီဒီ အမှားလို့
မယူဆနိုင်ဘူး၊ ပြီးတော့ ဒါမျိုးဟာ တောင်းပန်လို့ ကျေနပ်
ရမယ့် အဖြစ်မျိုးလဲ မဟုတ်ဘူး'

ခင်စန္ဒီ ရင်ထဲက စကားတွေ ထွက်လာသည်။

အသည်းအကင်းသံကလေး ပါလာသည်။

'ကိုမျိုးခက်ဟာ ဒီဒီ့အပေါ်ကို နှမချင်းစာနာတတ်လိမ့်
မယ်လို့ ဒီဒီ ထင် တယ် လေ၊ ပြီး တော့ ကိုမျိုးခက်ဟာ
ယောကျ်ား တစ်ယောက်ပါ'

ဒါလေး တစ်ခွန်းတည်းနှင့် မျိုးခက်ရင်မှာ ခိုဝင်သွား
သည်။

ဟုတ်သည်။

သူ ယောကျ်ား။

သူ့ကိုယ်သူ ယောကျ်ားပီသရမည်ဟု ဆုံးဖြတ်ထားသည်။

'ဟုတ်ကဲ့....ဒီဒီ၊ ကျွန်တော် မနက်ဖြန် လုံးသာချိုင်က
စောင့်မယ်လေ၊ ဒီဒီ လာခဲ့မလား'

'အင်း'

သက်ပြင်းကလေးတွေက ကိုယ်စီ။

'ကိုမျိုးခက် မြပြင်ကို ဘာနဲ့ပြန်မလဲ၊ ဒီအချိန်ဆိုရင် ကား
မရှိတော့ဘူး'

'ကားမရှိလဲ ခြေထောက်တော့ ရှိပါတယ်'

'အဝေးကြီးဥစ္စာ၊ သေရောပေါ့၊ ဒီဒီ လိုက်ပို့မှာပေါ့'

'ကိစ္စမရှိပါဘူး'

'မဟုတ်ဘူးသေ၊ သူတို့ကိုလဲ လိုက်ပို့ရဦးမယ်၊ ဒီအချိန်ဆို တက္ကစီတွေလဲ သိမ်းကုန်ပြီ၊ လိုင်းကားလဲ မရှိတော့ဘူး'

'ဒေါ်တင်မျိုးဆွေနဲ့ သိသလား'

မျိုးခက်က မေးချင်တာကို ဖြတ်မေးလိုက်သည်။

'ရှင်....'

'ဒီဒီ အန်တီဆွေလို့ခေါ်တဲ့ အမျိုးသမီးကြီးလေ'

'သူ ဒီဒီတို့ရဲ့ အိမ်ကြီးမဟာမှာ တည်းတယ်'

'ဪ....ဪ၊ သူက ဒီကို ဘာကိစ္စလာတာလဲ'

ဒီဒီ ဘာပြောရမလဲ။

ခပ်စောစောကပဲ သားနှင့် အမိ စကားပြောနေသည်ကို ခင်စန္ဒီ ကြားပြီး ဖြစ်သည်။

ပုန်းသူက သား။

ရှာသူက အမေ။

အမေနှင့်သား၏ ပြဿနာကြားထဲတွင် ခင်စန္ဒီ မဝင်ချင်။

'အလည်လာတာပါ၊ ပေါလီကို မရောက်ဖူးသို့တဲ့၊ ကိုမျိုးခက် သူ့ကို သိသလား ဟင်'

'မသိချင်ပါဘူးဗျာ၊ မေးကြည့်တာပါ၊ ဒီဒီ အဒေါ် ထင်လို့ပါ'

ဆင်ဝှေ့ရန်ရှောင် ဖြေလိုက်ပါသည်။

'ကိုမျိုးခက်'

'ဗျာ....'

'တကယ်လာမှာနော်'

'လုံးသာချင်ကိုလား'





'အင်းလေ ပြီလို့ဆိုနေ၊ သူများ စကားပြောစရာတွေ အများကြီး သိလား'

'မသိဘူး'

'ညာတာ'

'မညာပါဘူး'

'ရက်စက်တတ်တယ်လို့ မထင်တော့ဘူးနော်'

'ဪ....ဒီဒီ လက်သည်းနဲ့ ကုတ်ထားတာလေ၊ ဒီမှာ ကြည့်၊ အမာရွတ် ကျန်ခဲ့တယ်'

'သနားတယ်ဟယ်၊ သူ့ပါးမှာ အရောထင်နေတော့မှာပဲ'

'ယောက်ျားပဲ၊ အမာရွတ်များလေ လှလေပေါ့'

'ကြည့်....'

'ဟုတ်တယ်၊ အာဖရိကတိုက်ကလူမျိုးတစ်မျိုးဟာ ဒဏ်ရာဒဏ်ချက်တွေ၊ အမာရွတ်တွေ ပြည့်နှက်နေတဲ့ ယောက်ျားကို အလှဆုံးလို့ ထင်မှတ်ထားသတဲ့'

'အဲလိုဆိုရင် ထပ်ကုတ်လိုက်မယ်'

'ကုတ်ရဲသေးလား'

'ဟင့်အင်း....ဟင့်အင်း၊ ကုတ်ရဲတော့ဘူး၊ ဒီဒီ ကြောက်သွားပြီ'

ကြက်သီးကလေးများ ထသွားသည်။

ခင်စန္ဒီ ရင်သိမ့်တုန်ရသည်။

အချစ်ဆုံး ချစ်သူကလေးက သိပ်ကြမ်း။

သိပ်ရမ်းသည့် အကောင်စုတ်ကလေးကို သိပ်.... သိပ်ပြီး ဟိုသင်းလေ....ချစ်တာလား၊ မုန်းတာလား မသိဘူးရှင့်။

ရင်ထဲမှာ သိမ့်ခနဲ တုန်သွားတာပဲ သိပါသည်။

အခု အကောင်စုတ်ကလေး မဟုတ်တော့ပါ။

အကောင်ကောင်း....အဲ....အဲ....။

သူ့ကြောင့်....

အို....ဒုက္ခတွေက ရေရေလည်လည် များတာပဲ။

ဒီဒီ့ အသည်းထဲမှာ ဘယ်လိုခံစားရသလဲဆိုတာ ရှင်သိမှာ မဟုတ်ပါဘူး ကိုမျိုးခက်ရယ်။

'ဒီဒီ သွားမယ်'

'အင်း....'

'မနက်ဖြန်လာမယ်နော်'

'အင်း....'

တစ်ကိုယ်လုံးတင်း၍ တစ်ကိုယ်လုံး ဝင်းပြီး တစ်ကိုယ်လုံး လှုပ်နေသည့် မိချောကလေး သူ့ဘေးမှ ထွက်ခွာသွားသည်။

မျိုးခက်သည် သူ့စွပ်ကျယ် လက်ပြတ်ကလေးကို ဒေါ်ပွမိသည်။

သည်စွပ်ကျယ်ကို သည်အပျိုမဝတ်ခဲ့မိလို့။

စွပ်ကျယ်....စွပ်ကျယ်။

ကောင်းကို မကောင်းဘူး။

အိမ်ကျမှ မားနှင့် နုပ်နုပ်စဉ်း၍ ငရုတ်သီး စပ်စပ်နှင့် သုပ်စားပစ်ဖို့ ကောင်းသည်။

မကောင်းသည်က....

ချစ်ချစ်ကို ဘယ်လိုပြောရပါ့။

'ကိုမျိုး'



'ဗျာ....ခင်ဗျာ'

လာပြန်ပြီ တစ်ယောက်။

ချစ်ချစ်၊ သူ့ချစ်ချစ်ကလေး။

မျက်နှာကလေးက ညှိုးငယ်နေရှာပါသည်။

'ဘာတွေ ပြောနေတာလဲ'

'ဘယ်သူ့ကိုလဲ'

'ဟိုဟာမကို'

'ဩော်....အပြန် သူ့ကားနဲ့လိုက်ခဲ့တဲ့၊ ချစ်ချစ်တို့ကို ပြန်ပို့ပေးမတဲ့'

'ဒါပဲလား'

'အင်း'

'မညာနဲ့'

'ဘာပြောလို့လဲ'

'ဘာပြောသလဲဆိုတာ ဘယ်သိပါ့မလဲ'

'ချစ်ချစ်မေမေ သက်သာပြီလား'

စကားကို သဝေထိုးပစ်ရသည်။

'အင်း....ဆေးသွင်းပြီးရင် ပြန်နိုင်ပြီလို့ ဒေါက်တာက ပြောတာပဲ၊ ချစ်ချစ် သိပ်စိတ်ဆင်းရဲတာပဲ'

'သနားတယ် ချစ်ချစ်ရယ်'

'ဘာအခုမှ သနားပါပြီလဲ'

'ကိုမျိုး ဘာလုပ်လို့လဲ၊ ချစ်ချစ်ဘာသာ စိတ်ကောက်ပြီး မလာတာ'

'သိပါတယ်၊ သိလို့ကိုမလာတာ'

'ဘာသိတာလဲ'

'မြင်လဲ မြင်တယ်'

'ဟင်....'

'ကိုမျိုးက အဲဒီ အမျိုးသမီးရဲ့ အဝတ်စားတွေကို ကိုယ်တိုင်ယူပြီး အခန်းထဲဝင်ပေးတာလေ၊ မိန်းကလေးတွေဟာ ဘာတွေ ဝတ်ကယ်ဆိုတာ ကိုမျိုး သိပါတယ်၊ ဒါတွေကို ကိုမျိုးကိုယ်တိုင် နေလှန်းထားတဲ့နေရာကယူပြီး အခန်းထဲကို ဝင်ပေးတာကို ချစ်ချစ် မျက်စိနဲ့ မြင်တယ်၊ ကိုမျိုး သစ္စာမရှိဘူး၊ ရှင်....ရှင် ယောကျ်ား မဟုတ်ဘူး'

စကားမဆုံးခင် ရှိုက်သံကလေး ပြောင်းသွားသည်။

စကားဆုံးသည်နှင့် သူ့ဘေးမှ လှစ်ခနဲ ပျောက်သွား၏။

ချစ်ချစ်။

အခုတော့ သူ့ ကိုမုန်းမုန်း။

မျိုးခက်သည် ထိုင်နေရာမှ ရင်နာ နာဖြင့် မြေကြီးကို တုတ်နှင့် ခြစ်လိုက်သည်။ ပြီးတော့ ကြက်ခြေခတ်ထည့်လိုက်၏။

မြေပြင်တွင် အမှတ်အသားကလေးတစ်ခု ကျန်ခဲ့၏။

သူ့နှလုံးသားထဲတွင်လည်း....

ချစ်သည်းကလေးတစ်ခု ဆုံးရှုံးသွားပြီ။

● *



အခန်း (၂)

---

ရေဒန်း။

ရေထဲတွင် ဒန်းစီးသလိုပါလာတတ်သည့် ရေဒန်း။

ပင်သယ်ကမ်းစပ်သို့ လှိုင်းစီး၍ ပါလာတတ်သည့် ယက်မလောက် သတ္တဝါကလေး။

အကောင်လေးက သေးပေမယ့် အင်မတန် ကြွက်စရာကောင်းသည်။

သူ့ခန္ဓာကိုယ်တွင် ဆံခြည်မျှင်ခန့် အမြီးတန်းရှည်ကြီး ပါသည်။လူနှင့်ထိလျှင် အဲသည် ဆံခြည်မျှင်ခန့် အမြီးရှည်ကြီးက လူ၏အသားကို ဖျတ်ခနဲ ပတ်တော့သည်။

ပေါင်၊ ခြေသလုံး၊ ခါး၊ ရင်ဘတ်။

အသားတွေ တင်းကျပ်လာပြီး သွေးကြောတွေ ပိတ်ဆို့သွားနိုင်သည်။ ကြာကြာပတ်လျှင် ဆံခြည်မျှင်အမြီးလေးက အသားထဲကို နစ်ဝင်တင်းကျပ်လာသည်။

လည်ပင်းကိုပတ်မိလျှင်တော့ မလွယ်။

ပင်လယ်တံငါများ ရေဒန်းကို ကြောက်ကြသည်။

ရေဒန်းအပတ်ခံရလျှင် ကိုယ်တွေ လက်တွေ မလှုပ်ရှားချင်အောင် ကိုက်ခဲလာတတ်သည်။ အေးသည်။

ပင်လယ်အခေါ် အီးသည်ဟု ခေါ်သည်။

အီးလျှင် ချက်ချင်းဆေးရုံသွားပေတော့။

ရေဒန်းအုပ်နှင့်တွေ့လျှင်တော့ ပင်လယ်ထဲတွင် ကြိုးနှင့်တုပ်၍ အနှစ်ခံရသလို သေဖို့သာ ပြင်ထား။

မိုးများသော ဇွန်၊ ဇူလိုင် လှိုင်းကြီးချိန်တွင်ရေဒန်းကောင်များ လှိုင်းနှင့်အတူ ပင်လယ်ကမ်းခြေသို့ ပါလာတတ်သည်။ လှိုင်းကြီးလျှင် အလာများသည်။ အပါများသည်။

သတိလစ်လျှင် ခံသွားရတတ်သည်။

မနှစ်ကမိုးတွင်းတွင်ရေဒန်းတစ်ကောင်အပတ်ခံရဖူးသည်။

မေန်းလေးမျိုးခက်၏ ခြေသလုံးကို ပတ်သည်။

တင်းကျပ်လာတော့ ရေဒန်းအပတ်ခံရပြီ ဖြစ်ကြောင်းသိရတော့သည်။

ရှီး....

ခါးမှဓားကို ချက်ချင်းဖြုတ်၍ ကလော်ထုတ်ပြီး ဖြတ်ထုတ်ပစ်လိုက်လို့ ဘာမျှတော့မဖြစ်။

အသိစောပေလို့ပေါ့။

တော်သေးလို့ပေါ့။

ခြေသလုံးအစား လည်ပင်းကိုများ ပတ်မိလျှင် ဒုက္ခ။

သူ့အမြီးကလေးက သည်အထိ ဒုက္ခပေး၏။

ထိတ်နှင့် ရစ်ပတ်တတ်၏။





ရေဒန်းမလေး ခင်စန္ဒီ။

ထိတ်နှင့် ရစ်ပတ်တတ်သည်။

ရေဒန်းသတ္တဝါ၏အမြီးကို ဓားနှင့်ဖြတ်ထုတ်လို့ ရသော်လည်း ရေဒန်းလို ရစ်ပတ်လာသော ဒီဒီ၏သံယောဇဉ်နှောင်ကြိုးကို ဓားနှင့်ဖြတ်ပစ်ဖို့မလွယ်။

မလွယ်သည့်အခြေအနေတွင်လည်း ရောက်ရှိပြီးခဲ့ပြီ။

ခက်သည်။

မျိုးခက် သိပ်ခက်နေသည်။

ခင်စန္ဒီက တစ်ဖက်။

ချစ်ချစ်က တစ်ဖက်။

ရေဒန်းမလေးနှစ်ကောင်က သူ့နှလုံးသားကို ရစ်ပတ်နှောင်ဖွဲ့လာသောအခါ သာယာအေးချမ်းခဲ့သော သူ့ဘဝကလေးက မုန်တိုင်းထန်စ ပြုလာသည်။

ပြဿနာတစ်ခုကလည်း ရှိနေသေးသည်။

မေမေ....

မေမေသည် ဗိုလ်ကုန်းရှိ ဦးစောဒီ၏ အိမ်ကြီးမဟာတွင် ရောက်ရှိလို့နေသည်။

ဦးစောဒီကို သူ ချဲ့ခဲ့သည်။

ခင်စန္ဒီသည် ဦးစောဒီ၏ သမီးမှန်းလည်း သိခဲ့ပြီ။

ဦးနန္ဒကလည်း သူ့ကို သူဌေးဦးစောဒီထံတွင် အလုပ်ဝင်လုပ်ရန် အစာင်းတိုက်တွန်းနေသည်။

ဦးနန္ဒသည် သူ့ကျေးဇူးရှင်။

စက်ဝဲတွင် သူ့ဘဝသောင်တင်နေခိုက် ပေလီသို့ သူ့စက် လှေဖြင့် တင်ခေါ်လာပြီး ပင်လယ်ပညာများကိုသင်ကြားပေး ခဲ့သူ။

မေန်းလေးဘဝကို ပို့ဆောင်ပေးခဲ့သူ။

အကယ်၍သာ ဦးစောဒီထံတွင် သူ့အလုပ်မလုပ်ဖြစ်ခဲ့လျှင် ဦးနန္ဒ အလုပ်ပြုတ်သွားနိုင်သည်။

သူ့ကျေးဇူးရှင်တစ်ယောက် ဒုက္ခ ရောက်သွားနိုင်သည်။

မေန်းလေးသည် ဆယ့်နှစ်တောင်ဘစ်မိုက်ရှိ တောင်ပိန်း သားဖြင့် ပြုလုပ်ထားသော သစ်ထွင်းလှေကလေးကို ကမ်း ခြေနှင့်ကပ်၍ လှော်ရင်း လုံးသာချိုင်ဘက်သို့ ထွက်ခဲ့သည်။

အပေါ်ရေကျွန်းကို ကျော်ခဲ့သည်။

လှေလှော်ရင်း အစဉ်းစားလေးတွေကြားထဲ၌ ချာချာ လည်နေသည်။

ငါ ဘာလုပ်ရမလဲ၊ ငါဘာလုပ်သင့်သလဲ။

တွေ့ကြုံလာတဲ့ အခက်အခဲကို ဘယ်လိုရင်ဆိုင်ရမလဲ။

ယောကျ်ားပဲ။

ယောကျ်ားတို့မည်သည် အရာရာကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင် စွမ်း ရှိရမည်။

သူသည် တူညီသော တုံ့ပြန်မှုကလေးတွေကို လုပ်ကျင့် ရှိ သည်။ ပြုမူလေ့ရှိသည်။

အချစ်ကို အချစ်ချင်း။

အမုန်းကို အမုန်းချင်း။

ကျေးဇူးကို ကျေးဇူးချင်း။





ရန်ကို ရန်ချင်း။

ညီမျှခြင်းကို မျိုးခက် ကြိုက်သည်။

ဦးနန္ဒ၏ ကျေးဇူးကို တုံ့ပြန်ရမည်။

ချစ်ချစ်၏အမုန်းကို အပြုံးနှင့်ရင်ဆိုင်ပြီး အသည်းနာနာ ငှ် အမုန်းစိတ်မွေး၍ သည်မချောကလေးကို မေ့နိုင်မုန်းနိုင်ဖို့ ကြိုးစားရတော့မည်။

ဒီဒီ.... ခင်စန္ဒီ။

သူ့ကို ရေဒန်းမလေးလို ရစ်ပတ် နှောင်ဖွဲ့လာသော င်စန္ဒီ။

သူမနှင့် ယခု တွေ့ရတော့မည်။

လုံးသာချိုင်တွင် ချိန်းထားသည်။

လုံးသာချိုင်ကိုလည်း မသွားရှ်မဖြစ်။

သူနှင့် ဦးနန္ဒတွင် ငွေကြေးရှားပါးသည်။ ဆင်းရဲသည်။ စ်နေ့လုပ်မှ တစ်နေ့စားရသည်။

တစ်ယောက်က သံတွဲ ကြက်ခြေနီခေါင်းဆောင် ကိုတင် မောင်ငွေ။

တစ်ဦးက ကြက်ခြေနီခေါင်းဆောင်ငယ် မောင်မောင်ဦး။

နှစ်ဦးစလုံးကို မေန်းလေး ခင်မင်လေးစားခဲ့သည်။

လှေငယ်ကို ပင်လယ်ကမ်းစပ်သို့ ကမ်လိုက်သည်။

သူ့ဆရာ နှစ်ယောက်မှာ စပီဒို ရေကူးဘောင်းဘီကလေး တွနှင့် ဖြစ်သည်။

'ဆရာတို့ပါလား'

'အေးကွ၊ ဂျိတ်တောကို ကြက်ခြေနီသင်တန်း လာပေး
ရင်း ရေကူးထွက်လာကြတာ၊ ငါတို့အပြန်မှာ မင်းဆီကို ဝင်
ဦးမလို့၊ အဲ....နည်းနည်းအရေးကြီးတဲ့ ကိစ္စလေးတစ်ခု ရှိနေ
လို့'

မောင်မောင်ဦးက ဆိုသည်။

'ဘာကိစ္စလဲ ဆရာ၊ ကြက်ခြေနီနဲ့ ပတ်သက်သလား'

'အင်း....ပတ်သက်တယ်ဆိုရင်လဲ ရတယ်ဆိုပါတော့ကွာ၊
ငါတို့ကြက်ခြေနီအဖွဲ့ဟာ ဒုက္ခရောက်နေတဲ့ လုပ်သားပြည်သူ
တွေကို ကူညီဖို့ ဖွဲ့စည်းထားတဲ့ ကျန်းမာရေး အဖွဲ့အစည်း
တစ်ခု ဖြစ်ပေမယ့် ပြည်သူလူထုရဲ့ စားဝတ်နေရေး၊ လူမှုရေး
တွေကို ကူညီရမယ်ဆိုတာ မင်းသိမှာပေါ့'

'ဟုတ်ကဲ့ဆရာ၊ သိပါတယ်'

'အေး....ဒီ့ထက်အရေးကြီးတာက တိုင်းပြည် ဒုက္ခရောက်
အောင်၊ စီးပွားရေး စီမံကိန်းတွေ ပျက်စီးအောင် လုပ်နေ
လူတွေကို တာဝန်သိသိ သစ္စာရှိရှိနဲ့ ဖော်ထုတ်ပေးဖို့လဲ
ကြက်ခြေနီတွေမှာ တာဝန်ရှိတယ်'

သူတို့သုံးယောက် စကားတပြောပြောဖြင့် ကမ်းခြေတ
လျှောက် လျှောက်လာကြသည်။

ကျောက်ဆောင်ကြီးအကွယ်သို့ ရောက်လာသည်။

'ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် ဘာအကူအညီပေးရမ
ဆရာ တင်မောင်ငွေ'

'မင်းနဲ့ ဦးနန္ဒ အတူနေတာနော်'

'ဟုတ်ကဲ့၊ ငါးနှစ်လောက်ရှိပါပြီ'





'ဦးစောဒီကို မင်းသိသလား'

'သိပါတယ်၊ ဦးနန္ဒဟာ သူဌေး ဦးစောဒီဆီမှာ လှေ
သူကြီးလုပ်တယ်၊ သူနေတဲ့ အိမ်ကြီးမဟာကို ကျွန်တော် တစ်
ခေါက် ရောက်ဖူးသေးတယ်'

'ဟုတ်ပြီ၊ အဲဒီ အိမ်ကြီးမဟာက ဦးစောဒီ အကြောင်းကို
ဦးနန္ဒကတစ်ဆင့် ရနိုင်သလောက် စုံစမ်းထားစမ်း မေန်း
လေး'

'ဘာဖြစ်လို့လဲ ဆရာ'

'အကြောင်းရှိလို့ပေါ့ကွာ၊ ဒါကို တာဝန်တစ်ခု အနေနဲ့
မဖြစ်မနေလုပ်စမ်းပါ၊ဘာအတွက်လဲဆိုရင် အားလုံးအတွက်၊
တိုင်းပြည်အတွက်'

တိုင်းပြည်အတွက်တဲ့။

သူ ဆက်မမေးတော့။

'ကောင်းပါပြီဆရာ၊ ဒီတာဝန်ကို ကျွန်တော် ကျေပွန်စွာ
ထမ်းဆောင်ပါ့မယ်လို့ ကတိပေးပါတယ်'

'အေးကွာ၊ ဝမ်းသာလိုက်တာ'

နှစ်ယောက်စလုံးက သူ့ကို ဝမ်းသာအားရ လက်ဆွဲ နှုတ်
ဆက်ကြပါသည်။

'ဒါနဲ့ ဆရာမောင်မောင်ဦးက မရင်းဘိုင်အိုလောဂျစ် ဆို
တော့ ပုလဲအကြောင်း အတော်နားလည်မှာပေါ့နော်'

'မဆိုင်ဘူးကွာ၊ ဆရာက ဘိုင်အိုလောဂျစ် မဟုတ်ဘူး၊
ကွန်ကိုလောဂျစ်၊ MARINE မှာ လိုင်းခွဲတွေ အများကြီး
ရှိတယ်၊ Physical Ocenography ဆိုတာက ရုပ်ဝတ္ထုနဲ့

သက်ဆိုင်တဲ့ အဏ္ဏဝါဗေဒ၊ နောက်ပြီးတော့ Cehmical Ocenography ဓာတုအဏ္ဏဝါဗေဒ၊ Geoglogical Oceno-graphy ဘူမိအဏ္ဏဝါဗေဒ၊ Geographical Ocenography ပထဝီအဏ္ဏဝါဗေဒ အများကြီးကွ၊ မင်း သိချင်တာက ဘာလဲ'

ဆရာမောင်မောင်ဦးက မေးသည်။

သူ သိချင်တာက မုတ်ကောင် Oyster အကြောင်း။

ပုလဲမွေးသည့် မုတ်ကောင်အကြောင်း။

'မုတ်ကောင်တိုင်းမှာ ပုလဲရှိသလား ဆရာ'

'မရှိပါဘူး၊ မင်းလဲသိမှာပေါ့၊ လူတွေစားလို့ရတဲ့ Edible Oyster၊ အဲဒီ ကမာကောင်ကို ဟောင်ကောင်၊ ဂျပန်နဲ့ ဩစတြေးလျမှာ တစ်ကောင် တစ်ဒေါ်လာ ပေးစားကြရတယ်၊ ပုလဲမွေးလို့ရတဲ့ Pearl Oyster ကမာကောင်တွေ၊ ခရုတွေ၊ ကုန်းတွေရဲ့ Shell ကို လေ့လာတဲ့ သူကို Concologist လို့ ခေါ်တယ်၊ ဒါနဲ့ မင်းက ဒီအကြောင်းတွေကို ဘာလို့မေးရတာလဲ ငမန်းလေး'

'သိချင်လို့ပါ ဆရာ၊ အဲ... တစ်နေ့တော့ ဆရာတို့ကို ကျွန်တော် ပြောပြပါ့မယ်၊ ခုတော့ အချိန်မရလို့'

'ဘယ်သွားမလို့လဲ'

'ငါးပစ်၊ လုံးသာချိုင်ကို ငါးပစ်သွားမလို့'

'အေး... အေး... သွားတော့၊ ရေတက်လာရင် ငါးမဝင်ဘူး၊ စောစောက ဆရာတို့ပြောတဲ့ကိစ္စတိုလဲ အလေးအနက်ထားပြီး လုပ်ကွာ'





ဆရာတင်မောင်ငွေက သတိပေးပါသည်။

'ဟုတ်ကဲ့ပါဆရာ၊ ဒီတာဝန်ကို ကျေပါစေ့မယ်'

သူ့လှေငယ်ပေါ်သို့ ပြန်တက်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ....

ပြည်သူ့အတွက် သူယူခဲ့သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော့မည်ဟု မျိုးခက် ဆုံးဖြတ်ချက် ချလိုက်သည်။

သူသည် လှေငယ်ကိုလှော်၍ ထွက်ခဲ့သည်။ လုံးသာချိုင်သို့ ရောက်သွားသည်။

တော်သေးသည်။

ဒီအကျ ရေက အိနေသည်။

သည်အချိန်မျိုးတွင် ငါးကြီးတွေ ဝင်လာတတ်သည်။

မျိုးခက်သည် ချိုင် (ပင်လယ်ကွေ့) အတွင်း ရေအောက်တွင် ကျောက်ဆောင်ရှိသော နေရာ၌ သူ့လှေငယ်ကို ကျောက်ချလိုက်သည်။

ရေအနက်က အတောင်နှစ်ဆယ်။

ရတယ်။

သည်အနက်လောက်ကို သူ ငုပ်နေကျ။

ရေငုပ်သမားတစ်ယောက်အဖို့ ရေအနက်၊ ရေအောက်တွင် ကြာမည့်အချိန်၊ ရေ၏ အပူချိန်နှင့် ဖိအားကို သိပ်ဂရုစိုက်ရသည်။ ရေအနက် ပေနှစ်ရာခန့်မှ ၃ုန်းခနဲ အပေါ်သို့ ချက်ချင်း ပြန်တက်လို့မရ။ အချိန်ယူရသည်။ ခန္ဓာကိုယ်

တွင် နိုက်ထရိုဂျင်ဓာတ်ငွေ့ပလုံစီ Nitrogen Bubble များ ဖြစ်ပေါ်လာလျှင် အသက်ကိုပင် စိုးရိမ်ရသည်။

မျိုးခက်သည် မြားသေနတ် Spear Gun ကို မောင်း တင်လိုက်သည်။

ခြေသလုံးတွင် ဓားတစ်လက် ချည်သည်။

ခါးမှာက တစ်လက်။

ဝင်းလက်တောက်ပြောင်နေသော Steel Frame နှင့် ရေငုပ်မှန်ကို မျက်နှာတွင် စွပ်လိုက်သည်။

ခင်စန္ဒီ ဝီလီဂျစ်ကလေးနှင့် ရောက်လာသည်။

ပင်လယ်ထဲမှ မျိုးခက်ကို မြင်သွားသည်။

ရေမင်းသားကလေး လှေကလေး၏ဦးတွင် ရပ်နေရာမှ ရေထဲသို့ စွပ်ခနဲ ထိုးချပျောက်ကွယ်သွားသည်။

မျိုးခက်ကတော့ မမြင်။

သူ့အကြည့်က ရေအောက်ရှိ ကျောက်ခက် ကျောက် ကြားတွေ ကြားထဲမှ ငါး။

ငါးကို ရှာသည်။

ကျောက်ကြားထဲတွင် နှစ်ပိဿာလောက် ငါးကုန်းတစ် ကောင်ကို တွေ့သည်။

သူ မပစ်။

ရေငုပ်၍ ငါးပစ်သော Sea Hunter ရေငုပ်မုဆိုး တစ် ယောက်အဖို့ ပစ်မှတ်တစ်ခုတည်းကိုသာ ကြိုတင်ရွေးချယ် ရပါသည်။

တွေ့ကရာ ငါးကိုပစ်လျှင် အသက်အန္တရာယ်ရှိသည်။





သည်လိုပါ။

ကိုယ်က ငါးတောက်တူကို ပစ်မည်။ ငါးမန်းနှင့်တွေ့မှ ဆော်မည်။ ရေမြောက်ခေါ် (အော်တိုပတ်စ်) ကို တွေ့မှ ချမည်ဟု ဆုံးဖြတ်ထားသည် ဆိုပါစို့။

ရေအောက်တွင် ကိုယ်လိုချင်သည့် ငါးကြီးကလည်း မတွေ့။

တွေ့သည့် ငါးငယ်တွေကိုပစ်၍ ခါးမှကြိုးနှင့် သီထား ချိန်။

ထိုအချိန်တွင်....

သစ်ပင်ကြီးလောက် တုတ်သော ငါးကြီးတစ်ကောင် ဝင် လာလျှင် သူ့ခါးတွင် သီထားသော ငါးငယ်ကလေးတွေကို သူ့အစာထင်၍ ဝင်ခဲတတ်သည်။ မျိုတတ်သည်။

သေဖို့သာပြင်ထား။

ခါးက ငါးရော၊ ငါးက ခါးရော ငါးကြီး၏ ပါးစပ်ထဲ သို့ ရောက်သွားတတ်သည်။

ဒါကို ငမန်းလေးမျိုးခက် သိထားသည်။

သူသည် နှစ်ပိဿာခန့် ငါးကုန်းကို ခေါက်လိုက်သည်။

ရေအောက် ကျောက်ဆောင်ပပ်ကြားအက်ကြီးတွေကြား ထဲတွင် ဝင်နေတတ်သော ငါးကြီးကို ရှာသည်။

မတွေ့။

သူ့ရင်တွေ မွန်းကျပ်လာပြီ။

အသက်အောင့်ထားရသည်။

ထိုစဉ်ခိုက်တွင်....

ကြည်လင်သော ရေထဲတွင် ငါးညှိနံ့ ငါးလေးတစ်အုပ်ကို မြင်ရသည်။

ငါးလေးအုပ်သည် ကျောက်ဆောင်ကြားထဲသို့ အတင်း ဝင်ပြေးလာသည်။

သိပြီ။

ဒါလောက် သူ မအ။

ဟာနေသော ကျောက်ဆောင်ကြားထဲသို့ သူ့ ကိုယ်ကို တိုးဝင်ပုန်းကွယ်လိုက်သည်။

သူ ထင်သည့်အတိုင်းပင်။

ငါးတောက်တူမည်းမည်းကြီး တစ်ကောင်သည် ငါးလေးအုပ် နောက်မှ အတင်းလိုက်ချလာသည်။

လူတစ်ကိုယ်စာ ကျော်ကျော်လောက် ရှိသည်။

ငါးကြီးက ကျောက်ဆောင်ကြားသို့ ဝင်ရန် ကွေ့အဝင်။

လက်ခနဲမြင်ရသော မျက်လုံးဝိုင်းဝိုင်းကြီးထဲသို့ သံမဏိ မြားတံကို ရွှီခနဲ ပစ်လွှတ်လိုက်သည်။

တည့်လိုက်သည့် လက်။

Vital Point သေတွင်းတည့်တည့်ခတ်မတ် စိုက်ဝင်သွားသည်။

ငါးကြီးသည် ကြောက်အားလန့်အား ရုန်းပြေးသေးသည်။ မြားတံနှင့် သေနတ်ကိုဆက်ထားသော နိုင်လွန်ကြိုးက ငါးကြီးကို ဆုံ့ဆွဲလိုက်သည်။ မြားသွားရှင် နှစ်သွားကဟာသွားပြီး အသားထဲ ကန့်လန့်ဝင်နေသည်။ ဘယ်လောက် ဆွဲဆွဲ မြဲနေသည်။





နီရဲသောသွေးတွေက လက်ဖက်ရည်ပန်းကန်လုံးခန့် ရှိသော မျက်လုံးထဲမှ ဒလဟော ပန်းထွက်လာသည်။

သိပ်မပြေးနိုင်။

လူအားကို မဆွဲနိုင်။ ထိချက်ကလည်း ကောင်းသည်။

မျိုးခက် ရေမပေါ်တက်ခဲ့သည်။မြားတံနှင့်ဆက်ထားသော နိုင်လွန်ကြိုးခွေကို လျှော့၍ထားခဲ့သည်။

သူ လှေပေါ်သို့ ရောက်သွား၏။

ရေအောက်ရှိငါးကြီးကို လှေပေါ်မှ တဖြည်းဖြည်း ဆွဲတင်သည်။

လှုပ်ရုံသာ လှုပ်နိုင်တော့သည်။

မရုန်းနိုင်။

တဖြည်းဖြည်းနှင့် ရေပေါ်သို့တိုင်အောင် ပါလာသည်။

သို့ရာတွင်....

ငါးက သူ့ ကိုယ်လုံးထက် ကြီးနေသည်။

မတင်နိုင်၊ မ မနိုင်။

ဇွတ်တင်လျှင် လှေမှောက်သွားနိုင်သည်။

ငါးတောက်တူကြီးသည် ပါးစပ်ဟာ၍ ရေပေါ်တွင် မေပါ်နေပြီ။

ငါးထဲတွင် ပါးစပ်အပြဲဆုံးငါးမှာ ငါးတောက်တူ။

လူထဲတွင်....

အဲ...အလှဆုံးကတော့ ချစ်ချစ်၊ ခင်စန္ဒီ။

ခင်စန္ဒီ၏ အလှက ကြွသည်၊ ရွသည်၊ ဆွဲဆောင်မှုရှိသည်။

ချစ်ချစ်၏အလှက ယဉ်ကျေးသည်၊ သိမ်မွေ့သည်၊ နူးညံ့သည်။

ခင်စန္ဒီ့ပါးစပ်က ငါးတောက်တူမလေးလိုလို အိအိဖြိုဖြိုကလေး။

ခင်စန္ဒီ Andrew Bay သဘော်ာစုံတားပျက်ပေါ်မှ လှမ်းအော်လိုက်သည်။

'ဟေး....ကိုမျိုးခက်'

အံ့သြသွားသဲ့ကလေး မျိုးခက်နားဝသို့လွင့်ပျံ့သွားသည်။ ကြည့်လိုက်တော့ ခင်စန္ဒီ။

ပဝါအနီကလေးကို ခေါင်းမှာချည်လို့။

လက်ကလေးပြလို့။

ဒုက္ခပါပဲ၊ သည်မိကဲကလေး တကယ့်ကို လာသည်။

မျိုးခက်သည် ငါးတွင်စူးဝင်နေသော သံမဏိမြားသွားကို မနုတ်တော့ဘဲ နိုင်လွန်ကြိုးကို လှေတွင်ချည်ပြီး လှော်ခဲ့သည်။

လှေနောက်က ငါးကြီးက တန်းလန်းကြီး ပါလာသည်။ ကမ်းစပ်သို့ ရောက်သွားသည်။

ငါးကြီးကိုမြင်တော့ ခင်စန္ဒီ တံတားပေါ်မှ ပြေးဆင်းလာသည်။

'ဟယ်....ကြီးလိုက်တဲ့ ငါးကြီးနော်'

'ဟုတ်တယ်၊ ငါးလေးမဟုတ်ဘူး'

'ဒါ....ဒါ ကိုမျိုးခက် ပစ်တာလား'





'အစစ်ပေါ့၊ မြင်တယ် မဟုတ်လား၊ သံမဏိမြားတံကြီး
င်လို့ သွေးတွေ ထွက်နေတာ'

'သိပ်ကြီးတာပဲဟယ်၊အဲလိုမျိုးငါးကို ဒီဒီ တစ်ခါမှ မတွေ့
းသေးဘူး'

'အခုတွေ့ပြီ မဟုတ်လား၊ ဒီငါးကို ဈေးမှာရောင်းရမယ်၊
က်ဆံရရင် ဆန်ဝယ်မယ်၊ ညနေစာ ချက်စားရမယ်'

'ဆန် မရှိဘူးလားဟယ်'

'မရှိဘူး၊ ဆန်လဲမရှိဘူး၊ ပိုက်ဆံလဲမရှိဘူး၊ ကျွန်တော်တို့
က တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ပင်လယ်တံငါဗျ'

သူက ဘုကျကျ ပြောသည်။

ခင်စန္ဒီ သူ့ကို သနားသွားမိသည်။

မျိုးခက်သည် ငါးကြီးကို လှေပေါ်သို့ မ တင်၏။ မရ။
ပါသောအချိန် နှစ်ဆယ်ပေါက်ရှိသည်။

ခင်စန္ဒီ သူ့ဘေးသို့ ရောက်လာပြီး ဒူးဆစ်ခန့် ရေထဲသို့
ဆင်းလာသည်။ ငါးကြီးကို ကူ၍ လှေပေါ်သို့ မ တင်သည်။

'နေပါစေ၊ စိုကုန်လိမ့်မယ်'

'ကိစ္စမရှိပါဘူး၊ ထဘီပဲစိုတဲ့ဥစ္စာ'

'ကဲ....ဒါဖြင့် အောက်ကပင့်ပေး'

နှစ်ယောက်သား မြှင်တူ မကြသည်။ ရသည်။

ငါးကြီး လှေပေါ်သို့ ရောက်သွားသည်။

'ကိုမျိုးခက် ရေစင့်ပ်ကတည်းက ဒီဒီ ဒီနေရာက ကြည့်
နေတာ သိလား၊ ရေအောက်မှာများ တစ်ခုခု ဖြစ်မလား

လို့ စိုးရိမ်ရတာ၊ ကြည့်စမ်းပါဦး၊ ငါးကြီးရဲ့ ပါးစပ်ကြ
က ကြောက်စရာကြီး'

'ဟုတ်တယ်၊ ဒီငါးမျိုးက ပါးစပ် အပြဲဆုံးပဲ၊ သူ့ကို
လုံးကို ခါးလယ်ကဖြတ်၊အမြီးကနေ သူ့ပါးစပ်ထဲကိုပြန်သွ
ရင် တစ်ကိုယ်လုံးဝင်အောင် ကျယ်တယ်၊ အဲဒီ ပါးစပ်ထဲ
ကျွန်တော် ခပ်စောစောက ဝင်သွားရင် သိမ်ကောင်းမှာ

'ရှင်....'

'အသက်ရှင်နေရတာ မကောင်းပါဘူး၊ စိတ်ညစ်တယ

'ဘယ်လို ပြောလိုက်တာလဲ ကိုမျိုးခက်ရယ်'

'ကျွန်တော်က တင်ပါသည်ပါ ဒီဒီ၊ ကျွန်တော့်မှာ ဘာ
မရှိဘူး၊ ဒီဒီတို့က သူဌေး၊ ကျိုကျိုတက်အောင် ချမ်းသာ
သူဌေးသမီး၊ မိုးပေါ်က၊ အမြင့်ကြီးက၊ ကျွန်တော်က....'

'အို....ဒါတွေကို ခေါက်ထားလိုက်စမ်းပါ'

'ဗျာ....'

'ဒီဒီ ကိုမျိုးခက်နဲ့ ပတ်သက်ပြီး ဘယ်လောက် ခံစာ
ရတယ်ဆိုတာ ကိုမျိုးခက် မသိပါဘူး၊ ဒီဒီ မှားတာပါ၊ ဒီ
ကိုမျိုးခက် အခန်းထဲ ဝင်ခဲ့မိလို့၊ အို....ဒီဒီ ရှက်တယ်၊ ဒီ
ရှက်တယ် သိလား၊ သူ့ကြောင့်....သူ့ကြောင့်'

'ဘယ်သူ့ကြောင့်....'

'ရှင့်ကြောင့်' ●

'ကျွန်တော် တစ်ယောက်တည်းကြောင့်တော့ မဟုတ်ပ
ဘူးနော်၊ လက်ခုပ်ဟာ တစ်ဖက်တည်းတီးလို့ မမြည်ပါဘူး





'ကိုမျိုးခက်နော်၊ သူများရှက်တယ်'

'ဘာအခုမှ ရှက်ပါပြီလဲ'

'မပြောနဲ့လို့ဆိုနေ၊ သူများ ငိုပစ်လိုက်မှာပဲမနော်'

'ဩော်....သေတော့မှာပဲ၊ ကျွန်တော်က ဘာလုပ်ရမလဲ၊
ာအကူအညီပေးရမလဲ၊ ပြော....'

'ပြောရက်လိုက်တာကိုမျိုးခက်ရယ်၊ရက်စက်သွချည်လား'

သနားသွားမိသည်။

ခင်စန္ဒီ့ အသံက ငိုသံငယ်ငယ်ကလေးတွေ ပါလာသည်။
မျက်တောင်ကော့ အကြီးကြီးတွေကို ပုတ်ရင်း ခတ်ရင်း
က်ရည်ပေါက်ကလေးတွေကို ထိန်းထားသည်။

'ကောင်းပါပြီလေ၊ ကိုမျိုးခက်က ယောကျ်ားပဲ၊ အနာ
ရှိပါဘူး၊ ဘာပဲဖြစ်ဖြစ် ဒီဒီတို့ မိန်းမသားတွေသာ
နာဘက်ကချည်းပါ၊ ဒီဒီ အပြစ်နဲ့ ဒီဒီ ရှိပါစေတော့၊
ဒီ....ဒီဒီ....သွား....သွား....'

ရှိုက်သံကလေး ကြားထဲတွင် အသံကလေး တိမ်ဝင်သွား
ည်။ သူ့ကို ကျောပေး၍ ဂျစ်ကားဆီသို့ ပြေးသည်။

'ဒီ....ဒီ....'

မျိုးခက် တအား အော်လိုက်သည်။

ခင်စန္ဒီ ကားပေါ် ရောက်သွားသည်။

ဝူးခနဲ စက်နှိုးလိုက်သည်။

မျိုးခက် အသံက ပျံ့လွင့်လာပြန်သည်။

'ခင်....စန္ဒီ....'

သူမသည် ဂီယာထိုးလိုက်၏။

သူသည် သူမထံသို့ တဖြည်းဖြည်း လျှောက်လာနေသည့်
တစ်လှမ်းချင်း လာနေသည်။

သူ့ခြေလှမ်းကလေးတွေ တဖြည်းဖြည်းနီးလာတိုင်း ခ
စန္ဒီ ရင်ခုန်ရသည်။

ကျနေသော မျက်ရည်ကလေးကို သုတ်ပစ်ဖို့ပင် ခင်စ
မေ့နေရသည်။

သူ့ကို ကြည့်နေသည်။

သူ ရောက်လာသည်။

စတီယာရင်ပေါ်တွင် တင်ထားသော ခင်စန္ဒီ့ လက
ကလေးကို အုပ်၍ ကိုင်သည်။

သူ့မျက်နှာက တည်သည်။

သူ့အသံက ကြည်လင် လေးနက်သည်။

'ဒီ....ဒီ....'

'ရှင်....ကို....မျိုး....ခက်'

'ကိုယ်ဟာ ယောကျ်ား တစ်ယောက်ပါ'

ဒါပဲ သူပြောသည်။

ဂီယာထိုးထားပြီးပြီ။

ထိုးထားမိသော ဂီယာကို ပြန်ဖြုတ်လိုက်သည်။

သူမ အပြုံးကလေးက ကြည်သည်၊ ရယ်သည်။





နှစ်ယောက်....

ကမ္ဘာမြေကြီးတစ်လုံး....

ပင်လယ်ကြီးတစ်ခု....

ကောင်းကင်ပြာကြီးတစ်မိုး....

သူတို့နှစ်ယောက်သည် မဒေးတောင်၊ ကသစ်ကျွန်း၊ မေးရိုးဘေး၊ မှော်ရုံတောများ ဝန်းရံခနေသော လုံးသာချိုင်ပင်လယ်ကွေ့ကလေးတွင်....

●

# အခန်း (၃)

ဓညဝတီ၊
ရာမာဝတီ၊
မေဃဝတီ၊
ဒွါရာဝတီ။

ဝတီ လေးရပ်ထဲတွင် ဒွါရာဝတီ အမည်တွင်သော မြို့တော် သံတွဲသည် ရှေ့နံတော်တောင်ခြေတွင် စိမ်းမြ လှပလို့နေသည်။

ဝင်းလက်သော နေရောင်တွင် ရွှေရောင်တွေ ပြိုးပြိုးပြက်ပြက် ရှန်းလက်နေသော ရွှေဆံတော် စေတီကို တိုးအဝေးတွင် ဖူးမြင်ရသည်။

ဒွါရာဝတီသည် သံတွဲချောင်း၏ ဟိုဘက်တွင်တော့ ရွှေအံတော် စေတီမြတ် ကိန်းဝပ်စံပယ်ရာ ဝါသူရတောင်။

ဗျာဒိတ်တော်အရ စောင်သုံးလုံးနှင့် စေတီသုံးဆူသည် မြို့တော်ကို ဝန်းရံခနေသည်။





အနောက်မြောက် ယွန်းယွန်းတွင် ပင်လယ်။
အလှအပတွေ ကြွယ်နေသည့် ငပလီပင်လယ် ကမ်းခြေ။
ရေပြင်ကျယ်သည် စိမ်းမြနေ၏။
လှိုင်းဖွေးဖွေးတွေကို အဝေးကပင် မြင်နိုင်၏။
မြန်မာပြည်တွင် အလှဆုံး ပင်လယ်ကမ်းခြေ၏ မြို့တော်
ံတွဲကား အလှအပများစုဝေးရာ မြို့သာယာကြီးပင်။
မြို့ကလှသလို လူတွေကလည်း လှသည်။ ပြည့်ဝဖြူစင်
ည့် စိတ်သဘောထားများ ရှိကြပါသည်။

အာကာတိမ်ယံ၊ မိုးသို့ပျံ
သံနှင့်ချိတ်တွဲ၊ မြို့သံတွဲ
ပြင်ကိုးပြင်၊ ဆိုပ်သုံးဆိုပ်
မော်သုံးမော်၊ ဝန်းရံကျော်တဲ့

'မြို့တော်သံတွဲ'

ခင်စန္ဒီသည် သူမ ကြားဖူးထားသော မြို့တော်၏ ဂုဏ်
ဒ်ကလေး တစ်ခုကို ရွတ်ဆိုလိုက်မိသည်။
သူမဘေးတွင် ကာပွတိန်ဘခက်၊ နုနုချွတ်၊ တင်မျိုးဆွေတို့
ပ်နေကြသည်။ သူတို့တစ်တွေသည် မြို့သံတွဲ၏ အလှအပကို
တော်တောင်ပေါ်မှ တဝကြီး ကြည့်နေကြသည်။
'ခင်စန္ဒီ ခပ်စောစောကဆိုလိုက်တာ ဘာလဲဟင်'
နုနုချွတ်က မေးသည်။
'ဩော်....သံတွဲမြို့တော်ရဲ့ သမိုင်းကို ဒီဒီ ကြားဖူးသလို
က်စပ်ပြီး ဆိုမိတာပါ၊ ဒီဒီတို့သံတွဲက ရန်သူတွေလာတိုက်

ရှင်မြို့တော်ဟာ ပျံ့ဝဲပျော်ကွယ်နေလို့ အဒုကာပျံ့ဝဲ မြ
သံတွဲဆိုတဲ့ ရှေးစကား ရှိပါတယ်ရှင်'

'ဩော်....ဩော်၊ ဒါနဲ့ ပြင်ကိုးပြင် ဆိုတာကကော'

'အဲဒါက ရွာတွေပါ အနီးကယ်၊ သံတွဲမြို့တော်ကို ဝန်း
ခနေတဲ့ ရွာတွေရဲ့ နာမည်တွေပါ၊ ဒီဒီသိသသေဘာ် ပြေ
မယ်နော်၊ မှားသလား မှန်သလားတော့ မသိဘူး၊ ကင်းမေ
လမ်းက စပြောရင် ရွှေကျောင်းပြင်၊ မှိုဟင်းပြင်၊ ခြံပြ
ကျောက်ကြီးပြင်၊ ဥယျာဉ်ပြင်၊ နောက်ပြီးတော့....'

ခင်စန္ဒီက လက်ကလေးတွေချိုး၍ ကလေးလေးလို
တွက်ပြနေသည်။

'နတ်ပြင်၊ ဇာဒိပြင်၊ ရှင်စောပြင်၊ အဲ....နောက်တစ်ရွ
ကတော့ ပင်လယ်လမ်းခြေက မြပြင်'

တင်မျိုးဆွေမျက်နှာ မရွှင်လှ။

နုနုချွဲ၊ ကိုဘခက်နှင့် ခင်စန္ဒီတို့က အတင်းခေါ်သဖြ
လိုက်ခဲ့ရသော်လည်း တင်မျိုးဆွေ၏ ရင်ထဲတွင် ရွှင်လန်း
မရှိ။

ဒါကို နုနုချွဲက နေမကောင်းဘူးလားဟု မေးသည
ညက စာဖတ်လွန်သွား၍ အိပ်ရေးပျက်လို့ပါဟု ညာပြော
သည်။ မျက်နှာကို အတင်း ပြုံးထားရသော်လည်း မချိပြ
ကလေးသာ ဖြစ်သည်။

ချွတ်ချွတ်နှင့် ကိုဘခက်ရယ်....

မဆွေရင်ထဲမှာ ဘယ်လို ခံစားနေရတယ်ဆိုတာ မင်း
မသိပါဘူးကွယ်။





တကယ်လို့သာ မဆွေနေရာမှာ တခြားအမျိုးသမီး တစ်
ယောက်သာဝင်ပြီး ခံစားရမယ်ဆိုရင် အသည်းလေးတွေ
ဟက်ဟက်ကွဲပြီး သေပွဲဝင်သွားမှာ အသေအချာပဲ၊ အသည်း
မာတဲ့ မဆွေမို့သာ ဘဝမကြွေသေးတာပါ။

အဲသည်တော့ ကိုဘခက်မျက်နှာကို မကြည့်ရဲ။

မကြည့်မိအောင် ထိန်းနေရသည်။

ချွတ်ချွတ်ကတော့ ဘာမျှမသိ။

ကျောင်းတုန်းက ပျော်စရာကောင်းခဲ့သည့် အပျိုစင်ဘဝ
က အချိန် လှလှကလေးတွေကိုပင် နောက်ကြောင်း ပြန်နေ
သေးသည်။

စင်စစ်....

မဆွေ သူတို့နှစ်ယောက်နှင့် မတွေ့ချင်၊ မဆုံစည်းချင်။

မမြင်ချင်လျှင် မြင်တတ်သည်။

မတွေ့ချင်လျှင် တွေ့တတ်သည်။

သည်ကနေ့လည်း နံနက်အစောကြီးကတည်းက ဂျစ်ကား
တစ်စီးဖြင့် ခင်စန္ဒီ ထွက်သွားသည်။

ကပ္ပတိန်ဘခက်နှင့် နုနုချွတ်ကို မြို့ထဲရှိ ဘုရားတွေဖူးရန်
အတင်းသွားခေါ်သည်။ သူတို့နှစ်ဦးကိုခေါ်ပြီး မဆွေကိုပါ
ဝင်ခေါ်သည်။

မဆွေ ငြင်းသည်။

ချွတ်ချွတ်နှင့်ကိုဘခက်က အတင်းခေါ်တော့လည်း မငြင်း
သာတော့။ ပါလာရတော့သည်။ နံတော်တောင် ပေါ်သို့
ရောက်ခဲ့ကြသည်။

ခင်စန္ဒီက သံတွဲမြို့အကြောင်းကို ပြောပြနေသည်။

'ဆိတ်သုံးဆိတ်ဆိုတာက ဆိတ်သုံးကောင်လား ခင်စန္ဒီ'

ခင်စန္ဒီ ရယ်သည်။

အသံက ကြည်ကြည်လွင်လွင်ကလေး။

'မဟုတ်ဘူး အန်ကယ်ရဲ့၊ အဲဒါလဲ ရွာတွေရဲ့ နာမည်ပါ၊ ကျောက်ဆိပ်၊ တလင်းဆိပ်၊ ညောင်ပင်ဆိပ်တဲ့၊ နောက်ပြီးတော့ မော်သုံးမော် ဆိုတာက ကင်းမော်၊ ခရမ်းမော်၊ နတ်မော်'

'ဪ....ဪ၊ ခင်စန္ဒီက ဗဟုသုတ စုံသားပဲ'

'သိပ်ချီးမွမ်းမနေနဲ့ဦး အန်တီ၊ အဲဒါ ဒီဒီ သိတာတွေ လျှောက်ပြောနေတာပါ၊ ဟုတ်ချင်မှလဲ ဟုတ်မှာ'

'ဘာပဲဖြစ်ဖြစ် ကိုယ့်မြို့ကိုယ့်ဒေသအကြောင်း ဒါလောက် ပြောနိုင်ရင် တော်တာပေါ့ကွယ်၊ ဟုတ်တယ်မဟုတ်လား မမတင်မျိုးဆွေ'

'အင်း....ဟုတ်တာပေါ့ ဒီဒီ၊ အန်တီလဲ သံတွဲကိုသာရောက်နေတာ၊ မြို့ထဲကို တစ်ခါမှ ထွက်လည်ဖြစ်သေးတာ မဟုတ်ဘူး၊ အခုမှ မြို့အလှကို အသေအချာ မြင်ရတာကွယ့်'

တင်မျိုးဆွေသည် အလိုက်အထိုက် ပြောလိုက်ရသော်လည်း မြို့တော်၏ သဘာဝက၊ တကယ့်ကို လှနေပါသည်။

စိမ်းမြနေသော အုန်းပင်၊ ကွမ်းသီးပင်များ ကြားထဲတွင် အကွက်ကျစွာ တည်ဆောက်ထားသော အိမ်များ။

ဒိုးတောင်။

S.T.C တောင်ကုန်း။





ပြည်သူ့ဆေးရုံ။

အလှဆုံးကတော့ မြို့ကို ကွေ့ကာဝိုက်ကာ စီးဆင်းနေသော ဒွါရာဝတီ သံတွဲချောင်း။

သူတို့တစ်တွေ နံတော်တောင်ပေါ်မှ ဆင်းခဲ့ကြသည်။ လှေကားထစ်ကလေးတွေက မတ်စောက်သည်။

နုနုချွတ်နှင့် ကိုဘခက်က ရှေ့က။

ထူးဆန်းလှသော နံဘော်တောင်ပေါ်မှ နတ်ရေကန်ကလေးကို သွားကြည့်ကြသေးသည်။ ရေကန်ကလေးက သေးသော်လည်း ခပ်၍ကုန်နိုင်သည် မရှိ။

ခပ်လိုက် ပြည့်လိုက်။

သို့တစေ....

ရေတွေလျှံထွက်ခြင်းမရှိ။ ထူးဆန်းလှ၏။နတ်ရေကန်ဘေးတွင် နုနုချွတ် ခြေချော်၍ လဲမလိုဖြစ်သည်။ ကိုဘခက်က ဖေးပွေ့လိုက်ရသည်။ သူတို့နှစ်ယောက်၏ ရယ်သံကလေးတွေက မြူးကြွဝေစည်နေသည်။

တင်မျိုးဆွေ ငိုချင်နေသည်။

နောက်တော့ ခင်စန္ဒီက ကားကိုမောင်း၍ မြို့အနှံ့ လည်ကြသည်။

ကားပေါ်တွင်၊ နုနုချွတ်က သူမအကြောင်း မေးသည်။ အိမ်ထောင်ကျပြီလား၊ အခု ဘာလုပ်နေသလဲ၊ သံတွဲကို ဘာကြောင့် လာရသလဲ။

တင်မျိုးဆွေ အလိုက်အထိုက် လှီးလွှဲ၍ ပြောရ၏။ရင်ထဲကတော့ မချို။

အပြန်ခရီးတွင် နုနုချတ်က ပေလီ ကမ်းခြေမှ ဘန်ဂလိုကို လိုက်လည်ရန် အတင်းခေါ်သော်လည်း ဈေးဝတွင် တင်မျိုးဆွေ ဆင်းနေရစ်ခဲ့သည်။

ခင်စန္ဒီက ကပ္ပတိန်ဘခက်နှင့် နုနုချတ်တို့ကို လိုက်ပို့သည်။ တင်မျိုးဆွေသည် လေးပင်သော ခြေလှမ်းများဖြင့် အိမ်ကြီးမဟာသို့ ပြန်ခဲ့သည်။

အာကာပျံ့ဝဲ မြို့သံတွဲတွဲ။

အကယ်၍သာ မဆွေမှာ အတောင်ရှိပြီး ပျံဝဲလို့ရခဲ့ရင် မင်းတို့နဲ့ ဝေးတဲ့နေရာကလေးကို ပျံပြေးလိုက်ချင်ပါရဲ့ နုနုချတ်ရယ်။

ဒါပေမယ့်....

သားကလေး။

ဝေးရာကို ပြေးနေသည့် သားကလေးကို မြင်လို တွေ့လိုသည့် စိတ်က မဆွေ၏ အတောင်ပံတွေကို ရိုက်ချိုးထားသည်။

မပျံနိုင်။

ဦးစောဒီသည် အိမ်ကြီးမဟာထဲသို့ဝင်လာသော တင်မျိုးဆွေကို အပေါ်မှဆီး၍ ကြည့်နေသည်။

အပေါ်ကကြည့်တော့ အပေါ်ကမြင်ရသည်။

အောက်ကကြည့်၊ ဘေးတိုက်ကြည့်၊ တစောင်းကြည့်ကြည့်။

မျက်စိထဲတွင် အားလုံးမြင်သည်။

အားလုံးလှသည်။



ဦးစောဒီသည် သက်ပြင်းပူကို လေးပင်စွာမှုတ်ထုတ်လိုက်ပြီး သူ၏ အလုပ်ခန်းထဲသို့ ပြန်ဝင်ခဲ့သည်။

သည်အမျိုးသမီးကို သူစွဲလမ်းနှစ်ခြိုက်လို့နေပြီ။

လက်ထပ်ပါရစေဟုလည်း မနေ့က အတိအလင်း ပြောဆိုပြီး ဖြစ်သည်။

အဖြေက မရေရာ မသေချာ။

စဉ်းစားပါရစေဦးတဲ့။

အဲသည်တော့....

ရေရာ မသေချာအောင် ဘာလုပ်ရမလဲ။

သူ့လက်ထဲက ရေ။

ဦးစောဒီသည် သူ့စားပွဲပေါ်ရှိ ဖန်ကလပ်ကြီးဖြင့် ထင်ထားသော မော်လမြိုင်မှ ပို့လိုက်သည့် ဒူးရင်းသီး၊ မင်းကွတ်သီး၊ ကြက်မောက်သီးများကို ကြည့်ရင်း စဉ်းစားနေသည်။

မွေးမှင်နုကလေးများ ပါသော ကြက်မောက်သီး ကလေးက နီနီရဲရဲ။

မင်းကွတ်သီးကြီးတွေက ကြွံးသည်။ လက်ဘစ်ဆုပ်စာမင်က။

ဒူးရင်းသီးကြီးကတော့ ကွဲအက်၍ အနံ့ပင် ထွက်နေလေ၏။

'မောင်နီ....မောင်နီ'

ဦးစောဒီ အော်လိုက်သည်။

သူ၏ လက်သပ်မွေး အတွင်းလူယုံတော်ကလေး မောင်နီ ရောက်လာသည်။

'လာပါပြီ ဆရာကြီး'

'ဒါတွေယူသွား၊ အခုမစားသေးဘူး၊ ညကျမှ စားမယ်

'ဟုတ်ကဲ့ ဆရာကြီး'

'နောက်ပြီးတော့ ဒေါ်တင်မျိုးဆွေဟာ ညအိပ်ရာဝင်မှာ ကော်ဖီ သောက်တတ်တယ် မဟုတ်လား'

'အမြဲတမ်း သောက်နေကျပါ ဆရာ'

'အေးကွာ၊ ဒီနေ့ည ကော်ဖီသွားပို့ရင် ဟိုဟာ ခပ်များ များ ထည့်လိုက်၊ ဒီဟာမကြီး ဆင်တက်နင်းတောင် နိုးမှာ မဟုတ်ဘူး၊ ပြီးတော့ ရေချိုးခန်းက တံခါးဝှက်ကို....'

'သိပြီ ဆရာကြီး'



# အခန်း (၄)

ည....

လကလေး သာနေသည်။

ကိုးနာရီ။

'အသည်းနှလုံးကိုအဆုံးရှုံးခံနိုင်ပါတယ် ဒီဒီ၊အခုဟာက အသည်းနှလုံးတင် မဟုတ်ဘူး ဘဝကြီးတစ်ခုလုံး၊အန်တီဆွေ ရဲ့ ဘဝကြီးတစ်ခုလုံး ဆုံးရှုံးလိုက်ရတာပါ၊ အန်တီဆွေ့ ဘဝတင် မကပါဘူး၊ သူ့အတွက် အန်တီ့သားလေးရဲ့ ဘဝ မှာ အမည်းစက်ကြီးထင်ပြီး မိခင်ကိုစိတ်နာနေတာ ဒီဒီ ကြား ခဲ့တယ် မဟုတ်လားကွယ်'

'ဟုတ်ပါတယ် အန်တီဆွေ၊ အန်တီဆွေဟာ ကိုမျိုးခက် ရဲ့ မိခင်မှန်း မမျှော်လင့်ဘဲ ဟိုတစ်နေ့က ဆေးရုံဘေးမှာ ကြားလို့ မေးကြည့်မိတာပါ၊ ပြီးတော့ အန်တီဆွေ့ကို ဒီဒီ သနားတယ်၊ အန်တီဆွေဟာ အိမ်ကြီးမဟာကို ရောက် ကတည်းက တစ်ခုခုအတွက် ရင်ထဲမှာ ဝေဒနာခံစားနေပုံ

ရတာယ်လို့ ဒီဒီ ထင်ခဲ့တယ်လေ၊ ဒီနေ့လဲ အန့်တီဆွေ မျက်နှာ သိပ်ပြီးတော့ ညိုးတာပဲ'

ခင်စန္ဒီသည် ကိုမျိုးခက်နှင့် အန့်တီ တင်မျိုး ဆွေ ၏ အကြောင်းကို မမျှော်လင့်ဘဲ ကြားသိထားရသည့်အတွက် စိတ်မကောင်း။

သားနှင့် မိခင်။

ကြင်နာမှုအပြည့်နှင့် မိခင်၏စကားကို သားက ခါးခါးသီးသီး တုံ့ပြန်ခဲ့သည်။

အကြောင်းတစ်ခုတော့ ရှိမည်။

သည်ကနေ့တော့ ခင်စန္ဒီသည် ကပ္ပတိန်ဘခက်နှင့် နှုတ်ချုတ်ကို လိုက်ပို့ပေးပြီး အိမ်ကြီးမဟာကို ပြန်လာသည်။ ရေမိုးချိုး၊ အစတ်အစားလဲ၊ စားသောက်ပြီးသည်နှင့် အန့်တီတင်မျိုးဆွေအခန်းသို့ မငင်စပူး ရောက်ရှိသွားသည်။

'လာ ဒီဒီ'

'မြို့ထဲက ပြန်ရတာ အဆင်ပြေရဲ့လား အန့်တီဆွေ'

'ပြေပါတယ်ကွယ်'

'လမ်းတွေ မှတ်မိလို့လား'

'မှတ်မိပါတယ်၊ ဈေးဝက ရွှေဘုံသာလမ်းကို လာတယ်၊ ဦးဇော်ဂျီလမ်းကို ကွေ့ပြီး ဗိုလ်ကုန်းကို တက်ခဲ့တယ်၊ ပရိုတ်ကျောင်း ရောက်တော့ အန့်တီ လမ်းမမှားတော့ဘူးဆိုတာ သိသွားပြီလေ'

'အန့်တီဆွေက မှတ်မိသားပဲ၊ ဒီဒီက လမ်းလွဲနေမလား လို့ စိုးရိမ်လိုက်ရတာ'





ခင်စန္ဒီက ကြောင်ကလေး ဆန်နီကိုပွေ့ရင်း တင်မျိုး
ဆွေ၏ ခုတင်ပေါ်တွင် တရင်းတနှီး ဝင်ထိုင်သည်။ သူတို့
ယောက် ထွေရာလေးပါး ပြောဖြစ်ကြရင်း မျိုးခက်
ကြောင်းသို့ ရောက်သွားခဲ့သည်။

'အန့်တီဆွေ့မှာ သောကတစ်ခု ရှိနေတယ်ဆိုတာ အိမ်
ကြီးမဟာကို အန့်တီဆွေ ရောက်ကတည်းက ဒီဒီ သိပါ
တယ်၊ အန့်တီဆွေ သံတွဲကိုလာတာ ကိုမျိုးခက်ဆီကို လာ
တာ မဟုတ်လား'

'ဟင်....ဒီဒီ ဘယ်လိုလုပ် သိသလဲ၊ ဒီဒီ့ကို ဘယ်သူက
ပြောသလဲ'

ပျာပျာသလဲ မေးမိသည်။

'စိတ်မဆိုးပါနဲ့ အန့်တီဆွေ၊ ဒီဒီ အန့်တီဆွေ့ကို သနား
လို့ပါ၊ ဟိုနေ့က ဆေးရုံဘေးမှာ အန့်တီဆွေနဲ့ ကိုမျိုးခက်
ပြောတဲ့ စကားတွေကို ဒီဒီ မမျှော်လင့်ဘဲ ကြားခဲ့ရတယ်၊
ချောင်းပြီးနားထောင်တာတော့ မဟုတ်ပါဘူး၊ တိုက်တိုက်
ဆိုင်ဆိုင် ကြားမိတာပါ'

'ဒါ....ဒါဖြင့် အန့်တီဆွေနဲ့ မောင်မျိုးခက်တာ....'

'သားအမိဆိုတာ ဒီဒီ သိပြီးပါပြီ အန့်တီဆွေ၊ ကဲ....ဒီဒီ
တာ အကူအညီ ပေးရမလဲ၊ ဒီဒီ အန့်တီဆွေ့ကို သနား
တယ်၊ မြင်မြင်ချင်းလဲ ခင်မင်မိတယ်၊ အစကတော့ မမေး
တော့ဘူးလို့ ဆုံးဖြတ်ထားတာ၊ ဒီနေ့ ဘုရားဖူးထွက်တော့
အန့်တီဆွေ့ မျက်နှာဟာ သိသိသာသာကို ပျက်နေတယ်၊

ကားလဲ သိပ်မပြောဘူး၊ ဒီဒီ အန်တီဆွေ့အတွက် ဘ
လုပ်ပေးရမလဲဟင်'

တင်မျိုးဆွေ၏ရင်မှာ တင်းကျပ်လာသည်။

ရင်မဖွင့်လျှင် ရင်ပွင့်ထွက်မတတ် ခံစားနေရရှာသည်

အဲသည်တော့ ခင်စန္ဒီကို ရင်ဖွင့်၍ ပြောပြလိုက်မိသည်

တစ်ချိန်တုန်းက....

၁၉၅၅ ခုနှစ်က....

သူမရယ်....

နုနုချွတ်ရယ်....

ကပ္ပတိန်ဘခက်ရယ်....

သည်လောက ကလေးအလယ်တွင် အဖြစ်ကလေးတစ်ဖြ
ရှိခဲ့၊ ဖြစ်ခဲ့ရသည့် အကြောင်းများ။

သူမဘဝကိုစွန့်၍ သူ့သားကလေးကို ဖအေအပေါ်မခံ
မွေးခဲ့ရသည့်အကြောင်းများ။

သည်အကြောင်းတွေကို ခင်စန္ဒီ သိရ ကြားရတော့ ရ
နင့်ရသည်။ ကိုမျိုးခက်အပေါ် ပို၍ ပို၍ သနားလာမိ၏

'ဒါ....ဒါဖြင့် အန်တီ နုနုချွတ်ရဲ့ ယောကျ်ား ကပ္ပတိ
ဘခက်ဟာ....'

'သူ့အဖေ အရင်းပေါ့ကွယ်၊ ကားအတူ စီးလာလို့
အဖေနဲ့သား မသိကြတဲ့ဘဝ၊ အန်တီဆွေဟာ ညီမရင်းလေ
လို သိပ်ချစ်ရတဲ့ သူငယ်ချင်း နုနုချွတ်နဲ့ သူ့အတွက် ဘဝ
တစ်ခုလုံး ဆုံးရှုံးခဲ့တာပါ ဒီဒီ၊ ဒီဒီ သိတဲ့အတိုင်းပဲ
တက္ကသိုလ်မှာ အတူနေစဉ်ကတည်းက နုနုချွတ်မှာ နှလုံး





းနည်းတဲ့ရောဂါရှိနေတယ်၊ အမှန်တော့ အန်တီ့အဖြစ်
၊ အန်တီ သူ့ကို မေတ္တာထားပြီး အမှားခံခဲ့တဲ့အတွက်
ဖြစ်မျိုး၊ ဒီဘဝမျိုးကို ရောက်ခဲ့ရတာပါကွယ်'

ခင်စန္ဒီ ရင်ထဲဝယ် သိမ့်သိမ့်တုန်သွားရသည်။

ကပ္ပတိန်ဘခက်နှင့် အန်တီတင်မျိုးဆွေတို့ အချစ်မှားခဲ့
ရခဲ့တဲ့ သားကလေး ကိုမျိုးခက်နှင့် သူမလည်း....

အို....

ဒီဒီ ဆက်မတွေးဝံ့တော့ပါ။

မြတ်စွာဘုရား။

အန်တီဆွေလိုများ ဖြစ်လာလျှင် မဟာဒုက္ခ။

အခုမှ စန္ဒီ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားရ၏။

သူမအဖြစ်ကလည်း သူမ၏ အပြစ်။

အန်တီတင်မျိုးဆွေနှင့် သူမ၏ဘဝ တထေရာတည်း
ပ်တူထပ်မျှ တူနေသည်။

မိစန္ဒီ....

နင်မှားခဲ့ပြီ။

အန်တီဆွေလိုများ နင့်ဘဝ ဖြစ်သွားလျှင် ဘယ်နှယ်လုပ်
လဲ။

ဘယ်လို ခံစားရမလဲ။

ဝေဒနာလေးတွေက မချိလိုက်တာဟယ်။

'ဒီဒီ....ခင်စန္ဒီ'

'ရှင်....အန်တီဆွေ'

'အန်တီဆွေပြောတဲ့ အကြောင်းတွေကို ဘယ်သူမှ
ပါစေနဲ့ကွယ်၊ ဒီဒီ ရင်ထဲမှာပဲထားပါ'

'ဟုတ်ကဲ့ပါ အန်တီဆွေ၊ ဒီဒီ....ဒီဒီ ဘယ်သူ့ကိုမှ မ
ပါဘူး'

မပြောပါဘူးဆိုသည့်အကြောင်းကလေးတွေထဲတွင်
နှင့် မေန်းလေးမျိုးခက်၏ မပြောကောင်းသည့် အကြေ
ကလေးလည်း ပါချင်ပါမည်။

'ဒီဒီ အန်တီ့ကို အထင်သေးသွားပြီ မဟုတ်လား'

'ဘာဖြစ်လို့ ဒီလိုမေးတာလဲ အန်တီ'

'ဒီဒီ့ မျက်နှာတစ်မျိုးဖြစ်သွားတယ်'

တစ်မျိုးတဲ့။

ဘယ်လိုတစ်မျိုးလဲ ဒီဒီမသိ။

ဟုတ်ချင်ဟုတ်မှာပါ။

အခုမှ သူ့အတွက် သောကကလေးတွေက ရင်မှာ
လာပြီကိုး။ မွေ့ပိုက်ထားသော ကြောင်ကလေးဆန်နီသ
ခင်စန္ဒီ့ လက်မှ စားပွဲပေါ် သို့ ခုန်တက်သွားသည်။

ခင်စန္ဒီသည် အန်တီဆွေကို မပြောရဲ။

စကားကို လွှဲပစ်ရသည်။

'ဟို....ဟို.... ဒီဒီလေ ကိုမျိုးခက်နဲ့ အန်တီဆွေ့ ဘ
သနားလွန်းလို့ပါ'

'ကံစီမံရာပေါ့ကွယ်၊ ဘယ့်တတ်နိုင်မလဲ၊ အရေးထဲ
တိုက်တိုက်ဆိုင်ဆိုင် ကိုဘခက်နဲ့ နူနူချွတ်တို့ဟာ ဒီကိုရော





လာကြတယ်၊ လောကဆိုတာ သိပ်ကို ဆန်းကြယ်တာပဲ ဒီဒီ
ရယ်၊ နောက်ပြီးတော့ သူတို့သမီးလေး....'

တင်မျိုးဆွေ ဆက်မပြောရဲတော့။

'ဟုတ်တယ်၊ သိပ်ကိုဆန်းကြယ်တာပဲ၊ လူတစ်ယောက်ရဲ့
အဖြစ်ဟာ အခြားတစ်ယောက်ရဲ့အဖြစ်နဲ့ ထပ်တူထပ်မျှဖြစ်
နေတယ်ဆိုရင် ပိုပြီးဆန်းကြယ်တာပေါ့ အန်တီဆွေ'

'ဘာကိုဆိုလိုတာလဲ ဒီဒီ'

'ဩြော်.... ဟို.... အန်တီ တင်မျိုးဆွေလို အဖြစ်မျိုးနဲ့များ
တစ်ယောက်ယောက်ဟာ တိုက်တိုက်ဆိုင်ဆိုင် တူနေရင် သိပ်
ကို ဆန်းကြယ်မှာပဲလို့ပြောတာပါ၊ နောက် ဘာအကူအညီ
လိုလို ဒီဒီ့ကိုပြောနော်၊ ဒီဒီ အန်တီဆွေ့ကို သိပ်ချစ်ဟာပဲ၊
ပြီးတော့ သနားလဲ သိပ်သနားတာပဲ'

'အန်တီလဲ ဒီဒီကို ချစ်ပါတယ်'

'တကယ်'

'အဟုတ်ပေါ့ကွယ်၊ ဒါပေမယ့်....'

'ဒါပေမယ့်....ဘာလဲ ပြော'

ခင်စန္ဒီသည် အန်တီဆွေ့ ပခုံးကို ကလေးငယ်လေးကို ဖွေ့
ဖက်၍ နွဲ့မိသည်။

ကိုယ်လုံးပေါ် မှန်ကြီးထဲတွင် သူမနှင့်အန်တီဆွေ့ အရိပ်က
ထင်ဟပ်နေသည်။

နှစ်ယောက်စလုံး လှသည်။

ကိုယ်လုံးကိုယ်ထည်ချင်းကလည်း မတိမ်းမယိမ်း။

'အန်တီဆွေက အအိုသာ ဆိုတာ၊ အပျို ရှုံးလောက်အောင် လှနေတုန်းပဲနော်၊ မှန်ထဲကိုကြည့်စမ်း အန်တီဆွေ'

မျက်လုံးလေးတွေက မှန်ပေါ်သို့ရောက်သွားသည်။

မြင်ကြရသည်။

အမို့၊ အစွင့်၊ အစို့၊ အကားလေးတွေ။

သားကောင်းမီခင် ပီသမည့် အလှအပကလေးတွေ။

'အန်တီဆွေက အအိုဆိုပေမယ့် တစ်ခါတည်း အို....ဒီဒီကဘာတွေ လျှောက်မေးနေမှန်းလဲ မသိပါဘူး၊ အန်တီ ရှက်တယ်ကွာ'

မရှက်ပါနဲ့ အန်တီဆွေရယ်....

ဒီဒီလည်း အပျိုမဟုတ်တော့ပါဘူး။

သူလေ သူ....

သိပ်ခက်တဲ့ ကိုမျိုးခက်ပေါ့။

သူ့နာမည်ကို ငမန်းလေးလို့ ခေါ်ကြတယ်။

ငါးမန်းဆိုတာ ကြောက်စရာကြီးပါ အန်တီရယ်။

မည်းမည်းတုတ်တုတ်ကြီး၊ ရှည်ရှည်ကြီး။

လူကိုများ ကိုက်မိလျှင် သွေးတွေထွက်သွားမှာ။

သူ့သွားကြီးတွေက သိပ်ကြောက်စရာကောင်းတာပဲ။

သူ့ပါးစပ်ကြီးကလည်း သိပ်....သိပ် ကြမ်းတာပဲ။

ကိုက်လိုက်ရင် အသေပေါ့။

တစ်ခါတုန်းက ပင်လယ်ကမ်းခြေမှာ တံငါတွေ ပိုက်ငြီလို့ စန္ဒတ်နဲ့ ထိုးသတ်လာတဲ့ ငါးမန်းစွယ်ပတ်ကြီး တစ်ကောင်ကို ဒီဒီ မြင်ခဲ့ရဖူးသည်။





သူ့အမြီးက အရှည်ကြီး။

လူကိုတွေ့လျှင် အမြီးနှင့်ပတ်သည်။

ပတ်ပြီးစားသည်။

သိပ်ကြောက်စရာကောင်းသည်။

သူလည်း အဲလိုမျိုး ကြောက်စရာကောင်းတာပဲ အန်တီဆွေရဲ့။

အန်တီ့ သားပေါ့။

ငမန်းလေးပေါ့။

အခုတော့ မကြောက်တော့ပါဘူး၊ အစမို့ ကြောက်မိတာပါ၊ ရင်မှုန်မိတာပါ။

နောက်တော့....

နောက်တော့....

သူက ဒီဒီ့ကို ဟိုးအမြင့်ကြီးထိခေါ်သွားပြီးပင်လယ်ထဲကို တွန်းချတယ်၊ ဒီဒီ့ရင်ထဲမှာလှိုက်ပြီး အသည်းတွေ အေးသွားတာပေါ့လို့။

သူ....သူ မကောင်းဘူး။

ဒီဒီ ရေကူးသိုက်ရတာ။

ခြေကုန်လက်ပန်းကို ကျသွားဘာပဲ။

ပြောလည်း မပြောချင်ဘူး၊ ဟွန်း။

ကမ်းစပ်ရောက်တော့မှ သူက ဖေးမပွေ့ တောင်းပန်လာတယ်၊ ပင်လယ်ထဲကို တွန်းချမိတာကို ခွင့်လွှတ်ပါတဲ့ရှင်။

သူဟာ သိပ်မိုက်တာပဲ။

အိပ်မက်ကမ္ဘာလေးထဲကအကြောင်းတွေ ခင်စန္ဒီတွေးနေမိသည်။

အိပ်မက်ကလေးတစ်မက်က သိပ်ကောင်းသည်။

'ဒီဒီ....'

'ရှင်....အန်တီဆွေ'

'အန်တီဆွေ အိမ်ကြီးမဟာက သွားရတော့မယ်'

'ဟယ်....ဘာဖြစ်လို့ အန်တီရယ်'

'ဒီမှာ အန်တီနေတာကို သူသိသွားပြီ၊သားလေးသိသွားပြီ၊ နောက်ပြီးတော့ နေလို့မဖြစ်တဲ့အကြောင်းတွေလဲရှိတယ်ကွယ်'

ထိုအကြောင်းကိုတော့ ခင်စန္ဒီကို ပြောလို့မဖြစ်။

ခင်စန္ဒီ့အဖေ ဦးစောဒီက သူ့ကို လက်ထပ်ပါဟု အတိအလင်း တောင်းဆိုနေပေပြီ။

နေလို့မဖြစ်တော့။

'ဘာဖြစ်လို့လဲ အန်တီဆွေရယ်၊ ဒီမှာပဲနေပေါ့'

'နေလို့မဖြစ်တော့လို့ပါကွယ်၊ ဒီဒီလဲ ကြားသားပဲ၊ သူရှိတဲ့ နေရာကို မလာပါနဲ့တဲ့၊ သူ့ဘဝလေး အေးချမ်းသာယာနေတာကို မဖျက်ဆီးပါနဲ့တဲ့၊ သားလေးပြောလိုက်တဲ့စကားတွေလေ'

မျက်ရည်တွေ လည်လာမိသည်။

ခင်စန္ဒီ့မကြည့်ရက်တော့။

'အန်တီဆွေ ထွက်သွားမှာကို ဘယ်သူမှ မသိပါစေနဲ့ကွယ်'





'ဘယ်ကိုသွားမှာလဲ အန်တီ'

'မော်လမြိုင်ကိုပြန်မယ်၊ ကဲ....ဒီဒီလဲ အိပ်တော့၊ မိုးချုပ်လှပြီ'

တင်မျိုးဆွေသည် ခင်စန္ဒီ၏ နဖူးပြင်ကလေးကို ညင်သာစွာ နမ်း၍ နှုတ်ဆက်လိုက်သည်။မိခင်မရှိသော ခင်စန္ဒီ့ရင်ထဲတွင် အေးသွားသည်။

'ဟုတ်....ဟုတ်ကဲ့ အန်တီ'

ခင်စန္ဒီ သူမအခန်းသို့ ပြန်ခဲ့သည်။

တိုးတိုးကလေး ရွတ်ဆိုမိသည်။

'အန်တီဆွေရယ်....အန်တီဆွေ့သားဟာ ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ပါ၊ သူဟာ ဒီဒီ့ကို တာဝန်ယူပါ့မယ်တဲ့၊ သူဟာ ယောကျ်ားတစ်ယောက်ပါတဲ့'

သည်စကားလေးတွေကို....

မဒေးတောင်၊ ကသစ်ကျွန်း၊ မေရှီးဘေး၊ မော်ရုံတောများ ဝန်းရံခနေသည့် လုံးသာချိုင့်ဝှမ်းလယ်ကွေ့တွင် ခင်စန္ဒီကြားခဲ့ရသည်။

သူ့လက်ကလေးက ဒီဒီ့လက်ကို ကိုင်လို့ရယ်ပေါ့။

သူ....သူ။

ယောကျ်ားတဲ့။

ဒီဒီ့ကို တာဝန်ယူမယ်တဲ့။

ချစ်ကော ချစ်ရဲ့လား ရှင်ကြီးရယ်။

ကျွန်မ လိုချင်တာက အချစ်ကလေး တစ်ချစ်ပါ။

တင်မျိုးဆွေ လိုချင်သည်က မေတ္တာ။

သားကလေးရဲ့ မေတ္တာ။

သားကလေးရဲ့ မေတ္တာကို ရဖို့အတွက် မည်မျှပင်ပေးဆပ်
ရပါစေ။

အနစ်နာခံရပါစေ။

တင်မျိုးဆွေသည် ခုတင်ပေါ်တွင် ညင်သာစွာလဲလျောင်း
လိုက်သည်။ တစေ့င်းကလေး။

'ဒေါက်....ဒေါက်....ဒေါက်'

'ဘယ်သူလဲ'

'ကျွန်တော် မောင်နီပါ အစ်မလေး၊ ဒေါ်ဖွားရှင်
အားလို့ အစ်မလေးအတွက် ကော်ဖီ လာပို့တာပါ'

တင်မျိုးဆွေ ထလိုက်သည်။

မောင်နီ အခန်းထဲသို့ ဝင်လာသည်။

'ကျေးဇူးပဲကွယ်၊ အဲဒီစားပွဲပေါ်မှာ တင်ထားခဲ့ပါ'

*



## အခန်း (၅)

သည်နေ့နံနက်စိုးနက်သံတွဲသို့ လေယာဉ်ဖြင့်ပြန်လာသည်။

သူသွားတုန်းက တစ်ယောက်တည်း။

မည်းမည်းရှည်ရှည် အဘိုးကြီး တစ်ယောက် သူနှင့်အတူ
ပါလာ၏။

နားရှိသော်လည်း မကြား။

ဟအား မြောက်ပြောမှ ကြားသည့် ဆလုံအဘိုးကြီး ဦးပိန်
သည် သူဌေးကြီး ဦးစောဒီ၏ မန်နေဂျာ စိုးနက်နှင့်အတူ
အိမ်ကြီးမဟာသို့ လိုက်ပါလာလေပြီ။

သူ့ ခရီးစဉ်က ရန်ကုန်-မြိတ်။

မြိတ်ကျွန်းစုအနောက် ကျူကူးရွာတွင်နေသော ဦးပိန်
ထံသို့ ဖြစ်သည်။

သူ့ ဆရာကြီး ဦးစောဒီက ဦးပိန်ကို အမြန်ဆုံး ရှာဖွေ
ခေါ်ယူခဲ့ဖို့ အမိန့်ပေးလိုက်သည်။

ယခု ဦးပိန် ရောက်လာပြီ။

အိမ်ကြီးမဟာ၏ အပေါ်ထပ်ရှိ ဦးစောဒီ၏ အလုပ်ခန်း
ထဲတွင် စိုးနက်နှင့် ဦးပိန်တို့ ရောက်နေကြပြီ။

‘ခဏထိုင်စောင့်....ဆရာကြီး အခုပဲ လာလိမ့်မယ်’

စိုးနက် အော်ပြောသည်။

‘အေး....အေး၊ ထမင်းဆာနေတာနဲ့ အတော်ပဲ၊ ယူခဲ့ ယူခဲ့၊ အခုပဲ စားတော့မယ်’

စိုးနက် စိတ်ပျက်နေသည်။

တစ်လမ်းလုံးလည်း စိတ်ပျက်ခဲ့ရသည်။

သူက ထီးဟု ပြောလျှင် အဘိုးကြီးက သူကြားချင်တာ ကြားသည်။ စိတ်ကုန်ဖို့ သိပ်ကောင်းသည်။

‘မဟုတ်ဘူးဗျ၊ ခင်ဗျား ဆရာကြီး ဦးစောဒီ လာလိမ့် မယ်၊ ဒီမှာထိုင်စောင့်၊ ထိုင်စောင့်....ကြားပြီလား’

နားဝကိုကပ်၍ တအားကုန်းအော်မှ ကြားတော့သည်။

‘အေး....ကြားပြီ....ကြားပြီ’

စင်စစ်....

ဆလုံကြီးသည် ရေငုပ် လွန်း၍ ရေအောက် ဖိနှိပ်အား Under Water Pressure ကိုမခံနိုင်တော့ဘဲသူ့ နားမှအမြှေး ပါး Ear Drum ချွတ်ယွင်း၍ နားပင်းကြီးဖြစ်နေခြင်းပင်။

ပင်လယ် ရေမျက်နှာပြင်ပေါ်တွင် လေ၏ ဖိနှိပ်အားမှာ တစ်လက်မ စတုရန်းပတ်လည်တွင် 14 Point 71 Pound Per Square Inch ရှိသည်။

၁၅ ပေါင်နီးပါး ဖိနှိပ်အားရှိသော ရေမျက်နှာပြင် ပေါ်မှ ရေအောက်သို့ ၃၃ ပေဆင်းတိုင်း ရေဖိနှိပ်အား ၁၅ ပေါင်တိုး၍ လာသည်။





လူတစ်ယောက်သည် ရေငုပ် ကိရိယာမပါဘဲ သာမန်ဆို လျှင် ရေအနက် (ပေ ၁၀၀)အထိသာ ငုပ်နိုင်သည်။ ထိုရေ အနက်တွင် လူ၏ ခန္ဓာကိုယ်ကို ဖိနှိပ်ထားသော ရေ၏ ဖိနှိပ်အားမှာ ၄၅ ပေါင် ကျော်ကျော်ရှိ၏။

နားအတွင်းရှိ အမြှေးပါးသည် ဤဖိနှိပ်အားကို မခံနိုင်။

ဆလုံကြီးသည် ရေငုပ်သန်သည်။

သန်သလောက်လည်း ငုပ်ခဲ့၍ နားလေးကြီး ဘဝသို့ ရောက်နေခဲ့ခြင်းပင်။

စာနှင့်ရေးပြောရအောင်လည်း စာကမတတ်။

‘နေကောင်းသလား ဆလုံကြီး’

ဦးစောဒီ ဝင်လာသည်။

‘အား....ငါတို့ဆရာကြီးက ပျိုတုန်းကိုးကွယ့်၊ မတွေ့တာ ငါးနှစ်ရှိပကော၊ မိန်းမကော ဘယ်နှစ်ယောက်ရပြီးပလဲ’

သူ့ ပြောချင်ရာ စွတ်ပြောသည်။

ဦးစောဒီ မျက်နှာ ပျက်သွားသည်။

‘မဟုတ်ဘူး၊ နေကောင်းသလားလို့ မေးတာ’

စိုးနက် ဖင်ပြဲမတတ် ကုန်းအော်ရပြန်သည်။

‘အေး....အောင်းတယ်....ကောင်းတယ်၊ အခု အရင်က လောက် ရေမငုပ်နိုင်ပေမယ့် နားတော့ နည်းနည်းပြန်ကြား လာသကွယ့်’

ကြားပေလို့သာပေါ့။

မကြားများ မကြားလျှင် စိုးနက် အော်ရတာနှင့် ဖင်ပြဲ လောက်ပြီ။

'ဒုက္ခပါပဲ စိုးနုက်ရာ၊ စကားပြောလို့လဲ ရမှာ မဟုတ်ပါဘူး၊ မင်း ရန်ကုန်က ခရစ်(စ်)တယ်နားကြပ်တစ်ခု အမြန်ဆုံး မှာကွာ၊ ဒါမှ အလုပ်ဖြစ်မှာ၊ ကဲ....ဆလုံကြီးကို နောက်ဖေးက တန်းလျားမှာ တစ်ခန်းပေးထားလိုက်၊ အစားအသောက် ကောင်းကောင်းကျွေး၊ ဆေးတံသောက်ဆေးကိုတော့ အကောင်းဆုံးကိုပေးပေ့၊ ငါ့စတိုခန်းထဲမှာ Three Nuns ဆေးတံသောက်ဆေးဘူးတွေ ရှိတယ်၊ ဒီဆလုံကြီးက ဆေးတံသောက်ဆေး ကောင်းကောင်းသာ သောက်ရမယ်ဆိုရင် ဘာခိုင်းခိုင်းရတယ်၊ သူ့ကို ငါတို့ ကောင်းကောင်း အသုံးချရမယ်ကွ'

'ဟုတ်ကဲ့ ဆရာကြီး'

'နောက်ပြီးတော့ ဗီနွေ ငါတို့ဆီမှာ အလုပ်လုပ်ဖို့ လူသစ် တစ်ယောက် ရောက်လာလိမ့်မယ်၊ ဒီကောင်က မိုက်ကန်းကန်း ဂျစ်တူးတူး၊ သူ့ကို ကိစ္စတစ်ခုမှာ အသုံးချရုံ သက်သက်ပဲ၊ ပြီးတာနဲ့ ထုံးစံအတိုင်း ပင်လယ်ထဲ ကျသေသွားမှာပဲ၊ မင်းတို့ သူ့ကို သတိထားရမယ်၊ ဒီအကောင် သိပ်လက်သွက်တယ်'

'စိုးနုက်နဲ့ မတွေ့သေးလို့ပါ ဆရာကြီး၊ ကျွန်တော် နည်းနည်း ပါးပါး ပညာပေးလိုက်ပါမယ်'

'ဘာတွေ ပြောနေကြတာလဲကွ'

ဆလုံကြီးက ဝင်မေးသည်။

'ခင်ဗျားသမီး ဆလုံမ တောင့်တောင့်လေးကို ကျွန်တော်နဲ့ ပေးစားပါလား'





'ဟာ....သိပ်ကောင်းတာပေါ့၊ အဲသလို ဆေးတံသောက် ...းဘူး ဆရာကြီးက ငါ့ကိုပေးဖူးတယ်၊ ဗမာဆေးက ...ယ်ပြင်းသကွယ်၊ သူက ချိုပြင်းကလေး၊ မွှေးလဲမွှေးတယ်' သူ့သမီးကို ချိုပြင်းကလေးတဲ့။

မွှေးလည်း မွှေးဟယ်တဲ့။

စိုးနုက်က လက်ကိုဝှိုင်းပြတော့ ဆလုံကြီးက ဆေးဘူး ...င်သွားသည်။

စိုးနုက်နှင့် ဦးဇောဒီ ရယ်မိကြသည်။

'ကဲ....ခေါ်သွားစမ်းပါ စိုးနုက်ရာ၊ ရန်ကုန်က နားကြား ... ခရစ်(စ်)တယ်နားကြပ်ကို အမြန်ဆုံးရအောင်သာ မှာ ...ကွာ'

'လာ....ဆလုံကြီး'

လက်မြှောက်၍ ခေါ်သည်။

စိုးနုက် နောက်တွင် ဆလုံကြီးပါသွားသည်။

ဦးဇောဒီ စဉ်းစားနေသည်။

အကယ်၍သာ ဆလုံကြီး ဦးပိန်ကို ပြောခဲ့သော စကား...တွေ အမှန်အကန်ဖြစ်ခဲ့ပါက မေန်းလေးရခဲ့သော ပုလဲကြီး ...သည် ဆလုံကြီး၏စကားတွေနှင့် အသေအချာကို ပတ်သက် ...နေရမည်။

သည်တော့....

မေန်းလေးကို အပိုင်မွေးမှ ဖြစ်မည်။

သည်ကိစ္စနှင့်ပတ်သက်၍ သူ၏စက်လှေသူကြီး ဦးနန္ဒအား အကျပ်ကိုင် တောင်းဆိုခဲ့သည်။

စိုးနက် ပြန်ဝင်လာသည်။

'စိုးနက်....တို့လူရင်းတွေအားလုံး ဒီအခန်းထဲကိုစုခေါ်ခဲ့'

'ဟုတ်ကဲ့ ဆရာကြီး'

မကြာမီ ဦးစောဒီ၏ လက်ရင်းတပည့်တွေ အခန်းထဲသို့ ရောက်လာသည်။

စိုးနက်၊ တိုးကြီး၊ ကြာဖူး၊ ထိလပ်၊ အောင်ကျော်စိန်၊ ခွေးရှည်၊ ဆင်နူ။

စုစုပေါင်း ခုနစ်ယောက်။

သည်အထဲတွင် စိုးနက်က ခေါင်းဆောင်။

'မင်းတို့ကို အားလုံးသတိပေးထားရဦးမယ်၊ တို့လုပ်ငန်းမှာ လူသစ်တစ်ယောက် ထပ်ရောက်မယ်၊ သူ့ကို သတိထားပြီး ဆက်ဆံရမယ်၊ တို့ရဲ့ အတွင်းကိစ္စတွေကို လုံးဝမသိစေနဲ့'

သူ့အသံက ခန့်ညားသည်။

လေးနက် တည်ငြိမ်သည်။

'အဲဒီလူဟာ ဘယ်သူလဲ ဆရာကြီး'

တိုးကြီးက မေးသည်။

ဖြေရန် ပါးစပ်ဟလိုက်စဉ် တံခါးခေါက်သံ ထွက်ပေါ်လာသည်။

'ခေါက်....ခေါက်....ခေါက်'

'ဘယ်သူလဲ'

'နန္ဒ'

ဖွင့်ပေးလိုက်ကွာ'





တံခါး ပွင့်သွားသည်။

'သူ....သူပါလာပါပြီ ဆရာကြီး'

ဦးနန္ဒက ပြောသည်။

'ဘယ်မလဲ'

'ကျွန်တော် ဒီမှာပါ'

တံခါးဘေးမှ အသံနှင့်အတူ သူ အခန်းထဲသို့ တစ်လှမ်းချင်း ဝင်လာလည်။

ငမန်းလေး။

မျိုးခက်။

ဝင်းလက်သောမျက်လုံးနှစ်လုံးကို ဦးစောဒီ၏ မျက်လုံးဆီသို့ မျဉ်းပြိုင်ထားလျက် အခန်းထဲသို့ တစ်လှမ်းချင်း ဝင်လာသည်။

ဦးစောဒီသည် ကျောက်စားပွဲတွင် တင်ပါးလွှဲထိုင်နေသည်။

စိုးနက်က သူ့ဘေးက။

ကျန်ခြောက်ယောက်က သုံးယောက်စီ ဘေးသို့ ရှဲသွားကြသည်။

တိုးကြီး၊ ကြာဖူး၊ အောင်ကျော်စိန်က ညာဘက်။

ထိလပ်၊ ဆင်နူ၊ ခွေးရှည်က ဘယ်ဘက်။

လူတန်းကြီးကြားမှ သူဝင်သွားသည်။

ထိလပ်က ဆတ်ခနဲ ရှေ့သို့ ခြေကိုထုတ်၍ ခြေထိုးခံလိုက်သည်။

'အား....'

ခြေကို ခလုတ်မတိုက်။

ခြေသန်းကလေးပေါ်သို့ ဖနောင့်နှင့်ဖြိဘ်၍ နင်းထည့်လိုက်သည်။

ထိလပ် ခြေကိုမရှင်း ကျန်ရစ်သည်။

ထိလပ်ကို အကျော်....

ကြာဖူး၏ ကြာဖူးသဏ္ဍာန် လက်သီးချွန်တစ်လုံးက ဝှီးခနဲ ထွက်လာသည်။

အသာကလေး ငုံ့ပေးလိုက်ပြီး ညာခြေကို ဘေးတိုက် သွင်းလိုက်သည်။ စပရင်ကလေးလို ဘယ်ခြေညွတ်၍ ညာခြေ စောင်း ထွက်သွားသည်။

'အီး....'

ကြာဖူး၏ ညည်းညူသံကြားလိုက်ရသည်။ ဒူးထောက်ကျ သွားသည်။

သို့ပေမယ့် သူ့လှည့်မကြည့်။

မေန်းလေး မျက်လုံးတွေက ဦးစောဒီကို အကြည့်မပျက်။

တိုးကြီးနှင့် ခွေးရှည်တို့မှာ မေန်းလေးနှင့် လုံးသာချိုင် တွင် တစ်ခါ၊ ဒီအခန်းထဲတွင် တစ်ပွဲ ဟိုက်ခံ ဖူးကြသည်မို့ မစရဲ။

အောင်ကျော်စိန်နှင့် ဆင်နူသည် မေန်းလေးကို အံ့သြတွေ ဝေစွာ ကြည့်နေကြသည်။

ဆင်နူသည် ဆင်ဇော်ကြက်တစ်ကောင်လို သန်မာသည်။ ကျင် ထိုင် တော်သည်။

အောင်ကျော်စိန်က သိုင်းသမား။





'ခင်ဗျားတပည့်တွေဟာ အင်မတန် လက်ဆော့ ခြေဆော့ ငလှချည်လား ဦးစောဒီ၊ ဧည့်သည်တစ်ယောက်ကို ဒီလို ည့်ခံရမယ်လို့ ခင်ဗျားက အမိန့်ပေးထားသလား'

သူ့စကားက ပကတိ တည်ငြိမ်နေသည်။

စိုးနှုက် နည်းနည်းဖျားသွားသည်။

ဦးစောဒီကတော့ ကျေနပ်အားရစွာ ပြုံးလိုက်ပါသည်။

'မင်းရဲ့ သတ္တိနဲ့ စွမ်းရည်ကို သူတို့တစ်တွေက နည်းနည်း ါးပါး စမ်းကြည့်ချင်လို့ပါ မေန်းလေး၊ အေး....တို့လူတွေက ားလုံး သတ္တိခဲတွေချည်းပဲကွ၊ မင်းရဲ့အစွမ်းအစကို သူတို့ ိသွားကြတော့ လုပ်ဖော်ကိုင်ဖက်ချင်း ပို့ပြီး အဆင်ပြေ သွားတာပေါ့ကွာ'

ချိုသာသော ဦးစောဒီအသံက တစ်ခွန်းချင်း ထွက်လာ သည်။

ချိုရာမှ ချက်ချင်း မျက်နှာပြောင်းသွားသည်။

တည်သွားသည်။

မှုန်သွားသည်။

အသံနက်ကြီး ထွက်လာသည်။

'ထိလပ်နဲ့ ကြာဖူး'

'ဗျာ....ဆရာကြီး'

'မေန်းလေးကို လက်ဆွဲနှုတ်ဆက် တောင်းပန်လိုက်'

ဦးစောဒီက ခပ်ဆတ်ဆတ် အမိန့်ပေးလိုက်သည်။

ထိလပ်နှင့် ကြာဖူးသည် သူ့လက်ကို ညီအစ်ကိုအရင်းလို ၍ သွားဖြဲကြီးတွေနှင့် တောင်းပန်ကြသည်။

‘ကျွန်တော် ကျေနပ်ပါတယ်၊ ဒါပေမယ့် ငမန်းလေးဟာ
တူညီသော တုံ့ပြန်မှုကို ပြုလုပ်တတ်တယ်ဆိုတာ ခင်ဗျားတ
အားလုံး သိထားကြပါဗျာ’

သူ့အသံက ချိုသာသည်။

‘ကဲ....ဦးစောဒီ၊ ကျွန်တော် ခင်ဗျားဆီမှာ ဘာအလု
လုပ်ရမလဲ’

‘ပထမဆုံး မင်းလုပ်ရမယ့်အလုပ်က ငါ့ကို အားလုံးက
ခေါ်သလို ဆရာကြီးလို့ ခေါ်ဖို့ပဲ ငမန်းလေး’

ငမန်းလေး၏ မျက်လုံးထဲတွင် အဘဦးနန္ဒကို မြင်ယော
လာသည်။ ကြက်ခြေနီခေါင်းဆောင် ကိုတင်မောင်ငွေနှ
ဆရာ မောင်မောင်ဦး၏ စကားတွေကို ကြားယောင်လာ
သည်။ အားလုံး ငြိမ်၍ သူ့ကို ဝိုင်းကြည့်နေကြသည်။ သူ
အဖြေကို စောင့်နေကြသည်။ ငမန်းလေး သက်ပြင်းချလိုက်
သည်။

‘ကောင်းပါပြီ ဆရာကြီး’

ဦးစောဒီ ပြုံးသွားသည်။

‘အေး....ဒီလိုမှပေါ့ကွ၊ မင်းလုပ်ရမယ့် အလုပ်က မေ
တော်ဘုတ် မောင်းရမယ်၊ ရေငုပ်ပြီး မုတ်ကောင် ရှာပေး
မယ်၊ လခကို ထမင်းကျွေး အရက်တိုက်အပါအဝင် သုံး
ပေးမယ်၊ အဝတ်အစားပေးမယ်၊ ကျေနပ်သလား’

‘များတောင် များနေပါသေးတယ်’

‘နောက်ပြီးတော့ အလုပ်တစ်ခုပြီးတိုင်း မင်းရဲ့ လုပ်ရ
ကိုင်ရည်ကိုကြည့်ပြီး ဘောနပ်စ်သဘောမျိုး ပေးဦးမယ်’





‘ဟုတ်ကဲ့ ဆရာကြီး၊ ဒါနဲ့ ကျွန်တော် ဘယ်သူ့စကား
ဘယ်သူ့အမိန့်ကို နားထောင်ရမလဲ’

ဦးစောဒီနှင့် စိုးနက် တစ်ယောက်နှင့်တစ်ယောက် ကြည့်
မိကြသည်။ သည်ကောင်လေးတော့ သိပ်မလွယ်။

‘ငါနဲ့ စိုးနက်’

ဦးစောဒီက ပြောလိုက်သည်။

‘ကောင်းပါပြီဆရာကြီး၊ ကျွန်တော့်ကို မနက်ဖြန်တစ်ရက်
ကျွန်တော့်ကိစ္စကလေးတွေ ဆောင်ရွက်ဖို့ ခွင့်ပေးပါ၊ သန်
ဘက်ခါကစပြီး ကျွန်တော် ဆရာကြီးရဲ့အလုပ်ကို စဝင်ပါ့
မယ်’

‘ကောင်းပါပြီ၊ မင်းသွားနိုင်ပြီ၊ ဦးနန္ဒ နေခဲ့’

‘ဟုတ်ကဲ့ ဆရာကြီး’

လာတုန်းကလည်း ခပ်တည်တည်၊ တစ်လှမ်းချင်း။

ပြန်ထွက်သွားတော့လည်း ခပ်တည်တည်၊ တစ်လှမ်းချင်း။

ပြန်အထွက်တွင် ခြောက်ယောက်စလုံး နောက်ကို ခပ်ဝေး
ဝေးဆုတ်၍ လမ်းပေးကြသည်။

ခြေမထိုးရဲ။

လက်သီးနှင့် မထိုးရဲ။

ရှဲသွားကြသည်။

ငမန်းလေးသည် တံခါးကိုတွန်းဖွင့်၍ အပြင်သို့ထွက်လိုက်
သည်။

တံခါးဘေးတွင် ကပ်၍ နားထောင်နေသော ခင်စန္ဒီကို
တွေ့ရသည်။

သူ ပြုံးပြလိုက်သည်။

အပြုံးတစ်ခုကို တစ်ရာပေးရတာ မှတ်လို့။

အလကားရသည့် အပြုံးနှင့် ပြုံး၍ နှုတ်ဆက်လိုက်
ကြောင်လိမ်လှေကားကြီးမှ အောက်ထပ်သို့ ဆင်းခဲ့သ

ခြေသံ ကြားရသည်။

ခင်စန္ဒီ လိုက်ချလာသည်။

'ဒေါ်တင်မျိုးဆွေ ရှိသလား'

သူက စ၍မေးလိုက်သည်။

'ဟင့်အင်း....အန်တီဆွေ ဒီနေ့မနက် မော်လမြိုင်ကို ပြ
သွားပြီ၊ ဒီမှာ စာရေးခဲ့တယ်'

စာရွက်ခေါက်ကလေးကို သူ့ကို ကမ်းပေးသည်။

သူ ယူ၍ဖတ်ကြည့်သည်။

**ဦးစောဒီ....**

ကျွန်မ မော်လမြိုင်ကိုပြန်သွားပြီ၊ ကျွန်မကို ကူ
တည်းခိုခွင့် ပြုခဲ့တဲ့အတွက် ကျေးဇူး အထူးတင်
တယ် ရှင်။

ဒါပေမယ့် ကျွန်မဟာ သားတစ်ယောက် မိခင်ပ
ပျောက်နေတဲ့ ကျွန်မသားလေးကို လာရှာအောပ
ဒီဘဝမှာ ဘယ်တော့မှ အိမ်ထောင်မပြုတော့ဘူး
ဆုံးဖြတ်ထားတဲ့အတွက် ဦးစောဒီရဲ့ လက်ထပ်ခွ
တောင်းခံတာကို ငြင်းဆန်လိုက်ပါတယ် ရှင်။

ကျွန်မဟာ လင်ရှိမယားပါ ဦးစောဒီ၊ ပျော
နေတဲ့ ကျွန်မရဲ့သား ဖခင်နဲ့လဲအဆက် အသွယ်ရပြီ





ကျွန်မ အိမ်ကြီးမဟာက ထွက်ခွာသွားခြင်း ဖြစ်ပါ
တယ်။

နှုတ်မဆက်ခဲ့တာကို ခွင့်လွှတ်ပါ၊ ဦးစောဒီထံက
ခေတ္တယူထားသောငွေကို မကြာမီ ပို့လိုက်ပါမည်။

ခင်စန္ဒီကို နှုတ်ဆက်သွားတယ်လို့ ပြောပေးပါရှင်။

ကျေးဇူးတင်လျက်....

တင်မျိုးဆွေ

မျိုးခက်ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။

ဩော်....မေမေ....မေမေ။

သူ့ကို သံယောဇဉ် ကြီးရှာပေသားပဲ။

ချစ်ရှာပေသားပဲ။

ပျောက်နေသော သူ့အဖေကိုလည်း တွေ့ပြီတဲ့။

သူ့အဖေ ဘယ်သူလဲ။

မေမေ့နောက်ကိုအတင်းလိုက်မေးပြီး သူနှင့်သူ့ မိခင်အား
သာကအလယ်တွင် မျက်နှာငယ်ဘဝသို့ရောက်အောင် လုပ်
ကဲ့သည့် သူ့ ဖေဖေကို စိစိညက်ညက်ခြေပစ်ချင်သည်။

စာကလေး ပြန်ပေးလိုက်သည်။

သူ့ မျက်နှာက နာကြည်းဆွဲမြည့်နေသည်။

'ကို ပြန်ဦးမယ် ဒီဒီ'

သူသည် ပြောပြောဆိုဆို လှေကားအလယ်မှ လှစ်ခနဲ ပြေးဆင်းသွားသည်။

ခင်စန္ဒီ သူ့နောက်ကို အပြေးကလေး လိုက်သွားမိသည်။ ခြံပြင်ရှိ အုန်းပင်တွေ ကြားထဲတွင် သူ့ကို မြင်လိုက်သည်။

ခင်စန္ဒီ ခေါ်၏။ သူ လှည့်မကြည့်။

'ကိုမျိုးခက်....ကိုမျိုးခက်'

*



အခန်း (၆)

'မောင်မျိုးခက်၊ မောင်မျိုးခက်'

အခန်းထဲမှ ထွက်ကြည့်လိုက်သည်။

သူ့ကို ခေါ်နေကြသူတွေက ချစ်ချစ်၏ မေမေနှင့်ဖေဖေ ဖြစ်ပါသည်။

'ဟာ....ဦးလေးတို့ပါလား၊ လာကြ၊ လာကြ၊ အိမ်ပေါ်ကို ကြွပါ'

သူက ဖိတ်ခေါ်လိုက်သည်။

ချစ်ချစ် မပါလို့ တော်ပါသေးသည်။

'အိမ်ကလေးက လှသွားပဲကွယ့်'

'ဟုတ်ကဲ့၊ကျွန်တော့်ဘာသာ Designed ပုံဆွဲပြီး ဆောက်ထားတာ'

'နေတော့ တစ်ယောက်တည်းလား'

'အဘဦးနန္ဒနဲ့အတူ နေပါတယ်၊ အဘတော့ ဂိုတ်တောကို ခဏသွားတယ်'

ကပ္ပတိန်ဘခက်နှင့် နုနုချွတ်တို့ မျိုးခက်၏ဧည့်ခန်းထဲတွင် ဝင်ထိုင်မိကြသည်။

'အန်တီလဲ နေကောင်းသွားပါပြီကွယ်၊ မောင်မျိုးခက်ကို ကျေးဇူးတင်စကားလေး ပြောချင်လို့ သမီးဆီကအပြန် ဝင်လာခဲ့တာ၊ မောင်မျိုးခက်ဟာ သမီးရဲ့အသက်သခင် ကျေးဇူးရှင် ဖြစ်သလို အန်တီမေ့လဲသွားတုန်းက ပြုစုခဲ့တဲ့အတွက် ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူးကွယ်'

'ဟုတ်ပါတယ် ငါ့တူ၊ ဦးလေးအနေနဲ့ မောင်မျိုးခက်ရဲ့ စိတ်ထားနဲ့ သတ္တိကို ချီးကျူးမိပါတယ်'

'ကိစ္စမရှိပါဘူး ဦးလေး၊ ကျွန်တော်ဟာ ကြက်ခြေနီ ရဲဘော်တစ်ယောက်ပါ၊ ဘယ်သူ ဒုက္ခရောက်ရောက် ကူညီရ မယ့် ဝတ္တရားဟာ ကြက်ခြေနီတိုင်းမှာ ရှိပါတယ်'

'အေးကွာ၊ ဝမ်းသာလိုက်တာ၊ ဒါနဲ့ မောင်မျိုးခက်ရဲ့ မိဘတွေကကော ဒီမြို့ပြင်ရွာကပဲလား'

မျက်နှာပျက်သွားမိသည်။

မျိုးခက် ဘာဖြေရမည်မသိ။

ညာလည်း မညာချင်။

မမှန်တာကို မပြောချင်။ မဟုတ်တာကို မလုပ်တတ်။ သူ့ အကျင့်ကြောင့် ပြောရမှာ ခက်သွားပါသည်။

'ကျွန်တော်က မော်လမြိုင်ဇာတိပါ၊ ကျွန်တော့်အဖေက ကျွန်တော်ငယ်ငယ်လေးတည်းက တိုက်ပွဲမှာကျသွားတယ်လို့ အမေက ပြောတာပဲ၊ အဲ.... ကျွန်တော့်အမေက ကျောင်း ဆရာမတစ်ယောက်ပါ၊ ကျွန်တော် ဒီကိုရောက်လာတာ ငါး နှစ်လောက် ရှိပါပြီ ဦးလေး'

သူ့စကားက သနားစရာ။





ထပ်မတွေ့သားဖြစ်ခဲ့သော ကပ္ပတိန်ဘခက်သည် တိုင်း ပြည်အတွက် အသက်ကို စွန့်လှူသွားသော ဖခင်မဲ့ သား ကလေးကို တွေ့ရသဖြင့် ရင်နင့်မိသည်။

အဖေမရှိတဲ့သားတဲ့။

'ကြားရတာ စိတ်မကောင်းလိုက်တာကွာ၊ ဒါနဲ့ ကျောင်း ပညာကို သင်ဖူးပုံရတယ်'

'ဟုတ်ပါတယ်၊ ကျွန်တော် အထက်တန်း အောင်ခဲ့ပါ တယ်၊ အလွတ်ဖြေပြီး အောင်လာတာပါ၊ အမေက ဆင်းရဲ တော့ တက္ကသိုလ်ကို မသွားနိုင်ခဲ့ပါဘူး ဦးလေး'

'ကော်ရက်စပွန်းဒင့် ယူပါလား၊ ဦးလေးတို့က မောင်မျိုး ခက်အတွက် အားလုံး တာဝန်ယူပါတယ်၊ အို.... နောက်ဆုံး ကုန်ကုန်ပြောရရင် ဦးလေးရဲ့ သားတစ်ယောက်လို မင်းကို မွေးစားမယ်၊ ဘွဲ့ရတဲ့အထိ ပညာသင်ပေးမယ်'

'ဟုတ်တယ် မောင်မျိုးခက်၊ ဒီတာဝန်ကိုတော့ အန်တီ တို့ ယူပါရစေ'

နူးနူးညွတ်ညွတ်ကပါ စိတ်ရောကိုယ်ပါ ပြောပါသည်။

မဖြစ်။

မဖြစ်နိုင်။

သူ မည်သူ့ကိုမှ အားမကိုးချင်။

သူ့ကိုယ်သူမှတစ်ပါး မည်သူ့ကိုမှ အားမကိုး။

သူ့ဘဝဆိုးကို သူသာလျှင် ကောင်းအောင် ဖန်တီးနိုင်ရ မည်ဟု အခိုင်အမာ ဆုံးဖြတ်ချက်ချထားပြီးသား ဖြစ်သည်။

သူ ယောကျ်ား။

ယောက်ျားဆိုတာ ဘယ်သူ့ကိုမှ အားမကိုးရ။

အဲဒါ သူ့ရဲ့ မူဝါဒ။

'ကြားရတာ ဝမ်းသာလိုက်တာဗျာ၊ ဒါပေမယ့် ကျွန်တော့်မှာ ခံယူချက်တစ်ခုရှိပါတယ်၊ အဲဒါကတော့ ကိုယ့်ကိုယ်ကိုက လွဲရင် ဘယ်သူ့ကိုမှ အားမကိုးဘူးဆိုတဲ့ ကျွန်တော့်ရဲ့သန္နိဋ္ဌာန်ပါပဲ၊ ဦးလေးတို့ရဲ့စေတနာကို စော်ကားတာတော့ မဟုတ်ပါဘူးဗျာ'

ကပ္ပတိန်ဘခက်သည် မျိုးခက်၏ စိတ်ထားကို ပို၍လေးစားသွားမိသည်။

သူသည် အရွယ်နှင့် မလိုက်အောင် စိတ်ရောခန္ဓာကိုယ်ပါ ကျန်းမာသည်။ စိတ်ရောကိုယ်ရော ယောက်ျားပီသသည်။ သည်လိုသားမျိုးတစ်ယောက် လိုချင်လိုက်ပါဘိ။

'တောင်းတယ်၊ ကောင်းတယ်၊ အဲဒါမှ ယောက်ျားကွ၊ ဦးလေးတော့ မင်းကို သိပ်လေးစားသွားပြီ မောင်မျိုးခက်ရေ့၊ ဦးလေးတို့မရှိတဲ့အခါလဲ ချစ်ချစ်ကို စောင့်ရှောက်ပါကွာ၊ ဒါနဲ့ စပ်စုတာတော့ မဟုတ်ဘူးနော်၊ မောင်မျိုးခက်အဖေက ဘယ်တပ်ကလဲ၊ နာမည်ကော ဘယ်သူလဲ'

အဖေ။

အဖေမရှိတဲ့သူ့ကို အဖေနာမည် မေးနေပြီ။

မျိုးခက်ရင်ထဲတွင် နာကျင်သွားသည်။

သည်လို အမေးခံရလေတိုင်း သူ့မိခင်ကို စိတ်နာသည်ထက် နာမိသည်။

'ကျွန်...ကျွန်တော် မဖြေပါရစေနဲ့ဗျာ'





သူ့အသံက တုန်ယင်နေပါသည်။

သည် သူ့အသံထဲတွင် ခံစားမှုကလေးတွေ ပါလာသည်။

'အေး....အေး၊ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ဦးလေးက ီလို့ မေးမိတာပါ၊ ငါတို့က ဖခင်အတွက် အတော်ခံစား ယ်နဲ့ တူတယ်'

'တုတ်ပါတယ်၊ ကျွန်တော်ဟာ မိခင်နဲ့ဖခင်အတွက် ဘဝ ်ခုလုံး ပျက်စီးခဲ့ရသူပါဦးလေး၊ အမှန်အတိုင်းပြောရရင် ်တော့်ဖခင်ရဲ့အမည်ကိုတောင် ကျွန်တော် မသိခဲ့ပါဘူး၊ မေ့ကို မေးကြည့်တော့ ကျွန်တော် လူမှန်း မသိခင်ကတည်း တိုက်ပွဲမှာ ကျသွားပြီလို့ ပြောတာပဲ၊ အဲဒီကတည်းက ်တော်ဟာ တစ်ကောင်ကြွက်ဘဝကို ရောက်ခဲ့တာပါ၊ မှန်ပြောရရင် ကျွန်တော့်အမေဟာ အဖေမပေါ်တဲ့ ကျွန် ာ့်ကို မွေးခဲ့တာ၊ ကျွန်တော်ဟာ အဖေမပေါ်တဲ့ မွေးတဲ့ား'

မျိုးခက် ရင်ပွင့်သွားသည်။

သူ့စကားထဲတွင် ဝမ်းနည်းမှု၊ ခံပြင်းနာကြည်းမှုတွေ ပါ ်လာသည်။

ကပ္ပတိန် ဘခက် စိတ်မကောင်း ဖြစ်မိသလို နူနူညွတ်က ည်း သူ့ဘဝကလေးကို သနားမိသည်။

'မေးမိတာစိတ်မကောင်းပါဘူးကွာ၊ဘာပဲဖြစ်ဖြစ် မောင် းခက်ကို ဦးလေးတို့ အထင်မသေးပါဘူး၊ ကိုယ့်ဘဝကိုယ် ်းကန်လှုပ်ရှားပြီး ယောက်ျားပီပီသသနေတာကိုလေးစား

ဂုဏ်ယူပါတယ်၊ကဲ....ငါ့တူ၊ ဦးလေးတို့ပြန်မယ်ကွာ၊ဦးဒေ
တို့ တည်းခိုကဲ့ ဘန်ဂလိုကို လာလည်ပါဦး’
‘ဟုတ်ကဲ့ ခင်ဗျ၊ အချိန်ရတာနဲ့ ကျွန်တော် လာခဲ့ပါမယ်
‘သွားမယ်ကွယ်’
‘ဟုတ်ကဲ့ အန်တီ’
သူတို့ဇနီးမောင်နှံနှစ်ယောက် ထွက်သွားကြသည်။ သူ
၏ ကျောပြင်ကိုကြည့်ရင်း မျိုးခက်ရင်ထဲတွင် ဝေဒနာတစ်
ဖြစ်မိသည်။
သည့်ဇနီးမောင်နှံ နှစ်ယောက်သာ သူ့အဖေနှင့် အမေ
ဖြစ်လိုက်ရင် သူ့ဘဝလေးဟာ ဘယ်လောက် ကောင်းလို
မလဲ။
သူ့ဘဝကလေး ဘယ်လောက်သာယာချမ်းမြေ့လိုက်မလဲ
အခုတော့....မျိုးခက် ဆက်မတွေးချင်တော့။
အဘ ဦးနန္ဒ အလုပ်မပြုတ်အောင်....
သို့တည်းမဟုတ်....
ဆရာ မောင်မောင်ဦးနှင့် ဆရာ တင်မောင်ငွေ စေခိုင်
သော တာဝန်ကို ပိုမို လျင်မြန်စွာဆောင်ရွက်နိုင်ရန် အတွက်
အိမ်ကြီးမဟာမှ သူဌေးကြီး ဦးစောဒီထံ အလုပ်ဝင်ရန် ကတိ
ပေးလိုက်ပြီ။
သတိတော့ ထားရမည်။
ဦးစောဒီသည် အကြောင်းတစ်ခု ရှိလို့သာ သူ့ထံတွင်
အတင်းအကျပ် အလုပ်လုပ်ရန် ခေါ်ယူခြင်း ဖြစ်နိုင်ကြောင်း
မျိုးခက် စဉ်းစားမိပြီး ဖြစ်သည်။



ဘာ အကြောင်းလဲ။
ထိုအကြောင်းမှာ ကြက်ခြေနီခေါင်းဆောင် ကိုတင်မောင်
ငွေနှင့် မောင်မောင်ဦးတို့ သိလိုသောအကြောင်းတစ်ခု ဖြစ်
ချင် ဖြစ်ပေလိမ့်မည်။
ခင်စန္ဒီကလည်း အိမ်ကြီးမဟာတွင် ရှိနေသည်။
ဘဝဆိုသည်မှာ ရုန်းကန်ခက်ခဲမှုတွေ ပြည့်နှက်နေသော
နေရာကလေး ဖြစ်သည်။
ထိုနေရာ ထိုနေရာကလေးကို သူ ရခဲ့သည်။
လူတွေအားလုံး ရခဲ့ကြသည့် လူ့ဘဝနေရာကလေးမှာ....
ချမ်းသာတဲ့ သူကလည်း ချမ်းသာသည့် ဒုက္ခ။
ဆင်းရဲတဲ့သူကလည်း ဆင်းရဲရတဲ့ ဒုက္ခ။
ဒုက္ခနှင့် ဘဝသည် လင်နှင့် မယားလို တကျက်ကျက်။
တည့်တဲ့ အခါ တည့်။
မတည့်တဲ့အခါ မတည့်။
အမှန်တော့ သုခ အစစ်အမှန်ဆိုသည်မှာ ဘဝမရှိမှ အတိ
အကျ ရှိသည်။
ဘဝမရှိတဲ့နေရာကို နိဗ္ဗာန်ဟု ခေါ်လျှင် ရနိုင်ကောင်း
မလားတော့ မျိုးခက် မသိ။
ဘဝရှိ၍ ဒုက္ခရှိနေခြင်းကိုတော့ မျိုးခက် သိပါသည်။
သူမသိသေးသည်က သူ့ဘဝ။
မနက်ဖြန် ဦးစောဒီထံတွင် အလုပ်ဝင်ရမည်။ အလုပ်က
မော်တော်ဘုတ် မောင်းရမည်၊ ရေငုပ်ရမည်၊ မုတ်ကောင်
ရှာရမည်တဲ့။

သည်အလုပ်ကို လက်ခံလိုက်ပြီ။

ခင်ခန့်....

ချစ်ချစ်....

ချစ်ရာမလေး နှစ်ယောက်ထဲမှ ချစ်ချစ်ကို အသည်းနာနာ ရင်နင့်နင့်ဖြင့် ခေါ်ထားရတော့မည်။

ချစ်ချစ်ရယ်....

ကိုမျိုးကို ခွင့်လွှတ်ပါကွယ်။

ကိုမျိုးဟာ သစ္စာမရှိတဲ့ယောက်ျား ဖြစ်သွားပါပြီ။

ချစ်ချစ်ရဲ့ သန့်စင်မွန်မြတ်တဲ့ မေတ္တာဟာ ကိုမျိုးနဲ့ မထိုက်တန်တော့ပါဘူး ချစ်ချစ်ရယ်။

မငိုပါနဲ့ကွယ်....

မျက်ရည်တွေများ မကျလိုက်ပါနဲ့။

ချစ်ချစ် မျက်ရည်တစ်စက်ကျရင် ကိုမျိုး အသည်းထဲမှာ ရေမီးတစ်စက်ကျသလို ပူလောင်ပါတယ်။

ချစ်ချစ် ငိုနေမှာပါ။

ချစ်ချစ် သူ့ကို သိပ်ချစ်သည်။

ဒါကို ကိုမျိုး သိပါသည်။

ကိုမျိုးလည်း ချစ်ချစ်ကို မမုန်း။

အခုတော့ အတင်းမုန်းရတော့မည်။

ရေလှိုင်းတွေ....

ကျောက်ဆောင်လေးတွေ....

ပင်လယ်ကမ်းစပ် သဲပြင်ကလေးတွေရယ်....

မင်းတို့တစ်တွေ သက်သေရှိတယ် နော်။



အချစ်ခုံရုံးပေါ်မှာ....

အမုန်းနဲ့ တရားစွဲခံရရင်....

မင်းတို့ကလေးတွေက....

ငါ့ဘက်က သက်သေ လိုက်ပေးကြပါကွာ။

ငါဟာ မေတ္တာကို တန်ဖိုးထားပါတယ်။

သစ္စာမရှိမိတဲ့အတွက် အသက်သေစေလို့ အချစ်ခုံရုံးက မိန့်ချရင်လဲ ဘဝဆက်တိုင်း ဆက်တိုင်း ချစ်ချစ် ကလေးပေါ်မှာ သစ္စာရှိသော လူသားသာ ဖြစ်ရပါစေလို့ ဆုတောင်းပြီးမှ အမုန်းကြိုးစင်ကို တက်မယ်။

ငါ့လည်ပင်းကို အမုန်းကြိုးနဲ့တုပ်၊

ချစ်ချစ် ကိုယ်တိုင် နှလုံးသားခလုတ်ကို ဖြုတ်၊

ငါ သေဝံ့တယ်။

ခိုက်တယ် ချစ်ချစ်။

ကိုမျိုးခက် သိပ်မိုက်တယ်။

ဆက်မိုက်ပါရစေတော့။

မျိုးခက်သည် တဲအတွင်းမှ ထွက်ခဲ့သည်။ ပင်လယ်ကမ်းခြေပြင်တစ်လျှောက် ဆင်းခဲ့သည်။

သဲတွေက ပျော့ရာမှ မာလာသည်။

ရေလှိုင်းကလေးများ ရှပ်တိုက်ပြေးဘက်လာသည်။

လှိုင်းနှင့်အတူ ပြန်လည် လျှောဆင်းသွားသည်။

သဲပြင်သည် တင်းနေ၏။

နေရောင်စွန်း၍ ဝင်းနေ၏။

ချစ်ချစ်နှင့် ချစ်တင်းဆိုခဲ့သော ကျောက်ဆောင်ကဝ
ပေါ်တွင် သူ ထိုင်မိသည်။

ဟိုး....အဝေးသို့ ငေးနေသည်။

သူ့မျက်နှာကလေးက ဆွေးနေသည်။

ဒါကို ချစ်ချစ် အသေအချာ မြင်ရပါသည်။

ချစ်ချစ်ကို သူ မမြင်။

မမြင်အောင်လည်း ကျောက်ဆောင်ကြားထဲတွင် ချစ်
ပုန်းနေမိသည်။

နှလုံးသားကလေးတွေ မီးကင်ခံရပြီ။

အသည်းပူသည်။

ကြာလျှင် ချစ်ချစ်အသည်းကလေး ကျွမ်းသွားတော့မ

ကိုမျိုးရယ်....

ရက်စက်လှချည်လား ဟယ်။

ချစ်ချစ်ကို ချစ်တယ်....ချစ်တယ်နဲ့....

အခုတော့....

ချစ်ချစ် ပါးပေါ်မှာ မျက်ရည် ချောင်းကလေးတွေ
နေပြီ ရှင့်။

ဒါကို ကိုမျိုး သိမှာ မဟုတ်ပါဘူး။

နေကလေးကတော့ ဝင်ခါနီးမှာ နီဝါရောင်တွေ
နေတယ်။

ရေဝါကျချိန်။

နေဝင်ချိန်။



ရေလှောလျှော၍မှန်သားခင်းထားသလို ပြောင ရေမျှော
သို့ သဲပြင်တွင် ရွှေဝါရောင်တွေ ဝင်းလက်နေသည်။ ဂျင်း
ချစ်ချစ် ပါးပေါ်မှာလည်း ရွှေဝါရောင်တွေ ဝင်းလက
သည်။

ညနေ...,

ချစ်ချစ် ငိုနေ၏။

ကိုမျိုး မသိ။

*

## အခန်း (၇)

'ဟိုင်း'

အမြန်စီးမော်တော်ဘုတ် Speed Boat ကလေး
သည် ကျွန်းနံ့သာဆီသို့ ဦးတည်၍ တစ်ဟုန်ထိုး ပြေး
နေသည်။

ဂျွန်ဆင်အင်ဂျင် John son Engine တပ်ဆင်ထား
မို့ စက်အားကောင်းသည်။

ရေလွှာပြင်ပေါ်တွင် ဦးကလေးမော့၍ လှိုင်းလုံး
တွေပေါ်တွင် လျှောခနဲ လျှောခနဲ ပြေးလွှားနေသ
အင်မတန် ကြည့်၍ကောင်းသည်။

စပီဘုတ်ကလေး အမည်က ဟိုင်း။

ဟိုင်း ဆိုသည့် ငါးမန်းတစ်ကောင်၏အမည်ကို ပေး
ခြင်း ဖြစ်လေသည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးမန်း အမျိုးမျိုးရှိသည်။
ငါးအမျိုးမျိုးရှိသည်။





ကမာ၊ ခရု၊ ကုန်း၊ ယောက်သွား၊ ရေခူ၊ ရေမျှော၊ အော်တိုပတ်စ်၊ ရေမျောက်၊ ရေဝက်၊ ဂျေး၊ ဂျိတ်၊ ဂျင်း၊ ဘောင်း။

အစရှိသော စားကောင်းသည့် ရေသတ္တဝါတွေဖြင့် အပြည့်အနှင့်ရှိသည်။

ပုလဲ၊ ရေနံ၊ ခေတ်သတ္တုများ ပေါကြွယ်ဝသည်။

သည် မြန်မာ့ပင်လယ်ပြင်ကို နိုင်ငံအားလုံးက စိတ်ဝင်စားကြသည်မှာတော့ သိပ်မဆန်းလှ။

အိမ်နီးချင်းနိုင်ငံအချို့က ငါးခိုးဖမ်းကြသည်။

ရေသတ္တဝါတွေကို လစ်တာနှင့် ခိုးတော့သည်။

ကမာ တစ်ကောင်လျှင် တစ်ဒေါ်လာပေးစားကြရသော သူတို့နိုင်ငံတွင် မြန်မာ့ပင်လယ်ပြင်မှ စားကမာ Edible Oyster သဘောတစ်စင်း အပြည့်ခိုးသွားလျှင် သူတို့ ဘယ်လောက် မြတ်မည်နည်း။

တိုင်းပြည်က ဘယ်လောက်ဆုံးရှုံးမည်နည်း။

သူတို့တစ်တွေ၏ ပင်လယ်ကမ်းခြေတွင် ငါးအုပ်များ ပြုန်းတီးနေပြီ။

ငါးများစားသော ငါးစာဖြစ်သည့် မျှောလေး၊ ရေညှိ၊ ရေမှော်များမှာ မြန်မာ့ပင်လယ်ပြင်တွင် ပေါကြွယ်ဝသည်။

ငါးခိုး သင်္ဘောတွေကို တပ်မတော် ရေတပ်မှ အလစ် ပေး။

နိုင်ငံ့ပိုင် ရေပိုင်နက်ကို ဝင်လာသည်နှင့် စွန့်စွန့်စားစား ဖမ်းဆီးသည်။ မိလိုက်လျှင် ငါးအပြည့်နှင့်ချည်း။

သို့ပေမယ့်....

မြန်မာ့ပင်လယ်က ကျယ်သည်။

သည် ကျယ်ဝန်းသော ကမ်းရိုးတန်းတစ်လျှောက်ကို လုံ
အောင် ပိတ်ဆို့ဖို့ဆိုတာ လက်တွေ့မှာ မလွယ်လှပါ။

အဲသည်တော့ ငါးခိုးတော့သည်။

မိလျှင် အိမ်နီးချင်းကောင်း ပီသစွာ တရားဥပဒေအရ
အရေးယူသည်။

သည်....မြေမှာနေ၊

သည်....ရေကိုသောက်၊

သည်....မြေမှာကြီး၊

သည်....တိုင်းပြည်ကဆန်ကိုစားပြီး....

သည်....အမိနိုင်ငံ၏ ကျေးဇူးသစ္စာကို မထောက်မညှာဘဲ
မြန်မာ့ပင်လယ်ပြင်ထဲမှ သက်ရှိသက်မဲ့ရတနာတွေကို ပြည်ပ
သို့ ခိုးထုတ်ရောင်းဝယ်နေကြသည့် ဝိသမ လောဘသားတွေ
ကလည်း အနမတဂ္ဂ၊ ပေါများလှသည်။

ပီနံ၊ မလေးရှား၊ ထိုင်းအထိ စက်လှေနှင့် သွားကြသည်
မှောင်ခို လုပ်ကြသည်။ စီးပွားရေးစီမံကိန်းတွေကို ထိခိုက်
အောင် လုပ်ကြသည်။

စပိဘုတ်၏ စတီယာရင်ပေါ်တွင် လက်ကိုင်ရင်း မျိုးခ
သည် စဉ်းစားနေမိသည်။

ဦးစောဒီသည် ဘယ်လိုလူစားမျိုးလဲ။

သူ ဘာတွေလုပ်ပြီး ဒါလောက်ချမ်းသာနေရသလဲ။





သူ့နောက်တွင် ထိလပ်နှင့် အောင်ကျော်စိန်တို့ ပါလာ
သည်။

အောင်ကျော်စိန်က သူ့ကို စပိဘုတ်စက်နှိုးနည်း၊ မောင်း
ည်း၊ ကွေ့နည်းတွေ သင်ပေးသည်။ ကျွန်းနံ့သာကို လက်
ဲ့ အမောင်းခိုင်းသည်။

သူကလည်း သင်ပေးသည့်အတိုင်း ချက်ချင်းတတ်သည်။

'ဟောကောင် ငမန်းလေး.... ညာဘက်က ပတ်မောင်း၊
ီတည့်တည့်မှာ ရေအောက် ကျောက်ဆောင်တွေရှိတယ်'

အောင်ကျော်စိန်က အော်သည်။

ငမန်းလေး ပြန်အော်သည်။

'ညာဘက်က ပတ်မောင်းရင် အဝေးကြီး၊ ခင်ဗျားတို့
းချင်တာကျွန်းနံ့သာမဟုတ်လား၊ ရောက်ရင်ပြီးရောပေါ့'

'ကျွန်းမရောက်ဘဲပင်လယ်သချိုင်းထဲ ရောက်သွားဦးမယ်'

'အဲဒီတော့ယဲ ဇိမ်ပဲပေါ့ဗျာ'

အောင်ကျော်စိန် အသံတိတ်သွားသည်။

ထိလပ်ကတော့ ရေ အောက် ကျောက် ဆောင် များ ကို
ည်းယားစဖွယ် ကွေ့ပတ်မောင်းနှင်နေသော ငမန်း
းကို အံ့သြစွာ ကြည့်နေမိသည်။

ရေအရောင် စိမ်းပြာနု။

ရေအောက်တွင် ကျောက်ဆောင်ရှိလျှင် နက်ပြာရောင်။

ရေ အရောင်ကို ငမန်းလေး ခွဲခြားနိုင်သည်။

ပွတ်ကာ သီကာ။

ဝှေ့ကာ ဝိုက်ကာ။

စောင်းကာတိမ်းကာဖြင့် ကျွန်းနံ့သာ အနားသို့က
သည်။

ရေပေါ်တွင် ကျောက်ဆောင်ကျောက်တုံးတွေ ပေါ်
သည်။ မော်တော်သံကြား၍ ငုပ်ပြေးကြသော လိပ်ကြီးမ
မြင်ရပါသည်။

လိပ်ကမ္ဘာ။

လိပ်ဖောင်းယား။

လိပ်ပြန့်။

လိပ်ကြက်တူရွေး။

လိပ်ခွေး။

လိပ်ခေါင်းကြီး။

ရောမ လိပ်ကြီးများသည် ဖျူးသီး ဗျာသီးများကို စား
ရာမှ စပိဘုတ်အသံကြောင့် ရေအောက်သို့ငုပ်သွားကြသ
ကို အတိုင်းသား မြင်ရသည်။

အချို့လိပ်ကြီးတွေမှာ ပိဿာချိန် ၁၀၀-၂၀၀ မက
သည်။ လိပ်ကျောကုန်းပင်လျှင်လှည်းဘီးလောက်ရှိသည်။
အောက်သို့ ငုပ်သွားလျှင် လိပ်နောက်မှ နေရောင်လက
ပတ္တမြားတန်းကြီး ကျန်ခဲ့သည်။

ကျွန်းနံ့သာကို အချို့ကသည်း နတ်ကျွန်းဟု ခေါ်ကြ
သည်။

ကျွန်းက တစ်ကျွန်းတည်း ဖြစ်သော်လည်း နှစ်ပိုင်းကွဲ
သည်။





နဂါး တစ်ပိုင်။

နတ် တစ်ပိုင်။

ဟိုဘက်နှင့်သည်ဘက် လူမဆိုထားနှင့် သစ်ရွက်တောင်
မကူးရဟု ရှေးတုန်းက လူကြီးသူမ ငါးဒါအိုကြီးများ ပြောခဲ့
ဖူးကြသည်။

ကျွန်းနံ့သာကို လှေနှင့်ရွက်တိုက်လျှင် နံနက် လေးနာရီ
လုံးသာချိုင်မှထွက် ညနေလေးနာရီမှ ကျွန်းနံ့သာသို့ရောက်
သည်။

သည်အထိ ဝေးသည်။

လူမနေ။

သင်းခွေချပ်တွေ၊ မြွေကြီးတွေ၊ မြောက်တွေ၊ ရှဉ့်နီကြီး
တွေနှင့် တောသတ္တဝါအငယ်စားတွေ နေကြသည်။

အချို့က သစ်ရှိသည်ဟု ဆိုသည်။ ကျားသစ်ကသည်ကျွန်း
ကို ဘယ်လိုလာမည်နည်း။ မေန်းလေး မယုံ။

တော်ရုံတန်ရုံ ငါးများမှာ ကျွန်းနံ့သာကို မသွားရဲကြ။
မိုးလေသာ၍ လှိုင်းလေငြိမ်မှ ငါးရှာ၊ လိပ်ရှာ လာကြ
သည်။

'မင်း ဘုတ်ကိုစောင့်နေခဲ့၊ ငါတို့ ခဏဆင်းလိုက်ဦးမယ်'
တိလပ်က ပြောသည်။

'ကောင်းပြီလေ'

တိလပ်နှင့် အောင်ကျော်စိန်တို့ စပိဘုတ်ပေါ်မှ ဆင်း၍
ကျောက်ဆောင်ကြီးနှစ်ခုကြားသို့ ဝင်သွားကြသည်။

ငမန်းလေးသည် စပိဘုတ်ကလေးပေါ်မှ ဖတ်ခနဲ ခုန်ချလိုက်သည်။

ဘုတ်ကို ကျောက်စွယ်တစ်ခုနှင့်ကြိုးချည်သည်။

ချည်ပြီးသည်နှင့် ကျောက်တုံးကျောက်ခဲများကိုခုန်ကျော်နင်း၍ ထိလပ်တို့ ဝင်သွားသော ကျောက်ဆောင်ကြီးအပေါ်သို့ ကုတ်ကပ်၍ တက်သည်။

လက်မြဲသည်။

ရေညှိများစွဲနေသဖြင့် တော်ရုံတန်ရုံလူ မတက်နိုင်။

ကျလိုက်လျှင် မသာ။

အောက်မှာ ကျောက်စွယ်၊ ကျောက်သွား၊ ကျောက်ခါးသွားတွေ ပြည့်နှက်နေသည်။

အထက်သို့ ရောက်သွားသည်။

ခပ်ဝေးဝေးလျှိုကြားထဲတွင် ထိလပ်နှင့် အောင်ကျော်စိန်ကို မြင်ရသည်။

> ပင်လယ်ထဲမှာ.... အလောင်းကြီးနှစ်လောင်း မျောလို့လာ.... ဆာလွန်းလို့ ပါးစပ်ဟောင်းလောင်း....
> အရက်ကောင်းကောင်း တိုက်စမ်းပါ....

အောင်ကျော်စိန်က အသံနက်ကြီးဖြင့် အော်၍ သီချင်းဆိုသည်။

သူ့အသံကြီးဟိန်းနေ၍ ပဲ့တင်ထပ်သွားသည်။ကြက်သီးထဖို့ ကောင်းသည်။

ထိုအခိုက်....





သစ်ပင်ပေါ်မှ သူတို့နှစ်ယောက်အနီးသို့ ကျားသစ် တစ်ကောင် စုန်းခနဲ ခုန်ချလာသည်။

ကျားသစ်သည် ထိလပ်နှင့် အောင်ကျော်စိန်ကို မကိုက်။ စကားပြောနေသည်။

ကျားသစ်ရေကိုဝတ်ထားပြီး ကျားသစ်ခေါင်းကိုဆောင်းထားသော လူတစ်ယောက်မှန်း ငမန်းလေး သိလိုက်ပါပြီ။

ဘာတွေလဲ။

ဘာစကားတွေ ပြောနေကြတာလဲ။

သူသည် ကျောက်ဆောင်ပေါ်တွင် မှောက်၍ ရှေ့ကိုတိုးလိုက်သည်။ သစ်ခက်ကလေးတွေ လှုပ်သွားသည်။

'ဝေါင်း'

ကျားသစ်ကဟိန်းလိုက်ပြီး ထိလပ်နှင့် အောင်ကျော်စိန်ကို သူဝပ်နေသော ကျောက်ဆောင်ပေါ်သို့ လက်ညှိုးထိုးပြသည်။

ထိလပ်နှင့် အောင်ကျော်စိန်တို့သည် စပိဘုတ်ရှိရာ ကမ်းခြေသို့ အတင်းဒုန်းစိုင်း၍ ပြေးလာကြသည်။

ငမန်းလေးသည် စပိဘုတ်၏ ဦးပေါ်တွင်ထိုင်ရင်းလေချွန်နေသည်။

'ဟေ့ကောင်....ငမန်းလေး'

အောင်ကျော်စိန်အသံက ဟိန်းထွက်လာပါသည်။

'ဘာလဲ'

'မင်း တို့နောက် လိုက်ချောင်းသလား'

'ကြံကြီးစည်ရာဗျာ၊ ကျုပ်ဘာသာ အေးအေးဆေးဆေး ထိုင်နေတာပါ၊ ခင်ဗျားတို့နောက်ကိုလိုက်ချောင်းရင် သဲပြင်မှာ ကျုပ်ခြေရာတွေ ရှိမှာပေါ့'

အဲသည်တော့မှ သူတို့နှစ်ယောက် ခြေရာတွေကိုပြန်ကြည့်မိကြသည်။

ခြေရာက နှစ်စုံတည်း။

'မင်း ဟိုကျောက်ဆောင်ပေါ်ကို တက်သလား'

'ဒီမှာ ကိုထိလပ်၊ ခင်ဗျားကိုယ်တိုင် အဲဒီကျောက်ဆောင်ကိုတက်ကြည့်၊ ရေညှိတွေနဲ့ ဒါလောက်ချောပြီး မည်းနေတဲ့ ကျောက်ဆောင်ကို တက်လို့ရနိုင်ရင် ကျုပ်လည်ပင်းကို လာဖြတ်လှည့်၊ ပက်လက်လှန်ပေးမယ်၊ အဲ....လည်ပင်းပဲ ဖြတ်နော်'

သူက ရွဲ့ပစ်လိုက်သည်။

'ဟေ့ကောင်....တော်တော့'

'ကောင်းပြီလေ၊ ခင်ဗျားတို့လဲ ဆက်မပြောကြနဲ့၊ ကဲ... ဘုတ်ထွက်မယ်၊ ကျုပ်တာဝန်က စပိဘုတ်မောင်းဖို့၊ ပြန်မယ်၊ နေချင်လဲ နေခဲ့ကြ'

စက်ကို ဝူးခနဲ နှိုးသည်။

နောက်ဆုတ်၍ထွက်ရန် လီဗာဘင်လိုက်စဉ်....

ထိလပ်နှင့် အောင်ကျော်စိန် စပိဘုတ်ပေါ်သို့ ဒိုင်ဗင်ထိုး၍ တက်လိုက်ရသည်။

'ဝေါ...'

စက်ကုန်ဖွင့်၍ ကျွန်းနံ့သာမှ ခွာခဲ့သည်။





ဟိုနှစ်ကောင် စပိဘုတ်ထဲတွင် ကျွမ်းထိုးမှောက်ခုံ ပါသွားသည်။

သူတို့နှစ်ယောက်က မတ်တတ်ရပ်လျက်....

ငမန်းလေးက စပိဘုတ်ကို တအားစောင်း၍ ကွေ့ချလိုက်သည်နှင့် ရေထဲသို့မကျအောင် မနည်းကိုင်ထားရသည်။

ထလို့မရ။

ကိုင်ထားသည့်လက်ကို လွှတ်၍ မရ။

'ဝေါ....ဝေါ....ဝေါ'

ငမန်းလေးသည် စပိဘုတ်ကလေးကို ကျွန်းနံ့သာတစ်ဝိုက် ကျောက်ဆောင်၊ ကျောက်တုံး၊ ကျောက်စွန်းများကို ပတ်ကွေ့၍ ညှောက်မောင်းပစ်သည်။

စက်ကုန်ဖွင့်ထားပါသည်။

'ဟာ....'

'အမယ်လေး....ရှေ့မှာ ကျောက်ဆောင်'

'ဝေါ....'

ကျောက်ဆောင်ကြီးဘေးမှ လက်သန်းတစ်လုံးစာလောက်ကပ်၍ လွတ်သွားသည်။

ဟိုနှစ်ကောင် မျက်လုံးလေးလုံး လောက်စာလုံးတွေ ဖြစ်ကုန်ပြီ။

ဘယ်တုန်းကမှ မတခဲ့သည့် ဘုရားကို တနေကြပြီ။

'ဝေါ....ဝေါ....ဝေါ'

'ဘုရား....ဘုရား....ဘုရား'

စပိဘုတ် ကလေးသည် ရေနှင့်လွတ်၍ တစောင်း
မြောက်တက်သွားသည်။

'ကိုအောင်ကျော်စိန်'

'ဟေ....'

'ကျွန်တော် မော်တော်မောင်းတတ်ပြီလား'

ငမန်းလေးက အော်ပြောသည်။ စပိ မလျှော့သေး။

'အေး....တတ်....တတ်ပါပြီကွာ၊ စပိ လျှော့လိုက်ပါတော

'ကိုထိလပ်၊ မတ်တတ်ရပ်ကြည့်စမ်း'

'ဟော့....ရပ်လို့ မရဘူးကွ၊ ပြုတ်ကျလိမ့်မယ်၊ ငါတော
ပန်ပါတယ် ငမန်းလေး၊ စက်ရှိန်လျှော့ပြီး ဖြည်းဖြည်းမော
ပါတော့၊ မင်း....မင်း....မော်တော်မောင်း တော်ပါတယ်

ငမန်းလေး ပြုံးလိုက်ပြီး စက်ရှိန်လျှော့လိုက်သည်။

ဟိုနှစ်ကောင် ချွေးပြန်နေသည်။

'ရေ့....စီးကရက်'

ငမန်းလေးက ဂျင်းဘောင်းဘီ နောက်အိတ်မှ စီးကရ
ဘူးနှင့် မီးခြစ်ကို နောက်ပြန်နှိုက်၍ နောက်ပြန်ပစ်ပေးလို
သည်။

ထိလပ်နှင့် အောင်ကျော်စိန် ကမန်းကတန်း ဖမ်းရသည်

တစ်ယောက်က မီးခြစ်။

တစ်ယောက်က စီးကရက်ဘူးကို မိ၏။

မီးညှိပြီး သောက်ကြသည်။

သူတို့ ဖျားနေသည်။

ပြီးတော့....



သည် ငမန်းလေးဆိုသည့် သတ္တဝါပေါက်စ ငယ်ငယ်
ကလေးကို အလိုလို လန့်သွားမိကြသည်။

'ရေ့....စီးကရက်'

'ကျေးဇူးတစ်ရာပဲ ကိုထိလပ်'

ထိလပ်က စီးကရက်ကို မီးညှိ၍ ဘုတ်မောင်းနေသော
ငမန်းလေးအား လာပေးသည်။

စီးကရက် သောက်ပြီးသည်နှင့် စတီရီယို သီချင်းတစ်ပုဒ်
ကို ငမန်းလေးဆိုသည်။

သူကိုယ်တိုင် ရေး၍....

သူ့ တိုက်ထဲတွင် အသံဖမ်းပြီး....

သူ့ပါးစပ် စပီကာမှ အသံထွက်လာခြင်းပင်။

သီချင်းက ငါးဘွဲ့။

ခေတ်ပေါ် ငါးဘွဲ့တေး။

ရှေးတုန်းက ပညာရှိတွေက တခြားဟာတွေကို ဖွဲ့၍
စာဆိုသွားကြသည်။

မိန်းမချောလေးတွေ၏ အလှ။

ကြွကြွရွရွ ကိုယ်လုံး။

ခါး၊ ရင်၊ တင် ပဥ္စငါးပါး မကျန်ရစ်၊ ပတ်ပျိုးလည်းပါ
သည်။

နောက်ပြီးတော့....

ဘုန်းတော်ဘွဲ့။

ဘုရင်ကြီးတွေပုံ။

ဘုန်းတန်ခိုးတွေ ကြီးကျယ်ပုံ။

နန်းတော်ကြီး ကြီးပုံ၊ လှပုံ။
တောလား၊ တောင်လား၊ ရေလား၊ ချောင်းလား။
ရတု၊ ရကန်၊ အဲ၊ အန်၊ ချော်း။
ကြိုးတွေ။
ယိုးဒယားတွေ။
ငါးတွေ အကြောင်းကိုတော့ ပြည့်ပြည့်စုံစုံ ဖွဲ့သွားဖို့ ခေါက်သွားကြဟန် တူသည်။ မေ့သွားကြဟန် တူသည်။
သူ့ အသံက စိုင်းထီးဆိုင်လို ဖီလင်ပါ၍ စိုးပိုင်လိုနွဲ့ပြီး မဂျစ်လို စူးသည်။
ပင်လယ်ပြာပြာ တို့မြန်မာရဲ့ ရေပြင်လွှာ အလှတွေ
ပေါ်များလိုက်တာ....
အမရာကိန္နရီ မဒီသမ္ဘူလ တော်လေးဝအောင် လှတဲ့
ငါးမလေးတွေ ရေထဲမှာ ကျက်စားနေကြတာ....
ခြေဆင်းကလေးကို အသံနွဲ့ကလေး မျှဉ်းစလိုက်သည်။
ပြီးတော့ Key–C နှင့် ဂိုဂို Go–Go အလိုက်ကလေးက မြူးမြူးကြွကြွ သွက်သွက် ထွက်လာသည်။
ငအုန်းလုံး ဖျံအုံးမောင်....
မီးတောင်ရှေ့ ငါးကျားမ ငဇလုပ် ငယူဇနာ
ငဇကာ ငါးဇကော အရသာရှိလှတာ
(ငဇကော ငါးဇကာ ရလာရင် ဘုရင်ကို ဆက်ရသတဲ့....)
မေ့ပေါ့ ခေါက်ပေါ့....
မီဖုရား တွေကို ခေါက်.... ခေါက်.... ခေါက်ထား





လိုက်ပါ....
အရသာ အရသာ
ငသတစ်၊ ငါးကြောင်သွယ်၊ ငါးခူးလွယ်၊
ငါးညိုစိမ့် ညိုစိမ့်စိမ့်နဲ့ ချစ်စရာ....
သူသည် အသံကို မြှင့်လိုက်သည်။
ဘော့စ်၊ ရသမ်၊ လိဒ်၊ ဂျက်စ်တွေ မပါပေမယ့် နားထောင်ကောင်းလာသဖြင့် အောင်ကျော်စိန် လက်ခုပ်နှင့် ဘော့စ် လိုက်ပေးသည်။
သီလပ်က လေချွန်သည်။
လေးထောင့်ဆွဲ ကျွဲမီးတုန်း၊
ငညှိန် ငချွန်တူ....ဗျ၊
လှကညာမ ဗိုက်ဆာမလေးတွေ ကြိုက်တဲ့
ငတုတ်....
အဟုတ်ကောင်းတဲ့ ငကုန်းနဲ့
မုန့်ဟင်းခါးသည်တွေ သုံးကြတဲ့ ငါးခူးလွယ်၊
ငါး ကရင်း ခေါင်းချွန်း၊
ငါး တောက် တူ၊
ကျောက်ငပြေ ငယောင်ကျွဲ၊
ငခေါင်းကွဲနဲ့ ငမီးဝါ၊
ငဖျံ၊ ငဗျောက်ဗျက်၊ ငဗျက်လုံး၊
တစ်ကိုယ်လုံး ရဲရဲကင်
ဗိုက်ဆာရင်
အဝတုတ် အဟုတ်ကောင်းတဲ့ ပင်လယ်ငါး

ဝါး....
'ပေ့ကောင် မန်းလေး၊ ပြီးပြီလား၊ ထပ်ဆိုပါဦးကွ'
'ငါးမန်းတွေကျန်သေးတယ်ဗျ'
'ဆိုကွာ'
(မိန်းမတွေ လှတာလောက်တော့ ငါးမန်းမကလေး
က ချောပါတယ်....ကောပါတယ်) ၂။
သည်တစ်ခါတော့ ကိုအုံကြီး အသံကလေးနှင့် ဟဲလိုက်
သည်။
(ငါးမန်းဆိုရင် နော်ကွယ် ကိုယ်ထည်က ကြီးလိုက်
ပါဘိ ရင်သယ် ငါးမန်းရယ်နဲ့ စွယ်သယ်မနဲ့ အလှ
ထိပ်ခေါင်....)
ကျောက်ဆောင်တွေကြားမှာ ကျားငါးမန်းနဲ့ ငါး
မန်းက လှလိုက်တာ ကြွလိုက်တာ....
(အသည်းမှာ ကျွဲဝင်ခတ်သလို ကျွန်တော့် အသည်း
မှာ ကျွဲဝင်ခတ်နေသလို) ၂။
အဘင်းကို ခတ်တတ်ပါတဲ့ ချိုပါတဲ့ ကျွဲငါးမန်းကို
တော့ ရေဒန်းထက် ကြောက်ပါတယ်ဗျာ....
ငါးမလေး ပျိုကညာ.... (နီအာအာ ပါးဟက်ပြ
တယ်) ၂ ကွယ်၊ စားကြစို့ လား....
'ဟား....ဟား....ဟား၊မင်း သိပ်အသံကောင်းတယ်၊သံတွဲ
ခင်သန်းနုနဲ့ ပေးစားရမယ်'
နှစ်ယောက်စလုံး ရယ်ကြပြန်သည်။
'သံတွဲ ခင်သန်းနုဆိုတာ ဘယ်သူလဲ ကိုထိလပ်'



'ဆတ်ကော့လတ်ကော့မလေးလေ၊ မင်း မသိဘူးလား'
'မသိဘူး'
'မနီကိုကော'
'ခေါက်စမ်းပါ၊ ဘယ်သူ့မှ မသိဘူး'
'အေး....မသိတာ ကောင်းတယ်၊ သိရင် ထိလိမ့်မယ်၊ သူ
က မင်းသီချင်းထဲက ကျားငါးမန်းမလေးလို စားတတ်တဲ့
မ်းပျံမလေးတွေလေ'
လမ်းပျံတဲ့။
လမ်းပေါ်မှာ ပျံနေတဲ့ ငှက်ပြာမလေးတွေများလား။
မျိုးခက် မသိ။
သူ သိသည်ကတော့ ဦးစောဒီ၏ ကျွန်းနံ့သာမှ ကျားသစ်
ဝတ်ထားသော လူ။
'ကျားသစ်လူ'
'ကျားလူ'
ကျားလူသည် ဇာကောင်လဲ။
ဘာကောင်လဲ။
စပိဘုတ်ကလေးသည် ကမ်းခြေနှင့် တဖြည်းဖြည်း နီးလာ
ည်။
အောင်ကျော်စိန်က သူ့ကို ပြောသည်။
'မန်းလေး၊ မင်းက ပင်လယ်မှာ ရေငုပ်နေကျဆိုတော့
ကောင် ခပ်ကြီးကြီးတွေ ရှိနိုင်မယ့် နေရာကို သိမှာပေါ့၊
မုတ်ကောင်တွေသာ ရလိုက်ရင် ငါတို့ ဆရာကြီးက
ာက်ဆူးကောင်းကောင်းပေးမှာ သေချာတယ်'

မြုံးပန်းတစ်ရာစာပေ

သူ့အသံက ချော့သံ။

ချော့မေးခြင်း ဖြစ်ဟန်တူသည်။

'သိပ်မသိပါဘူးဗျာ၊ တစ်ကောင်စ နှစ်ကောင်စ ...
ရေအောက် ကျောက်ဆောင်တွေကြားထဲမှာ တွေ့ဖူး မြ...
တာ ရှိတာပါ၊ ဒါပေမယ့် အထဲကို မဝင်ရဲဘူးဗျ၊ ဂျင်းဖြ...
မှာ စိုးလို့'

ဂျင်း ဆိုသည်မှာ ကျောက်ဆောင်တွင် ကပ်ငြိ နေ...
စားသွားလိုဘက်သည့် ခရုအခွံ တစ်မျိုး ဖြစ်သည်။

ထိလိုက်လျှင် တိခနဲ။

သွေးရဲရဲပန်းထွက်အောင် ထက်သည်။

ဂျင်းပြတ်လျှင် အတော်နှင့် အနာမကျက်။

အောင်ကျော်စိန် မျက်နှာပျက်သွားပါသည်။

ဆက်မမေးတော့။

သူတို့သုံးယောက် အိမ်ကြီးမဟာသို့ ပြန်ရောက်သွား...
သည်။

ခင်စန္ဒီကို ပန်းခြံဘေးတွင် ရိပ်ခနဲ မြင်လိုက်ရသည်။

မန်းခြံကလေးတွေကြားထဲမှ သူ့ကိုကြည့်နေသည့် မျ...
နက်ဝန်းကလေးကို မျှုးခက် သိပါသည်။

သူတို့အားလုံး အိမ်ကြီးမဟာပေါ်သို့ တက်ခဲ့ကြသည်...
ဦးစောဒိက ဆီးမေးသည်။

'ဘယ့်နှယ်လဲဟေ့ မေန်းလေး၊ မင်း စပို့ဘုတ် မော...
တတ်သွားပြီလား'





'ဟုတ်ကဲ့ ဆရာကြီး၊ နည်းနည်းပါးပါးတော့ တတ်သွား
ပါပြီ'

အောင်ကျော်စိန်နှင့် ထိလပ် မျက်လုံးပြူးသွားသည်။

နည်းနည်းပါးပါးတဲ့။

များများစားစားသာ တတ်သွားရင် ကောင်းကင်သို့
ပျံဘက်သွားမလား မသိ။

'ကဲ...မင်းသွားတော့၊ ထိလပ်နဲ့ ကျော်စိန် ခဏနေခဲ့ဦး'

မေန်းလေး ထွက်သွားသည်။

'ကောင်လေး အခြေအနေ ဘယ်လိုလဲ၊ ဒီကောင်
တကယ်မောင်းတတ်သွားပြီလား'

'ဟုတ်...ဟုတ်ကဲ့ ဆရာကြီး၊ ကျောက်ဆောင် ကျောက်
ကြားတွေမှာ မြွေတစ်ကောင်လို ကွန့်လိမ်ပြီး ကွေ့ပတ်မောင်း
တာ ကျွန်တော်တို့ နှစ်ယောက် လွင့်မကျအောင် မနည်း
ကိုင်ထားရတယ်'

'ဟေ....'

'ဟုတ်ပါတယ် ဆရာကြီး၊ ဒီကောင် ရေရေ လည်လည်
သွက်တယ်'

ထိလပ်က အောင်ကျော်စိန် စကားကို ထောက်ခံသည်။

'မုတ်ကောင်ရှိတဲ့ နေရာတွေကိုကော'

'အဲဒါတော့ မေးလို့မရသေးဘူး ဆရာကြီး'

'အေး....တဖြည်းဖြည်း ချော့မေးကွာ၊ သိပ်အကြမ်းမကိုင်
နဲ့ဦး၊ ကဲ....မင်းတို့ သွားနိုင်ပြီ၊ ဩော်.... စိုးနက်ဆီကို လူ
တစ်ယောက် လွှတ်ပြီး အခေါ်ခိုင်းစမ်း'

'ဟုတ်ကဲ့ ဆရာကြီး'

သူတို့နှစ်ယောက် ထွက်သွားသည်။

ဦးစောဒီသည် စားပွဲပေါ်မှ စာကလေးကို ထပ်မံကြည့်ရှုရင်း ဒေါ်ပွပွနှင့် ခြေမွပစ်လိုက်သည်။

သူ့စိတ်တွေ မကျေမနပ် ဖြစ်နေသည်။

လက်ထဲရောက်ပြီးမှ ဖုတ်ခနဲလွတ်ကျသွားသော အဆီရွှဲရွှဲနှင့် အသားတုံးကြီးလို သူ ညှို့သဖြင့် လွတ်ထွက်သွားသော တင်မျိုးဆွေကို မကျေနပ်။

သူ့ကိုယ်သူလည်း မကျေနပ်။

သံတွဲမှထွက်သည့် လမ်းတွေကို စိုးနက်အား အရှာခိုင်းရမည်။

ထိုအချိန်တွင်....

မျိုးခက်သည် သူ့အတွက် သီးသန့်ပေးထားသော အိမ်ကြီးမဟာ၏ နောက်မှ ကားဂိုဒေါင်အပေါ်ထပ်ရှိ အထပ်ခိုးကလေးအပေါ်သို့ ရောက်နေသည်။

သူ့ပစ္စည်းပစ္စယကလေး အချို့ကိုလည်း ယူခဲ့သည်။

ချစ်ချစ်လက်ဆောင်ပေးထားသည့် အဖိုးတန်ဝတ်စုံတစ်စုံ။

သူဝတ်ထားသည့် ဂျင်းဝတ်စုံ အစုတ်တစ်စုံ။

လုံချည်တစ်ထည်၊ အင်္ကျီတစ်ထည်။

အတွင်းခံဘောင်းဘီ နှစ်ထည်။

ဓားမြှောင် နှစ်ချောင်း။

သူ မေမေ့အကြောင်းကို တွေးနေမိသည်။





သူ့အခန်းခေါင်းရင်းမှ ပြတင်းပေါက်သေးသေးကလေးကို ဖွင့်၍ အပြင်ကိုငေးနေသည်။

'ဒွါရာဝတီ' သံတွဲချောင်းသည် လှပရစ်ခွေစွာ စီးဆင်းနေသည်။

အခုနေ မေမေနှင့်တွေ့လျှင် သူ့မိခင်ကို ရှိခိုး၍တောင်းပန်မည်။ သူ့ဖခင်ကိုမေးမည်။

အခုတော့ မေမေ မရှိတော့ပြီ။

သူ စိတ်ဆင်းရဲမှာစိုးသည့်အတွက် သူနှင့်ဝေးရာ မော်လမြိုင်သို့ ပြန်သွားရှာပြီ။

မေမေ့ကို သနားသည့် စိတ်ကလေးကြောင့် ရင်ထဲမှာ ဆို့နင့်လာရသည်။

'တောက်'

အံကိုကြိတ်၍ တောက်ခတ်မိသည်။

မမြင်ရသေးသော ဖခင်ကို ရင်နာမိသည်။

ထိုစဉ်တွင်....

သူ့နောက်မှ ခြေသံ ရွရွ ကြားရသည်။

'ရှီး....ဒုတ်'

ကိုယ်အလှည့်....

ခြေသလုံးမှ ဓားကိုအနှုတ်....

နှုးအဖောက်....

ဓားအပေါက်က တစ်ချိန်တည်းလို လှစ်ခနဲ မြန်သည်။

'အ....မယ်....လေး'

အသံအုပ်အုပ်ကလေးတစ်သံ။

ခင်စန္ဒီ....

ဖလဲဘောင်းဘီ နက်ပြာ၊ စပို့ရှပ်အပြာကလေးနှင့် တစ်တစ် ရစ်ရစ် လှနေသည်။

'သူ....သူ....အရမ်းလုပ်တာပဲ၊ ဒီဒီ့ လည်ပင်းနားက ပွတ်သွားတယ်'

'ဒီဒီမှန်းသိလို့ တမင်လှဲပစ်လိုက်တာ၊ ဘာလို့လာတာလဲ၊ ဒီဒီ့ ဖေဖေသိရင် ကိုယ် မလွယ်ဘူး'

'ဒယ်ဒီနဲ့ ကိုစိုးနက် မေရီးဘေးကို သွားတယ်၊ ကိုမျိုးခက်ကို သတိပေးစရာရှိလို့လာတာ'

'ဘာ....သတိလဲ'

'စိုးနက်တို့ကို ကြည့်ပေါင်း၊ သူတို့ လူကောင်းတွေမဟုတ်ဘူး၊ စိတ်ယုတ်မာရှိတယ်'

'ဒီဒီ့ အဖေကော အဲဒီအထဲမှာ မပါဘူးလား'

'ဒါကိုမမေးပါနဲ့ ကိုမျိုးခက်ရယ်'

'ဒီဒီ'

'ရှင်'

သည်မချောလေးကို မြန်မြန်နှင်ပစ်မှ ဖြစ်မည်။

'ဒီနားကိုလာ၊ ပြောစရာရှိလို့'

ဆတ်ခနဲ....





'ကဲ....သွားတော့'

ဒီဒီ့ တစ်ကိုယ်လုံး တုန်သွားသည်။ ဝတ်ထားသော အဝတ်အစားတွေ ကျပ်လာသည်။ ရင်ထဲမှာ တင်းကျပ်လာမိသည်။ လှိုက်ဖိုလာမိသည်။

'ကိုမျိုးခက် မကောင်းဘူး'

'ညာတာ'

'သွား'

'ဒီဒီ သွား၊ လူတွေမြင်ရင် ကိုယ် ဒီမှာနေဖို့မလွယ်တော့ဘူး'

'ကားလာထုတ်တာ'

'ဘယ်သွားမလို့လဲ'

'အန်ကယ် ဘခက်တို့ဆီ သွားလည်မလို့၊ လိုက်ချင်ရင် ဦးကျော်ရင်လမ်းထိပ်က စောင့်မယ်'

'မလိုက်ချင်ပါဘူးကွာ၊ ဒီဒီ့ ဘာသာ သွားပါတော့၊ ဒီဒီနဲ့ ကိုယ်နဲ့ တွဲနေတာတွေ့ရင် လူတွေကတစ်မျိုးထင်လိမ့်မယ်၊ ဒီဒီက မိုးပေါ်က၊ ကိုယ်က ပင်လယ်ကမ်းဘေးက တံငါ....'

'အို....ဒါတွေ မပြောပါနဲ့လို့ဆိုနေ'

သူ့နှုတ်ခမ်းကလေးကို လက်နှင့်လာ၍ ပိတ်သည်။

သူကလည်း သူမနှုတ်ခမ်းလေးကို ပြန်ပိတ်ပေးလိုက်၏။

ကောင်မလေး ဆင်းပြေးတော့သည်။

ကံကောင်းလို့။

လှေကားပေါ်က ချော်ကျတော့မလို့။

ခနော်နီ ခနော်နဲ့ ခန္ဓာကိုယ်ကို မနည်းထိန်းလိုက်ရ၏။

စီလီဂျစ်ကလေးကို စက်နှိုး၍ သူ့ကို မျက်စောင်းကြီးနဲ့ ထိုးပြီး နှုတ်ဆက်သွားပါသည်။ အရည်လဲ့နေသည့် မျက်နက် ဝန်းကြီးတွေက ရွှမ်းစိုနေသည်။

မျိုးခက် သက်ပြင်းချမိသည်၊ ခွင့်လွှတ်ပါ ချစ်ချစ်ရယ်။ ကိုမျိုးကို ခွင့်လွှတ်ပါ။

*



## အခန်း (၈)

ချစ်ချစ်
ခွင့်လွှတ်ပါ ချစ်ချစ်ရယ်၊
ကိုမျိုးကို ခွင့်လွှတ်ပါ။
ကိုမျိုး

စာကလေးကတော့ ဒါပဲဖြစ်သည်။

ပိတ်ထားသော စာအိတ်ကလေးကို ဖွင့်ဖတ်လိုက်သည်နှင့် ကိုမျိုး ရေးခဲ့သောစာကလေးက သူမရင်ကို နင့်သွားစေသည်။

'သူ....သူ ဘယ်ရောက်သွားသလဲ အဘ'

'မနေ့ကစပြီး အိမ်ကြီးမဟာက ဦးစောဒီဆီမှာ အလုပ်ဝင်တယ်ကွယ့်၊ နေတော့ အိမ်ကြီးမဟာမှာပဲ၊ တူမကြီးများလာခဲ့ရင် ဒီစာလေးကိုပေးပြီး နှုတ်ဆက်သွားတယ် ဆိုတဲ့အကြောင်း ပြောပေးပါတဲ့'

ချစ်ချစ် ငိုချင်သွားရသည်။

သူ့အတွက် မျက်ရည်ကျခဲ့သည့် အကြိမ်ပေါင်း များပြီ။ အခုလည်း ကျလုပြီ။

ရော်ရော်က တံတောင်နှင့်တို့၍ သတိပေးလို့သာပေါ့။

'သူ....သူပြန်မလာတော့ဘူးလား အဘရယ်'

'အဲဒါတော့ အဘလဲ အတိအကျမသိဘူးကွယ်၊ အားရင် (အော့)ပြန်ရောက်မှာပါ၊ သူ့ပစ္စည်းတွေ၊ စာအုပ်တွေ ဒီမှာရှိနေသေးတာပဲ'

---

သူ့အခန်းထဲကို ဝင်ကြည့်ချင်သည့်စိတ် ပေါ်လာသည်။ သူ့ကို မတွေ့ရသော်ငြားလည်း သူ့ပစ္စည်းကလေးတွေကို မြင်ချင်သည်၊ တွေ့ချင်သည်။

စင်စစ်....

ချစ်ချစ် အချစ်ရဲ့ဒဏ်ကို မခံနိုင်ရှာ။

ချစ်လည်း မချစ်ခဲ့ဖူး။

ချစ်ဦးသူကလေးကို တခြားဟာမတစ်ယောက်နှင့် တွေ့တော့ အသည်းနာမိသည်၊ မုန်းကြည့်မိသည်။

အသည်းတော့ နာ၏။

မုန်းကြည့်လို့မရ။

နမ်းကြည့်လို့မရ။

မျက်ရည်ကျတော့သာ အဓိပ္ပာယ်တွင်သည်။

ကျိတ်၍ငိုသည်။ ကျိတ်၍ ရှိုက်သည်။

ဒါကို အခန်းအတူနေသော ရော်ရော်က သိပါသည်။ ကြာတော့ ချစ်ချစ်ကလေးကို မကြည့်ရက်နိုင်ရှာတော့။





'ချစ်ချစ်ရယ်၊ မင်းတို့နှစ်ယောက်ရဲ့ပြဿနာကို ရော်ရော်အသိဆုံးပါ၊ အခုလိုကျိတ်ပြီးခံစားနေမယ့်အစားသူနဲ့တွေ့ပြီး တိတိကျကျ ဖြေရှင်းလိုက်ပေါ့ကွ၊ အခုဟာက ဘာမသိ ညာမသိ ကိုယ့်အမြင်နဲ့ကိုယ် အထင်လွဲနေတာ ဖြစ်ချင်ဖြစ်မှာ၊ ရော်ရော်ပြောပါပကော၊ သူ့အခန်းဝမှာ ရော်ရော်ခံခဲ့ရသလို အဲဒီ ခင်စန္ဒီ ဆိုတဲ့ဟာမက တံခါးကိုဖွင့်တော့ သူ့ကိုယ်ပေါ်မှာ ရေတွေ ကဏန်းကောင်တွေ ဝင်မှာပေါ့၊ အဲဒါကြောင့်ကိုမျိုးခက်ရဲ့အင်္ကျီပုဆိုးတွေယူဝတ်ပြီး သူ့အဝတ်တွေကို လှန်းထားတာဖြစ်မှာပါ'

'ဒါဖြင့် ကိုမျိုးက အဲဒီဟာမရဲ့ဘရာစီယာနဲ့ ထဘီအင်္ကျီ၊ ပင်တီတွေကို ဘာလို့ကိုင်ရတာလဲ၊ ဘာလို့ ယူပေးရတာလဲ'

'သူ ကိုင်ချင်လို့ နေမှာပေါ့၊ နင့်လဲ မကိုင်ဘူးလား'

'သွား....သူများ စိတ်ညစ်နေရတဲ့အထဲ'

'ကဲပါဟယ်.... ရော်ရော် မင်းနဲ့လိုက်ပါ့မယ်၊ သူ့အိမ်ကို အရင်ဝင်မယ်၊ ပြီးမှ ချစ်ချစ်ရဲ့ မေမေ၊ ဖေဖေတို့ဆီသွားကြတာပေါ့'

သည်ကိုရောက်တော့ သူ့ကိုမတွေ့။

သူ့စာကလေးကိုသာ တွေ့ရသည်။

ချစ်ချစ် အပြုတ် ဆွေးသွားရသည်။

'ချစ်ချစ်တို့ ပြန်လိုက်ဦးမယ် အဘ၊ ဒြော်.... ကိုမျိုးအခန်းထဲက စာအုပ်တွေ ခဏဝင်ကြည့်ချင်လို့ ရမလား အဘ'

'ကြည့်လေ၊ သူ့ ဆီမှာတော့ စာအုပ်တွေအများကြီး ကွယ်၊ ရတဲ့ပိုက်ဆံ စာအုပ်ဝယ်ထားနဲ့ ကုန်တာပဲ၊ ငမန်းလေးတော့ ပြန်လာဦးမှာပဲ၊ အဘလဲ မနက်ဖြန်ကစပြီး ပင်လယ်ကို ထွက်ရတော့မယ်'

သူတို့နှစ်ယောက် အဘ ဦးနန္ဒအခန်းမှ ထွက်ခဲ့ကြသည်။

မျိုးခက်အခန်းကို မရဲတရဲ ဝင်သည်။

တော်သေးသည်။

နှစ်ယောက်စလုံး ဘာမှမဖြစ်။

ဟိုတစ်ခါ ရော်ရော်ဝင်တုန်းက သူမ ကိုယ်ပေါ်ကို ရေတွေနှင့် ငါးပြားစေ့ခန့် ပင်လယ်ကဏန်း ပေါက်စကလေးတွေ ကျခဲ့သည်။

ကဏန်းထိီးလေးတစ်ကောင်က ရော်ရော်၏ဘလောက်စ် အင်္ကျီလည်ဟိုက်ထဲကို ဝင်၍ညှပ်သဖြင့် ရော်ရော် အော်ခဲ့ရသေးသည်။

အခုတော့ မအော်။

ညှပ်လည်း မညှပ်။

သပ်သပ်ရပ်ရပ်စီထားသော သူ့ စာအုပ်စင်တွင် ပင်လယ်နှင့်ပတ်သက်သည့် စာအုပ်များ၊ ဝတ္ထုများ ရှိနေသည်။

ရေငုပ်သမားများ၊ ရေငုပ်ပစ္စည်းများ၊ ရေအောက်ကင်မရာ၊ ရေအောက် သတ္တဝါများ အကြောင်းပါသော ပင်လယ် အက္ခရာ ... Magazin တွေ၊ ပင်လယ်အကြောင်းကို ရေးလေ့ရှိသည့် J. D. Mac Donald ၏ ဝတ္ထုစာအုပ်တွေကို တွေ့ရသည်။





သူသည် အထက်တန်း အောင်ရုံသာ ရှိသော်လည်း ဂလိပ်စာကို ဖတ်နိုင်နေသည်ကို ချစ်ချစ်သိရသည်။

'ဒီမှာကြည့်စမ်း ချစ်ချစ်'

ချစ်ချစ် ကြည့်လိုက်ပါသည်။

သူ့ခုတင်ပေါ်မှာ အသည်းလေးတစ်ခု။

ခရုလှလှကလေးတွေကိုစီ၍ အသည်းပုံ ပြုလုပ်ထားသည်။

အလယ်ကောင်တွင် စာလုံးလေး တစ်လုံး။

'ချစ်....'

ချစ်ချစ်၏ နှလုံးသားလေး အေးသွားသည်။

သူမကို ခုတင်ပေါ်တွင် တင်ထားသည်။

သူမကို မမေ့သေး။

အသည်းမလေးနှင့် ချစ်က ချစ်ချစ်ကို သည်လိုသည်လို ဆွဲသွားစေသည်။

'ထွက်ကြပါစို့ကွာ'

ဝမ်းနည်းစရာတွေကို ချစ်ချစ် မကြည့်လို၊ မမြင်လိုတော့။

'အဘ....ကျွန်မတို့ သွားဦးမယ်'

'အေး....အေး'

အုန်းပင်ကလေးတွေဘေးမှ သူတို့ ဖြတ်၍လျှောက်ခဲ့ကြသည်။

မေမေနှင့် ဖေဖေတို့ ထည်းခိုသော ဘန်ဂလိုကို ရောက်တော့ ချစ်ချစ် မျက်နှာပြင်[redacted]ရသည်။

'ဟော[redacted]၊ ချွတ်ချွတ်ရေ....သမီးတို့ လာကြယ်'

နုနုချွတ်သည် အခန်းထဲမှ ကမန်းကတန်း ပြေးထွက်လ
သည်။

'မေမေ နေကောင်းတယ်နော်'

'အေး....ကောင်းသွားပါပြီကွယ်၊ ဒီနေ့ သမီးတို့အားလ
လား'

'အလုပ်တွေ စောစောပြီးတာနဲ့ စခန်းတာဝန်ခံဆီက ခွ
တောင်းပြီး လာခဲ့တာ၊ ဒါက ချစ်ချစ်ရဲ့ အချစ်ဆုံး သူငယ
ချင်း ရော်ရော်'

'ဩော်....တွေ့ရတာ ဝမ်းသာလိုက်တာကွယ်၊ကဲ....ထမင
စားပြီးမှ ပြန်ကြနော်၊ အေးအေးဆေးဆေး စကားပြောကြ
ရအောင်ပေါ့၊ အပြန်ကျရင် လမ်းလျှောက်ရင်း မေမေတို
လိုက်ပို့ပါ့မယ်'

'ဟုတ်ကဲ့ မေမေ'

သူတို့တစ်တွေ ပင်လယ်ဘက်ကို မျက်နှာမူထားသော လေ
သာဆောင်ကလေးတွင် ထိုင်၍ စကားပြောဖြစ်ကြသည်။

ပင်လယ်အကြောင်း။

ချစ်ချစ်တို့ Marine Biologist များ လက်တွေ့သင်တန်း
တွင် လေ့လာသင်ကြားရသည့် ဘာသာရပ်များ အကြောင်း။

ရေမှော်ကို လူများစားသုံးနိုင်သော ကျောက်ကျော Ager
ပြုလုပ်ပုံ။

မုတ်ကောင်များ၊ ကုန်း၊ ဂျတ [illegible] စသည်
များကို လေ့လာရပုံတွေ။





'ဒါဖြင့် သမီးယူတဲ့ မရင်းဘိုင်လိုလော်ဂျီက စုံသားပဲ
ကွယ့်၊ စုံသလိုလဲ လှိုင်းလေထန်ပြီး ခက်ခဲ ကြမ်းတမ်းတဲ့
င်လယ်ထဲမှာ ယောက်ျားတွေနဲ့တွဲပြီး လုပ်ဝံ့ကိုင်ဝံ့တဲ့ သမီး
တို့လို အမျိုးသမီးတွေအားလုံးကို ဖေဖေ ချီးကျူးပါတယ်'

'ဟုတ်ပါတယ် ဖေဖေ၊ အခုခေတ်ဟာ ချစ်ချစ်တို့ မြန်မာ
မလေးတွေ အားနွဲ့တဲ့ခေတ် မဟုတ်တော့ဘူး'

'ချီးကျူးပါတယ်ကွယ်'

'ဟုတ်တယ် မေမေ၊ သမီးတို့တစ်တွေဟာ ပင်လယ်မှာ
ရှိတဲ့ သက်ရှိသက်မဲ့ ရူပဗေဒ၊ ဓာတုဗေဒကို တတ်သိမှ
ဘိုင်အိုလော်ဂျစ် တစ်ယောက် ဖြစ်လာမှာပါ၊ ဘိုင်အိုလော်
ဂျစ်တစ်ယောက်ဖြစ်ဖို့ Physical Oceanographyနဲ့ Chemical
Oceanography ကိုလဲ လေ့လာ ဆည်းပူးရပါတယ်၊ လက်
တွေ့ သုတေသနတွေလဲ အများကြီးလုပ်ရတယ်၊ မော်လမြိုင်
မှာတုန်းက စာတွေ့သင်ရတာ၊ ဒီမှာက လက်တွေ့လုပ်ရတာ
မေမေရဲ့'

'စိတ်ဝင်စားစရာ ပါလားကွာ၊ ဒါနဲ့ ပုလဲ မွေးတော့
ဒီအတိုင်း ကျောက်ဆောင်ကြားထဲမှာပဲ မွေးသလား'

'မဟုတ်ဘူး အန်ကယ်ရဲ့၊ G.I. Wire ဆိုတဲ့သံချေးအလွယ်
တကူ မတက်နိုင်တဲ့ Galvanised Wire နဲ့ရက်ထားတဲ့ သံခြင်း
ကြီးတွေကို ကြိုးနဲ့ဆွဲပြီး မုတ်ကောင်တွေကို မွေးရတာပါ၊
ကြိုးတန်းရသည်မေးနည်း [illegible] od. လို့ ခေါ်ပါ
တယ်ရှင'

ရော်ရော်က ဝင်ပြောသည်။

နောက်တော့....

ပင်လယ်တွင် ဖြစ်ပေါ်နေသော Wave, Current Temperature အကြောင်းနှင့် ပြီးတော့ ခယ်မီကယ်နှင့်ပတ်သက်၍ ဖော့စဖိတ်၊ နိုက်ထရိတ်၊ ဆင်ဒီကိတ်၊ ဒဇော့အောက်စီဂျင်တို့၏ ဖြစ်ပေါ်တည်ရှိနေပုံ၊ ရောစပ် ပေါင်းစည်းနေပုံ။

အတော် စုံသွားသည်။

နုနုချွတ်က ခေါက်ယပ်တောင် အဖြူလေး ဖြန့်ထားသလို လုပသော ကမာခွံကလေးကို ယူပြသည်။

'အဲဒါ ဘာခေါ်သလဲ သမီး'

'အဲဒါ ကာဒီယမ်ရဲ့ Cardium Shell လို့ခေါ်တယ် မေမေ၊ ဟိုဘက်က စေတီကလေးလို ချွန်ချွန်လေး ဖြစ်နေတဲ့ အခွံက ဘောင်း Trochus လို့ခေါ်တယ်၊ စားလို့ရတယ်၊ ညာဘက်က ဖြူဖြူအခွံထူထူကလေးက ကျောက်ကမာ Rock Oyster၊ အတက်တက်လေးတွေပါတဲ့ဟောဒီအခွံက Spondylus၊ ဟောဒီ အပွင့်အခက်အလက်အပြောက်ကလေးတွေ ပျားအုံလို ယှက်ဖြာနေတဲ့ အခွံဖြူကလေးက သန္တာပေါ့မေမေ၊ သူ့ကို Coral လို့ ခေါ်တယ်၊ ကော်ရယ် ရှိတဲ့နေရာမှာ ပုလဲမွေးတဲ့ မုတ်ကောင် Pearl Oyster တွေ ရှိတတ်တယ်၊ အဲဒီ သန္တာကောင် ကလေးတွေကို ကြယ်ငါး လို့ခေါ်တဲ့ Star Fish က စားပစ်လို့ ပျားသလက်လို သူ့အိမ်ကလေးပဲ ကျန်ခဲ့တာ'

'သနားစရာကွယ်'

နုနုချွတ်သည် ပင်လယ်ကမ်းခြေပြင် [illegible] လမ်းလျှောက်ရင်း ကောက်၍ ဘန်ဂလိုရှေ့ လက်တန်းပြင်တွင်





လှတင်ထားသော ပင်လယ်သတ္တဝါကလေးများ၏ နေအိမ် ရောင်စုံ အခွံလေးများကို စိတ်ဝင်စားစွာ ကြည့်နေသည်။

သူတို့၏ နေအိမ်ကို သူတို့ဘာသာ ကျောက်သားလို ချစ်လှစ်ခိုင်မာ လှပအောင် တည်ဆောက် နိုင်ကြသော်လည်း ူတို့၏ ခန္ဓာကိုယ်မှာ ပိုးသားလို နူးညံ့ပျော့ပျောင်းလှသည်။ ဘာဝသည် အဆန်းတကြယ် နိုင်လှသည်။ အံ့သြစရာ သိပ်ကောင်းသည်။

'မနေ့က သမီးဆီကအပြန်မှာ ဖေဖေတို့ မောင်မျိုးခက်ရဲ့ ိမ်ကိုတောင် ရောက်ခဲ့သေးတယ်ကွယ်'

'ဟုတ်ကဲ့ ဖေဖေ'

'သူငယ်လေးဘဝက သနားစရာကွယ်၊ သူ့မှာ အဖေမရှိ ဘူး၊ သူ့ဘဝသူ ရုန်းကန်လှုပ်ရှားနေတာ ကြာပြီတဲ့'

'ဟုတ်တယ်၊ သနားစရာ လေးကွယ်၊ မေမေတို့က က္ကသိုလ်ကိုတက်ဖို့ တာဝန်ယူမယ်လို့ ပြောတာတောင် က်မခံခဲ့ဘူး၊ သူ့ကိုယ်သူပဲ အားကိုးမတဲ့၊ ပြီးတော့ သူ့မျက် ကို မနေ့ကမှ ငါသေအချာကြည့်မိတယ်၊ မောင်နဲ့ ဆိုပ် တာပဲ'

ဟုတ်သည်။

စတွေ့ကတည်းက ဖေဖေမျက်နှာနှင့် တထေရာတည်း ခဲ့သည်ကို [illegible]

ချစ်ချမယ်သည် တွေဝေနေသည်။

ငေးမောနေသည်။

တစ်စုံတစ်ရာသည် ချစ်ချစ် ရင်ထဲတွင် တစ်ဆို့လို့[illegible]သည်။

'မေမေ'

'ဘာလဲ ချစ်ချစ်'

ချစ်ချစ်အသံက တည်ငြိမ် လေးနက်စွာ ထွက်ပေါ်လ[illegible]သည်။

'မမမေ ပင်လယ်ကမ်းခြေမှာ မေ့လဲသွားတုန်းက က[illegible] ပေါ်မှာ ပါလာတဲ့ အန်တီ တင်မျိုးဆွေနဲ့ သိပ်ရင်း[illegible]သလား'

'ရင်းနှီးတာပေါ့ သမီးရယ်၊ ဘယ့်နှယ် ပြောပါလိမ့်[illegible] ရန်ကုန်တက္ကသိုလ် အင်းလျားဆောင်မှာ အဲဒီ မမတင်မျိုး[illegible] ဆွေနဲ့ မေမေက အတူနေခဲ့ကြတာကွယ့်၊ နွေရာသီ ကျောင်း[illegible] ပိတ်တုန်းက မမတင်မျိုးဆွေနဲ့အတူ မော်လမြိုင်ကို လိုက်[illegible] အလည်မှာ မီးရထားမိုင်းခွဲပြီး သူပုန်တွေက မေမေ[illegible] ကျောင်းသူတစ်သိုက်ဖမ်းသွားခဲ့တယ်၊ သမီးရဲ့ဖေဖေက က[illegible] ခဲ့လို့ မေမေတို့ လွတ်မြောက်လာကြတာပေါ့၊ အဲဒီအထဲမှ[illegible] မမတင်မျိုးဆွေလဲ ပါတာပေါ့'

ကပ္ပတိန် ဘခက်သည် ဒယ်လူးချောင်း ရေတံခွန်ကြ[illegible] အောက်မှကျောက်ဂူကြီးထဲတွင် သူနှင့် တင်မျိုးဆွေ၊နုနုချ[illegible] ရီတာ၊သယ်မာ၊ မနန်းအေး၊ ထွေး ထွေးစိမ့်၊ မေသိန်းမေ[illegible] နော်အေမီချစ်ကို [illegible] ရောက်ခဲ့ပုံများကို ပြန်လ[illegible] မြင်ယောင်လာသည်။

ကြာတော့ ကြာပြီ။





အနှစ်နှစ်ဆယ်ကျော် ကြာခဲ့ပြီ။

သို့ပေမယ့်....

သည်အဖြစ်ကို ပြန်တွေးလိုက်တိုင်း မနေ့တစ်နေ့က ဖြစ်[illegible]သလို ခံစားရသည်။

တက္ကသိုလ်ကျောင်းသူများနှင့် ဆရာမလေး နော်အေမီ[illegible]ချစ်တို့ ဆယ်ယောက်ကို သောင်းကျန်းသူတွေလက်ထဲမှ သူ[illegible]ကယ်တင်ခဲ့သည်။

ဒယ်လူးချောင်း ရေတံခွန် အောက်မှ ကျောက်ဂူထဲသို့[illegible]ရောက်မှ အမိနာနှင့် မသိမ်းစုတို့ သေဆုံးခဲ့ရသည်။

သည်အဖြစ်အပျက်တွေကို ကပ္ပတိန်ဘခက် မေ့လို့မရ။ မေ့လို့မရသည့် အထဲတွင် ဂူထဲမှ ညတစ်ညနှင့် သူနှင့်[illegible]အမှောင်ထဲမှ မချောလေးတစ်ယောက် အဖြစ်ကို ပို၍ မေ့လို့[illegible]ရ။

ချစ်ချစ်အသံက တည်ငြိမ်စွာ ထွက်ပေါ်လာပြန်သည်။

'မေမေ၊ အဲဒီ အန်တီတင်မျိုးဆွေဟာ ပျောက်နေတဲ့[illegible]သားကလေးကို ဒီကိုလာရှာတာတဲ့'

'ဟင်.... မမ[illegible]င်မျိုးဆွေက အိမ်ထောင် မကျသေးဘူး[illegible]ဟုတ်လား'

'အဲဒါတော့ ချစ်[illegible]စ်မသိဘူး၊ ချစ်ချစ် အသက်ကို ကယ်[illegible]လိုက်တဲ့ ကိုမျိုးခက်ဟာ အန်တီတင်မျိုးဆွေရဲ့ သားအရင်း[illegible]ဆိုတာတော့ ချစ်ချစ် အ[illegible]'

ဒိ[illegible]တက်သွားသည်။

ကပ္ပတိန်ဘခက် ရင်ထဲတွင် တုန်လှုပ်သွားသည်။

နုနုချွတ် ပါးစပ်ဟောင်းလောင်း။

သည်အကြောင်းတွေကို မဆွေက သူမကို ဘာလို့မပြေ
ရသနည်း။

ကားအတူ စီးလာကြပါလျက်ကယ်နှင့် သူတို့ သွားအ
စကားမပြောကြ။ အကြောင်းတစ်ခုတော့ ရှိရမည်။

စင်စစ်....

ချစ်ချစ် ရင်ပွင့်သွားခြင်းပင်။

သနားစရာ ကိုမျိုးခက်ဘခကို တိတိကျကျ သိလိုသဖြ
မမေ့အား ပြောလိုက်ရခြင်း ဖြစ်ပါသည်။ မေးလိုက်ရခြ
ဖြစ်ပါသည်။

"ဒီအကြောင်းတွေကို အဲဒီ အန်တီတင်မျိုးဆွေ ကိုယ်တို
ချစ်ချစ်ကို ပြောပြလို့ တိတိကျကျ သိရတာ၊ ကိုမျိုးခက်
ပြောတာကတော့ သူ့အမေဟာ သူ့ကို ဟို....ဟို အဖေမပေ
ဘဲ မွေးခဲ့လို့ စိတ်နာပြီး အိမ်က ထွက်လာတာကြာပြီတဲ့"

ချစ်ချစ်ခေါင်းကလေးငုံ့၍ မရဲတရဲ ပြောသည်။

ကပ္ပတိန်ဘခက်၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

မျိုးခက်။

အဖေမပေါ်ဘဲ မွေးတဲ့သားလေး မျိုးခက်။

နုနုချွတ် တွေဝေစဉ်းစားနေသည်။

---

* (မြပါမျိုက)။ [illegible] သားထုတ်
ပြီးခဲ့သော "မချောဆယ်ယောက် ကိုယ်တစ်ယောက်" [illegible]
ဖတ်ရှုနိုင်ပါသည်။





မမတင်မျိုးဆွေသည် အန်မတန် ကြန့်ခြေရှိသည်။

သိက္ခာရှိသည်။

ယောကျာ်းလေးတွေနှင့် မရောယှက်။

မပတ်သက်။

အရှက်လည်း ကြီးသည်။

ကျောင်းတုန်းက ညီမလေးတွေလို ရင်းနှီးသော အမိနာ
င့် သူမကိုယ်ပင် ဆုံးမသွန်သင်ခဲ့သည်။

မမတင်မျိုးဆွေသည် အဖေမပေါ်သောသားကို ဘယ်
တော့မှ မွေးလိမ့်မည်မဟုတ်။

မွေးစားသားသာ ဖြစ်ရမည်။

'သူ့သားအရင်းတော့ ဟုတ်မယ်မထင်ပါဘူး သမီးရယ်၊
မတင်မျိုးဆွေဟာ သူတစ်သက်လုံး အိမ်ထောင်မပြုတော့
းလို့ မေမေနဲ့ ခွဲခွာနီးတုန်းက ပြောသွားဖူးတယ်၊ အေး
လ....တွေ့မှ မေးကြည့်ကြတာပေါ့၊ မဟုတ်ဘူးလားမောင်'

'မောင်ကတော့ သူ့ကိုယ်ရေးကိုယ်တာကို မမေးသင့်ဘူး
ထင်တာပဲ ချွတ်ချွတ်၊ ချွတ်ချွတ်သဘောပဲလေ'

'မဟုတ်ဘူးလေ၊ ချွတ်ချွတ်မေးချင်တာက မမတင်မျိုးဆွေ
အခက်အခဲရှိသလား၊ ရှိရင် ကူညီရအောင်လို့ပါ၊ သူနေ
အိမ်ကြီးမဟာကိုလဲ ချွတ်ချွတ်တို့ သိသားပဲ'

ထိုအခိုက် ကားသံကို ကြားရသည်။

ဘန်ဂလိုဂင်း[illegible]ပေါ်လာသည်။

အမိုးဖွင့်ပယ်လ်ဂျစ်နှင့် ခင်စန္ဒီ။

International Club, Golf ရှာဖိုးဦးထုပ်အနီကလေး
ကို ဆောင်းလို့။

ဘောင်းဘီက ဖလဲနက်မြာ။

စပို့ရှပ်အပြာကလေးကို ဝတ်ထားပါသည်။

'ခင်စန္ဒီပါလား၊ လာ....လာ၊ အပေါ်ကိုတက်၊ သမီး
ရောက်နေတာနဲ့ အတော်ပဲ၊ ကဲ.... မိတ်ဆက်ပေးရဦးမ

နုနုချုတ်က ခင်စန္ဒီကို ချစ်ချစ်နှင့်ရော်ရော်အားမိတ်ဆ
ပေးသည်။ ဆေးရုံသွားသည့်နေ့က တစ်ယောက်နှင့် တ
ယောက် မသိလိုက်ရ၊ စကားမပြောလိုက်ရ။ ချစ်ချစ်ကတေ
ခင်စန္ဒီကို သိနှင့်ပြီး ဖြစ်သည်။

'သိရတာ သိပ်ဝမ်းသာတာပဲ ချစ်ချစ်ရယ်၊ ချစ်ချစ်
ထိပ်လှ....'

ခင်စန္ဒီက မြူးကြွသွက်လက်နေသလောက် ချစ်ချစ်ခမ
မှာ အားတင်း၍သာ ပြုံးထားရပါသည်။

'ချစ်ချစ်လဲ ခင်စန္ဒီနဲ့သိရတာ ဝမ်းသာပါတယ်'

'အန်ကယ်နဲ့အန်တီ ပျင်းနေမလားလို့၊ သွားချင်တဲ့နေ
ကို ဒီဒီ ကားနဲ့လိုက်ပို့ပေးမယ်လေ၊ ချစ်ချစ်လဲအားရင်လို
ခဲ့ပါလား'

'ကိစ္စမရှိပါဘူး ဒီဒီ၊ ဟိုနေ့ကလဲ ဘုရားတွေလိုက်ပို့ပြီးပြ
အားနာစရာကြီး၊ သမီး... အန်တီ
မသွားတော့ပါဘူးကွယ်၊ မကြာ်....ဒါနဲ့ ဒီဒီတို့ အမကြီးမ





မှာ တည်းနေတဲ့ မမတင်မျိုးဆွေနဲ့တော့ သိပ်တွေ့ချင်တယ်
ကွယ်၊ သူ့ကိုခေါ်ပြီး မနက်ဖြန်အားရင် လာခဲ့ပါလား'

'သူ....သူ.... အန်တီတင်မျိုးဆွေ မရှိတော့ဘူး'

'ဘာ....'

ကပ္ပတိန်ဘခက်က ကမန်းကတန်း မေးလိုက်မိပါသည်။

'အန်တီတင်မျိုးဆွေ ဒီနေ့မနက်ပဲမော်လမြိုင်ကို ပြန်သွား
ပါပြီရှင်'

*

## အခန်း (၉)

မော်လမြိုင်ကို ပြန်သွားပြီတဲ့....

ပြည်တော်သွန့်သင်္ဘောကလည်း မနေ့ကထွက်သည်။ လေ ယာဉ်ပျံလည်းရှိသည်။ ရန်ကုန်မှတစ်ဆင့် မော်လမြိုင်သို့ ပြန် နိုင်သည်။

ကုန်းလမ်းကဆိုလျှင် ကင်းမော်ဘက်မှ မော်တော်နှင့်ဖြတ် ၍ တောင်ညို–တောင်ကူတ်ရိုးမကိုကျော်ပြီး မော်တော်ကား လမ်း ရှိသည်။

ပြည်မှတစ်ဆင့် ရန်ကုန်၊ မော်လမြိုင် သွားနိုင်သည်။ မည်သည့်လမ်းက ပြန်သွားသည်ကို မည်သူမျှ မသိလိုက်။

လူသားတစ်စုသည် သူမကိုအကြောင်းအမျိုးမျိုးနှင့် တွေ့ လိုကြသည်။

မျိုးခက်က မိခင်နှင့်တွေ့၍ ...

သူ့ဖခင်အကြောင်းကို သိချင်သည်။





ကပ္ပတိန်ဘခက်ကလည်း သိပ်တွေ့ချင်နေသည်။ တွေ့ချင်သည့် အကြောင်းကလည်း သူကိုယ်နှိုက်ကလွဲ၍ မည်သူမှမသိသေး။

ဦးစောဒီ တွေ့လိုသည်က တစ်မျိုး။

နုနုချွတ်ကလည်း မမတင်မျိုးဆွေကို တွေ့လိုသေးသည်။

ဘဝနာမလေးသည် မည်သို့ ပြေးလေသည် မသိ။

မျိုးခက်၏စိတ်ထဲတွင် မိခင်အတွက် ရတက်မအေးဖြစ်နေသည်။

ယခင်က စိမ်းစိမ်းကားကား နေခဲ့သလောက် သူ့ထံသို့ တကူးတကလိုက်လာသော မိခင်၏ သံယောဇဉ်နှင့် မေတ္တာကို လေးစားညှာတာလာမိသည်။

ဦးစောဒီသည် သူမမိခင်ကို လက်ထပ်ဖို့ အခွင့်တောင်းခဲ့သည်။

သည်တစ်သက်တာတွင် အိမ်ထောင်မပြုတော့ပါဟု သူ့မိခင်က သူ၏ မမြင်ရသေးသော ဖခင်အပေါ်တွင် သစ္စာရှိခဲ့ပါသည်။

သစ္စာမရှိခဲ့သည်မှာ သူ့ဖခင်။

သူကကော နှစ်ချစ်အပေါ် သစ္စာရှိပါရဲ့လား။

သူဖခင်နှင့်သူသည် သစ္စာမရှိသော ယောကျ်ားတွေများလား။ မဟုတ်နိုင်။

သူ မှာရှိသော ... မော်တော်အင်ဂျင်မှ အရေးကြီးသော ... သူ့ဖခင်ထံမှ မျိုးဆက်ပါလာသော ... ခဲ့ပါသွားသည်။ တွေ့ ဖြစ်ချင်ဖြစ်ပေလိမ့်မည်။

မျိုးခက်သည် ပက်လက်လှန်ရင်း စဉ်းစားနေသည်။

သူ့အပေါ်တွင် မျက်နှာကြက် ရှိသည်။

အချိန်က နံနက်။

ကားရုံ၏ တံခါးမကြီး ဖွင့်သံကြားရသည်။

'ဟော့ကောင် ငမန်းလေး၊ မင်းကိုယ်မင်း သူဌေးသား အောက်မေ့လို့ ဇိမ်ခံ အိပ်နေရတာလား၊ ထ....မော်တော်ကားတွေ ရေဆေးရမယ်'

အံမယ်....

ကြီးကြီးကျယ်ကျယ်။

ဘယ်သတ္တဝါကများ စောစောစီးစီး ထပြီး သူ့ကို အမိန့်ပေးနေသည် မသိ။

ခေါင်းထောင်ကြည့်လိုက်မိပါသည်။

အထပ်ခိုး ဝရန်တာကြားက သူ့ကို တွေ့ရသည်။

'ဆင်နု'

ခွေးမသားကြီး ဆင်နုက သူ့ကိုအမိန့်တွေဘာတွေပေးလို့ပါလား။

သွားစမ်းပါ။

သည်လိုလာကျောလို့ ဘယ်ရမလဲ။

ငမန်းကလေးက မထ။ ဇိမ်ကျကျ [illegible]က်နှပ်သည်။

'ဒုန်း....ဒုန်း....ဒုန်း၊ ဟော့[illegible] ငမန်းလေး၊ ခေါ်နေ[illegible] မပြားဘူးလား....ကွ....မပေ[illegible]'

ကားရုံဘေးကို ခြေထောက်ဖြင့် ဆောင့်ကန်ရင်း အော်သည်။





သေအောင်ခအော်။

သူ မထ။

ဟို....အကောင် ဆင်နုမှ ဆင်ကြမ်းဖြစ်လာသည်။

ကားရုံအပေါ်ကို တစ်လှမ်းချင်း တက်လာသည်။

ငမန်းလေး ပက်လက်လှန်လိုက်သည်။

လက်နှစ်ဖက်ကို နောက်ပစ်ထားသည်။

ခြေကားထားသည်။

ခြေဖဝါးကြီးနှစ်ဖက်က ထောင်နေသလို ခုနစ်လက်မခန့်[illegible]ည်သော ဝင်းပြောင်နေသည့် သူ၏ ပေါက်မားမြှောင်ကို[illegible]ဘေးတွင် ထောင်၍ စိုက်ထားသည်။

ဆင်နုသည် ဆင်ထီးယဉ်သာတစ်ကောင်လို ညင်သာစွာ[illegible]လျှောက်လာသည်။

သူ့ခြေရင်းတွင် ညင်သာစွာရပ်သည်။

ဘေးတွင် စိုက်ထားသော ပေါက်မားမြှောင်ကို အသာ[illegible]ကလေး ကုန်း၍နုတ်သည်။

ခါးထောက် ခြေကားပြီး ရပ်သည်။

'ဟိတ်ကောင်၊ ဒီအိမ်မှာ ဒီအပေါက်မျိုးချိုးလို့ မရဘူး၊ [illegible]ထစမ်း....မော်တော်ကားတွေ ရေဆေးစမ်း'

ငမန်းလေး မျက်စိပွင့်ကြည့်သည်။

'သွားစမ်းပါ၊ အို[illegible]'

[illegible] မော်တော်အင်ဂျင်မှ အရေးကြီးသော [illegible]

ငမန်းလေးက [illegible] အိပ်ချင်မူးတူးနှင့်ပြော၍ ပက်လက်အိပ်နေ[illegible]ရာမှ ဆတ်ခနဲ မှောက်လိုက်သည်။

ဆင်နု၏ ခြေနှစ်ချောင်းကြားတွင် သွင်းထားသော ...
ခြေထောက်နှစ်ချောင်းက ဆင်နု၏ ခြေကို ဆတ်ခနဲ ကန့်လ...
ချိုးလိုက်သလို ဖြစ်သွားပြီး ဆင်နု လွင့်စဉ်သွားသည်။

'ဝုန်း'

ကျွမ်းတစ်ပတ်လည်၍ ပစ်ကျသွားသည်။ဆင်နု တဇောက်...
ကန်း လုပ်တော့သည်။

'ခွေးမသားလေး သေပေတော့'

'ရှိုး....'

'ဖောက်'

ပေါက်ဓားနှင့် သူ့ထံကို ပစ်လွှတ်လိုက်သည်။

ငမန်းလေးက အေးအေးဆေးဆေးခေါင်းအုံးနှင့် ခံလိုက်...
၏။ ဓားသွားက သူ့ကိုမထိ။

'ဟေ့ကောင် သောက်ပေါကြီး၊ ဒီတစ်ခါ ငါ့အလှည့်'

'ရှိုး'

'ဒုတ်'

သားရေဂျာကင် ဝတ်ထားသော ဆင်နုသည် နံရံတွင်...
ကပ်လျက်သား ဖြစ်နေသည်။

ဓားသွားက သူ့လည်ပင်းသား အနားမှ ဖြတ်၍ ဂျာကင်...
အင်္ကျီ ဖောက်ပြီး ပျဉ်းကတိုးသား နံရံထဲတွင် စိုက်ဝင်သွား...
ခြင်းပင်။

[illegible] ပြင် ဓားကို အတင်း...
[illegible]

ကားရုံဘေးကို ခြေထောက်ဖြင့် ဆောင့်ကန်ရင်း အော...
သည်။





သားရေဂျာကင်ကလည်း တစ်ထောင်နီးပါး ပေးဝယ်
ထားရသည်ဆိုတော့ အစုတ်မခံနိုင်။

'အေး....ကရိမ်းနဲ့ဆွဲဖြုတ်ကွာ၊ ဒီမှာ တစ်လက် ရှိသေး
တယ်'

ငမန်းလေးက နောက်ထပ် ဓားတစ်လက်ကို ဓားအိမ်မှ
အေးအေးဆေးဆေး နှုတ်သည်။နောက် ခေါင်းအုံးကိုအပေါ်
သို့ မြှောက်တင်လိုက်ပြီး ဓားဖြင့် မွှေ့လိုက်သည်။

'ရှဲ....ရှဲ....ရှဲ....ရှဲ'

မှို့တွေ ဖွေးဖွေးဖြူသွားသည်။

သူ့တစ်ကိုယ်လုံး ခေါင်းအုံးထဲမှ မှို့တွေထဲတွင် ပျောက်
သွားသည်။

မှို့စကလေးတွေသည် လေဟုန်စီး၍ အောက်သို့ ကဖြည်း
ဖြည်း ကျသွား၏။

သူ့လက်ထဲတွင် ဓားမရှိတော့။

ဆင်နု ဖျားသွားပြီ။

'ဟေ့ကောင် ဆင်နု'

'ဟေ....'

'ဒီအိမ်ကြီးမှာ ငါ့ကို ခိုင်းနိုင်တဲ့လူဟာ နှစ်ယောက်ပဲ ရှိ
တယ်၊ အဲဒီနှစ်ယောက်ဟာ ဦးစောဒီနဲ့ စိုးနက်ပဲ၊ နားလည်
လား'

[illegible] ထဲတွင် မော်တော်အင်ဂျင်မှ အရေးကြီးသော
ငမန်းလေးက အပျော်ချင်မှုးတူးနှင့်ပြော၍ [illegible] သွားသည်။
...မှ ဆတ်ခနဲ မှောက်လိုက်သည်။ [illegible] ပက်လက်အိပ်နေ

မားကို အသာကလေး ဆွဲနုတ်၍ ဆင်နု မျက်နှာကို ပတ်ဖြ
သည်။

ဆင်နု နံရံကို ကျောဖြင့် အတင်းကပ်ရင်း နှာခေါင်းနား
သို့ ရောက်လာသော မားသွားကို အလန့်တကြား မျက်လုံး
ကြီး ပြူးပြီး ကြည့်နေသည်။

'ဒီမားဟာ သိပ်ထက်တယ် ဆင်နု၊ ကြည့်....'

'ရှီ....ရှီ....'

ဆင်နု၏ သားရေ ဂျာကင်မှ ပခုံးဒေါက်နှစ်ဖက် ပြတ်
ကျသွားသည်။

'သွား....အောက်ကို ဆင်း၊ နောက် ငါ့ကို အိပ်ရေးပျက်
အောင် မလုပ်နဲ့'

ဆင်နုသည် အထပ်ခိုးပေါ်မှ တရကြမ်း ပြေးဆင်းသွား
သည်။

အောက်ဆုံးထစ်တွင် ခြေလိမ်၍ ချော်ကျပြီး မှောက်
လျက် လဲသည်။

သူ့ မျက်နှာရှေ့တွင် ထဘီ။

ဟိုက်ဟီး ခွာမြင့်ဖိနပ် အနီ။

သူ မော့ကြည့်လိုက်သည်။

ခင်စန္ဒီ။

နုတ်သည်။

မရ။





သူမသည် ဆင်နုနှင့် ကိုမျိုးခက်တို့ ရန်ဖြစ်ကြသည်ကို
အခုံး မြင်လိုက် ကြားလိုက်ပြီး ဖြစ်သည်။

သူ့ ချစ်သူကလေးက....

သတ္တိလည်း ရှိသည်။

အိမ်ကြီးမဟာတွင် စွာစွာ စွာစွာ လုပ်နေကြသော
လပ်တို့ အုပ်စုကို အပြတ် နှိပ်ပစ်နေသည်။

ကြိုက်သည်။

'ကို....ဆင်....နု'

ဗျာ....အစ်မလေး'

'ထပါ၊ ကျွန်မ ဖိနပ်မှာ ရေမွှေးဆွတ်မထားပါဘူး ရှင်'

ဆင်နု ကမန်းကတန်းထရပ်ပြီး တစ်ကြိုးတည်း လစ်တော့
သည်။

မျိုးခက်သည် ဝရန်တာပေါ်တွင် လက်ဖြင့်ထောက်ရင်း
င်စန္ဒီကို အပြုံးကလေးတစ်ခု ပေးလိုက်သည်။

ခင်စန္ဒီ ထိုအပြုံးကို ရသည်။

သူမ၏ နှလုံးသား ကြားထဲတွင် သိမ်းထားလိုက်ပါသည်။

မျိုးခက်သည် ကားရုံအထက်ရှိ အထပ်ခိုးပေါ်မှ ဆင်း
လာခဲ့သည်။

'ကိုဆင်နု ဘာလာလုပ်တာလဲ'

'ရန်လာစတာပါ၊ ကိုယ် [illegible] ကိုက်မဟုတ်လား၊ သူ ဗလ
ကိုးနဲ့ ကိုယ် [illegible]

[illegible]....မေး၊ နားလည်ပါပြီကွာ'

သူ ထလာပါသည်။

'တူညီသော တုံ့ပြန်မှုကလေးတွေကို အားလုံးအပေ
မှာ ထားနိုင်ရဲ့လား ကိုမျိုးခက်....ဟင်'

ခင်စန္ဒီ၏ မေးခွန်းကို မျိုးခက် ရိပ်စားမိသည်။

ဘာကြောင့် မေးသည်ကိုလည်း သိသည်။

'အင်းပေါ့၊ ထားနိုင်ရမှာပေါ့၊ ဒါဟာ ကိုယ့်ရဲ့ ပင်
စိတ်ထားပဲ'

သူ့အသံက အနည်းငယ် လေးနေသည်။ သက်ပြင်းမ
ကလေး တစ်ရှိုက်ကို မသိမသာ ရှိုက်လိုက်သည်။ ခင်စန္ဒီသိ
သည်။

'ကားလာထုတ်တာလား'

'မဟုတ်ဘူး ကိုမျိုးခက်၊ ကိုမျိုးခက်ကိုမေးစရာရှိလို့ ဖေဖေ
တို့ မနိုးခင် စောစောစီးစီး ထလာတာ'

'ဘာမေးချင်လို့လဲ ဒီဒီ'

'ဩော်....ဒီဒီတို့ အိမ်ကြီးမဟာကို ကိုမျိုးခက် ရောက်လ
တာ ဘယ်လိုရည်ရွယ်ချက်မျိုးလဲဆိုတာ မေးမလို့၊ တက
ဆိုတော့ ကိုမျိုးခက် ဒီကိုရောက်လာပြီး ဖေဖေ့ဆီမှာ အလ
လုပ်လိမ့်မယ်လို့ ဒီဒီ မမျှော်လင့်ခဲ့ဘူး'

'လောကကြီးမှာ မျှော်လင့်တာတွေဖြစ်မလာသလို မမျှ
လင့်တာတွေလဲ ဖြစ်တတ်တာပဲ မဟုတ်လား ဒီဒီ၊ ထမင်းတ
... အလုပ်ဆိုရင် ကိုယ် ဘ
အလုပ်မဆို မလုပ်ရဲတာ မရှိပါဘူး၊ ကိုယ်ဟာ...
ပဲ၊ ဒါပေမယ့် မမျှော်လင့်ရဲတာတွေနဲ့သာ....'





သူ စကားပြတ်သွားသည်။
ကွန်ကရစ် ကြမ်းပြင်ကို ငုံ့ကြည့်နေသည်။

'ဘာကို မမျှော်လင့်ရဲတာလဲဟင်'

'သိလျက်သားနဲ့'

'ဒါကို မပြောပါနဲ့လို့ ဆိုနေ'

'ပြောရမယ်၊ လောကကြီးဟာ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲ
လို ကြံဖန်ပြီး သူဌေးသမီးနဲ့ဆင်းရဲသား ပေးစားလို့မလွယ်
ဘူး၊ ကဲ....ကိုယ်မေးမယ်'

'မေး....'

'ဒီဒီ့ အဖေက ဒီဒီနဲ့ကိုယ့်ကို ပေးစားမလား'

'ဝေးပါသေးရဲ့'

'ဒီဒီ ကိုယ့်ကို တကယ်ချစ်သလား'

'မေးနေရသေးလား၊ မေးဖို့ကော လိုသေးလား၊ ဒီဘဝ
ကို ရောက်မှတော့....'

'မေးရမှာပေါ့၊ ဒီဘဝ ရောက်လို့ ချစ်တာလား၊ ချစ်လို့
ဘဝကို ရောက်တာလား'

'ကိုမျိုးခက်ရယ်....ဒီဒီ ဘယ်လိုဖြေရမှာလဲဟယ်၊ တော်ပါ
တော့၊ မမေးပါနဲ့တော့'

ခင်စန္ဒီ မျက်နှာကလေးက ညှိုးငယ်သွားရှာသည်။
သည်တော့လည်း သနားမိသည်။ နှမချင်း စာနာမိသည်။

'ဒါပေမယ့် ဒီဒီ သိထားဖို့က ကိုယ်ဟာ ယောကျ်ား တစ်
... သူလို
ယောကျ်ား...
ကို သူသိရမယ်၊ မှားမှားမှန်မှန် တာဝန်ယူရဲရမယ်'

'ဒါဖြင့် ဒီဒီ ကိုလဲ တာဝန်အရ ဆိုပါတော့'

သူမအသံက ဆွေးဆွေးမြည့်မြည့်လေး ဖြစ်သည်။ ရင်နာသံကလေး ဖြစ်သည်။

မျိုးခက် ဘာဖြေရမှန်း မသိချေ။

'ဟင်....ကိုမျိုးခက်၊ ဒီဒီမေးတာ ဖြေပါဦး'

မျိုးခက် ပြုံးဖြလိုက်သည်။

သူမ ပခုံးကလေးကို ညင်သာစွာကိုင်၍ နဖူးပြင်က...
ကို မွှေးလိုက်သည်။

'ဒီဒီ သွားတော့နော်၊ တခြားလူတွေ သိသွားရင် ကို...
အလုပ်ပြုတ်လိမ့်မယ်၊ အလုပ်ပြုတ်ရင် ဒီဒီနဲ့ ဝေးတဲ့နေရာ...
ရောက်သွားလိမ့်မယ်၊ ကိုယ်လဲ ဒီဒီနဲ့ အေးအေးဆေး...
စကားပြောချင်ပါသေးတယ်၊ တစ်နေ့ကျရင် ဟိုကိုသွားလ...
ရအောင်'

'ဘယ်ကိုလဲ ဟင်'

'ကျွန်းနံ့သာ၊ အဲဒီကို ဒီဒီရောက်ဖူးတယ် မဟုတ်လာ...

'အင်း....ရောက်ဖူးတယ်၊ ဖေဖေနဲ့အတူ တစ်ခေါက်ရော...
ဖူးတယ်၊ သိပ်သာယာတာပဲ'

'အဲဒီကျွန်းမှာ ဘာတွေရှိသလဲ ဟင်'

မျိုးခက်က ခင်စန္ဒီ၏ ပခုံးလေးကိုကိုင်၍ မေးလိုက်သ...
ခင်စန္ဒီ၏ ရှေ့ပိုင်းလေးတွေက သူ့ရင်ဘတ်ကို ထိကပ်...
သည်။ နဖူးချင်းကပ်သွားသည်။ ထိုစဉ်မှာပင် မျိုးခက်နား...

[illegible]

ခြေသံ။





'ဖြန်း....'

ပါးရိုက်သံနှင့်အတူ မျိုးခက် ယိုင်သွားသည်။ မျိုးခက်၏ ပါးတစ်ဖက်လည်း နီသွားသည်။

'ကျွန်....ကျွန်တော် အခုပဲ ကားတွေကို ရေဆေးလိုက်ပါ့မယ်၊ အမယ်လေး....ဟို....ဟို....ကျွန်တော် မြန်မြန်ပြောမိတာကို တောင်း....တောင်းပန်ပါတယ် ခင်ဗျာ'

ဒီဒီ ကြောင်သွားပါသည်။

နောက်ကို လှည့်ကြည့်လိုက်တော့ ကိုစိုးန...

သူမလက်က ခါးနှစ်ဖက်ကို ထောက်လိုက်သည်။

'ဘာဖြစ်တာလဲ ခင်စန္ဒီ'

'ဒီ....ဒီလိုပါ ကိုစိုးနက်၊ ဒီအစ်မလေးက ကားတွေကို ရေဆေးခိုင်းတာကို ကျွန်တော်က မြန်မြန်...မိလို့ပါ'

ခင်စန္ဒီထက်ဦးအောင် မျိုးခက်က ဖြေလိုက်သည်။

ခင်စန္ဒီသည် ကားရုံအတွင်းမှ ခပ်တင်းတင်း ထွက်သွားသည်။

စိုးနက် သိပ်မကျေနပ်သွားမိသည်။

'အေး....ကားတွေ ရေဆေးပြီးရင် အိမ်ကြီးပေါ်က ဆရာကြီးအခန်းကို လာခဲ့'

'ဟုတ်ကဲ့'

မျိုးခက်၏ အကြံအဖန်ကလေးက သဘာဝကျစွာ ပြီးဆုံးသွားသည်။

[illegible]သည်။

ဆင်နုသည် သူကျော့လွှတ်လိုက်သည်ကို ကျေနပ်လေမည် မဟုတ်။ သူ့ဆရာစိုးနက်ကို သံတော်ဦးတင်လေမည်။ စိုးနက် ဒေါပွသွားမည်။ သူရှိနေရာ ကားရုံသို့ လျှောက်လာသော ခြေသံကို ကြားရကတည်းက စိုးနက်မှန်း သိသည်။

ပြီးတော့....

သူနှင့် ခင်စန္ဒီတို့ ပတ်သက်နေမှန်း အိမ်ကြီးမဟာမှလူတွေ မသိစေချင်။

ခင်စန္ဒီနှင့်ပတ်သက်မိခြင်းကို ဦးစောဒီနားသို့ပေါက်ကြား သွားခဲ့လျှင် သူ့ရည်ရွယ်ချက်တွေ ပျက်စီးသွားနိုင်သည်။

စိုးနက် ကျေနပ်စွာ ထွက်သွားသည်။

ခင်စန္ဒီသည် အစိုးရိမ်ကလေးတစ်ရိပ်နှင့် မလှမ်းမကမ်းရှိ နှင်းဆီရုံဘေးမှ ရပ်ကြည့်နေသည်။

စိုးနက်သည် ကားရုံထဲမှ ထွက်အလာတွင် ခင်စန္ဒီကို မြင် ရသဖြင့်သူ့ခန္ဓာကိုယ်အနေအထားကိုဝင့်ကြွားပစ်လိုက်သည်။

ရင်ကော့သည်။

ခေါင်းမော့သည်။

လက်နှစ်ဖက်ကို မသိမသာကား၍ ခင်စန္ဒီထံပါး ကပ်သွား သည်။

'ဟိုကောင်က ဒီဒီခိုင်းတာကို မလုပ်ဘူးလား'

'ပြန်ပြောလို့ပါ'

'ကောင်းတယ်၊ ဒီကောင်ကို အဲသလိုဆော်ပေးမှ၊ နည်း [illegible] ပြန်ပြောရင် ကိုစိုး နက်ကို လာပြောလှည့်နော်၊ ကိုစိုးနက် ဆုံးမလိုက်မယ်





ခင်စန္ဒီ နည်းနည်း ရယ်ချင်မိသည်။ မရယ်။

အဲ....နည်းနည်းတော့ ပြုံးမိသည်။

စိုးနက်က ထိုအပြုံးကလေးပြုံးသော အပျိုမလေး၏ တစ် ယ်လုံးကို အစုန်အဆန်လှစ်ခနဲကြည့်ပစ်လိုက်ပြီး သက်ပြင်း ည်။

မချန့် ကိုစိုးနက်။

ရှင်ချတဲ့ သက်ပြင်းက နောက်ကျသွားပြီ။

'ကောင်းပါပြီ ကိုစိုးနက်၊ ကျေးဇူးတင်ပါတယ်ရှင်'

သူ့မျက်လုံးထဲမှ ရွှေပိုင်းကလေး ပျောက်သွားသည်။

အသံလွင်လွင်ကလေး ထွက်လာပြီး ကောင်မလေး ထွက် ားသည်။

နောက်ပိုင်းကလေးကို မြင်ရ၏။ ငြိမ့်ငြိမ့်အိအိကလေး။

ခါးကလေးက သေးသည်။

လက်တစ်လုံးစာလောက် ဟနေသည်။

ထဘီနှင့် အင်္ကျီက လက်တစ်လုံးစာလောက် အကွဲကြား လေးဖြစ်နေပြီး ခါးသားဖွေးဝင်းဝင်းကလေး အင်ထွက်နေ ည်ကို မြင်ရသည်။

ရင်ဝမှ ဆို့တက်လာသောဘံတွေးကို စိုးနက် မျိုလိုက် ည်။

ခင်စန္ဒီသည် အိမ်ကြီးမဟာ၏ဆင်ဝင်အောက်သို့အရောက် တွင် ကျောက်လှေကားထစ်ကို [illegible] ...ညှိုကြည့်လိုက်သည်။

နိုင်တီး ဒီဂရီ။

ကိုယ်လေး တွန့်လိမ်သွားသလို....

တွန့်လိမ်ကောက်ကွေးရင်း ပြေးလာသော လေသရ
ကလေးတစ်ပွေက ခင်စန္ဒီကို ဝင်မွှေ့သွားသည်။

နဖူးပြင်မှိုမှိုအိအိကလေးပေါ်တွင်တင်နေသော ဆံယဉ်
ကလေး လန်တက်သွားသည်။

ထဘီကလေး လှုပ်သွားသည်။

ပါးကလေးနှစ်ခုက မို့မို့အိအိကလေး။

မဟာတဟန္နုတ်ခမ်းလေးက ရွှရွှနီနီကလေး။

မျဉ်းကလေးတွေက အလဲဗင်းဒေးအပြာနုရောင်ဝမ်းဆ
ပေါ်တွင် ဖြစ်ပေါ်နေသည်။

မျဉ်းဝိုင်း၊ မျဉ်းမောက်

မျဉ်းကောက်၊ မျဉ်းကွေး

မျဉ်းချိုင့်၊ မျဉ်းဟ၊ မျဉ်းလန်

ကိုယ်ဟန်ပြမယ်လေးတစ်ယောက်သာ ဖြစ်ခဲ့လျှင် ပန်း
ဆရာလက်က စုတ်တံ လွတ်ကျသွားနိုင်သည်။

သည်အထိ မျဉ်းကောက်တွေများသော လိမ်ကောက်
သည့် ခပ်မောက်မောက်အပျိုမလေးသည် တစ်စက္ကန့်လော
ရပ်ပြီး အိမ်ကြီးမဟာထဲသို့ ဝင်သွားသည်။

စိုးနက်ရင်ထဲတွင် စက္ကန့်ပေါင်းများစွာလှုပ်ရှားနေဦးမည်

'ဟော'

ရှတ်တရက်မို့ စိုးနက် လန့်၍ ဟောလိုက်သည်။





'သူဌေးသမီးက ကိုစိုးနက်ကို တံခါးဝက ပြုံးပြီးရပ်ကြည့်
သွားတာ ကျွန်တော် မြင်လိုက်တယ်၊ ခင်ဗျားတို့က သမီး
ရည်းစားလားဗျ'

'အဟီး....'

စိုးနက် သွားဖြဲကြီးဖြင့် ပြုံးသွားသည်။

'ခင်ဗျား မချောလေးက သိပ်ပြောင်တာပဲ'

'ဘာပြောင်တာလဲ'

'လက်သံလေ'

'အေး၊ ငါလဲ ကြားလိုက်တယ်၊ မင်းက သူ့ကို ပြန်ပြော
တာကိုးကွ'

'ခင်ဗျားတို့နှစ်ယောက်က သိပ်အတွဲညီတာပဲ'

'အဟဲ'

'ကဲ....ဆရာကြီးဆီ သွားကြမယ်ဗျာ'

ကားရေဆေးခိုင်းထားသည်ကို စိုးနက် မေ့သွားသည်။

သူတို့သည် အိမ်ကြီးမဟာ၏ နောက်ဖေး လှေကားမှ
အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

မျိုးခက် အောက်သို့ ငုံ့ကြည့်လိုက်သည်။

ဆင်နှ... ထ...ပ်၊ တိုးကြီး၊ ခွေးရှည်၊ ကြာဖူးနှင့် အောင်
ကျော်စိန်တို့...သည် အစေခံ တန်းလျားရှေ့မှရပ်၍ သူတို့ကို
မော့ကြည့်နေကြသည်။

သူတို့မျက်နှာ...

'...ဘာ ဖြစ်နေကြတာလား ကိုစိုးနက်'

'အေး၊ တန်လျှားမဆံ့တော့လို့ မင်းကို ကားရုံပေါ်မှာ ထားတာ'

မဖြစ်နိုင်ပါ။

သူ့ကို ကားရုံအပေါ်ထပ်မှာ ခွဲခြား၍ ထားသည်မှာ အကြောင်းတစ်ခုရှိမည်။

သူတို့သည် ဦးစောဒီ၏ ပရိုက်ဗိတ် အလုပ်ခန်းထဲသို့ ရောက်သွားကြသည်။

ဦးစောဒီသည် ပိန်ပိန်ပါးပါး အရပ်ရှည်ရှည် အဘိုးကြီး တစ်ယောက်နှင့် ခေါင်းချင်းဆိုင်၍ စကားပြောနေသည်။

ဆေးတံကြီးကို ခဲထားသော ဆလုံကြီးသည် စိုးနက်နှင့် မျိုးဒက်ကို လှည့်ကြည့်သည်။ ပြီးတော့ မီးသေနေသော ဆေးအိုးထဲသို့ ဆေးတံသောက်ဆေးကိုထည့်၍ မီးညှိဖွာရှိုက်လိုက်သည်။

ဆေးတံသောက်ဆေး ဘူးကလေးသည် ဦးစောဒီ၏ ကျောက်စားပွဲပေါ်ရှိ မြေပုံကြီး တစ်ချပ်ပေါ်တွင် တင်ထားသည်။

'ငါ့အထင်ကိုပြောရရင် ဟောဒီ ဆေးတံသောက် ဆေးဘူးချထားတဲ့ နေရာတစ်ဝိုက်မှာလို့ပဲ ထင်တယ်'

'တော်တော့ ဆလုံကြီး'

ဦးစောဒီက လက်ကာပြလိုက်သည်။

[illegible] ကြောင်း ကြားနေပြီ၊ သူ့နားတွင် ဝါယာကြိုးကလေး ဆက်သွယ် [illegible] စတယ် နားကြပ်ရှိနေပေပြီ။





'ကဲ...စိုးနက်၊ မင်းရယ်၊ ငါရယ်၊ ငါ့မန်းလေးရယ် ပင်လယ်ကိုထွက်ကြမယ်၊ ဆလုံကြီးလဲ လိုက်လိမ့်မယ်'

'ပစ္စည်းတွေ အားလုံး ယူခဲ့ရမလား ဆရာကြီး'

ဦးစောဒီသည် စိုးနက်ကို ကြည့်လိုက်သည်။

သူ့အကြည့်က ကျောထဲတွင် စိမ့်တက်သွားလောက်အောင် စူးရှတောက်ပြောင်သည်။ မာကျော ခက်ထန်သည်။

'ဟို...ဟို...ပေါင်မုန့်တို့၊ အသားဘူးတို့၊ ပြီး...ပြီးတော့ ဆရာကြီးအတွက် အရက်...'

'စိုးနက်'

ဦးစောဒီအသံက မာကျော အေးစက်နေသည်။

စိုးနက်သည် ကျွားသစ်နံ့ရသော ခွေးလို ဖင်တရွတ်ဆွဲ မသွားသော်လည်း သိသာလောက်အောင် တုန်ယင်လှုပ်ရှား နေသည်။

ဘာတွေလဲ...

ဘာပစ္စည်းတွေလဲ။

ဆေးတံသောက် ဆေးဘူးချထားသော မြေပုံပေါ်တွင် ဘာတွေရှိသလဲ။

မေန်းလေး မသိ။

'ငမန်းလေး'

'ခင်ဗျာ...ဆရာကြီး'

'သွား [illegible] မပါဘူးဟာကို ခုတာဆင်ပြော့၊ စက်လဲ [illegible] ဆီတွေ စစ်ပြီး အဆင်သင့်လုပ်ထား၊ ငါတို့ အခုပဲလာခဲ့မယ်'

'ဟုတ်ကဲ့...ဆရာကြီး'

မျိုးခက်နှင့် ဆလုံကြီးသည် အကြည့်ချင်း ဆုံမိကြသည်။

မျိုးခက်၏ စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားလိုက်ရမိသည်။ ဘာရယ်လို့တော့ တိတိပပ မသိ။

မျိုးခက် ထွက်ခဲ့သည်။

နောက်ဖေးလှေကားမှ ဆင်းခဲ့သည်။

သူ့အခန်းသို့တက်၍ ပေါက်ဓားမြှောင်ကို ဂျင်းဘောင်းဘီ၏ အတွင်းပိုင်း ခြေသလုံးတွင် ချည်လိုက်ပါသည်။

ဆယ်ရေး တစ်ရေး။

ကိုးရေး တစ်ရာ။

ပြဿနာဆိုတာ မမျှော်လင့်ဘဲ ပေါ်ပေါက်လာတတ်သည် မဟုတ်ပါလား။

သူသွားမည့်နေရာက ပင်လယ်။

သူနှင့်သွားမည့်သူတွေက အန္တရာယ် ပေးနိုင်သည်။

မျိုးခက်သည် ဗိုလ်ကုန်းပေါ်မှ သံတွဲ ချောင်းစပ်သို့ ဆင်းခဲ့သည်။

သစ်ပင်ချုံနွယ်များ အုပ်ဆိုင်းပိတ်ဆို့နေသော ချောင်းကွေ့ကလေး အစပ်ရှိ ရေမကုက္ကိုပင်ကြီး၏ သစ်မြစ်ကြီးများကြားတွင် စပိဘုတ်ကလေးကို ကြိုးနှင့်ချည်ထားသည်။

ကုက္ကိုပင်ကြီး၏ အမြစ်များက အမယ်အိုး၏ လက်များလို [illegible]

သူသည် ကုက္ကိုပင်ကြီး၏ အမြစ်များပေါ် [illegible] စပိဘုတ်ပေါ်သို့ ခုန်တက်လိုက်သည်။ စက်ဆီ၊ ဓာတ်ဆီများကို စစ်ဆေး၍ စက်နှိုးလိုက်သည်။





စပိဘုတ်သံသဲ့သဲ့က သံတွဲချောင်းရိုးတစ်လျှောက် ပျံ့နှံ့သွားသည်။

မကြာမီ ဦးစောဒီ၊ စိုးနက်နှင့် ဆလုံကြီးဟု ခေါ်သော အတိုးကြီးတစ်ယောက် ချောင်းစပ်သို့ ဆင်းလာကြသည်။ ဘုတ်ပေါ်ကို တက်ကြသည်။

'မောင်းတော့'

မျိုးခက်သည် စပိဘုတ်ကို နောက်သို့ဆုတ်၍ ပတ်ကွေ့လိုက်ပြီး စက်ရှိန်ကို မြှင့်လိုက်သည်။

'ဝေါ....ဝေါ....ဝေါ....ဝေါ'

ဟိုင်းသည် ရေလွှာပြင်ပေါ်တွင် ဦးကလေးမော့ပြီး ပြေးထွက်လာသည်။ နောက်ပိုင်းတွင် ရေလှိုင်းဖြူကြီးတွေ ပွက်ပွက်ထ၍ ကျန်ခဲ့သည်။

ပင်လယ်ပြင်သို့ ရောက်သည်အထိ အားလုံး ငြိမ်သက်စွာ လိုက်ပါလာကြသည်။

'ဘယ်ကိုမောင်းရမလဲ ဆရာကြီး'

'လင်းရိုးမော်တောင်နဲ့ တည့်တည့်ကို မောင်း'

သူပြောသည့်အတိုင်း မောင်းခဲ့သည်။

'ဂျပန်ခေတ်တုန်းက အဲဒီ လင်းရိုးမော် တောင်ဝေါ်မှာ လေယာဉ်ပစ် အမြောက်ကြီးတွေ အများကြီး ဆင်ထားတာပေါ့ကွယ်၊ အင်္ဂလိပ် ကျွဲညီနောင် လေယာဉ်တွေ ရောက်လာပြီး အဲဒီတောင်ကို သဲသဲမဲမဲ [illegible]ကြဲကြတယ်'

'[illegible]ရောလား'

'မသေဘူး၊ ရယ်နေကြတယ်'

'ဘာဖြစ်လို့လဲ ဆလုံကြီးရဲ့'

'အဲဒီတောင်ပေါ်မှာဆင်ထားတဲ့ အမြောက်တွေက အတု တွေကွ၊ အစစ်တွေကို ဂေါ်၊ ပေလီ၊ မဇင်၊ ဇီးဖြူကုန်းက သစ်တုံးကတုတ်ကျင်းကြီးတွေထဲမှာ ပုံဖျက်ပြီး ချထားတာကိုး ကွ၊ ငါက လင်းရိုးမော် တောင်ပေါ်က အမြောက်အတုတွေ ဆင်တဲ့အထဲမှာ ပါလို့သိတာ၊ အဲဒီ အမြောက်အတုတွေ ဆင် တဲ့ အထဲမှာပါတဲ့ အလုပ်သမားတွေလဲ သေသွားကြတယ်'

ဘာလို့သေတာလဲဟု ဦးစောဒီက မမေးတော့။

ငမန်းလေးလည်း ရိပ်စားမိသည်။

'ခင်ဗျားကကော ဘာဖြစ်လို့ မသေတာလဲဆလုံကြီး'

'အကြောင်းရှိလို့ပေါ့'

ထိုအကြောင်းကို ဦးစောဒီ တစ်စွန်းတစ်စ သိထား သည်။

စပိဘုတ်ကလေးသည် မဇင်လေယာဉ်ကွင်းဘေးရှိ လင်း ရိုးမော်တောင်နှင့်တည့်တည့် နှစ်မိုင်လောက်အကွာတွင် ရပ် နားလိုက်သည်။ စက်ပိတ်လိုက်သည်။

လေငြိမ်သည်။

လှိုင်းငြိမ်သည်။

ရာသီဥတု ကောင်းသည်။

'ဒီနေရာလား ဆလုံကြီး'

'[illegible]ကောင်းက လင်းရိုးမော် တောင်ဟာ ဒီ ထက်အများကြီး မြင့်တာပ၊ [illegible]မှာ တောင်စွယ်တစ်ခုရှိတယ်၊ အခု အဲဒါတွေ မရှိတော့ဘူး'





'ဟုတ်တယ်၊ လေယာဉ် အဆင်းအတက်မှာ မလွတ်လို့ ကွင်းပြင်တုန်းက ဖြိုချလိုက်တယ် ဆလုံကြီး'

'အဲသလိုဆိုရင် ငါ နေရာကို မမှတ်မိတော့ဘူး'

'အသေအချာကြည့်ပါဦးလေ'

'ကြည့်တာပဲကွ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ့်ငါးနှစ် လောက်က ဟောဒီနားမှာ ကျွန်းကလေးတွေရှိတယ်၊ အခု မရှိတော့ဘူး'

ဟုတ်လေသည်။

ရေတိုက်စား၍ မြုပ်ကျ ပျောက်ပျက်သွားခြင်း ဖြစ်နိုင် သည်။

မျိုးခက်သည် သူတို့စကားတွေကို စိတ်မဝင်စားသလို မော်တော်စက်ကိုကလိနေ၏။ ခေါင်းကလေးတောင် မော်၍မကြည့်မိ။

စိုးနက်က ဦးစောဒီနားဝသို့ ကပ်၍ ခပ်တိုးတိုးပြော သည်။ ဦးစောဒီ ခေါင်းညိတ်လိုက်သည်။

'ငမန်းလေး'

'ခင်ဗျာ....ဆရာကြီး'

'မင်း ရေငုပ်နိုင်တယ် မဟုတ်လား'

'ဟုတ်ကဲ့'

ငမန်းလေးသည် ဂျွန်ဆင်အင်ဂျင်ကို ကလိနေရာမှ ထ လိုက်သည်။

[illegible] မော်တော်အင်ဂျင်မှ အရေးကြီးသော အစိတ်အပိုင်းကလေးတစ်ခု လှစ်ခနဲပါသွားသည်။

မည်သူမျှ မမြင်လိုက်။

'ကောင်းပြီ၊ ဒီနေရာမှာ ရေဘယ်လောက် နက်သလဲဆို တာ ငုပ်ကြည့်စမ်းကွာ'

'ဟုတ်ကဲ့ ခင်ဗျာ'

ဂျာကင်အင်္ကျီလေးကို ဖတ်ခနဲချွတ်၍ ရေထဲသို့ စွပ်ခနဲ ထိုးဆင်းသွားသည်။

ငမန်းလေး၏ လျှင်မြန်မှုက သုံးယောက်စလုံးကို အံ့အား သင့်သွားစေသည်။

အတွန့်အဆုတ် မရှိ။

တွေဝေစဉ်းစားခြင်း မရှိ။

ရေအောက်သို့ သူရောက်ရှိသွားသည်။

ပင်လယ်ရေ ကြည်ကြည်တွင် နေခြည်နုရောင်တွေ ထိုး ဖောက်ကျဆင်းနေသည်။ မျိုးခက်သည် အောက်သို့ ခေါင်း စိုက်၍ ဆင်းလာသည်။

ရေ၏အရောင်အသွေးက ရင့်လာသည်။

ရင့်လာလျှင် နက်သည်။

ရေနက်လာလျှင် ရေ၏ဖိနှိပ်အားကြောင့် နားတွေ အူ လာတတ်သည်။

နားထင်ကြောတွေ တင်းလာသည်။

ခန္ဓာကိုယ်တွင် ဖြစ်ပေါ်လာသော ခံစားမှုကိုလိုက်၍ မည် သည့် ရေအနက်သို့ ရောက်နေပြီကို မျိုးခက် ခန့်မှန်းနိုင်သည်။





သူသည် ရေနက်ပိုင်းသို့ ရောက်သည်နှင့် ခြေသလုံးမှ ဓားကို ဆွဲ နုတ်၍ အသင့်ကိုင်ထားသည်။

ရေအောက်တွင် လူကြောက်ရမည့် သတ္တဝါမှာ ငါးမန်း ဖြစ်သည်။

ငါးမန်းသည် ရေအောက်တွင် လှုပ်ရှားနေသော အရာ မှန်သမျှ အကုန်စားပစ်သည်။

ဗိုက်ထဲကို မျိုချသည်။

အုတ်နီခဲ။

ဖန်ပုလင်း။

တိုင်ကပ်နာရီပျက်တွေ ငါးမန်းတစ်ကောင်၏ ဗိုက်ထဲမှ တွေ့ရဖူးသည်။ ပင်လယ်ကူးသင်္ဘောမှပစ်ချသော အရာများ ကို မျိုချထားဟန်တူသည်။

ငါးမန်းသည် ရေအောက်တွင် လှုပ်လှုပ်ရှားရှားဖြစ်နေ သောအရာမှန်သမျှ၏ အသံလှိုင်း Sound Wave ကို သူ၏ အာရုံ Sences တွင် မျှားစွာမှ သိနိုင်ကြားနိုင်သည်။

မျိုးခက်သည် ရေအောက်တွင်ရောက်နေသော်လည်း သိပ် မပူလှ။

သူ့ကိုထားပစ်ခဲ့ပြီး ဦးစောဒီတို့ ထွက်မပြေးနိုင်အောင် စပီဘုတ်၏ အင်ဂျင်မှ အစိတ်အပိုင်းတစ်ခုကို ဖြုတ်ယူထား သည်။

လေးမိနစ်၊ ခြောက်မိနစ်။

ရှစ်မိနစ်၊ ဆယ်မိနစ်။

'ဒီအောင်လေးအတော်ငုပ်နိုင်သားပဲဟ၊ ငါက ပေါ့သေ
သေး ထင်နေတာ'

ဆလုံကြီးက ပြောပါသည်။

'ရေမာငူစကီးနဲ့ ခင်ဗျားတို့ ငုပ်တုန်းက ရေငုပ်ကိရိယာ
တွေ ပါသလား'

'အား...သူတို့ကတော့ ဝတ်တယ်၊ ငါကတော့ ရေငုပ်ဝတ်
စုံတွေ ကိုးရိုးကားရားနဲ့ မငုပ်တတ်လို့ ဒီအတိုင်းပဲ အလွတ်
ငုပ်တယ်ကွ'

ရေအောက်မှ ပလုံစီကလေးတွေ တက်လာသည်။

'ဗွမ်း'

ရေပေါ်သို့ ငမန်းလေး ပေါ်လာသည်။

စိုးနက်က လက်ကို ဆွဲ၍တင်ပေးသည်။

စပိဘုတ်ပေါ်ရောက်သည်နှင့် ဦးစောဒီက အလောတကြီး
မေးသည်။

'အောက်မှာ ဘာတွေတွေ့ခဲ့သလဲ ငမန်းလေး'

မေးခွန်းက တစ်မျိုး။

သူ့ကို မေးရမှာက ရေဘယ်လောက်နက်သလဲဟု မေးရ
ပေမည်။

'သံသေတ္တာကြီးတစ်လုံး'

'ဟေ...'

'မီးခံသေတ္တာကြီးဗျ၊ သံကြိုးတွေနဲ့တုပ်ပြီး ကျောက်
ဆောင်ကြားမှာ ချည်ထားတာ'





သုံးယောက်စလုံး မျက်လုံးများ ပြူးကျယ်သွားကြသည်။

'မှတ်စမ်း၊ မှတ်စမ်း၊ ဒီနေရာကို အသေအချာ မှတ်စမ်း
ကွ'

စိုးနက်သည် ဂျာကင်အင်္ကျီအိတ်ထဲမှ ခရီးလမ်းကြောင်း
သော သံလိုက်အိမ်မြှောင် Magnetic Compass ငယ်
လေးတစ်ခုကိုထုတ်၍ လင်းရိုးမော်နှင့် ချိန်လိုက်သည်။

'လေးဆယ့်ငါးဒီဂရီနဲ့ သုံးမိနစ်'

'ဘယ်ဘက်ကကမ်းခြေကို ပြန်ချိန်စမ်းကွာ၊ ဟောဟိုက
င်တော်ကျောက်ကို ချိန်စမ်း'

'တစ်ရာ့ရှစ်ဆယ်'

ဦးစောဒီသည် အိတ်ထဲမှ ပင်လယ်ကမ်းခြေမြေပုံကြီးကို
ထုတ်လိုက်ပြီး စပိဘုတ်ရပ်ထားသောနေရာကို ကြက်ခြေအမှတ်
သားပြု၍ မှတ်လိုက်သည်။

ဦးစောဒီ၏မျက်နှာက ပြုံးကြည်နေသည်။

'မင်းတော်တယ်ငမန်းလေး၊ မင်းကို ဘောက်ဆူးကောင်း
ကောင်း ပေးရမယ်၊ ဘယ့်နှယ်လဲ ဆလုံကြီး၊ ကျုပ်တပည့်
တော်ဘူးလား'

ဆလုံကြီးဦးပိန့်သည် ငမန်းလေးကို အံ့ဩသလို ကြည့်နေ
သည်။ ဘာမှမပြော။

ဦးစောဒီက ဝီစကီပုလင်းကိုဖောက်၍ ငမန်းလေးအား
သည်။

'ရော့...မြောက်လိုက်စမ်း ငါ့တပည့်၊ ဒီနေ့ဟာ တို့ရဲ့
င်ပွဲနေ့ပဲ'

သောက်ဆိုလည်း သောက်လိုက်တာပေါ့။

ကစ်ငုံငုံ၍ မျိုချလိုက်သည်။

'အဲဒီသေတ္တာကြီးကိုဆယ်ဖို့ လူဘယ်နှစ်ယောက်လေ
လိုမလဲ ငမန်းလေး'

'အဲဒါတော့ ကျွန်တော် အသေအချာမပြောနိုင်ဘူး
ကြိုးကြီးတွေကတော့ ဆင်ချည်တဲ့ ထူးကြိုးတွေလောက်
တယ်၊ ဒါပေမယ့် သံချေးတက်ပြီး ဆွေးနေပါပြီ'

'ငါကြည့်လိုက်ဦးမယ်ကွာ'

ဆလုံကြီးက ငမန်းလေး၏ စကားကို မယုံနိုင်သလို
ကိုယ်တိုင် ဆင်းငုပ်ချင်ဟန် တူသည်။

'ခင်ဗျားကို ဆင်းငုပ်ခိုင်းမလို့ပဲ ဆလုံကြီး၊ ပိုပြီးသေ
အောင်လို့'

ဆလုံကြီးသည် အဝတ်အစားများကိုချွတ်သည်။ နား
ကိုဖြုတ်သည်။ ပြီးတော့ ခါးတောင်းကိုမြှောင်အောင်က
ပြီး ရေထဲသို့ ထိုးဆင်းသွားပြန်သည်။

ငါးမိနစ်ခန့်အကြာတွင် ဆလုံကြီး ပြန်တက်လာသည်။

'ဘယ့်နှယ်လဲ ဆလုံကြီး'

ဆလုံကြီး ကြားဟန်မတူ။ ခေါင်းညိတ်၍ ပြောသည်။

'ဟုတ်တယ်၊ သံသေတ္တာအကြီးကြီးတစ်လုံးပဲ'

ဦးစောဒီ ပြုံးသွားသည်။

ငမန်းလေးသည် သူ့အပေါ်တွင် သစ္စာရှိခဲ့ပါကလား။





'ဒါပေမယ့် အဲဒီသေတ္တာကြီးကိုဆယ်နိုင်ဖို့ ကရိန်းပါတဲ့
မော်တော်ကြီးကြီး တစ်စင်းလောက်တော့ လိုမယ်ထင်တယ်
ဆရာကြီး'

ငမန်းလေးက ဝင်ပြောသည်။

'အေး၊ ငါ့မှာ ကရိန်းပါတဲ့ မော်တော်ရှိတယ်၊ စိုးနက်
မော်လမြိုင်က တိုင်းကျော်ကို ဒီကို အမြန်ဆုံးလွှတ်ပေးဖို့
ကြေးနန်းရိုက်လိုက်'

ဦးစောဒီက စိုးနက်ကို တစ်ဆက်တည်း အမိန့်ပေးလိုက်
သည်။

'ဟုတ်ကဲ့ဆရာကြီး'

'ကောင်းပြီ၊ဒီကိစ္စကို သိတဲ့လူဟာ ငါရယ်၊ စိုးနက်ရယ်၊
ငမန်းလေးရယ်၊ ဆလုံကြီးရယ် အားလုံး လေးယောက်ပဲ ရှိ
တယ်၊ 'ဒီအကြောင်းကို မင်းတို့ရဲ့ကိုယ်စောင့်နတ်ကိုတောင်
မသိစေနဲ့၊ ဒီသတင်း ပေါက်ကြားသွားမယ် ဆိုရင်တော့....'

ဦးစောဒီသည် အင်္ကျီအောက်မှ ပစ္စည်းတစ်ခုကို ဆွဲထုတ်
လိုက်သည်။

အပေါက်ကလေးပါသည်။

ကျည်ဆန် ထွက်တတ်သည်။

အဲသည် ကျည်ဆန်က လူသေနိုင်သည်။

*

## အခန်း (၁၀)

ပျံ့နေသည်။

အင်္ကျီနှင့် ဘောင်းဘီက နံ့သာရောင်အသပ်စတစ် ဝမ်း
ဆက်။

ပုံစံက ဂျင်း။

ဂျက်ကက်ကို ရင်ခွဲထားသည်။

တွင်တီဖိုးကာရက် ဆွဲကြိုးက ဟနေသော ရင်ဘတ်ပေါ် တွင် မျှင်မျှင်ကလေး လက်နေသည်။ အတွင်းခံက ဇာပေါက် ကလေးများ ပါသော 55%Spunrayon တီရှပ်။

ဂျင်းဂျက်ကက် အင်္ကျီလက်တွင် ပင်လယ်ကူး သင်္ဘော တံဆိပ် အဝိုင်းကလေးကို တပ်ထားသည်။

တပ်ထားသော မျက်မှန်က အီတာလီယို 77၊ မျက်နှာ အထက်ပိုင်း တစ်ခုလုံးကို လုံစွာ ဖုံးထားသည်။





သူသည် ညာလက်တွင်ပတ်ထားသော ဆီကိုကွတ်ဇ် နာရီ၏ ခလုတ်ကလေးကို နှိပ်လိုက်သည်။

လေးနာရီ ငါးမိနစ်။

ဂဏန်းလေးတွေက Dial ပေါ်တွင် ချက်ချင်းပေါ်လာသည်။

သူသည် **Nekon** အက်ဖ်စီတူးအေ ကင်မရာလေးကို လက်ကဆွဲရင်း သဲပြင်ပေါ်မှ ခပ်ဖြည်းဖြည်း လျှောက်လာ၏။

ကက်ဂလုပ်ဟိုက်ဟီး ခွာမြင့်ရှူးဖိနပ်ခြေရာက သဲပြင်ပေါ်မှာ ထင်ကျန်ရစ်ခဲ့သလို ဘဲဘော်တွန်ခြေပွ ဘောင်းဘီ၏ အနားသားများက သဲပြင်ကိုထိ၍ ရှပ်၍ဆွဲသွားသည်။

နီကြင်ကြင် ဆံပင်ကလေးတွေကို ဒေါက်တြိုးကြိုးချ၍ လုပစွာ လည်ကုပ်တစ်ဝိုက်တွင် ချထားသည်။

ဆံရှည် မဟုတ်။

ဂျင်မီကာတာလို ကြည့်ကောင်းရုံကလေး ဖြစ်သည်။

သူ့ကိုကြည့်ပါ။

အဝေးကပင် မြင်နိုင်ပါသည်။

သူ့နာမည်က မောင်မျိုးခက်။

တချို့ကလည်း မေန်းလေးဟု ခေါ်ကြသည်။

အရှင်မွေးတော့ နေ့ချင်းကြီး ဆိုသလို သူဌေးကြီး ဦးစောဒီက သူ၏ လုပ၍ အချိုးအဆက်ကျသော ယောက်ျား ပီသသည့် ခန္ဓာကိုယ်ကို အဆောင်အယောင် ပစ္စည်းပစ္စယတွေနှင့် တန်ဆာဆင်ပေးလိုက်သောအခါ ယခင်က မြင်ဖူးသူတွေပင် မမှတ်မိလောက်အောင် ထည်ဝါသွားသည်။

တချို့က ပေလီကို ရုပ်ရှင်လာရိုက်သည့် ဇာတ်လိုက်မင်
သားသစ်လားဟုပင် ထင်ကြသည်။

မဟုတ်ပါ။

သူ မင်းသားမဟုတ်ပါ။

ဘီလူးလည်း မဟုတ်ပါ။

လူသားတစ်ဦးသာ ဖြစ်ပါသည်။

လူသည် ဘာမှမပါလျှင် လူချင်းတူသည်။

ပါလာလျှင် မတူတော့။

သူဌေးသားက ဒတ်ဆန်း ဝမ်းတွမ်တီးဝိုင် ကားပါချင်ပါ
မည်။

သူတောင်းစားက ခွက်ပါသည်။

သူဌေးသမီးက ရှေ့တွင် အသီးတလေးတွေ ပါသော
နောက်ဆုံးပေါ် ဘာရာစီယာကိုရာကျော်ပေး၍ ဝတ်ထားသည်

ဆင်းရဲသားလုပ်သားကြီး ဦးငွေသီး၏ သမီးမှာ အသီး...
အဲ...ဘာမှမပါသောဘော်လီအင်္ကျီစုတ်တစ်ထည်ကို ညလျှော်
နေ့ဝတ်ပြီး ကြီးထွားလာသည့် ခန္ဓာကိုယ်ကို လုံခြုံအောင်
ဖုံးကွယ်ထားရသည်။

တစ်ဦးက ဖော်ချင်သည်။

တစ်ဦးက လုံချင်သည်။

မိန်းမသည် မိန်းမပင်ဖြစ်သော်လည်း ကွဲပြားခြားနား
သည်။

ဆင်းရဲသူနှင့် Grand Familia ကားစီးနိုင်သူက မတူနိုင်





ယောက်ျားသည် ယောက်ျားပင်ဖြစ်သော်လည်း ရေလုပ်
သားနှင့် လေလုပ်သား မတူ။

အရက်ရောင်းသူနှင့် ကျူရှင်ဆရာ။

တံငါသည်နှင့် ပိုင်းလော့။

မတူ...မတူ။

ဘယ်နည်းနှင့်မျှ မတူ။

လူသည် မအေ့ဝမ်းဗိုက်ထဲက ထွက်လာတာချင်းတူသည်။

မြေကြီးထဲသို့ ရောက်သွားသောအခါတွင် တူသည်။

ယခုလည်း....

ယခင်က မျိုးခက်နှင့် ယခုမျိုးခက် မတူ။

ယခင် ယခုလေးတွေက ခြားနားချက်လေးတွေ ရှိသည်။

သူသည် ကင်မရာလေးကို အပေါ်ရေကန်ဘက်သို့ ချိန်
လိုက်သည်။

ကင်မရာရှေ့တွင် ပြောင်းရှည်ကြီးတစ်ခု ရှိသည်။ နံပါတ်
တွေ ဂဏန်းတွေပါသော ဇွန်းမ် Zoom ခေါ်သည့် အဝေး
ရိုက် မှန်ဘီလူးဖြစ်သည်။

မှန်ဘီလူးကိုလှည့်၍ အပေါ်ရေကန်းကို သူ့ အနားသို့
ရောက်အောင် ဆွဲယူလိုက်ပြီး ရိုက်ထည့်လိုက်သည်။

ထိုကျွန်းတွင် ချစ်ချစ်နေသည်။

သူ့ချစ်ချစ်ကလေး နေသည်။

ချစ်ချစ်ကလေးကို ဓာတ်ပုံမရိုက်နိုင်သော်လည်း ချစ်ချစ်
နေသည့် ပင်လယ်ကမ်းစပ်က ကျွန်းကလေးကိုတော့ အမှတ်
တရ ရိုက်ယူလိုက်ပါသည်။

ဘိုက်ကြီးသည် ပိုက်ကြီးကိုထမ်းလျက် ပင်လယ်ကမ်းစပ်မှ မြပြင်ရွာသို့ ပြန်အလာ....

သူ့စိတ်ထဲမှာ ခန့်ညားထည်ဝါလွန်းနေသော ငမန်းလေးကို တွေ့တော့ ငမန်းလေးဟု မထင်။

'ဗျို့....ကိုဘိုက်ကြီး'

'ခင်ဗျာ'

'ဘာဖြစ်နေတာလဲဗျ၊ ခါတိုင်းလို ပောလို့ ထူးစမ်းပါ'

'ခင်....ခင်ဗျားက ကျုပ်ကို သိလို့လားဗျ'

'ဟာ....သေတော့မှာပဲ၊ ကျွန်တော် ခင်ဗျားတို့နဲ့အတူတူ မျှင်ပိုက်ချနေတဲ့ ငမန်းလေးလေ၊ ဘာလဲ အဝတ်အစားတွေကို ချွတ်ပြီး ပြရဦးမလား'

ဘိုက်ကြီး မျက်လုံးပြူးသွားသည်။

လူတွေသည် အတော်ခက်သည်။

တောက်တောက်ပြောင်ပြောင် ခန့်ခန့်ညားညား ဝတ်စားထားလျှင် တစ်မျိုး၊ စုတ်ပဲ့ညစ်ထေးနေလျှင် တစ်မျိုး။

'ဟော့ကောင်....ငမန်းလေး၊ မင်းဘယ်လို ဖြစ်လာတာလဲ'

'ဘယ်လိုမှ မဖြစ်ဘူး၊ ဖြစ်နေတာက ခင်ဗျား'

'သားနားလှချည်လားဗျ'

'ဒါတွေက အရောင်တင်ဆီတွေ သုတ်ထားတာပါ၊ ငမန်းလေးဟာ ငမန်းလေးပါပဲ၊ ကဲ....ကျွန်တော် သွားဦးမယ်၊ တဲမှာ အဘဦးနန္ဒ ရှိသလား'

'မနက်က ဂေါ့ကို သွားတာ တွေ့လိုက်ပါတယ်ဗျာ'





'သွားမယ်ဗျာ၊ ခင်ဗျားနဲ့ စကားပြောရတာ တစ်မျိုးကြီးပဲ'

ဟုတ်သည်။

တစ်မျိုးကြီး။

ခါတိုင်းလို လှိုက်လှိုက်လှဲလှဲ ရင်းရင်းနှီးနှီး မရှိ။

ရိုသေ သလိုလို။

ကြောက်နေသလိုလို။

ဟို....ခပ်ဝေးဝေးဆီက ဒီရေအကျတွင် ကုန်းခွံ၊ မာခွံ၊ ခရုခွံကလေးတွေကို တောင်းစုတ်ကလေး တစ်လုံးနှင့် လိုက်၍ကောက်နေသော အမယ်အိုတစ်ယောက် လျှောက်လာနေသည်။

ထိုခရုခွံ လှလှကလေးတွေကို ပုတီးလုပ်၍ ငပလီကို အပန်းဖြေ လာကြသော ဧည့်သည်များကို ရောင်းစားရသည်။

'ဘွားဖြူနု'

ဘွားဖြူနုသည် သူ့ကို ထိတ်လန့်တကြား မော့ကြည့်သည်။

'မောင်....မောင်ရင်လေးက ဘယ်သူလဲကွယ့်၊ မြို့ကလာတဲ့ ဧည့်သည်လား၊ အဘွားကို သိသလား'

'ကျွန်တော် ငမန်းလေးပါ ဘွားဖြူနု'

'ဩော်....ဩော်'

အဘွားကြီးက သူ့ကိုစိုးရိမ်မကင်းစွာနှင့်ကြည့်ရှုနေသည်။

သူ့အခြေအနေ အသွင်အပြင်က စိုးရိမ် မကင်းသောအဆင့်သို့ ရောက်ရှိနေပြီလား။

'မင်း ဘယ်ကိုရောက်နေလို့လဲကွယ့်'

'မြို့ထဲမှာ အလုပ်လုပ်နေတယ် ဘွားဖြူနု'

သူ ကမန်းကတန်း ဖြေရသည်။

'မင်း အဘွားဆီကိုမရောက်တာ ဒါ့ကြောင့်ကိုး၊ ဒါပေမယ့် ဟိုတစ်ခါ လေယာဉ်ပျံကြီး ရေနစ်တုန်းက မင်းကယ်လာတဲ့ ကလေးမလေးကတော့ ခဏခဏလာတယ်ကွယ့်'

'ချစ်ချစ်လား ဘွားဖြူနု'

'အင်း'

'သူ...သူ ကျွန်တော့်ကို ဘာတွေပြောသေးလဲ ဟင်'

'မင်းနဲ့အဘွားဟာ သူ့ရဲ့ အသက်သခင်ကျေးဇူးရှင်တွေတဲ့၊ မင်းမရှိတော့ဘူးတဲ့၊ မင်းကိုအောက်မေ့သတိရတယ်တဲ့၊ အဘွားကို လက်ဆောင်တွေပေးတယ်၊ ငိုလဲငိုတယ်'

'ဘာ...ဘာဖြစ်လို့ ငိုတာလဲ ဘွားဖြူနု'

'အဲဒါတော့ အဘွားမသိဘူးကွယ့်၊ သနားစရာကလေးပါကွယ်'

မျိုးခက် ရင်ထဲ လှိုက်သွားသည်။ ခေါင်းငိုက်စိုက်ချ၍ ဘွားဖြူနု၏ဘေးမှ ဖေးပင်စွာ ထွက်ခွာလာခဲ့သည်။

မတွေ့ချင်တော့ပါဘူး ချစ်ချစ်ရယ်။

ချစ်ချစ်နဲ့ မတွေ့အောင် ကိုမျိုး ပုန်းနေပါ့မယ်။

ထိုစဉ်ခိုက်မှာပင် သီချင်းသံလွင်လွင်ကလေးကလွင့်ပျံလာသည်။ ကျောက်ဆောင်တွေ၊ သဲပြင်တွေ၊ လေပြည်တွေကြားထဲမှ မျိုးခက်ရှိရာသို့ လိုက်မောစွာ ရောက်ရှိလာပါသည်။





(နေရောင်ခြည်မှာ ချစ်သူ့မျက်နှာ ဘယ်လိုရှာမလဲ
ကွယ်....
တိမ်လွှာတွေပေါ်မှာ ချစ်သူမျက်နှာ မြင်နိုင်လေ
မလားကွယ်....
ပင်လယ်ပြာပြာထဲ အချစ်ဆုံး ပုန်းနေသလား လိုက်
ရှာမယ် ချစ်သူရယ်....)၂

အသံကလေးက ဆွေးမြည့်နေသည်။

ကြေကွဲနေသည်။

လှိုက်လှဲနေသည်။

ဝမ်းနည်းနေသည်။

သူသည် သဲပြင်ပေါ်မှ တစ်လှမ်းချင်း လှမ်းလာသည်။

သီချင်းသံကလေးက တစ်ခွန်းချင်း လွင့်ပျံလာသည်။

တောင်ညိုပြာပြာရှိတဲ့ဘက်မှာ မောင်နေသလား
ကွယ်....
လေပြည်တွေရှိရာ မေးကြည့်ပါတယ်....
မောင်ရယ် ဘယ်မှာလဲ ရင်ထဲက မောပြီကွယ်....
ရာသီတွေတောင် ပြောင်းနေပါတယ် ချစ်သူရယ်....
မောင် ဒီမှာပါ အချစ်ရယ်....
အချစ် မောင့်ကိုရှာနေသလား....
အချစ်ငိုနေသလားဟင်....
(အို...မောင်ရယ် မောင့်မျက်နှာ အပြုံးကလေးတွေ
ဘယ်ကိုပြေးသွား ဘယ်ကိုသွားသွား ကျွန်မလိုက်လို့
ရှာမယ်)၂

မရှာပါနဲ့ ချစ်ချစ်ရယ်။
နေရောင်ခြည်ထဲမှာ....
တိမ်လွှာတွေပေါ်မှာ....
ပင်လယ်ပြာထဲမှာ....
တောင်ညိုတွေပေါ်မှာ....
ကိုမျိုး ပုန်းနေပါတော့မယ်။

လေပြည်တွေကို ကိုမျိုးရှိတဲ့နေရာကို မေးမကြည့်ပါနဲ့ တော့ကွယ်။

မျိုးခက်သည် သီချင်းသံသဲ့သဲ့ကြားရာ ပင်လယ်ကမ်းခြေ ကျောက်ဆောင်ကြီးကြားကို ငေးကြည့်နေသည်။

အသံရှင်ကလေးကို မမြင်ရ။

မမြင်ရသော်လည်း ချစ်ချစ်၏ အသံကို အသေအချာ မှတ်မိပါသည်။

'ဟေး....ကိုမျိုးခက်'

သူ့နောက်မှ အသံလေးတစ်သံ လွင့်ပျံ့လာသည်။

လှည့်ကြည့်လိုက်တော့ ခင်စန္ဒီ။

သူမသည် သဲပြင်ပေါ်မှ အပြေးကလေး လာနေသည် သမင်ပျိုမလေးလို မြူးကြွသွက်လက်နေသည်။

'သူတစ်ယောက်တည်း လစ်လာတယ်ပေါ့'

'တစ်ယောက်တည်းမလာလို့ ဘယ်နှစ်ယောက်လာရမလဲ ဒီဒီ'

'ကြည့်.... သူ့ပြောလိုက် ကောဖို့လောက်ပဲ'



'မကောပါဘူး'

'ဘာလာလုပ်တာလဲ'

'ကိုယ့် ပစ္စည်းကလေးတွေ ပြန်လာယူတာ'

'တကယ်ပဲကွာ၊ သူ့ပုံက ပျံ့နေတာပဲ'

'ဒါတွေက အပိုတွေပါ၊ ဒီဒီရဲ့အဖေက ဝတ်ရမယ်ဆိုလို့ ဝတ်ရတာ'

'ဒယ်ဒီနဲ့ ပြေလည်နေပြီပေါ့'

'အလိုက်အထိုက်ပေါ့၊ ကိုယ်ကအလုပ်သမားဆိုတော့ သူ့ စကားကို နားထောင်ရမှာပေါ့'

'ဒီဒီ ကို ရိုက်ပေးပါလား ကိုမျိုးခက်ရယ်'

'တင်ပါးကိုလား'

'သွား....ဓာတ်ပုံရိုက်ခိုင်းတာ၊ ဒီဒီ ဟောဟိုက ကျောက်ဆောင်ကလေးပေါ်မှာ Post ပေးထားမယ်၊ လှလှကလေး ရိုက်ပေးနော် ကိုမျိုးခက်'

ခက်နေပါပြီ။

သူတို့နှစ်ယောက်ကို ချစ်ချစ် တွေ့သွားလျှင် ရင့်နာပေမည်။

ခံစားရပေမည်။

ခင်စန္ဒီကလည်း ဒါဆိုဒါမှ၊ ဟိုဟာကို မရ။

မျိုးခက်သည် ပင်လယ်ကမ်းခြေမှ ထွက်ပြေးချင်နေမိသည်။

'နော်....နော်.... ကိုမျိုးခက်ရိုက်ပေးနော်'

ခင်စန္ဒီသည် ပြောပြောဆိုဆို ခပ်ဝေးဝေးရှိ ပင်လယ် ကမ်းစပ် ကျောက်ဆောင်ကြီး ပေါ်သို့ ပြေးတက်သွား သည်။

ကျောက်ဆောင်ကြီးပေါ်တွင် တင်ပါးလွှဲကလေးထိုင်၍ ပို့စ်ပေးထားသည်။

'ရိုက်တော့...ရိုက်တော့'

ခင်စန္ဒီ အော်ပြောပါသည်။

အကွာအဝေးက ကိုက်ငါးဆယ်၊ Zoom နှင့်ဆွဲ၍ ခင်စန္ဒီ ကို ကင်မရာထဲ ခေါ်ယူလိုက်ပြီး ရိုက်လိုက်ပါသည်။

'နေဦး...နေဦး၊ နောက်တစ်ပုံရိုက်ပေးဦး၊ မတ်တတ်ရပ် လိုက်ဦးမယ်'

ခင်စန္ဒီ အော်ပြောသည်။

လေအဝှေ့တွင် ခင်စန္ဒီ့ ဆံပင်တွေ လွင့်နေသည်။

ထဘီကလေးကလည်း တဖျပ်ဖျပ်။

ဖျပ်ဖျပ်လူးအောင် လှနေသည့် မိုးပေါ်က မချောကလေး ဖြစ်သည်။

မျိုးခက်သည်အလှကောရိမလေးကိုဓာတ်ပုံရိုက်လိုက်သည်။

ထိုစဉ်မှာပင်....

ချစ်ချစ်သည် ကျောက်ဆောင်ကြီးဘေးမှ ထွက်လာသည်။

မျိုးခက်ကို ရုတ်တရက် ကြောင်ကြည့်နေသည်။

ယခင်ကနှင့်မတူ တစ်မူထူးခြားနေသော သူ၏ အဝတ် အစား အသွင်ပြင်များကြောင့်ပဲ ဖြစ်နေသည်။





အခုတော့ အရာရာသည် ပြောင်းလဲနေပါပြီကောလား။

'ချစ်ချစ်'

'ဟင်....ကိုမျိုး'

ချစ်ချစ်သည် မျိုးခက်ကို တွေတွေကြီး ကြည့်နေသည်။

မျက်လုံးကလေးတွေ ရီဝေနေသည်။

မျိုးခက်ကလည်း ကင်မရာလေးကိုကိုင်ရင်း ချစ်ချစ် မျက် ...လေးကို ငေးကြည့်နေသည်။

'ဟေး....ချစ်ချစ်'

သူမနောက်မှ ခေါ်သံကြားရဲဖြင့် ချစ်ချစ် လှည့်ကြည့် ...က်မိသည်။'

ခင်စန္ဒီသည် ကျောက်ဆောင်ကြီးမှ ကုန္ဒဲ့ကလျှ ဆင်းလာ ...နသည်။

'ဩော်....သူလဲပါလာတာကိုး'

'ကိုမျိုးတစ်ယောက်တည်း လာတာပါ'

'ကိုမျိုးရယ်...ရက်စက်လှချည်လား၊ ချစ်ချစ်ရှိတဲ့ နေရာကို ...ခင်တကာ စုံတွဲလာပြီးပြကြဘာလား၊ ချစ်ချစ်ကို ဒီလောက် ...ဦးဆဲရရင် မကျေနပ်နိုင်သေးဘူးလား ကိုမျိုးရယ်၊ ချစ်ချစ် ...သနားပါဦး'

သူမအသံက တိုးညင်းသော်လည်း လှိုက်လှဲဆွေးမြည့်နေ ...သည်။

'ချစ်ချစ်'

'အခုတော့ ချစ်ချစ်ထင်တာတွေဟာ အသေအချာ ဖြစ်

ပြီ ကိုမျိုး၊ အစက ကိုမျိုးဟာ ဒါလောက်ရက်စက်လိမ့်မ

သစ္စာမဲ့လိမ့်မယ်လို့ မထင်ခဲ့ဘူး'

'ချစ်ချစ်ရယ်'

'မခေါ်ပါနဲ့တော့ ကိုမျိုးရယ်၊ ချစ်ချစ်လို့ မခေါ်ပ

တော့'

'အရင်ကခေါ်သလို မချစ်ချစ်လို့ပဲ ခေါ်ပါတော့'

ခင်စန္ဒီသည် သူတို့နှစ်ယောက်နှင့် တဖြည်းဖြည်းနီးလာ

မျိုးခက်သည် ချစ်ချစ်ကို တောင်းပန်ခယသည့် အကြ

ကလေးဖြင့် ကြည့်၍ ချာခနဲ လှည့်ထွက်သွားပါသည်။

သူ့မျက်နှာကလေး နာကြည်း ဆွေးမြည့်သွားသည်

ချစ်ချစ် အသေအချာ မြင်လိုက်ရပါသည်။ ရင်ထဲတွင်လ

ကျဉ်ခနဲ ခံစားလိုက်ရသည်။

'ဟေး....ချစ်ချစ်၊ နေပါဦးကွ'

ချစ်ချစ်က ပင်လယ်ကမ်းခြေမှ လှစ်ခနဲ ထွက်သွားမ

ပြုစဉ် ခင်စန္ဒီက လှမ်းတားသည်။

'ချစ်ချစ်ကလဲကွယ် နေပါဦး၊ စကားပြောစရာရှိလို့

ခင်စန္ဒီက တရင်းတနှီးဆိုသည်။

ချစ်ချစ်ခြေလှမ်းကလေးတွေ တုံ့သွားရသည်။

သူမအနီးသို့ ခင်စန္ဒီရောက်လာသည်။

ခင်စန္ဒီ့မျက်နှာကလေးက ပြုံးကြည်နေပါသည်။





'သြော်....ခင်စန္ဒီပါလား၊ ကမ်းခြေကို လမ်းလျှောက်လာ

လား'

ချစ်ချစ်က မကောင်းတတ်၍ မချိပြုံးကလေးဖြင့် နှုတ်

က်လိုက်ရသည်။

အမှန်တော့ ခင်စန္ဒီနှင့် ရင်မဆိုင်ချင်။

စကားမဆိုချင်။

'အေး....လမ်းလျှောက်လာတာပဲ ဆိုပါတော့၊ ဟို ကိုယ်

တော်မြတ်က တစ်ယောက်ကည်းလစ်လာလို့ သူ့နောက်ကို

က်လာတာလေ၊ သူနဲ့ ချစ်ချစ် ခပ်စောစောက စကား

ပြောနေတာတွေ့လို့'

ခင်စန္ဒီ ဘယ်လိုဆက်ပြောရမှန်း မသိချေ။

ဖအေတူ မအေကွဲ မောင်နှမဖြစ်သော ချစ်ချစ်နှင့်မျိုးခက်

တို့ တစ်ယောက်နှင့် တစ်ယောက် သိကျွမ်းနေကြသည်။

သာမန်မိတ်ဆွေလိုလား။

မောင်နှမဆိုတဲ့ အသိကလေးနဲ့လား။

ဒါကို ခင်စန္ဒီသိချင်သည်။

အန်တီတင်မျိုးဆွေ ပြောပြခဲ့သဖြင့် မျိုးခက်၏ ဖခင်မှာ

ချစ်ချစ်ဖခင် ကပ္ပတိန်ဘခက်မှန်း ခင်စန္ဒီ သိထားသည်။

ချစ်ချစ်ကော သိရဲ့လား။

အကယ်၍များ သိထားလျှင်....

'မင်းအစ်ကိုနဲ့ တို့နဲ့ညား၊ အဲ....ချစ်နေကြပြီကွ၊ တို့က

င်းရဲ့ ယောက်မလေ' လို့ ပြောချင်သည်၊ ခင်ချင်သည်။

ချစ်ချစ်ကို ညီမလေးတစ်ယောက်လို ခင်တွယ်ချင်သ
သူ့ ကိုကို မာနမင်းသားလေးအကြောင်းကို တိုင်
ချင်သည်။

'ချစ်ချစ်နဲ့ ကိုမျိုးခက်က သိပ်ရင်းနှီးသလားဟင်'

'ရိုးရိုး သာမန်မိတ်ဆွေတစ်ယောက်လို ခင်တာပါ'

'ဟင်....'

'သူက ချစ်ချစ်အသက်ကို ကယ်ဖူးတယ်၊ လေယာဉ် ပျ
ကျတုန်းကပေါ့'

'ဩော်....'

'အရင်တုန်းက သူ့အိမ်ကို တစ်ခေါက် နှစ်ခေါက်လော
အလည်ရောက်ဖူးတယ်၊ အခု သူ ခင်စန္ဒီတို့ အိမ်ကြီးပေ
မှာ နေတာယ်မဟုတ်လား'

'ဟုတ်တယ်၊ ဒက်ဒီဆီမှာ အလုပ်လုပ်နေတယ်၊ ဒ
ချစ်ချစ် သူ့အကြောင်းကို အတော်များများ သိသလ
ဟင်'

'ဘာ အကြောင်းများလဲ ခင်စန္ဒီ'

'ဟို...သူ့မှာ အဖေမရှိတဲ့ အကြောင်းလေ'

'သူ ပြောဖူးပါတယ်'

'သူ့အမေကို ချစ်ချစ်သိသလား'

'ဘာဖြစ်လို့ မေးတာလဲ ခင်စန္ဒီ'

'ဟိုတစ်ခါတုန်းက ချစ်ချစ်ရဲ့မေမေကို ဆေးရုံကိုလိုက်
တုန်းက ကားပေါ်မှာပါလာတဲ့ ဒေါ်တင်မျိုးဆွေကို ချ
ချစ် မြင်လိုက်မှာပေါ့'





'မြင်ပါတယ် ခင်စန္ဒီ'

'သူဘယ်သူလဲ ချစ်ချစ်သိသလားဟင်'

အတိအလင်းတော့ ခင်စန္ဒီမမေးရဲ၊ မပြောရဲ။ အန်တီ
တင်မျိုးဆွေ ရင်ဖွင့်ခဲ့သောစကားတွေကို မည်သူ့ကိုမှ မပြော
ပါဟု ကတိပေးထားသည်။

သူမ၏ အမေးစကားလေးကို ချစ်ချစ်က အတော်နှင့်
အဖြေမပေး။ အငေးသို့ ငေးနေသည်။

'ဒီဒီမေးတာ စိတ်မရှိနဲ့နော်၊ စပ်စုတယ်လို့လဲ မထင်
ပါနဲ့၊ သူ့ဘဝကို သနားလွန်းလို့ပါ၊ ပြီးတော့ တို့ သူ့ကို
ခင်တယ်လေ'

ခင်ရုံပဲလား ခင်စန္ဒီ။

ချစ်ကော မချစ်ဘူးလား။

ချစ်ချစ် လက်ထဲက အချစ်ကလေးကို ရှင် လုယူသွားခဲ့
တာ မဟုတ်လား။

ခံစားမှုကလေးတွေက သိပ်ဆင်းရဲသည်။

သည်အဖြစ်သည် ယခုမှမဟုတ်။

ဟိုး...နှစ်ပေါင်း နှစ်ဆယ်ကျော်ကတည်းက သန္ဓေတည်
လာသော ခံစားမှုကလေးတွေ၏ ဆန့်ကျင်ဘက် တရားတွေ
ဖြစ်မှန်း သူတို့လေးတွေ မသိနိုင်ကြပါ။

မျိုးခက်၏မိခင် တင်မျိုးဆွေသည် သူမ၏အချစ်ကို ချစ်
ချစ်၏မိခင် ဖြစ်လာမည့် နုနုချွတ်အတွက် ရက်ရက်စက်စက်
အသည်းအဲအက်ခံ၍ ဆုံးရှုံးခဲ့ရသည်။

ယခု....

နုနုချွတ်၏ သမီးလေး ချစ်ချစ်သည် ဒေါ်တင်မျိုးဆွေ
သားကလေး မျိုးခက်အတွက် ရက်ရက်စက်စက် အသည်
အက်အောင် အချစ်ဝေဒနာကို ခံစားနေရရှာပြီ။

တင်မျိုးဆွေနှင့် ချစ်ချစ်။

သည်အမေ၏သားနှင့် သည်....မိခင်၏သမီး။

လောကကြီးသည် ရိုးရိုးသားသားကလေးနှင့် အင်မတ
ဆန်းကြယ်၍ နေတတ်သည်။

တကယ့်ဖြစ်ရပ်တွေ၊ တကယ့်တိုက်ဆိုင်မှုတွေသည် စိ
ကူးယဉ် ဇာတ်လမ်းတွေထက် ရံဖန်ရံခါ ပို၍သာ ဆန်
ကြယ် နေတတ်ပါသည်။

'အဲဒီ ဒေါ်တင်မျိုးဆွေဆိုတာ ချစ်ချစ် မေမေနဲ့ဖေဖေ
အချစ်ဆုံး ငယ်သူငယ်ချင်းတွေပါပဲ ခင်စန္ဒီ၊ သူ....သူ....အိ
ကြီးမဟာ မှာ နေသွားတယ် မဟုတ်လား'

'ဟုတ်တယ်....အခု မရှိတော့ဘူး၊ မော်လမြိုင်ကို ပြ
သွားပါပြီ၊ ပြီးတော့ ကိုမျိုးခက်ဟာ....'

ခင်စန္ဒီ စကားပြတ်သွားပါသည်။

ပြတ်သွားသော စကားကလေးကို ချစ်ချစ်က ပြန်ဆ
သည်။

'ကိုမျိုးခက်ဟာ အဲဒီ ဒေါ်တင်မျိုးဆွေရဲ့ သားပေါ့ ခ
စန္ဒီ'

ခင်စန္ဒီ အံ့သြသွားရသည်။ မျိုးခက်သည် အန်တီတင်မျို
ဆွေ၏ သားဖြစ်မှန်း ချစ်ချစ် သိနေနှင့်သည်။ •





'ချစ်ချစ်တစ်ခုမေးမယ်နော်၊ စိတ်မဆိုးနဲ့'

'ရပါတယ်၊ တို့ စိတ်မဆိုးတတ်ပါဘူး'

'အဲဒီ ဒေါ်တင်မျိုးဆွေရဲ့သား ကိုမျိုးခက်နဲ့ ခင်စန္ဒီတို့
မေတ္တာမျှနေကြတယ် မဟုတ်လား'

ချစ်ချစ် ရင်ပွင့်သွားသည်။

ခင်စန္ဒီကလည်း ရင်ဖွင့်ချင်နေသည်။

'အလကား၊ ချစ်ချစ်ရဲ့ ကိုကိုက မာနမင်းသား၊ တို့မှား
ခဲ့တာပါ'

'ဘာ....'

'တို့ သိပ်မှားတယ် ချစ်ချစ်၊ ယောကျ်ားတစ်ယောက်ရဲ့
မာန်စွယ်ကို ဘယ်လောက်ထက်တယ်ဆိုတာ မသိဘဲနဲ့ သွား
စမ်းမိခဲ့တဲ့ တို့မှာ ချစ်ချစ်ကိုကိုအတွက် ဘယ်လောက်ခံစား
နေရတယ်ဆိုတာ ချစ်ချစ်သိမှာ မဟုတ်ပါဘူးကွာ၊ အမှန်
တော့ မိန်းမသားဟာ မိန်းမသားပါပဲ၊ အာကာသထဲက
ကမ္ဘာပတ်လမ်းကြောင်းမှာ ဒုံးပျံနဲ့တက်ပြီး ကမ္ဘာကိုပတ်ပြ
တဲ့ အာကာသ သူရဲကောင်းမလဲ နောက်ဆုံး လင်ရရင် သား
မွေးရတာပဲ၊ မိုးပေါ်ကိုဘယ်လောက်ပဲမြင့်အောင်တက်တက်
နောက်ဆုံးတော့ မိန်းမဟာ မိန်းမပါပဲ ချစ်ချစ်ရယ်'

'ဒါတွေကို ဘာဖြစ်လို့ ပြောရတာလဲ ခင်စန္ဒီ'

'တို့ကို သူ မချစ်ပါဘူး၊ မဖြစ်လို့ အလိုက်အထိုက် ဆက်
ဆံနေတာမှန်း တို့သိပါတယ်၊ သူ့ကိုယ်သူ ယောကျ်ားပီသရ
မယ်ဆိုတဲ့စိတ်ဓာတ်ကလေးတစ်ခုနဲ့ တို့ကိုဆက်ဆံနေတာမှန်း
တို့ရင်ထဲက သိတယ် ချစ်ချစ်၊ အမှန်တော့ ဒီဒီမှားတာ၊ ဒီဒီ

မိုက်တာ၊ ဒီဒီတို့မိန်းမတွေရဲ့ဘဝဟာ အင်မတန် နူးညံ့တဲ့ ပန်
ခိုင် ပန်းခက်ကလေးတွေနဲ့တူတယ်၊ ဒီဒီဟာ အဲဒီပန်းခက်
အင်မတန် ထက်မြက်တဲ့ ဆူးပင်ကို သွားပြီး ရိုက်မိတယ်၊ အ
ကွယ်....ဒီလိုဒီလို ဖြစ်မယ်ဆိုတာ ဒီဒီ မသိခဲ့တာပါ၊ ဒီဒီဟာ
ကိုယ့်ကိုယ်ကို အင်မတန် အစွမ်းထက်တယ်ထင်ခဲ့တဲ့ လူစွမ်
ကောင်းမကြီးလို့ ထင်ခဲ့တာပေါ့၊ နောက်ဆုံးတော့ ပန်းဟာ
ပန်းပဲ၊ ဆူးဟာဆူးပဲ'

ခင်စန္ဒီသည် အစပထမတော့ ချစ်ချစ်ကို ပြောနေသက
သို့ ရှိသည်။

နောက်တော့ သူမကိုယ်သူမ ပြန်၍ပြောနေသည်ကို ကိုယ
ကိုယ်ကို မသိခဲ့။

ချစ်ချစ်ကတော့ ငေးငေးငိုင်ငိုင်ကလေး နားထောင်
ရှာသည်။

ကျောက်ဆောင်ကလေးဘေးတွင် သူတို့နှစ်ယောက် ထို
မိကြသည်။

ခင်စန္ဒီ စကားတွေ ပြောနေသည်။

ကိုမျိုးခက်နှင့်သူမ၏ အဖြစ်အပျက်ကလေးတွေကို ချစ်ချ
အား ပြောပြနေမိသည်။

လုံးသာချိုင်ပင်လယ်ကွေ့တွင် သူနှင့် တွေ့ကြပုံ။

သူ့ကို စော်စော်ကားကား ဆက်ဆံခဲ့ပုံ။

သူက တစ်ဖန် စော်စော်ကားကား ပြုလုပ်ခဲ့ပုံ။

ခင်စန္ဒီ၏ စကားလုံးကလေးတွေ အရေအတွက် များလ
သည်နှင့်အမျှ ချစ်ချစ်၏မျက်လုံးအိမ်ထဲတွင် ကိုမျိုး၏ရုပ်သွ





ကို ပြန်မြင်လာသည်။ ကိုမျိုး၏အသံကိုကြားယောင်လာသည်။
ကိုမျိုး ပြောခဲ့သော စကားလုံးတွေကို အမှတ်တရရှိလာ
သည်။

ကိုမျိုးနှင့် ပေါသည် ပေလီသောင်ယံမှာ စပြီး စကား
ပြောခဲ့သည့်နေ့က....

'ကျွန်တော့်ဘဝမှာ မိန်းမတွေနဲ့ပတ်သက်လို့ စိတ်နာစရာ
တွေချည်း ဆုံခဲ့ရလို့ပါ မချစ်ချစ်၊ အဲဒီအထဲမှာ ကျွန်တော့်
အမေက ထိပ်ဆုံးကပါတာပေါ့၊ အမေ့ကြောင့် ကျွန်တော်
ဟာ ဒုက္ခရောက်ခဲ့တယ်၊ လောကအလယ်မှာ မျက်နှာငယ်ခဲ့
ရတယ်၊ အေးလေ....အခုတော့ ဆွေမရှိ မျိုးမရှိ တစ်ကောင်
ကြွက်ဘဝလေးဟာ အင်မတန် သာယာပါကလားဆိုတာ
ကျွန်တော် သိပါပြီ၊ ကျွန်တော့်ဘဝဟာ ပင်လယ်ပဲ'

သူ့ဘဝငယ်ကလေးထဲကို ချစ်ချစ် ဝင်မိအောင် ဝင်ခဲ့မိပါ
သည်။ နောက်တစ်ခါ....

သူ့အိမ်ဘေးက အုန်းပင်ပုကလေးအောက်မှာ....

'ကျွန်တော်လဲ ရည်းစားတစ်ယောက်ထားဖူးတယ်၊ ကျွန်
တော် သိပ်ချစ်တယ်၊ ဒါပေမယ့် သူက ကျွန်တော့်ကို အပျော်
တမ်း ချစ်သွားတာ၊ ကစားသွားတာ'

နောက်တစ်ချီ ခင်စန္ဒီအကြောင်း။

ပင်လယ်ကမ်းစပ်ဘေးမှာ....

လေပြည်တောထဲမှာ....

တိမ်နီတွေအောက်မှာ....

သူနှင့် နှစ်ယောက်အတူ စကားပြောကြတာလေးတွေ....

'ဟင်....ကိုမျိုးခေါင်းမှာ....'

'ဒဏ်ရာလေ'

'ဘာဖြစ်လို့လဲ'

'ကောင်မလေး တစ်ယောက်က ရိုက်သွားတာ'

'ကိုမျိုးခက်က ဘာသွားပြောလို့လဲ'

'ဘာမှလဲ မပြောဘူး၊ ဘာမှလဲ မလုပ်ဘူး၊ အချောင် အဆော်ခံခဲ့ရတာ၊ အဲဒီကောင်မလေးကို ကျွန်တော် ဒေါသ ဖြစ်ဖြစ်နဲ့....'

'ပါးရိုက်ပစ်ခဲ့ကောလား'

'ဟင့်အင်း၊ တအားဖက်နမ်းပစ်ခဲ့တယ်'

'အို....'

'တကယ် ပြောတာ၊ ကျွန်တော် ညာမပြောတတ်ဘူး၊ သူ့ နာမည်က ဒီဒီ'

ခင်စန္ဒီ့ စကားတွေက မှန်နေသည်။

ကိုမျိုး ပြောခဲ့သည့်အတိုင်းဖြစ်သည်။

ခင်စန္ဒီ ပြောပြသည်ကို နားက ကြားနေသလို ကိုမျိုးနှင့် ခင်စန္ဒီ့ ရုပ်သွင်ကလေးတွေက မျက်လုံးအိမ်ထဲတွင် ရုပ်ရှင်ပြ နေသလို ပေါ်လာနေသည်။

ကိုမျိုး၏တစ်ကိုယ်တော် လူပျိုခန်းကို ခင်စန္ဒီ ဝင်မိသဖြင့် ထောင်ထားသော ကဏန်းကောင်ကလေးတွေ ခင်စန္ဒီ့ ကိုယ် ပေါ်ကို ရေတွေနှင့်အတူ ကျလာသည်။ သည်နေရာရောက် တော့ ချစ်ချစ် သက်ပြင်းမချရဲ။ ရင်တမမဖြင့် နားထောင်နေ ရသည်။





ခင်စန္ဒီ သူမအဝတ်တွေကိုချွတ်၍ ကိုမျိုးစွပ်ကျယ်နှင့်ပုဆိုး ကို ပိုင်စိုးပိုင်နင်း ယူဝတ်သည်။

ကိုမျိုးနှင့်တွေ့တော့ ကောကြသည်။

လုံးထွေး သတ်ပုတ်ကြသည်။

ခင်စန္ဒီ ရှုံးသည်။

ချစ်ချစ်သည် သဲပြင်ကို ငေးကြည့်နေသည်။ ခင်စန္ဒီ၏ ကားအဆုံးတွင် သက်ပြင်းပူကြီးကို လေးပင်စွာ ချလိုက်ရ ါတော့သည်။

ထင်သလို မဖြစ်ပါစေနဲ့ဟု ဆုတောင်းခဲ့သော်လည်း ထင်သလို ဖြစ်မလာခဲ့။

ထင်သလိုသာ ဖြစ်ခဲ့ကြပါပကောလား။

ပင်လယ်ကဏန်းနီနီကြီးတစ်ကောင်သည် လက်မကြီးကို ထောင်၍ ကျောက်ဆောင်ကြားမှ ခေါင်းပြူ၍ ထွက်လာ ည်။ ချစ်ချစ်နှင့် ခင်စန္ဒီကို မြင်သွားသဖြင့် အနီးရှိ သဲတွင်း လေးထဲကို အတင်းဝင်သည်။

တွင်းက ကျဉ်းသည်။

သဲတွင်းဝကို သူ့လက်မကြီးနှင့် ဖြဲ၍ အတင်းဝင်ပြေး ည်။

'နောက်ဆုံးတော့ တို့မှားတာပါပဲ ချစ်ချစ်ရယ်၊ ဒါပေ ယ့် သူဟာ တို့ကို ယောကျ်ားတစ်ယောက်အနေနဲ့ တာဝန် တာပါ၊ ချစ်တာမဟုတ်ပါဘူး'

မကြားချင်ပါ၊ မမြင်ချင်ပါ။

ကြားနေရပါသည်။ မြင်နေရပါသည်။

ခင်စန္ဒီ၏စကား။

ခင်စန္ဒီ၏ အဝတ်အစားကလေးတွေ။

အဲလို အဲလိုမျိုးတွေကြောင့် ကိုမျိုးက သူမကို ပြော
သည်။

'လောကမှာ ကျွန်တော်အချစ်ဆုံးဟာ ချစ်ချစ်ပါပဲ၊ ဒ
ပေမယ့် ကျွန်တော့်ကို မုန်းလိုက်ပါတော့'တဲ့။

နောက်ပြီးတော့....

'ခွင့်လွှတ်ပါ ချစ်ချစ်ရယ်၊ ကိုမျိုးကို ခွင့်လွှတ်ပါ'တဲ့။

အခုတော့ ချစ်ချစ်သိပြီ။

မိန်းမသားချင်း ကိုယ်ချင်းစာမိပါပြီ။

ချစ်ခြင်းဆိုသည်မှာ အဘယ်နည်း။

ခန္ဓာကိုယ်ချင်း ရင်းနှီးခြင်းသည် ချစ်ခြင်းလား၊ မဟုတ်
ပါ။

အသွေးအသားတစ်ခုတည်းနှင့် ချစ်ခြင်း မမည်ပါ။

အသည်းနှလုံးပါမှ ချစ်ခြင်း မည်ပါသည်။

ဒါကို ချစ်ချစ် သိပါပြီ။

ကိုမျိုး သူမကို ချစ်သည်။

အဲဒါ သိပ်သေချာသည်။

ချစ်ချစ်လည်း ကိုမျိုးကို ချစ်သည်။

ချစ်ခြင်းသည် ပရမတ္ထသစ္စာ Absolute Truth ဟု သ
မှတ်၍ရသည်။ သတ်မှတ်၍ မရ။



ချစ်ခြင်းသည် အကြောင်းအမျိုးမျိုး၊ အခြေအနေ အမျိုး
မျိုးကြောင့် မချစ်နိုင်သော်လည်း ချစ်ခြင်းသည်ပျက်စီးမသွား
နိုင်။

မီးလောင်၍ မသွားနိုင်။

ရေမျော၍ မသွားနိုင်။

အဲ....အချစ်ကို ဖျက်ဆီး ပစ်နိုင်သောအရာ တစ်ခုတည်း
သာ ရှိပါသည်။

ထိုအရာမှာ မုန်းခြင်း ဖြစ်သည်။

အချစ်ကို မုန်းမပစ်နိုင်လျှင် ချစ်နေမည်သာ ဖြစ်သည်။

ချစ်ချစ် ကိုမျိုးကို မုန်းမပစ်နိုင်ပါ။

အပြစ်မတင်ရက်ပါ။

သူ့ဘာသာသူနေသော ဆူးပင်ပေါ်သို့ ပန်းပွင့်ကလေး
ကြွေကျသွားခြင်းသာ ဖြစ်သည်။

ဆူးဆိုသည့် အမျိုးကတော့ စူးမှာပဲ။

ဘယ်တတ်နိုင်ပါ့မလဲ။

'အဲဒီလိုမျိုးပါပဲ ချစ်ချစ်ရယ်၊ ချစ်ချစ်ရဲ့ ကိုကိုက အဲ
သလောက် မာနကြီးတာ၊ သူ့မှာ အဖေမရှိဘူး၊ သူ့အမေ
က သူ့ကို ဖအေမပေါ်ဘဲ မွေးခဲ့တာဆိုပြီး မိန်းမတွေကို
စိတ်နာနေတာ ချစ်ချစ်၊ အမှန်တော့ အန်တီတင်မျိုးဆွေ
ဟာ တစ်ဦးတစ်ယောက်အတွက် အသည်းကွဲခံ အနစ်နာခံပြီး
သူ့အချစ်နဲ့ သူ့ဘဝကို အဆုံးရှုံးခံခဲ့ရတဲ့ အချစ်သူရဲ
ကောင်းမကြီး တစ်ယောက်ပါ ချစ်ချစ်ရယ်၊ ကိုမျိုးခက်မှာ
အဖေ ရှိပါတယ်၊ ကိုမျိုးခက်ရဲ့ အဖေကို ချစ်ချစ် သိသလား'

'ဟင့်အင်း....ချစ်ချစ် မသိဘူး၊ သူ့မှာ အဖေ မရှိဘူးလို့ပဲ ပြောတယ်'

'ဟုတ်တယ်....ကိုမျိုးခက် ကိုယ်နှိုက်က သူ့အဖေကို သူ မသိရှာပါဘူး ချစ်ချစ်ရယ်၊ သူ့ဘဝဟာ အင်မတန် သနားစရာကောင်းပါတယ်'

'ဒါ....ဒါဖြင့် ကိုမျိုးရဲ့အဖေ ဘယ်သူလဲဆိုတာ ခင်စန္ဒီ သိတယ်ပေါ့၊ အဲလိုဆိုရင် ချစ်ချစ်ကို ပြောစမ်းပါ ခင်စန္ဒီ၊ ချစ်ချစ်လေ သူ့ဘဝကို စိတ်နာနေတဲ့ ကိုမျိုးကို ပြောပြချင်လွန်းလို့ပါ'

ချစ်ချစ်က အလောတကြီး မေးရှာသည်။

ခင်စန္ဒီသည် နှီးလျှက်နှင့်ဝေးနေရှာသောသည်မောင်နှမ၏ အဖြစ်ကို ရင်နာမိရှာသည်။ သက်ပြင်းပူကလေးကို လေးပင်စွာ ချလိုက်သည်။

မျိုးခက်၏ ညီမလေး ချစ်ချစ်ကို ခင်စန္ဒီ ဘယ်လိုပြောရမလဲ။ သည်အကြောင်းကို မည်သူ့ကိုမှ မပြောပါဟုလည်း အန်တီ တင်မျိုးဆွေအား ကတိ ပေးလိုက်ရသည်။

ပြောလိုက်လျှင်လည်း မည်သူမျှ မသိသေးသော ချစ်ချစ်၏ ဖခင်၊ မိခင်နှင့် ဒေါ်တင်မျိုးဆွေ၏ အကြောင်းတွေက ရှုပ်ထွေးသွားနိုင်သည်။

သာယာအေးချမ်းလျက် ရှိသော ချစ်ချစ်တို့ မိသားစုကလေးကို အရှုပ်အထွေးတွေ၊ သောကတွေ ဖြစ်မသွားစေချင်သော်လည်း....





မျိုးခက်နှင့် ဒေါ်တင်မျိုးဆွေဘက်က မခံချင်သည့်စိတ်က လွန်ကဲလာသည်။

ဘဝနှင့်ချီ၍ အနစ်နာခံခဲ့ရသော ဒေါ်တင်မျိုးဆွေ။

တစ်သက်တာလုံး သူတစ်ပါး၏ တံတွေးခွက်တွင် ပက်လက်မျောခဲ့ရသော ကိုမျိုးခက်၏ဘဝ။

'ကိုမျိုးခက်ရဲ့အဖေ၊ အဲ....ချစ်ချစ် ကိုကိုရဲ့အဖေ ဘယ်သူလဲဆိုတာ ဒေါ်တင်မျိုးဆွေနဲ့ တွေ့ရင် မေးကြည့်ပေါ့ ချစ်ချစ်၊ ကဲ....တို့သွားမယ်ကွာ'

ချာခနဲ လှည့်ထွက်သွားပါသည်။

ချစ်ချစ်သည် ခင်စန္ဒီ၏ ကျောပြင်ကိုကြည့်၍ ကျန်ခဲ့သော်လည်း ခင်စန္ဒီကို မမြင်တော့။

ကိုမျိုးခက်ရဲ့ အဖေ....

ချစ်ချစ်ရဲ့ ကိုကို။

ခင်စန္ဒီသည် ချစ်ချစ်ရဲ့ ကိုကို ဟူသော အသုံးအနှုန်းကို စ၍ စကားပြောကတည်းက သုံးနှုန်းခဲ့သည်။

ချစ်ချစ်၏ မေမေကလည်း ပြောဖူးသည်။

တက္ကသိုလ်တုန်းက....

ကျောင်းတုန်းက....

မေမေရယ်၊ ဖေဖေရယ်၊ အန်တီတင်မျိုးဆွေရယ်။

သိပ်....ခင်မင်ရင်းနှီးကြတယ်တဲ့။

အန်တီ တင်မျိုးဆွေမှာ သားကလေး မျိုးခက်ရှိနေကြောင်းကို ဖေဖေသိတော့ ဖေဖေမျက်နှာပျက်သွားသည်ကို ချစ်ချစ် အကဲခတ်မိသည်။

ပြီးတော့....

ဖေဖေ၏ မျက်နှာနှင့် ကိုမျိုး၏ မျက်နှာက သိပ်တူသည်။

ဖေဖေ့ နာမည်က ဘခက်။

ကိုမျိုး မိခင့်နာမည်က တင်မျိုးဆွေ။

ကိုမျိုး နာမည်က မျိုးခက်။

ဘုရား....ဘုရား....

ဖေဖေဟာ ကိုမျိုးရဲ့ ဖခင်လား။

ငါဟာ ကိုမျိုးရဲ့ ညီမလေးလား။

ချစ်ချစ် မျက်လုံးတွေ ဝါးသွားသည်။

မြေလျှင်လှုပ်ခြင်း၊ တော်လည်းခြင်း၊ ကျီးပြိုခြင်းတွေမရှိပါဘဲနှင့် ချစ်ချစ် မျက်လုံးထဲတွင် ပင်လယ်ရေတွေ ပုံတက်သွားသည်။

ရောမ လှိုင်းတံပိုးကြီးများသည် ကောင်းကင်သို့ လွင့်တက်သွားသည်။

လောကသည် ကြေမွသွား၏။

မောင်နှမ....

မောင်နှမ....

မောင်နှမ....

*



## အခန်း (၁၁)

'ကျောက်မောင်နှမ'

ရှေးနှစ်ပေါင်းများစွာကတည်းက ပေလီ ပင်လယ် ကမ်းခြေတွင် ရှိခဲ့သည်။

မောင်တော်ကျောက်နှင့် နှမတော်ကျောက်။

မောင်တော်နှင့် နှမတော် ကျောက်များသည် ရှေးပဝေသဏီက အတူတကွရှိခဲ့သော်လည်း အကြောင်းတစ်စုံတစ်ရာကြောင့် ယခု ကိုက်နှစ်ရာဝေးကွာသောနေရာတွင် ရောက်နေကြသည်။

နီးလျက်နှင့် ဝေးနေကြသည်။

မောင်တော်ကျောက်သည် ပင်လယ်စပ်တွင် ထီးထီးမားမားကြီး တင်နေသည်။

ပေလေးဆယ်ခန့်မြင့်ပြီး လုံးဝန်းသည့် ပုံသဏ္ဌာန်ရှိသည်။ မည်သည့် ကျောက်ဆောင် ကျောက်ကမ်းပါးတို့နှင့်မှ မရောယှက်ဘဲ သဲပြင်ပေါ်တွင် သီးသီးသန့်သန့် တည်ရှိနေသည်။

ကျောက်ပန်း၊ နွယ်ပန်းများဖြင့် စိမ်းညို့ လှပနေသော မောင်တော်ကျောက်တွင် ကျောက်တံခါးတစ်ခု ရှိသည်။

ရှေးအထက်ကျော်ကာရီကမှ အလှူ၊ မင်္ဂလာဆောင်၊ ရှင်ပြု၊ နားသတွေ့ရှိလျှင် ကျောက်တံခါးကိုဖွင့်ပြီး စိန်၊ ရွှေ၊ ငွေ၊ ရတနာ လက်ဝတ်လက်စားများကို လူတွေငှား၍ ဝတ်ဆင်ကြသည်ဟု လူကြီးသူမတွေ ပြောကြသည်။

ငှားပြီးလျှင်ပြန်ထား။

မည်သူငှားငှား ရသည်။

နောက်တော့....ငှားသည့်လူတွေက သစ္စာမရှိကြ။

ခိုးကြသည်။

အတုတွေလုပ်၍ ပြန်ထားသည်။

ယခု...,ကျောက်တံခါးကြီး ပိတ်နေပြီ။

ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်ကို လူတွေ တွေးကြသည်။

မောင်တော်ကျောက်၏ မလှမ်းမကမ်းတွင် ကျောက်တလား ရှိသည်။

ဒီရေတက်လျှင် မြုပ်နေတတ်သော်လည်း ပေါ်လာသော အချိန်တွင် လူသေထည့်သော တလား(ခေါင်း)နှင့် တစ်ပုံစံတည်း ရှိသည်။

ကျောက်တလားနှင့် တစ်ခေါ်ယောက်တွင် သင်္ဘောကျောက် ရှိသည်။





သင်္ဘောပုံဖြစ်နေသော ကျောက်တုံးကြီးပေါ်တွင် ကုလား တစ်ယောက်ထိုင်၍ ပဲ့ကိုင်နေသော ပုံသဏ္ဍာန် ဖြစ်ပါသည်။

ထိုင်နေသော ကုလား၏ခေါင်း၌ ခေါင်းပေါင်းပါသည်။

သင်္ဘောတွင် ပဲ့ပါသည်။

သောင်ယံဦးမှ လှမ်းမျှော်ကြည့်လျှင် မောင်တော်ကျောက် နှင့် သင်္ဘောကျောက်ကို မြင်နိုင်သည်။

ကပ္ပတိန်ဘခက်သည် ညနေတိုင်း ငပလီ သောင်ယံရှိ သောင်ယံဦး စားသောက်ဆိုင်သို့ နုနုချွတ်နှင့်အတူ လမ်း လျှောက်ရင်း ရောက်ဖြစ်သည်။

တစ်ခွက်တစ်ဖလား မော့လေ့ရှိသည်။

ချစ်ဇနီး နုနုချွတ်က အရက်သောက်သည်ကို မကြိုက်။

အဲ....ဘီယာလောက်တော့ ရသည်။

ယောက်ျားတွေကြိုက်သည့် အရက်ကို မိန်းမတွေ ဘာ ကြောင့် နှာခေါင်းရှုံ့ကြသနည်း။

နံလို့ရှင့်။

မိန်းမတို့၏ သဘာဝ နံနံပင်ကို ကြိုက်ကြသော်လည်း နံ တာကို မကြိုက်။

မွှေးတာကို ကြိုက်သည်။

အလိုက်မသိတတ်သည်မှာ ယောက်ျား။

မူးလျှင် ပေါက်တတ်ကရတွေလုပ်တတ်သော ယောက်ျား တွေ၏ အကျင့်။

ဝေါ့ခနဲ တွေ့ကရာ ထိုးအန်တတ်သော ယောက်ျားတွေ၏ ကွ။

ကဂျီကကျောင်တွေ လျှောက်ပြောတတ်သော ယောကျ်ား
တွေ၏ ပါးစပ်။

လက်မြန် ခြေမြန် အရိုက်သန်သော ယောကျ်ားတွေ၏
ဒဏ်။

သည်ဒဏ်တွေကို အရက်သမား မယားတွေ မခံနိုင်။

အဆိုးဆုံးမှာအလွန်အကျွံမူးလာလျှင် ကိုယ့်ကိုယ်ကို မဟ
နိုင်၊ မထူနိုင်၊ မထနိုင်၊ မထောင်နိုင်။

ခေါင်းမထောင်နိုင်။

ကုလားသေ ကုလားမော ပါးစပ်ကြီးဟောင်းလောင်းနှ
ကိုယ့်ဘေးတွင် အိပ်နေသော လင်သားကို မယားတေ
မကြိုက်။

ဘခက် မူးဖူးသည်။

နည်းနည်းလေး မူးဖူးသည်။

အလယ်အလတ်လောက် မူးဖူးသည်။

မတရား လူမှန်းမသိအောင် မူးဖူးသည်။

အကောင်းဆုံးမှာ ဇနီးကြိုက် အဲ....မိန်းမကြိုက်ကလေ
သောက်တာဖြစ်သည်။

ဖီလင် လာရုံကလေး။

အာသွက်ရုံကလေး။

'ဟေး....ချွတ်ချွတ်၊ အမယ်....ဒီနေ့ ကိုယ့်ဇနီးချောလေ
က သိပ်လှနေပါလား၊ ဒီလိုလေးများ ဝတ်စားထားတေ
ဆယ့်ခြောက်နှစ် သမီးလေးလား အောက်မေ့ရတယ်၊ အ





ဘလောက်စ် အင်္ကျီလေးနဲ့ ချွတ်ချွတ်က တကယ့်ကို လိုက်တာ
ကွ'

အဲသလိုလေး စကားစရသည်။

အယုအယလေးတွေ သည်လိုသည်လို သွက်ရသည်။

'ဖယ်ပါ၊ သူ သောက်လာတယ်မဟုတ်လား၊ဟွန်း....သိပ်
မုန်းဖို့ကောင်းတဲ့လူကြီး၊ အို....ကြည့်ပါလား၊ သူ့ပါးစပ်က
နံလိုက်တာ'

'ဘီယာပါကွာ'

'ဘာဘီယာလဲ'

'အရက်မဟုတ်တဲ့ ဘီယာ၊ ဘီယာဆိုတာ ဆီးကောင်း
တယ်၊ လူဝတယ်၊ ဘီယာတစ်လုံးနဲ့ကြက်ဥတစ်လုံးဟာ အတူ
တူပဲ၊ အားလဲရှိတယ်၊ ငါးပါးသီလထဲမှာ သေရည်သေရက်
ကို ရှောင်ကြဉ်ပါမယ်ဆိုတာပဲပါတယ်၊ ဘီယာမပါဘူး'

ဘီယာနှင့် ကိုင်ပေါက်ရသည်။

သောက်လာတာက အိုးဘရန်ဒီ။

ကြည့်ပေးရသည်၊ ရယ်ပေးရသည်။

အရက်သမား မယားချစ် ဆိုသော စကားပုံအတိုင်း
မယားချစ်အောင် အယုအယ အကြင်နာကလေးတွေ ဆိုရ
သည်။

'မောင်'

'ဟွန်'

'မောင့်'

'ဟွန့်'

'မောင်ကလဲကွယ် ဖော်ပါတော့လို့၊ တော်တော်ကြ
မော့င်လက်ကလေးတွေ ညောင်းလို့ မနက်ဖြန် လေယာဉ်
မမောင်းနိုင်ဘဲ ဖြစ်နေပါဦးမယ်၊ ချွတ်ချွတ်လဲ အညော
ပြေပါပြီ'

အဲသလို ချစ်မယားက တောင်းပန်လာရအောင် နှိပ်ပေ
ရသည်။

ခြေသလုံးကလေးကအစ....

ဇက်ကြောတက်တာအဆုံး....

တစ်ကိုယ်လုံးကိုနှိပ်ပေး။

မယား ချစ်ဆေးကလေးကို မိန်းမတွေ နံတယ်ပြောမှ
မဟုတ်ပါဘူး။

အလွန်အကျိုးသာ မသောက်နဲ့။

ချွတ်ချွတ်နှင့် တစ်ခါတုန်းက အကြီးအကျယ် ရန်ဖြစ်
သည်။

မင်္ဂလာဒုံလေတပ်ရှိ အရာရှိရိပ်သာတွင် Mess Nigh
စားသောက်ပွဲလုပ်တုန်းက ဘခက် သိပ်များလာသည်။

နူနူချွတ်ကလည်း ညဥ့်သန်းခေါင်အထိ ထိုင်စောင့်သည်
မလာ။

သန်းခေါင်ကျော်လာတော့ နူနူချွတ်အိမ်တံခါးပေါက်
ဖွင့်၍အိပ်သည်။

ဘယ်လိုကဘယ်လို အိမ်ပြန်ရောက်လာသည်မသိ။ဘယ်သ
တွေ လိုက်ပို့မှန်းလည်း မသိ။





အရာရှိအိမ်ထောင်သည်ရိပ်သာ သုံးဦးတွဲ အခန်းသုံးခန်း
သည့်အနက် နူနူချွတ်တို့တိုက်ခန်းပေါက်ဝက အလယ်တည့်
ည့်က။

အလယ်တည့်တည့်အပေါက်ကို ဘခက်မဝင်။

အပေါက်မှား၍ ဝင်သွားသည်။

ညာဘက်ခန်းက မေဂျာဇော်ရှင်းနှင့် သယ်မာချမ်းတို့
နီးမောင်နှံအခန်းသို့ ဝင်မိသျက်သား ဖြစ်နေသည်။တံခါး
 တဝုန်းဝုန်းထု၍ အဖွင့်ခိုင်းသည်။ နူနူချွတ်ကို အော်၍
းသည်။

ဟိုလင်မယားက ရယ်မော၍ ဘခက်ကို လိုက်ပို့ကြသည်။
ရှက်လိုက်တဲ့ ဖြစ်ခြင်း။

အဲသည်ညကတော့ ဖလက်။

နံနက်ကျတော့မှ ရန်ဖြစ်ရသည်။

နူနူချွတ်က စဆူသည်။

ဘခက်က တောင်းပန်သည်။ မရ။

အဲသည်တော့ တစ်ယောက်တစ်ခွန်း စကားများကြသည်။
သမီးလေးချစ်ချစ်မှာ သူအဘွားအံတွင် သွားနေ၍ တော်
သေးသည်။

ရန်သာဖြစ်ရသည်။

နောက်ဆုံးတွင် ဘခက်ကချည်း အမြဲတမ်း အလျှော့ပေး
ပါသည်။

ဤသည် Technique နည်းလမ်းတစ်ခုဖြစ်သည်။

‘ရန်ခဏခဏဖြစ်ပေးကွ၊ ပြန်တည့်တဲ့အခါကျတော့ သိပ်ချစ်ကြတယ်၊ အဲ....မိန်းမက သိပ်ပြီးအော်လာမယ်၊အသံထွက်လာမယ်ဆိုရင် ကိုယ်က အသံမထွက်နဲ့၊ အသံတိတ်ကာ ရိုက်ပစ်ရတယ်ကွ’

မေဂျာအောင်သန်းကြီးက သူ့ကို သင်ပေးခဲ့သည်။

‘ဘာလဲ၊တုတ်နဲ့ ရိုက်ပေးရမှာလား ကိုအောင်သန်းကြီး’

‘မဟုတ်ဘူး၊ အခန်းထဲ အတင်းပွေ့ သွင်း....’

‘အင်း’

‘နောက် ကိုယ်မှားပါပြီ အချစ်ရယ်လို့ တိုးတိုးကလေး အသံမထွက်အောင် တောင်းပန်ရတယ်ကွ၊ အသံထွက်ရင် သိက္ခာကျတယ်၊ မိန်းမဆိုတာ သူတို့သာအမှန်ဆုံးလို့ သူတို့ ကိုယ်သူတို့ ထင်ကြတာ’

သည်ပညာကို ဘခက်ရထားသည်။

အဲသလို တောင်းပန်လိုက်တော့ အဲသလို ပြေလည်သွားသည်။

နောက်တစ်ါ ဘခက်မှားဝင်ပြန်သည်။

‘မောင် ညက သိပ်မူးလာတယ်’

‘ဟုတ်တယ် ချွတ်ချွတ်ရယ်၊ မောင် မှားပါတယ်ကွယ်၊ မက်စ်မှာ စကွာဒမ်က ဗိုလ်ညွန့်ခင်တို့၊ ဗိုလ်မှူးလှကြည်တို့နဲ့ တွေ့လို့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောရင်း သောက်မိတာ များလာတယ်ထင်တယ်’

‘မသိဘူး မဟုတ်လား’





‘ဘာလဲ’

‘အိမ်ပြန်ရောက်လာတာလေ’

‘မသိဘူး’

‘မသိတာဘဲ ကောင်းတယ်’

ချွတ်ချွတ်က ရယ်ရင်းဆိုသည်။

‘ဘာလဲ ချွတ်ချွတ်ရဲ့’

‘ဘာမှမလဲဘူး၊ နောက်လူမှန်းမသိအောင် မသောက်နဲ့၊ အဲသလို သောက်လာရင် ရှင်အိပ်တုန်း ရှင့်နားရွက်ကြီးကို ကတ်ကြေးနဲ့ ဖြတ်ပစ်မယ်’

‘အမယ်လေး....ဒါလေးတော့ ချမ်းသာပေးပါ မမရယ်၊ နားပြတ်ဘခက် ဖြစ်နေပါဦးမယ်’

ပျာပျာသလဲ တောင်းပန်ရသည်။

အခုတော့လည်း အသက်ကလေးရလာတော့ တစ်ခွက်တစ်ဖလားပဲပေါ့။

ရင်ချောင်ရုံ၊ မယားချစ်ရုံလောက်ပေါ့။

အခါတိုင်း ငပလီကမ်းခြေရှိ သောင်ယံဦး စားသောက်ဆိုင်ဘက်သို့ လမ်းလျှောက်လာလျှင် ချစ်ဇနီး နုနုချွတ် ပါသည်။

ချစ်ချစ်လာလည်သည့်အခါ ချစ်ချစ်ပါသည်။

သည်ကနေ့တော့ တစ်ယောက်တည်း။

လွတ်လွတ်လပ်လပ်သောက်ရင်း လွတ်လွတ်လပ်လပ်တွေးနေသည်။

ကပ္ပတိန်ဘခက်သည် သောင်ယံဦးရက်စ်တောရင့်၏ လေသာဆောင်မှ လှိုင်းလုံးကြီးများကြွ၍ရိုက်ခတ်နေသော မောင်တော်ကျောက်ကိုကြည့်ရင်း စဉ်းစားနေသည်။

လက်မှ အရက်ခွက်က ပါးစပ်သို့ ရောက်သွားသည်။

မော့ချလိုက်လေသည်။

သူ့ကိုယ်သူ ဘာလုပ်လိုက်မှန်းပင် မသိချေ။ တွေဝေ၍နေသည်။

'အင်း....မဆွေ....မဆွေ၊ မောင်မျိုးခက်ရဲ့အမေ၊ မောင်မျိုးခက်မှာ ဖအေမရှိဘူး၊ ဒယ်လူးချောင်းရေတံခွန်ကြီးအောက်က ကျောက်ဂူကြီးထဲမှာ သူနဲ့ငါ....'

ဖြစ်နိုင်သည်။ သိပ်ဖြစ်နိုင်သည်။

'နောက်ပြီးတော့ အင်းလျားကန်မေါင်မှာ သူ ငါ့ကို စကားတစ်ခွန်း ပြောဖူးခဲ့တယ်၊ ငါက အမှတ်တရ လက်ဆောင်ပေးပါရစေဆိုတော့ 'မဆွေ ကိုဘခက်ရဲ့လက်ဆောင်ကိုရပြီးသားပါ၊ ဒီလက်ဆောင်ကလေးကိုမဆွေဘဝတစ်သက်တာလုံး မြတ်မြတ်နိုးနိုး ထိန်းသိမ်းသွားပါမယ်၊ ဘာ လက်ဆောင်လဲဆိုတာ မမေးနဲ့၊ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်ခါခါမှာ ကံမကုန်သေးလို့ မဆွေနဲ့ ကိုဘခက် ပြန်တွေ့ကြမယ်ဆိုရင် အဲဒီ ကိုဘခက်ရဲ့လက်ဆောင်ကလေးကို မဆွေ ပြပါ့မယ်ရှင်'တဲ့၊ ဘာလက်ဆောင်ကလေးလဲ၊ ငါလဲ သူ့ကို ဘာမှ လက်ဆောင် မပေးခဲ့ရပါကလား'

ကပ္ပတိန်ဘခက်၏ ရင်ထဲတွင် ဒိန်းခနဲ ဆောင့်တက်သွားသည်။





သေချာသလောက် ဖြစ်သွားပြီ။

သူသည် ဖန်ခွက်ကို ပါးစပ်သို့ မ,တင်လိုက်သည်။ ဖန်ခွက်ထဲတွင် ဘာမှမရှိတော့။ ရှိတာတွေ ဗိုက်ထဲရောက်ကုန်ပြီ။

'ကိုထွန်းရီ....ကိုထွန်းရီ'

'လာပြီ ဗိုလ်မှူး'

'ဘီယာနဲ့ စပ်တားတာလား'

'ဗျ'

ခါတိုင်းနူးနူးညွှတ်ညွတ်ပါလာတတ်၍ ကိုထွန်းရီကို တိုးတိုးတိတ်တိတ် မှာထားရသည်။

ဘီယာပုလင်းကို ဖောက်၍ မသိသာအောင် အိုးဘရန်ဒီ သုံးပက် စပ်ခိုင်းထားသည်။

ပြီးမှ နူးနူးညွတ်ညွတ်ရှေ့တွင်ခပ်တည်တည်ဖောက်ခိုင်း၍သောက်ရသည်။

သည်ကနေ့တော့ စိတ်ထဲမှ သိပ်သောက်ပစ်ချင်နေသည်။

အရက်သောက်မှ စိတ်ပြေပျောက်ရမယ်ဆိုရင် ယောက်ျားမမည်သော ယောကျ်ားသာ ဖြစ်လိမ့်မည်ကို ကပ္ပတိန်ဘခက် သိပါသည်။

သူသည် အရက်နှင့် ဘယ်တော့မှ စိတ်ကိုမဖြေ။

စိတ်ညစ်လို့ အရက်မသောက်။

သေချင်လို့ သောက်တာပဲ ဖြစ်သည်။

'ကိုထွန်းရီ'

'ဗျာ....'

'ခင်ဗျားမှာ ငါးမျှားတံ ရှိသလား'

'ဗိုလ်မှူး ငါးမျှားမလို့လား'

'စိတ်ပြေလက်ပျောက်ပါဗျာ'

'ရှိတယ်....ရှိတယ်'

'အစာအတွက် ကြက်အူတစ်ခွေလောက် ပေးလိုက်ဗျာ'

'ဟာ....ဗိုလ်မှူး၊ အဲဒါတော့ မဖြစ်ဘူး၊ ပင်လယ်ထဲမှာ ကြက်အူနဲ့ ငါးမျှားလို့ မရဘူး'

'ပင်လယ်ငါးတွေ ကြက်အူ မစားဘူးလား'

'ငါးကကြိုက်ပါတယ်၊ နတ်က မကြိုက်တာ'

'ဘာ....'

'ပင်လယ်နတ်က ကြက်အူနဲ့မျှားတာ မကြိုက်ဘူး ဗိုလ်မှူး၊ မယုံမရှိနဲ့၊ ကြက်အူနဲ့ ငါးမျှားရင် ဒုက္ခတစ်ခုခု တွေ့တတ်တယ်၊ လှေမှောက်မယ်၊ ကျောက်ဆောင်ပေါ်က လှိုင်းရိုက်ချမယ်၊ ဂျပ်ကိုက်မယ်၊ ရေဒန်းပတ်မယ်၊ ကျွန်တော် ပုစွန်လေးတွေ ပေးလိုက်မယ်'

'ကဲ....ကဲ....ခင်ဗျားသဘော'

တောထုံးစံ၊ တောင်ထုံးစံတွေရှိသလို ပင်လယ်ထုံးစံလည်း ရှိနေပါကလား။

ငါးမျှားခြင်းသည် စိတ်ငြိမ်သည်။

ငါးရသည်၊ မရသည်မှာ ပဓာန မဟုတ်။

သည်ကနေ့ စိတ်နည်းနည်း ရွှင်ချင်နေသည်။

ကပ္ပတိန် ဘခက်သည် လက်တစ်ဖက်က ငါးမျှားတံ၊ လက်တစ်ဖက်က အိုးဘရန်ဒီကို ပုပွားပုလင်းပြားတွင်ထည့်၍ မောင်တော်ကျောက်ဘက်သို့ ထွက်ခဲ့လေသည်။





နေနီနီသည် လင်းရိုးမော် တောင်ကြောတွင် မေးတင်နေပြီ။

ပင်လယ်သည် အနီရောင် မိုးကုပ်စက်ဝိုင်း အောက်တွင် မှိုင်းညို့လို့နေသည်။

လှိုင်းရှုရှုကြီးတွေက ကမ်းစပ်ကိုပြေးတက်ပြီး လျှောဆင်းသွားသဖြင့် သဲသောင်ပြင်မှာ အပျိုစင်မလေး၏ ပါးပြင်လို နူညက် အိချောနေသည်။

သူသည် သဲပြင်နူပေါ်မှ ဖြတ်၍ မောင်တော်ကျောက်ဆီးသို့ ရောက်သွားသည်။

'ဟင်....မ....မဆွေ'

'ဟုတ်ပါတယ်၊ ကျွန်မ မဆွေပါ၊ တင်မျိုးဆွေပါ'

သူမမျက်နှာမှာ ပြုံးခြင်းလည်း မရှိ၊ ရယ်ခြင်းမရှိ၊ အံ့ဩပုံလည်း မရှိ။ ပကတိ တည်ကြည်နေ၏။ ကျောက်တုံးကလေးပေါ်တွင် တင်ပါးလွှဲကလေး ထိုင်နေ၏။

အံ့ဩတုန်လှုပ်ရသူမှာ ကပ္ပတိန် ဘခက်။

လက်ကပုလင်းကို ယောင်၍ လွှတ်ချလိုက်မိသည် အထိ အံ့ဩမိ၏။

'ဒါ....ဒါနဲ့ မဆွေ မော်....မော်လမြိုင်ကို ပြန်သွားပြီဆို'

'ပြန်မလို့ပါပဲ၊ တွေ့ချင်တဲ့ လူတစ်ယောက်နဲ့ ပြောစရာ စကားလေးတွေ ရှိနေလို့'

'ဟို....ဟို....ဘယ်သူ့ကိုတွေ့ချင်တာလဲ မဆွေ'

'မောင်မျိုးခက်ရဲ့ အဖေ'

ကပ္ပတိန်ဘခက်သည် ငိုရမလို၊ ရယ်ရမလို၊ ထခုန်ရတော့မလို ဖြစ်သွားသည်။

တင်မျိုးဆွေကတော့ ကျောက်ဆစ်ရုပ်ကလေးလို ငြိမ်နေသည်။ မပြုံးမရယ်၊ မလှုပ်မရှား။

'မောင်မျိုးခက်ရဲ့ အဖေဟာ ညနေတိုင်း သောင်ယံဦးဘက်ကို လာတတ်တယ်ဆိုတာ မဆွေသိပါတယ်၊ မဆွေ သူနဲ့ နှစ်ယောက်ချင်း စကားပြောချင်လို့၊ ရင်ထဲမှာ အနှစ်နှစ်ဆယ်ကျော် သိမ်းဆည်း သိုဝှက်ထားရတဲ့ စကားတွေကို ပြောချင်လို့ တာဝန်တစ်ခု အနေနဲ့ စောင့်နေတာပါ'

'မဆွေ၊ ကျွန်...ကျွန်တော်....'

'အမှန်တော့ မဆွေ မိုက်မဲခဲ့တဲ့ မိုက်ပြစ်ကြောင့် သားကလေး မောင်မျိုးခက်ဟာ လူတကာရဲ့ တံတွေးခွက်မှာ ပက်လက် မျောခဲ့ရပါတယ် ကိုဘခက်၊ မဆွေဟာ မိန်းမသားတစ်ယောက်အနေနဲ့ ရှက်ပါတယ်၊ ဒါပေမယ့် မိခင် တစ်ယောက်အနေနဲ့ သူ့အဖေဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာအသိပေးသင့်ပါပြီ၊ လူကြားသူကြား မတိုးရဲတဲ့ သူ့စိတ်ဓာတ်ကို ခိုင်မာလာအောင် လုပ်ပေးဖို့ မိခင်တစ်ယောက်အနေနဲ့ တာဝန်....'

'တော်ပါတော့ မဆွေ၊ မောင်မျိုးခက်ရဲ့အဖေဟာ ကျွန်တော်ပါ'

တင်မျိုးဆွေသည် ကျောက်တုံးပေါ်မှ ညင်သာစွာထလိုက်သည်။





သူတို့နှစ်ယောက် အကြည့်ချင်းဆုံနေကြသည်။

နှလုံးသားချင်း စကားပြောနေကြသည်။

မဆွေရင်ထဲတွင် အနှစ်နှစ်ဆယ်ကျော် ခံစားလာခဲ့ရသော ဒုက္ခ၊ သောက၊ ပရိဒေဝနာနှင့်အတူ နာကြည်းမှု၊ ဝမ်းနည်းမှု၊ ကြေကွဲမှု၊ အားငယ်ရမှု၊ အတွယ်အတာကင်းမဲ့စွာ အထီးကျန်ဆန်ခဲ့ရမှုတွေနှင့် အပြည့်အနှက် ရှိနေသည်။

ဒါတွေကို မဆွေ၏မျက်လုံးထဲက ဖော်ပြနေသည်။ ပြောပြနေသည်။

သူမ၏ ခံစားမှုတွေကို ကပ္ပတိန်ဘခက် နားလည်မိသည်။ ဘခက်ရင်မှာ ဆို့နင့်လာသည်။

မဆွေ ခံစားခဲ့ရသော အနှစ် နှစ်ဆယ်ကျော် ခံစားမှုတွေကို တစ်နေ့တစ်ရက် တစ်ချိန်ကလေး အတောအတွင်းမှာ ရင်ထဲကို ထိုးသွင်းခံလိုက်ရသလို ခံစားလိုက်ရသည့် တဒင်္ဂ ဝေဒနာတွေက ကပ္ပတိန်ဘခက် မျက်လုံးထဲတွင် ပေါ်လွင်လာသည်။

နှစ်ဦးစလုံး စကားလုံးတွေ ပြောရှုမထွက်ကြပါ။

စကားအဖြစ်နှင့် ပြောရှုလည်း ပီပြင် ထင်ရှားလာမည် မဟုတ်ပါ။

ဆိတ်ငြိမ်မှုသည် နှလုံးသားအတွင်းမှ ခံစားရမှုကလေးတွေကို ပြောပြနေကြသည်။

သူတို့သည် ငြိမ်နေသည်။

လေပြည်ကလေးသည် သူတို့နှစ်ဦး၏ ဆံနွယ်ဦစကလေးတွေကို တိုးဝှေ့သွားသည်။

နေနီရောင်က မျက်နှာတွင် စွန်းထင်းနေသည်။

မျက်ရည်ကြည်ကလေး နှစ်စက်။

သူ့ဘဝတစ်သက်တာတွင် ပထမဆုံး ထွက်၍ကျလာသော မျက်ရည်ကလေး နှစ်စက်က ဘခက်၏မျက်ဝန်းအိမ်မှ ထွက်ကျလာသည်ကို မဆွေ ကြည့်နေပါသည်။

မဆွေ နှုတ်ဖျားကဖလေး တွန့်သွားသည်။

နှုတ်ခမ်းထောင့်ဖျားကလေးတွေ ပြုံးသွားသလို ထင်ရသော်ငြားလည်း မဆွေ ငိုလိုက်မိခြင်း ဖြစ်ပါသည်။

သို့တစေ....

မျက်ရည်မကျ။

ကျစရာ မျက်ရည်တွေ မဆွေမှာ ကုန်ခန်းနေခဲ့ပါပြီ ကိုဘခက်ရယ်။

'မ....ဆွေ....'

'ကို....ဘ....ခက်'

တိုးညင်းသော အသံကလေး ထွက်လာသည်။

ကပွဲတိန်ဘခက်သည် တင်မျိုးဆွေကို ဆတ်ခနဲ ရင်ခွင်ထဲသို့ ပွေ့ယူလိုက်သည်။

ထွက်ပြေး လွတ်မြောက်သွားမည်ကို စိုးဘိသကဲ့သို့ တင်းကျပ်စွာ ပွေ့ဖက်ထားသည်။

တင်မျိုးဆွေ ငြိမ်နေသည်။

မလှုပ် မလွန့်။

မလှုပ် မရှား။

တုံ့ပြန်မှုမရှိ။





သူမ၏ ပခုံးပေါ်တွင် မေးတင်ရင်း ကလေးငယ်လို ရင်ခွင်ကို တိုးဝင်ပြီး လှိုက်မောနေသော ကိုဘခက်ကို သနားမိသည်။ ခွင့်လွှတ်မိသည်။

အနှစ်နှစ်ဆယ်ကျော် ကွဲကွာနေခဲ့သော ချစ်နှလုံးသားကလေးတွေ ထိကပ်မိပါပြီ။

သို့သော်....

အချိန်တွေ လွန်ခဲ့ပြီ....

ဒါကို မဆွေ သိပါတယ်၊ သိရမယ်။

သူ့လို ဖက်တွယ်လိုသော လက်ကလေးတွေကို မဆွေ ထိန်းထားလိုက်ပါသည်။ သူ့ကို တည်ငြိမ်စွာ ခေါ်မိသည်။

'ကိုဘခက်'

'မဆွေ'

'မဆွေကို လွှတ်ပါ'

'မလွှတ်နိုင်ဘူး၊ မလွှတ်နိုင်ဘူး၊ အနှစ် နှစ်ဆယ်ကျော်လုံး ကိုယ့်အတွက် ဒုက္ခတွေ ရင်စည်းခံရတဲ့ မဆွေကို ကိုဘခက် မလွှတ်နိုင်ဘူး၊ ကိုဘခက် မဆွေအတွက် အရာရာကိုရင်ဆိုင်မယ်၊ မဆွေအပေါ်မှာ အနှစ်နှစ်ဆယ်ကျော် တင်ရှိခဲ့တဲ့ ဝဋ်ကြွေးကို ကိုဘခက် ဆပ်ပါရစေ မဆွေရယ်'

တိုးညင်းလှိုက်မောနေသော သူ့အသံမှာ ခံစားမှုတွေနှင့် ပြည့်နှင့်နေသည်။

မဆွေ၏ လည်တံကြောကို သူမျက်နှာနှင့် ပွတ်နမ်းရင်း ဆိုသည်။

မဆွေ ခေါင်းကလေးမော့သွားသည်။

နှလုံးသားအလိုကို ယခင်ကဆန့်ကျင်ခဲ့ရသည်။
ယခုလည်း ဆန့်ကျင်ရဦးမည်။
'ကိုဘခက်'
'ဗျာ....ဗျာ'
'မဆွေ့ကို လွှတ်ပါရှင်'
သူမအသံက ပကတိ ကြည်လင်နေပါသည်။
ကျေနပ်ပါပြီရှင်....
ရှင့်ရဲ့မေတ္တာကို မဆွေသိရရင် ကျေနပ်သွားပါပြီ ကို
ဘခက်ရယ်။
မဆွေ လိုချင်ခဲ့တာ ဒါပါပဲ။
သည့်ထက်မပိုပါဘူး။
ပိုလို့လည်း မရနိုင်တော့ပါဘူး။
ရှင့် နှလုံးသားထဲမှာ....
ရှင့် မျက်လုံးတွေထဲမှာ....
ကျွန်မ လိုချင်တာကို မြင်လိုက်ရရင်ပဲ ကျွန်မ ကျေနပ်ရ
မယ့် သူပါ ကိုဘခက်ရယ်။
ကျွန်မ ရှင့်ကို အပြစ်မတင်ရက်တော့ပါဘူး။
မနာကြည်းရက်နိုင်တော့ပါဘူး။
ကပ္ပတိန်ဘခက်သည် သူ့ရင်ခွင်တွင် ခေါင်းကျောက်ဆစ်ရုပ်လို
မလှုပ်မရှား ဖြစ်နေသည့် တင်မျိုးဆွေကို လွှတ်လိုက်သည်။
သူမမျက်နှာကို ကြည့်သည်။
တောက်ပသော အပြုံးကလေးကို မြင်ရသည်။





မျက်လုံးကလေးတွေက ပကတိ ကြည်လင်နေသည်။
ခပ်စောစောက မြင်ခဲ့ရသလို နာကြည်းဆွေးမြည့်ခြင်း၊
နည်းခြင်း၊ ကြေကွဲခြင်းတွေ ပပျောက် ကင်းစင်၍
ားပြီ။
တိမ်စင်လနှယ် ရွှန်းပနေသည့် မျက်နှာ။
ကြယ်ပြာပြာလေးတွေလို ရွှန်းလက် တောက်ပနေသည့်
က်လုံး။
'ကိုဘခက်'
'မဆွေ'
'ထိုင်....မဆွေ စကားပြောချင်တယ်'
သူသည် မောင်တော်ကျောက်ဘေးတွင် ကလေးငယ်
းလို ထိုင်သည်။ တကယ့် ကလေးလေးလို ဖြစ်သည်။
'ဒီစကားလေးတွေ ပြောချင်လွန်းလို့ မဆွေ ကိုဘခက်
စောင့်နေတာပါ၊ အခု မောင်မျိုးခက်ဟာ ဘယ်သူ့
းလဲဆိုတာ ကိုဘခက် သိပြီနော်၊ ဘယ်လိုနည်းနဲ့ပဲသိသိ
သားအရင်း ရှိတယ်ဆိုတာသိရင် မဆွေ ကျေနပ်ပါပြီ၊
ွဟာ ကိုဘခက်ရဲ့ ရင်သွေးကို အနှစ် နှစ်ဆယ်လုံးလုံး
ရှိရှိ သတ္တိရှိရှိ စောင့်ရှောက်ခဲ့တဲ့ မိခင်တစ်ယောက်....'
သိပါပြီမဆွေ၊ မဆွေရဲ့သစ္စာနဲ့သတ္တိကို ကိုဘခက် သိပါ
ကိုဘခက် မှားခဲ့တာပါ'
မှားတာ မှန်တာတွေကိုမပြောပါနဲ့တော့ကိုဘခက်ရယ်၊
ရမယ့်အချိန်လဲ မဟုတ်တော့ပါဘူး၊အဲဒီတော့ မဆွေကို

သနားရင် မဆွေအတွက် တစ်ခုတည်းဲ ဆောင်ရွက်ပေးပ
လား ကိုဘခက်ရယ်'

'ပြော....မဆွေ ပြော၊ ကျွန်တော် မဆွေအတွက် ဘာလု
ပေးရမလဲ၊ ဘာတာဝန်ယူရမလဲ၊ မဆွေ သတ္တိရှိခဲ့သလို ကျွ
တော်လဲ သတ္တိရှိပါတယ်၊ အခု မဆွေကို လက်ထပ်ယူ
မလား'

တင်မျိုးဆွေ မချိပြုံးလေး ပြုံးမိသည်။

'မဖြစ်နိုင်တာတွေမပြောပါနဲ့တော့ ကိုဘခက်ရယ်၊ ကို
ခက်မှာ ဇနီးနဲ့ သမီးနဲ့၊ လောကကြီးမှာ ကိုယ်ဖြစ်ချင်သလိ
ကိုယ်လုပ်ချင်သလိုမဖြစ်နိုင်၊မလုပ်နိုင်တာတွေ အများကြီးရှ

'ဘာပဲဖြစ်ဖြစ် ကိုဘခက်အတွက် မဆွေ ခံစားခဲ့ရတဲ့ ဝ
ကြွေးကို ဆပ်ပါရစေ မဆွေရယ်'

သူ့အသံက လှိုက်လှဲ ဆွေးမြည့်နေသည်။

'ကိုဘခက်'

'ဗျာ....မဆွေ'

'မဆွေတို့အဖြစ်အပျက်ဟာ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲ
လို တစ်ယောက်နဲ့ပေါင်းရဖို့ တစ်ယောက်က သေပေးလို့ရ
ဇာတ်လမ်းမျိုး မဟုတ်ပါဘူး၊ ချွတ်ချွတ်မှာ နှလုံးရောဂ
တယ်၊ ဒါကို အင်းလျားဆောင်မှာ မဆွေ ကိုယ်ဝန်ရှိ
ကတည်းက သိခဲ့လို့ မဆွေ မိုက်ပြစ်ကို ခါးစည်းပြီး ခံခဲ့
ပါ၊ အခု အနှစ်နှစ်ဆယ်ကျော်မှ မဆွေအတွက် ကိုဘခ
တို့မိသားစု ကွဲကွာပျက်စီးသွားရမယ်ဆိုတာ ဘယ်လိုမှ မ
နိုင်ပါဘူး၊ အဖြစ်လဲ မခံနိုင်ပါဘူး'





သူ့မျက်နှာကလေးက ဆွေးသွားသည်။

အဝေးသို့ ငေးနေသည်။

'မဆွေ ဖြစ်စေချင်တာ တစ်ခုပဲရှိတယ်၊ အဲဒါကတော့ သားကလေးဟာ သူ့ကိုယ်သူ အဖေမပေါ်ဘဲမွေးတဲ့ သား ဆိုပြီး ဘဝကို စိတ်နာနေတယ်၊ ဒီဒဏ်ရာကို ပျောက်အောင် လုပ်ပေးပါ၊ မဆွေတော့ ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစား လို့ မရတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မောင်မျိုးခက်ဟာ သူ့အဖေကို သတ်ပစ်ချင်လောက်အောင် မုန်းတီးနာကြည်း နေခဲ့လို့ပါပဲ ကိုဘခက်'

'ဟင်....'

'ဒါကြောင့် မဆွေ မော်လမြိုင်ကို မပြန်နိုင်သေးတာပါ၊ နောက်ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် ကိုဘခက်သမီးနဲ့ မဆွေ ရဲ့သားကလေးဟာ ဒီငပလီမှာတွေ့ကြပြီး လူငယ်ချင်းမေတ္တာ မျှနေကြတာကို မဆွေသိခဲ့ရလို့ မဖြစ်သင့်တာတွေ မဖြစ်ရ အောင်....'

'ဘာ....ချစ်ချစ်နဲ့ မျိုးခက် မေတ္တာမျှနေတယ်၊ ဟုတ်လား မဆွေ'

'ဟုတ်ပါတယ် ကိုဘခက်၊ သူတို့နှစ်ယောက်ဟာ မောင် နှမတွေပါ'

ကပ္ပတိန်ဘခက် ခေါင်းကြီးသွားသည်။

လောကကြီးတွင် စိတ်ကူးယဉ်တာတွေထက် ပိုပြီး ဆန်း ကြယ်သောဖြစ်ရပ်တွေ ဒုနှင့်ဒေး ရှိနေပါသေးကလား။

'မဆွေ သွားတော့မယ် ကိုဘခက်'

'ကိုဘခက် လိုက်ပို့ပါရစေ'

'ဘာလဲ၊ မဆွေ နေထဲ့နေရာကို သိချင်လို့ မဟုတ်လား၊ မဆွေပြောခဲ့ပါမယ်၊ဒါပေမယ့် အကြောင်းကိစ္စမရှိဘဲနဲ့တော့ မလာနဲ့၊ ချွတ်ချွတ်ရဲ့ကွယ်ရာ မဆွေနဲ့ ကိုဘခက် တွေ့ရမှာ မဆွေ လိပ်ပြာမသန့်ဘူး၊ အဲ....ဒါပေမယ့် ဒုက္ခရောက်နေတဲ့ ညီမလေးတစ်ယောက်အနေနဲ့အကူအညီပေးမယ်ဆိုရင်တော့ အချိန်မရွေးလာခဲ့'

'ဘယ်ကို လာရမှာလဲ'

'ပုန်းညက်ရိပ်သာ၊ တနိုဂလိုရှေ့မှာ ပုန်းညက်ပင်ကြီး ရှိတယ်၊ လာရင်လဲ ဟိုအရည်တွေ သောက်မလာနဲ့'

'အရက်သား'

'အင်း'

ပုလင်းပြားကလေးမှာ သဲပြင်ပေါ်တွင် လဲနေသည်။

သူသည် ပုလင်းကလေးကိုကောက်၍ ပင်လယ်ထဲသို့ လွှင့်ပစ်ရန် လက်ကိုလွှဲလိုက်သည်။ ပြီးတော့ အဖုံးကို ဖွင့်သည်။

'ဘာလုပ်မလို့လဲ'

'နည်းနည်းသောက်ပြီးမှ လွှင့်ပစ်မလို့'

မဆွေ ပြုံးမိပါသည်။

သူ့မှာ ငယ်စဉ်ကလို ဇွတ်တရွတ်နိုင်သည့်အကျင့်ကလေး တွေ ရှိနေပါသေးကလား။

မဆွေ ထွက်သွားသည်။

နေကြီး ဝင်သွားပြီ။

အနီရောင်တွေ ကောင်းကင်တွင် ချန်ထားခဲ့သည်။





သူသည် အနီရောင်နောက်ခံပေါ် တဖြည်းဖြည်းထွက်ခွာသွားသော မဆွေ၏ကျောကို ငေးကြည့်နေသည်။

တဖြည်းဖြည်းဝေး၍ ပျောက်ကွယ်သွားသည်အထိ ကြည့်နေမိသည်။

ဦးနှောက်ထဲတွင် နောက်ကျိနေသည်။

'သား....သား...,မောင်မျိုးခက်၊ ငါဟာ မျိုးခက်ရဲ့အဖေ၊ သူ့အမေက မဆွေ'

ကပ္ပတိန်ဘခက်သည် ပင်လယ်ကမ်းခြေတွင် အကြာကြီး ထိုင်နေသည်။

လှိုင်းလုံးကြီးများသည် ဒီနှင့်အတူ သူ့ခြေထောက် အထိ တက်လာ၏။ သူ မသိ။

သူ့လက်ထဲရှိပုလင်းက ပါးစပ်သို့ ရောက်သွားသည်။

ပူနွေးသော အယ်လ်ကိုဟောတွေက လည်ချောင်းမှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ စီးဆင်းသွားသည်။

ရင်ပူသည်။

အသည်းပူသည်။

'ဖေဖေ'

သူသည် နောက်သို့လှည့်ကြည့်လိုက်သည်။

'ဟင်....ချစ်ချစ်'

'ချစ်ချစ်နဲ့ မေမေ သောင်ယံဦးကို လမ်းလျှောက်ရင်း လိုက်လာကြတာ'

'ဟင်....'

'ကိုထွန်းရိက မောင်တော်ကျောက်မှာ ဖေဖေ ငါးမျှား သွားတယ်ဆိုလို့'

'အင်း....အင်း'

'ချစ်ချစ် ဒီနေရာကို ရောက်....ရောက်နေတာ ကြာ....ကြာ လှပြီ'

ချစ်ချစ်အသံကလေးက ငိုရှိုက်သံသို့ ပြောင်းသွားသည်။

'ကြာလှပြီ.... ဟုတ်လား သမီး'

'ဟုတ်တယ်၊ အန်တီတင်မျိုးဆွေနဲ့ ဖေဖေ ပြောတာတွေ အားလုံးကို ချစ်ချစ်ကြားတယ်'

*



## အခန်း (၁၂)

အားလုံးက မကျေနပ်နိုင်ကြ။

စိုးနက်ကအစ ခွေးရှည်၊ထိလပ်၊ ကြာဖူး၊တိုးကြီး၊အောင် ကျော်စိန်တို့သည် မျိုးခက်ကို ကြည့်မရ။ မျက်စိထဲတွင် စပါး ခွံ ဝင်နေသလို သည်သတ္တဝါလေး ထောင်ထောင် ထောင် ထောင်ဖြစ်နေသည်ကို လုံးဝမကျေနပ်နိုင်။

ဦးစောဒီသည် မျိုးခက်ကုပ်ကိုဆွဲပြီး တာစတီသာ အထိ တင်ပစ်လိုက်သည်။

ဆီကိုကွတ်ဇ်နာရီ။

နီကွန် FT-2A ကင်မရာ။

ရာကျော်တန် ဝတ်စုံတွေနှင့် မျိုးခက်ကို အပြတ်ပြင်ဆင် ထားသည်။

မြှောက်စားထားသည်။

'ဟင်း.... လာတုန်းက စုတ်ပြတ်သတ်နေတဲ့ သူတောင်းစား၊ ခုမှ သူဌေးသားကျနေတာပဲ၊ ဒါက ဘာသဘောလဲ ဆရာစိုးနက်'

'ဘာသဘောလဲ ဆိုတာတော့ ငါမပြောတတ်ဘူး၊ တို့ဆရာကြီးရဲ့ သဘောပဲ၊ ဒါပေမယ့် ခွေးရူးကောင်းစား တစ်မွန်းတည့် ဆိုတာ မင်းတို့ ကြားဖူးတယ် မဟုတ်လား၊ ဒီကောင် တို့ဆီမှာ ကြာကြာမင်းမူနေနိုင်မှာ မဟုတ်ပါဘူးကွာ'

ဆလုံကြီးဦးပိန်သည် သူတို့၏အရက်ဝိုင်းဘေးတွင် အေးအေး ဆေးဆေး ဆေးတံတစ်ချောင်းဖြင့် မှိန်းနေသည်။

နားကြပ်ကို ဖြုတ်ထားသဖြင့် သူတို့စကားတွေကို ကြားနိုင်လေမည် မဟုတ်ပါ။

ဝိုင်းက အရက်ဝိုင်း။

အချိန်က ညနေ။

သူတို့တစ်တွေသည် အစေခံ တိုက်တန်းလျား ဘေးရှိ ကုက္ကိုပင်ကြီးအောက်တွင် ပုလင်းထောင်နေကြသည်။

ပုလင်းသုံးလုံးလောက် လဲသွားပြီဖြစ်သော်လည်း သူတို့ ခြောက်ယောက် မလဲသေး။

ငမန်းလေး အပေါ်တွင် ကိုယ်စီကိုယ်င ထားခဲ့ကြသော အငြိုးအတေးများက အရက်ဝင်တော့ ပွင့်ထွက်လာကြ၏။ ပြောဆိုလာကြသည်။





ဦးခေါဒီသည် ရာမဇ္ဇုစကီး၏ သေတ္တာကြီးကို ပင်လယ်အောက်တွင် တွေ့ပြီးကတည်းက ငမန်းလေးကို အပြတ်မြှောက်စားထားပါသည်။

ဒါကိုသိထားသူမှာ စိုးနက်နှင့် ဦးပိန်တို့သာ ဖြစ်သည်။

'ဒီမှာ မင်းတို့အားလုံးကို ငါမှာထားမယ်၊ ဒီကောင်လေးကို မပိုင်ရင် မကိုင်နဲ့၊ အလိုက်အထိုက် ကြည့်သာပေါင်း၊ တို့ဆရာကြီးအကြောင်းလဲ မင်းတို့ သိတယ်မဟုတ်လား၊ တို့လုပ်ငန်းမှာ အဝင်ပဲရှိတယ်၊ အရှင်ထွက်ဆိုတာ မရှိဘူး၊ တို့လက်ရင်း လူယုံတွေကလွဲပြီး ဘယ်သူ့မှ ကြာရှည်မသုံးဘူး ဆိုတာ မင်းတို့ သိတယ်မဟုတ်လား'

'ဒါတော့ သိတာပေါ့ ဆရာစိုးနက်၊ ခက်တာက ယောလောဆယ် ဒီကောင်လေးက ကျုပ်တို့အပေါ်ကို ကျောနေတာကို မခံနိုင်ဘူး'

'ငါပြောပါပကော၊ အရာကြီး ကိုယ်တိုင် မြှောက်စားထားတာဟာ ခွေးရူးကောင်းစား တစ်မွန်းတည့်ပါလို့၊ ကဲ.... တည့်စမ်းကွာ ငါ့အတွက် တစ်ခွက်၊ အမြည်းကော ဘာရှိသေးလဲ'

'ဆင်နူ ဇီးဖြူကုန်းကို သွားတယ်ဆရာ၊ ဦးရွှေသီးကို ရေမျောက်အထိုးခိုင်းထားတာ သွားယူတယ်'

'မင်းအကောင်က အတော်နဲ့ရောက်ဦးမှာ မဟုတ်ပါဘူး၊ ရှိတာလုပ်စမ်းကွာ'

'ငါးညှီတူ သုပ်လိုက်မယ်ဆရာ'

'အေး....ကောင်းတယ်၊ မြန်မြန်လုပ်၊ ဆရာကြီး ပြန်လာလို့ ဝိုင်းဖွဲ့နေတာတွေ့ရင် ဆဲလိမ့်မယ်'

ခွေးရှည်သည် ကုက္ကိုပင်ဘေးတွင် ပက်လက်ကုလားထိုင်နှင့် ထိုင်နေသော ဆလုံကြီးကို ခေါ်သည်။

'ဆလုံကြီး....လာစမ်းပါဦး'

ဆလုံကြီး မလှုပ်။

ဆေးတံထဲမှ မီးခိုးလေးတွေ လှုပ်နေသည်။

'ဟေ့....နားပင်းကြီး၊ ခေါ်နေတာ မကြားဘူးလား'

'ဟား.... ဟား.... မင်းအသံက အီးပေါက်သလောက်နဲ့ ဘယ်ကြားလိမ့်မလဲ ခွေးရှည်ရ၊ ဗျို့....ဦးပိန်'

အောင်ကျော်စိန် အော်သည်။

'ဟေ....'

'မဟေနဲ့၊ လာစမ်း'

'ငါ အရက်မသောက်တတ်ဘူး'

'အရက်သောက်ဖို့ခေါ်တာ မဟုတ်ဘူး၊ ခင်ဗျားကို ခိုင်းမလို့၊ ခိုင်းမလို့'

အဘိုးကြီး ထလာသည်။

'ကျုပ်တို့ မီးဖိုချောင်ထဲမှာ ငါးညှီတူခြောက်တွေရှိတယ်၊ လှော်ပြီး သုပ်ယူခဲ့၊ ကြားလား'

'ကြားတယ်'

'ကြားရင် သွားလေ၊ ဘာကြောင်နေတာလဲ'

အောင်ကျော်စိန်က မူးမူးနှင့် စွတ်အော်သည်။

ဆလုံကြီးက ပြန်အော်သည်။





'ဟေ့ကောင်....မင်း ငါ့ကို အော်မနေနဲ့၊ ငါ မင်းတို့ အစေခံမဟုတ်ဘူး၊ မင်းဟာမင်း သွားလုပ်ပါလား'

အောင်ကျော်စိန် ဒေါပွသွားသည်။

'တောက်.... ဒီအဘိုးကြီးကပါ တဖြည်းဖြည်း လူဝါးဝလာပြီ'

သူက တိုးတိုးဆဲသည်။

အားလုံး ဝိုင်းရယ်သည်။

'ဒီအဘိုးကြီးရဲ့ မအေကို မင်း ယူမလို့လား၊ အဲသလိုဆိုရင် သချိုင်းသာ လိုက်သွားတော့၊ သူ့အမေက သေပြီ'

စိုးနက်က ခပ်ပေါက်ပေါက်ပြောသည်။

'ဝါး....'

သူတို့ တစ်တွေသည် ကိုယ့်အဖေ ကိုယ့်အဘိုးလောက် အရွယ်ကြီးကို ဂါရဝတရား မထား။

နားမကြားဘူးဆိုပြီး သူ့သမီးအကြောင်း အယုတ္တ အနုတ္တတွေ ပြောကြသည်။

ပြောရင်း ခွက်လှည့်နေကြသည်။

ဦးပိန်ကတော့ ဆေးတံ မှိန်းနေဆဲ....

'ကဲ....ငါသွားမယ်၊ ဆရာကြီးပြန်လာလို့ မင်းတို့နဲ့ ဝင်ရောနေတာ တွေ့ရင် ဆဲလိမ့်မယ်'

စိုးနက် ထွက်သွားမည်ပြုစဉ် ဆင်နှုတ်စ်ယောက် ရေမျောက် သုံးလုံးကို ဆွဲရင်း ရောက်လာသည်။

'ဟေ့ကောင် ဆင်နှု၊ ကြာလှချည်လား၊ ဒီမှာ အမြည်းမရှိလို့ ဆရာစိုးနက်တောင် ပြန်တော့မလို့'

'မပြန်နဲ့ဦး ဆရာစိုးနုက်၊ ကျွန်တော် အရေးကြီးတာတွေ ပြောစရာရှိလို့'

'ဟော....ဘာတွေများလဲကွ'

'ဟိုတလောက ကျွန်တော်တို့ကို ဆရာကြီးက လိုက်ရှာခိုင်းတဲ့ သူလေ'

'ဒေါ်တင်မျိုးဆွေလား'

'အား....ဟုတ်တယ် ဆရာစိုးနုက်၊ ကျွန်တော်တို့ မဇင်လေဆိုပ်တို့၊ မေရိုးဘေး သင်္ဘောဆိပ်တို့၊ ကင်းမော်လမ်းတို့ ရှာခဲ့ကြတာ မတွေ့ခဲ့ဘူးလေ၊ ဘယ်တွေ့လိမ့်မလဲ၊ အဲဒီမော်လမြိုင်ဒူးရင်းသီးမကြီးက ပုန်းညက်ရိပ်သာမှာ ခိုနေတာကိုးဗျ'

'သေချာရဲ့လား ဆင်နူရ'

'အခု လိုက်ပြရမလား၊ ကျွန်တော် မမှတ်မိဘဲ နေပါ့မလား ဆရာ၊ ဦးရွှေသီးဆီမှာ ရေမျောက်သွားယူရင်း အသေအချာ မြင်ခဲ့တာ'

စိုးနုက် လက်ဖျောက်တီးလိုက် သည်။

ဖြောက်ခနဲ မြည်သည်။

'ကဲ....ငါသွားမယ်ဟေ့'

စိုးနုက် ထွက်သွားသည်။ ဆင်နူသည် အရက်တစ်ခွက်ကို လည်ချောင်းထဲသို့ သွန်ထည့်လိုက်ပြီး ပြောသည်။

'ကဲ....ကြာဖူး၊ မင်းက ရေမျောက် ကိုင်တတ်တယ်၊ လုပ်ကွာ'





'ဟာ....မဲအိုးတွေ ခွဲထားတာ၊ ငါ မကိုင်ချင်ဘူး'

ဟုတ်သည်။ ရေမျောက် သုံးကောင်စလုံး မင်နက်အွေ က်ထားသလို မည်းနေသည်။

'ဆလုံကြီးကို ခိုင်းကွာ၊ သူ ကောင်းကောင်း ကိုင်တတ် ယ်'

'မင်းပဲ ခိုင်းကြည့်ပါဦး ဆင်နူ၊ ရမလားလို့'

'ဘာလို့ မရ ရမှာလဲ'

ဆင်နူသည် အရက်တစ်ခွက်ကို အပြည့်ထည့်၍ ထပ်မော့ ိုက်ရင်း ဆလုံကြီးကို ရေမျောက် အကိုင်ခိုင်းသည်။ မရ။ ဆင်နူ ဒေါပွသွားသည်။

အားလုံးက ဝိုင်းဟားကြသည်။

ဦးပိန်သည် ပက်လက်ကုလားထိုင်မှ ထမည်ပြုသည်။ င်နူက ရင်ဘတ်ကိုတွန်းလှဲရင်း အော်သည်။

'ခင်ဗျား ကျုပ်ခိုင်းတာ လုပ်မလား၊ မလုပ်ဘူးလား'

ဆလုံကြီး ဘာမှမပြော။

ပက်လက်ကုလားထိုင်ဘေးတွင် ချထားသော သရီးနန်း ဆေးတံသောက်ဆေး ဘူးကလေးကို လက်ဖြင့် အသာ အုပ် ိုင်လိုက်သည်။

'အား....'

ဆလုံကြီး၏ ဘယ်လက်ကို ဆင်နူ ဖိနပ်ဖြင့် တက်နင်းထား ည်။

'ပြောစမ်း....ကျုပ်ခိုင်းတာ လုပ်မလား'

'မလုပ်ဘူး'

'ဝါး....'

အောင်ကျော်စိန်တို့ ဝိုင်းဟားသည်။

'ကဲဟာ....'

ဖနောင့်နှင့် ကြိတ်နင်းလိုက်သည်။

ဆလုံကြီး မအော်။

မည်ကဲ့သို့ ဆော်လိုက်သည် မသိ။

သူ၏ အရိုးပြိုင်းပြိုင်းနှင့်လက်က လှစ်ခနဲ လှုပ်ရှားလိုက်သည်။

မြန်လွန်းလို့ ဘယ်သူမှ မမြင်လိုက်ရ။

'အား....'

ဆင်နု ခွေကျသွားသည်။

'ဟာ....ချတယ်ဟ'

သူတို့အားလုံး ဝုန်းခနဲ ထလိုက်ကြသည်။

အရက်သောက်ထားတော့ သွေးဆူနေကြသည်။

'ငါ့ကို အသားမရှိတဲ့ လူအို ရှုတ်တွကြီးလို့ မင်းတို့က ထင်ပြီး ဗလအားကိုးနဲ့ စော်ကားချင်သလား၊ ငါ့အသားတွေ ပျော့ပေမယ့် ငါ့အရိုးတွေက မင်းတို့ထက် ရင့်တယ်၊ မာတယ်၊ သတ္တိရှိရင် လာခဲ့'

သူ့ပညာနှင့် သူပါလား။

အားမရှိသော်လည်း ခန္ဓာကိုယ်ရှိ အရိုးတွေကို တုတ်၊ ဓား၊ အချွန်အတက်တွေလို အသုံးချ၍ တိုက်ခိုက်တတ်သော





ရှေးတုန်းက တိဗက်ဘုန်းကြီးများ အကြောင်းကို သိုင်းသမား အောင်ကျော်စိန် ကြားဖူးထားသည်။

ထိုရဟန်းအိုကြီးများသည် လူသူမနီးသည့် တောကြီးတက်မည်းကြီးများထဲတွင် တရား အားထုတ်ရင်း သားရဲတိရစ္ဆာန်များ၏ရန်၊ ခိုးသား ဓားပြများ၏ရန်ကို လက်နက်မဲ့ ကာကွယ်သည့်ပညာကို တီထွင် တတ်မြောက်ထားကြသည်။

ဝိနည်းတော်အရ တုတ်၊ ဓား၊ လက်နက်များကို မကိုင်ရသော်လည်း လက်နက်ကိုင် ရန်သူများကို မမှု။

ဂရုမစိုက်။

သေအောင် တိုက်ခိုက်နိုင်သော်လည်း ကိုယ့်ကိုယ်ကို ကာကွယ်ရုံလောက်သာ ကာကွယ်ကြသည်။

သူတို့သည် လူအားမရှိသော်လည်း စိတ်အား သတ္တိတွင် အမယှဉ်နိုင်အောင် မြင့်မားသော သိုင်းပညာရှင်ကြီးများ ဖြစ်ကြပါသည်။

ဒါကို အောင်ကျော်စိန် သိသည်။

သိလို့လည်း သူ့အဖွဲ့ကို တားသည်။

'ဟေ့....ဟေ့....မလုပ်ကြပါနဲ့၊ ဒီအဘိုးကြီး မလွယ်ဘူးကွ' မရ။ ဝိုင်းချကြတော့ သူလည်း ဝင်ချရတော့သည်။

'အိုး....အင့်....ခွပ်'

ထိလပ် လန်သွားသည်။

ကြာဖူးထိပ်တွင် ဖူးခနဲ သပြေသီးမှည့်ကြီး ရောက်သွားသည်။

တိုးကြီး မှောက်သွားသည်။

ဆင်နှသည် လဲကျနေရာမှ ကုန်းထ၍ အတိုးကြီးကို နောက်ကနေ ဝင်ကိုင်သည်။

ကျင်သမား ကိုင်မိလျှင် ရုန်းလို့မလွယ်။

ရုန်းနေစဉ် အောင်ကျော်စိန်က သူ့ အသန်ဆုံး ညာပုံဖနောင့်ကို ခုန်၍ အတိုးကြီး၏အရှုံက်ကို ပစ်သွင်းလိုက်သည်။

'ယား....'

အောင်ကျော်စိန်၏ ခန္ဓာကိုယ်က လေတွင် မြောက်တက်သွားစဉ် သူ့နံဘေးကို ကစ်တစ်ချက် ဝင်လာသည်။

အောင်ကျော်စိန် ဘေးသို့ လွင့်စဉ်သွားသည်။

ခွေလဲနေရာမှ မော့ကြည့်လိုက်တော့ သူ့ခန္ဓာကိုယ်ပေါ်တွင် ကားရားခွ၍ ရပ်ကြည့်နေသော ငမန်းလေး။

သူ့ အသံက အေးအေးဆေးဆေး။

သူ့ လက်ထဲတွင် တောက်ပြောင်နေသော ဓားမြှောင်ကလေးတစ်ချောင်း။

'ဆင်နှ အတိုးကြီးကို လွှတ်လိုက်စမ်း'

သည်ဓား၏အစွမ်းကို ဆင်နှ ခံဖူးသည်။

လွှတ်လိုက်ရသည်။

ဆလုံကြီးသည် သူ့ ဆေးတံသောက်ဆေး ဘူးကလေးကို ကောက်၍ အေးအေးဆေးဆေး ထွက်သွားရှာသည်။

'နောက် ကိုယ့်အဖေလောက် ဟာကြီးကို မစော်ကားကြနဲ့'





ဒါပဲပြော၍ ငမန်းလေး ထွက်သွားသည်။

သူ့ ကျောကို မျက်လုံး ဆယ့်နှစ်လုံးက ဝိုင်းကြည့်နေကြသည်။

တိုးကြီးက မှောက်လျက်။

အောင်ကျော်စိန်က တေးစောင်း။

'သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်'

ခင်စန္ဒီသည် အိမ်ကြီးမဟာပေါ်ရှိ ပြတင်းပေါက်ဘေးတွင် ရပ်ရင်း တိုးတိုးလေး ရွတ်ဆိုလိုက်သည်။

*

## အခန်း (၁၃)

---

ထိုနေ့ညတွင်....

အရိပ်မည်းမည်းကြီးတစ်ခု ငမန်းလေးနေသော ကာ
အပေါ်ထပ်သို့ တိတ်တဆိတ် တက်ရောက်လာသည်။

ငမန်းလေး မအိပ်သေး။

အတွေးဝက်ပါတွင် ချာချာလည်နေမိသည်။

သည်ကနေ့ မြပြင်မှအပြန် ကြက်ခြေနီ ခေါင်းဆေ
ကိုမောင်မောင်ဦးအား သွားရောက်တွေ့ဆုံခဲ့၏။

သူ ရရှိထားသော သတင်း အတိုအထွာကလေးမျာ
ဆရာ မောင်မောင်ဦးအား ပြောပြသည်။

ကျွန်းနံ့သာမှ ကျားလူ။
ရေငုပ်သန်သူ ဆလုံကြီး နားပင်းကြီး ဦးပိန်။
ရေအောက်မှ သံသေတ္တာကြီး။
'မင်း ဘယ်လိုထင်သလဲ ငမန်းလေး'





'ကျွန်တော့်အထင်တော့ ဦးစောဒီဟာ လူသူ အရောက်နည်းတဲ့ ကျွန်းနံ့သာမှာ လျှို့ဝှက်ပြီး တစ်ခုခု လုပ်နေပုံပဲ၊ အဲဒီကို ကျွန်တော် စပိဘုတ်မောင်းရင်း တစ်ခေါက်ပဲရောက်ဖူးတယ် ဆရာ၊ သူတို့ရဲ့စကားဝှက်ကို ကျွန်တော် သိခဲ့ရတယ်၊ ဦးစောဒီနဲ့ သူ့မန်နေဂျာ စိုးနက်ဆိုတဲ့အကောင်တော့ ကျွန်းနံ့သာကို မကြာမကြာ သွားကြတယ်'

ငမန်းလေးက သူကြားခဲ့သော Pass Word, စကားဝှက်ကို ပြောလိုက်သည်။

'ကျွန်တော်တို့ သိထားတာက ဦးစောဒီမှာ စက်လှေကြီးတွေရှိတယ်၊ မော်လမြိုင်တို့ မြိတ်၊ ထားဝယ်တို့မှာ ထားတယ်၊ သံတွဲကို အလာနည်းတယ်၊ ကဲ....ဒီ စက်လှေကြီးတွေဟာ ညအချိန်မတော်မှာ ကျွန်းနံ့သာကို အဝင်အထွက်မလုပ်နိုင်ဘူးလား၊ နောက်တစ်ခုက ဆလုံကြီး ဦးပိန်ဟာ သံသေတ္တာကြီးရဲ့ လျှို့ဝှက်ချက်တွေကို သိနေပုံပဲ ဆရာ မောင်မောင်ဦး၊ အဲဒီဆလုံကြီးဟာ ဂျပန်ခေတ်က မဇင်မှာ နေသွားတာ၊ လင်းရိုးမော် တောင်ပေါ်မှာ ဂျပန် အမြောက်တုတွေဆင်တုန်းက သူပါခဲ့တယ်၊ အားလုံး အသတ်ခံရပေမယ့် သူ့ကို ဘာဖြစ်လို့ မသတ်သလဲ'

'အေး....ဒါလဲ အကြောင်းရှိရမယ်'

'နောက်တစ်ခုက သူဌေးကြီး ဦးစောဒီဟာ အခုတလောကျွန်တော့်ကို သိပ်ပြီးမြှောက်စား အရေးပေးခဲ့တယ် ဆရာ၊ အကြောင်းတစ်ခုတော့ရှိမယ်'

'အဲဒါကိုမင်းသတိထား၊ ဦးစောဒီဆီမှာလုပ်တဲ့ မော်လ
မြိုင်တို့၊ရေး၊မြိတ်၊ထားဝယ်တို့ကအလုပ်သမားတွေဟာတစ
ခါတည်းစုပ်စမြုပ်စနိုင်အောင် ပျောက်သွားတတ်ကြတယ်လိ
ငါတို့ သိထားတယ် ငမန်းလေး၊ကဲ....မင်း ပြောစရာရှိသေ
လား'

'မရှိတော့ပါဘူးဆရာ'

'ဒါဖြင့်သွားတော့၊ငါတို့နဲ့ဆက်သွယ်နေတာကိုဦးစော
မသိစေနဲ့၊ ငါအခုပဲ ကိုဘင်မောင်ငွေဆီ သွားလိုက်မယ်'

ကိုမောင်မောင်ဦးထံမှ အပြန်တွင် ဆလုံကြီးကို အော
ကျော်စိန်တို့အုပ်စု အနိုင်ကျင့်နေကြသည်ကို သူ ဝင်ကယ်ခဲ့
ပါသည်။

ဘာမှမဖြစ်လို့ တော်သေးသည်။

မျိုးခက်သည် သူနှင့်ချစ်ချစ်တို့ နှစ်ဦးတည်းသာ သိထား
သော ရေအောက်ရှိ ပုလဲမုတ်ကောင်ကြီးများအကြောင်းက
စဉ်းစားမိပြန်သည်။

သည်ပုလဲရတနာတွေကို ချစ်ချစ်နှင့်လက်ထပ်သည့်နေ့တွ
တိုင်းပြည်အား ပေးလှူကြမည်ဟု နှစ်ယောက်သား ကတိ
ထား ကြသည်။

မည်သူ့ကိုမျှ မပြောပါဟုလည်း သစ္စာပြုထားကြသည်

အခုတော့ ချစ်ချစ်နှင့်ဝေးပြီ။

ပုလဲရတနာတွေနှင့် ဝေးပြီ။

သူသည် သက်ပြင်းကို လေးပင်စွာချရင်း မှောက်လိုက
သည်။





လက်က ခေါင်းအုံးအောက်မှ ဓားရိုးကို ဆုပ်ကိုင်မိသည်။

တစ်စုံတစ်ရာသည်သူ့စံမြန်းရာကားရုံပေါ်သို့ ရောက်လာ
ပြီ။

မင်စန္ဒီလား။

မဟုတ်။ ခင်စန္ဒီ၏အနံ့ကို သူသိသည်။ ခင်စန္ဒီဆိုလျှင် ရေ
မွှေးစော်နံသည်။

အမှောင်ထဲမှ အသံတိုးတိုး ထွက်လာသည်။

'ငမန်းလေး.... အိပ်ပြီလား'

'မအိပ်သေးဘူး အဘ'

'အေး.... ငါ မင်းကိုပြောစရာရှိလို့၊ မီးမဖွင့်နဲ့'

'ဟုတ်ကဲ့ အဘ'

ဆလုံကြီးဦးပိန်သည် ငမန်းလေး၏ အိပ်ရာဘေးသို့ ရောက်
လာခဲ့သည်။

'မင်း ညနေတုန်းကအဘကိုဝင်ကူလိုက်တာ ကျေးဇူးတင်
ပါတယ်'

'ကျေးဇူးတင်စရာ မလိုပါဘူး အဘရယ်၊ အဘကို ကျွန်
တော် မြင်မြင်ချင်း ကျွန်တော့်အဘိုးတစ်ယောက်လို ခင်မင်
မိလို့ပါ၊ ဒါနဲ့ အဘက ဦးစောဒီဆီကို ဘာကိစ္စနဲ့ ရောက်နေ
တာလဲ'

မျိုးခက်သည် ဦးပိန်ကို ရိုးသားစွာပင် မေးမိသည်။

'အဲဒါကို အဘပြောမလို့ပဲ ငမန်းလေး၊ အဘနဲ့မင်းဟာ
ဒီအိမ်ကြီးကိုရောက်လာကြတာ မကြာသေးပါဘူး၊ ဦးစောဒီ

ဟာ အဘကို သူ့လုပ်ငန်းတစ်ခုမှာ အသုံးချဖို့အတွက် ဒီကို ရောက်အောင် ဒုက္ခခံပြီး ခေါ်ယူခဲ့တာပဲ'

'ဘာလုပ်ငန်းလဲ အဘ'

'ရေအောက်လုပ်ငန်းတစ်ခုပေါ့'

'ကျွန်တော့်ကို ဟိုတစ်နေ့က အဘ ကယ်လိုက်တာ ဘာ သဘောလဲ၊ ရေအောက်မှာ သံသေတ္တာကြီးတွေ့တဲ့ ကိစ္စလေ'

'ရေအောက်မှာ အဘ ဆင်းငုပ်တော့ သံသေတ္တာမပြော နဲ့၊ ထင်းရှူးသေတ္တာပျက်တောင် မရှိဘူးကွ'

'ဒါနဲ့ အဘက ဘာဖြစ်လို့ ကျွန်တော်ပြောတာ ဟုတ် တယ်လို့ ပြောရတာလဲ'

'မင်းကို သနားလို့'

'ဗျာ....'

'ရေအောက်မှာ သံသေတ္တာကြီးတစ်လုံး တွေ့တယ်ဆိုတာ မင်း အကြောင်းတစ်ခုရှိလို့ ညာပြောလိုက်တာ မဟုတ်လား'

'ဟုတ်ပါတယ်၊ အဘ ဘယ်လိုသိသလဲ'

'ပုလဲလုံးကြီး ကိစ္စလေ၊ ဦးစောဒီက အဘကို မင်းဆီ မှာ ရှိတဲ့ ပုလဲကြီးအကြောင်း ပြောပြခဲ့တယ်၊ အဲသလို ပုလဲ ရှိတဲ့ ရောမ မုတ်ကောင်ကြီးတွေရှိတဲ့ နေရာကို မင်းသိတယ် လို့ ဦးစောဒီက ပြောတယ်'

'ပုလဲမုတ်ကောင်တွေ အများကြီးရှိတယ်လို့ ဦးစောဒီက ဘာဖြစ်လို့ သိနေတာလဲ အဘ'

'ဒီလိုကွ.... လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက အဘဟာ ဦးစောဒီရဲ့ စက်လှေနဲ့ လိုက်ဖူးတယ်၊ မြိတ်ဘက်က စက်လှေ





တွေနဲ့ပေါ့၊ အဲဒီတုန်းက အဘဟာ ရာမာဇူစကီးအကြောင်း သူ့ကို ပြောပြလိုက်မိတယ်'

'ရာမာဇူစကီး ဆိုတာ ဘာကောင်လဲ'

'ဂျပန်ဗိုလ်မှူး'

မျိုးခက် စိတ်ဝင်စားသွားသည်။

'ဂျပန်ခေတ်တုန်းက သူဟာ သံတွဲမှာ လူကြီးပေါ့၊ [illegible]းဒုက္ခ အားလုံးကကြောက်ရွံ့ရသလို အရက်အစက် အသတ်အ[illegible]တွေ ကြီးတယ်၊ အဲဒီ ဂျပန်ဗိုလ်မှူးဟာ တိုက်ခိုက်လုယက်လို့ [illegible] စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာတွေကို သံသေတ္တာကြီး တွေနဲ့ ထည့်ပြီး ပင်လယ်ထဲမှာ အမှတ်အသားပြုပြီး မြှုပ် ထားတယ်လို့ သတင်းထွက်ခဲ့တယ်'

'အဲဒီ သေတ္တာကြီးတွေ မြှုပ်တဲ့အထဲမှာတော့ အဘ ပါ သလား'

မျိုးခက်က စိတ်ဝင်စားစွာ မေးလိုက်သည်။

'မပါဘူး၊ ပါတဲ့လူတွေလဲ အသတ်ခံရတာပဲ၊ ဒါပေမယ့် စိန်တွေ၊ ပတ္တမြားတွေ၊ နီလာလုံးတွေ၊ ကျောက်စိမ်းတွေကို မုတ်ကောင်ကြီးတွေရဲ့ ကိုယ်ထဲမှာ ဝတ်ဆံထည့်ပြီး ဆေးထိုး တုန်းကတော့ အဘပါတယ်'

'ဗျာ....'

မျိုးခက် အံ့အားသင့်သွားပါသည်။

မုတ်ကောင်တွေထဲကို ကျောက်သံပတ္တမြားတွေ ထည့် သတဲ့....

ဆေးထိုးသတဲ့....

'အဲဒီတုန်းကတော့ ပုလဲမွေးတာတွေ ဘာတွေ ဘယ်သိမလဲကွာ၊ ဒီရတနာတွေကို မုတ်ကောင်တွေထဲမှာ ဓာ်ကတာပဲ ဆိုတာလောက်ပဲ တွေးမိတယ်၊ အခုမှ မုတ်ာင်ရဲ့ ကိုယ်ထဲမှာ ဝတ်ဆံထည့်နိုင်ရင် ပုလဲဖြစ်တယ် ဆို သိရတာကလား'

'အဲဒါတွေကို ဦးစောဒီ သိသလား၊ အဘက ပြောပြလိုက်ပလား'

'အေး....အဲဒါကြောင့် မင်းဆီက အင်မတန်လှတဲ့ ပုလဲကြီးကိုလဲ တွေ့ရော အဘကို ဒီအရောက် ခေါ်တော့တာပဲ၊ ဒါပေမယ့် မင်း တစ်ခု သတိထား၊ ဒါတွေကို တွေ့တာနဲ့ တစ်ပြိုင်နက် မင်းဟာ အသက်မရှင်နိုင်တော့ဘူး'

ဦးပိန်က စိုးရိမ်စွာ သတိပေးသည်။

သတိထားရမည်။

သူနှင့် ချစ်ချစ် တွေ့ထားသော ကျောက်မရေအစွယ်မှ မုတ်ကောင်ကြီးတွေမှာ ရာမာဇူစကီး ရတနာတွေထည့်၍ ဆေးထိုးပြီး မွေးမြူထားခဲ့သော မုတ်ကောင်ကြီးတွေသာ ဖြစ်ခဲ့လျှင် မည်မျှ အဖိုးတန်လေမည်နည်း။

လောဘသားကောင်ကြီး ဦးစောဒီသည် ထိုရတနာများ ဌာပနာထားသော ပုလဲကြီးများကို မည်သည့် နည်းနှင့်မျှ လက်လွှတ်ခံလိမ့်မည် မဟုတ်ပေ။

'အဲဒီ ရတနာတွေကို ဦးစောဒီ တွေ့သွားရင် အဘကော အသက်ရှင်နေပါဦးမလား'

ဆလုံကြီးထံမှ သက်ပြင်းချသံ ထွက်လာသည်။





'ဘယ် ရှင်နိုင်ပါ့မလဲကွာ၊ ဒါပေမယ့် အဘက အသက်ကြီးပါပြီ၊ သင်္ချိုင်းကို သွားရတော့မှာပါ၊ မင်းအတွက်သာ အရေးကြီးပါတယ်၊ အခု ဦးစောဒီဟာ မော်လမြိုင်က ကရိန်းပါတဲ့ သူ့စက်လှေကို မှာထားပြီ၊ စက်လှေရောက်ရင် မရှိတဲ့ သံသေတ္တာကြီးကို ဆယ်ကြမယ်၊ မတွေ့ရင် မင်းဒုက္ခရောက်လိမ့်မယ်၊ နောက်ပြီး ပုလဲရှိတဲ့ မုတ်ကောင်ကြီးတွေ နေရာကို မင်းကို အကျပ်ကိုင်ပြီး အပြခိုင်းလိမ့်မယ်'

'သူတို့ အဲဒီနေရာကို သေတ္တာကြီး ရှိမရှိ ဘာဖြစ်လို့ ငုပ်မကြည့်ကြတာလဲ အဘ'

'ငါ့စကားကို ယုံလို့ပေါ့၊ ပြီးတော့ သူတို့အထဲမှာ ရေငုပ်သန်တဲ့လူလဲ ရှိဟန်မတူဘူး'

'ရာမာဇူစကီးရဲ့ မုတ်ကောင်ကြီးတွေ မြှုပ်ထားတဲ့ နေရာကို အဘ မှတ်မိသလား'

'ငါ မမှတ်မိတာ အမှန်ပဲ ငမန်းလေး၊ နှစ်ပေါင်းမနည်းကြာလှပကောကွာ၊ ဒီနေရာ ရှိတယ်လို့ သိတဲ့လူဟာလဲ လောကမှာ ငါတစ်ယောက်တည်းပဲ ရှိတော့တယ်၊ မုတ်ကောင်တွေကိုရေငုပ်ပြီး မြှုပ်ပေးတဲ့လူတွေလဲ ရေပေါ်ကို ပြန်ပေါ်လာတာနဲ့ ပစ်သတ်လိုက်တာပဲ၊ ငါလဲ ပေါင်ကိုရှပ်မှန်တယ်၊ သေချင်ယောင်ဆောင်ပြီး ရေငုပ်နေနိုင်လို့ လွတ်ခဲ့တာ၊ အဲဒီဂျပန်ဗိုလ်မှူးလဲ တော်လှန်ရေးမှာ သေသွားခဲ့တယ်၊ ငါ့အနေနဲ့ကတော့ ဒါတွေလဲ မမက်တော့ပါဘူးကွယ်၊ သင်္ချိုင်းကို ခြေတစ်ဖက် လှမ်းနေပြီပဲ၊ ဆေးတံကလေး သောက်နေ့ရရင်

ဘာမှမလိုဘူး၊ မင်းငယ်သေးတယ်၊ ကိုယ့်အသက်ကို လိမ်လိမ်မာမာ မွေးပါကွယ်၊ ကဲ....အဘသွားမယ်'

'အဘ ခဏနေပါဦး'

မျိုးခက် စဉ်းစားရင်း ပြောသည်။

'အဘကို ကျွန်တော် အကူအညီတစ်ခု တောင်းချင်တယ်၊ ပေးနိုင်မလား'

'ဘာအကူအညီလဲကွယ့်'

'ကျွန်တော်လိုတော့မှ ပြောပါ့မယ် အဘရယ်'

'အေး....အေး၊ အဘကူညီနိုင်တာဆိုရင် ကူညီရတာပ'

အမှောင်ထဲမှရောက်လာသော ဦးပိန်သည် အမှောင်ထဲသို့ ပြန်ပျောက်သွားသည်။

သည်ဆလုံကြီးကို သူ ယုံစားရမည်လား။

ဆလုံကြီးသည် ဦးစောဒီ၏ အတွင်းလူယုံကြီးဖြစ်နေလျှင် မခက်ပါလား။

မည်သို့ပင်ဆိုစေ....

သည်မှတ်ကောင်ကြီးတွေ ကိစ္စကို ချစ်ချစ်နှင့် တိုင်ပင်လိုသည်။

ချစ်ချစ်နှင့် ကတိထားခဲ့ကြသောကိစ္စကို ချစ်ချစ်နှင့် ဆွေးနွေးသင့်သည်။

ချစ်ချစ်အကြံကို ယူသင့်သည်ဟု သူ ထင်သည်။

ကိုယ်ရေးကိုယ်တာကိစ္စထက် တိုင်းပြည်အတွက် အကျိုးရှိနိုင်မည့်ကိစ္စက အရေးကြီးသည်။





ဘာပဲဖြစ်ဖြစ် ချစ်ချစ်နှင့် ဖြစ်တဲ့နည်းနှင့်သွားတွေ့ရတော့မည်။

ချစ်ချစ်ရယ်....

ကိုမျိုး လာခဲ့ပါ့မယ်။

ဒါပေမယ့်....

ချစ်ချစ်မျက်နှာကို ကိုမျိုး ဘယ်လိုအကြည့်မျိုးနဲ့ ကြည့်ရမှာလဲကွယ်။

*

## အခန်း (၁၄)

---

နောက်တစ်နေ့တွင် ငမန်းလေးသည် တစ်နေ့တာလုံး ကားရုံထဲတွင် စာဖတ်နေခဲ့၏။

အလုပ်မရှိ။

သူ့တွင် အကြံတစ်ခုတော့ ရှိနေသည်။

ဦးစောဒီအလုပ်ခန်းသို့ ဆယ့်နှစ်နာရီတီတီတွင် သူရောက်ရှိသွားသည်။

စိုးနက်နှင့် ဦးစောဒီတို့ ခေါင်းချင်းဆိုင်၍ တိုင်ပင်နေကြသည်။

'ဘာလဲဟေ့....ငမန်းလေး'

'ကျွန်တော် ပင်လယ်ကိုသွားချင်လို့ ဘုတ်ခဏယူသွားပါရစေ ဆရာကြီး'

'ဘာကိစ္စလဲကွ'

'မုတ်ငုပ်ကြည့်မလို့ပါ'





'မင်းတစ်ယောက်တည်း သွားမှာလား'

'ကျွန်တော် ဦးပိန်ကိုခေါ်သွားပါမယ် ဆရာကြီး'

'အတိုးကြီးပါတော့ ပိုကောင်းတာပေါ့ကွာ၊ အေး.... သွား၊ ဘယ်တော့လောက် ပြန်လာမလဲ'

'ညနေလောက် အရောက်ပြန်လာခဲ့ပါမယ် ဆရာကြီး'

ဦးစောဒီထံမှအခွင့်ရသည်နှင့် မျိုးခက်သည် သူ၏ရေငုပ်မှန်၊ ရေယက် ဖလစ်ပါပြားကြီးနှင့် ရေအောက်ပစ် သေနတ် Harpoon Gun၊ ဓားမြှောင်တို့ကိုဆွဲ၍ သူ စံမြန်းရာ မော်တော်ကားရုံအပေါ်ထပ်မှ ဆင်းလာသည်။

'ကိုမျိုးခက်'

ခင်စန္ဒီက ပန်းရုံအကွယ်က ခေါ်သည်။

ဩော်....

သူပါကလား။

တစ်ဝင်းတည်း၊ တစ်ခြံတည်း၊ တစ်အိမ်တည်း၊ တစ် နေရာတည်း နေခဲ့သော်လည်း သည်ကနေ့တစ်နေ့တာလုံး မတွေ့ခဲ့ရသေးသည့် ခင်စန္ဒီ။

'ဒီဒီ'

'ဘယ်သွားမလို့လဲ'

'ပင်လယ်'

'ဘာလုပ်ဖို့လဲ'

'မုတ်ငုပ်မလို့'

'ဒီဒီလဲ လိုက်ချင်တယ်ဟယ်'

ဤတွင်....

မျိုးခက်၏စိတ်ထဲ၌ အကြံတစ်ခု ပေါ်လာသည်။

ဦးစောဒီ၏ မြေအောက်စတိုခန်းထဲတွင် ပစ္စည်းတွေရှိနေသည်ဟု သူ့စိတ်တွင် သံသယဝင်နေခဲ့သည်။

ဒါတွေကို ခင်စန္ဒီ သိရမည်။

မသိချင်လည်း မသိမည်။

ဟိုတလောတုန်းက စိုးနက်က ပစ္စည်းတွေဟု စကားထွက်သွားစဉ် ဦးစောဒီက စိုးနက်ကို ရက်စက်သော အကြည့်ဖြင့် ကြည့်ခဲ့သည်။

ပစ္စည်းတွေ။

ဘာပစ္စည်းတွေလဲ။

'ကိုယ်တို့က ရေအောက်ကိုငုပ်မှာ ဒီဒီ၊ ဒီဒီကော ရေငုပ်နိုင်ပါ့မလား'

'ဒီအတိုင်းတော့ ဘယ်ငုပ်နိုင်ပါ့မလဲ၊ ဒါပေမယ့် ဒက်ဒီဆီမှာ ရေငုပ်ပစ္စည်း အသစ်တွေ အများကြီးရှိတယ်၊အဲဒါနဲ့ဆိုရင် ဒီဒီလဲ ငုပ်နိုင်မှာပေါ့'

'ဒါဖြင့် အဲဒါတွေ ယူခဲ့လေ'

ခင်စန္ဒီ တွေဝေသွားသည်။

'အဲ....အဲဒီပစ္စည်းတွေကို ဒက်ဒီ မြေအောက် စတိုခန်းထဲမှာ သော့ခတ်ပြီး သိမ်းထားတာ၊ သော့က ဒက်ဒီဆီမှာ ကိုမျိုးခက်ရဲ့'

'သော့တောင်းပြီး ယုတ်ခဲ့ပေါ့၊ ဒါမှ ဒီဒီလဲ ကိုယ်တို့နဲ့အတူ ရေငုပ်နိုင်မှာ'





'သော့....သော့က ဒက်ဒီဆီမှာ၊ မြေအောက် စတိုခန်းသော့ကို ဒက်ဒီတစ်ယောက်တည်းပဲ ကိုင်တယ်၊ဒီဒီ့ကိုပေးမှာဟုတ်ဘူး'

'ဟုတ်လား၊ ပင်လယ်ရေအောက်ကို ငုပ်ရတာ သိပ်ပျော်ရာကောင်းတယ် ဒီဒီ၊ ရေအောက်ကမ္ဘာလေးဟာ သိပ်ကိုလှပတယ်၊ တစ်နေ့တော့ ဒီဒီနဲ့ကိုယ် ရေအောက်ကို ငုပ်ရအောင်လေ၊ အဲဒီလိုဆိုရင် ပျော်စရာ သိပ်ကောင်းမှာပဲ'

ခင်စန္ဒီ အသည်းကလေးတွေ လှုပ်ခတ်သွားသည်။

သူချစ်သော ကိုမျိုးခက်က သူမနှင့်အတူ ရေအောက်ကမ္ဘာလေးကို သွားချင်သတဲ့။

အဲသည် ရေအောက်ကမ္ဘာလေးထဲမှာ အချစ်ကလေးတွေ ရှိနေမှာပါ။

ဒီဒီ သူနဲ့အတူ လိုက်ချင်လိုက်တာ။

ရေငုပ်ချင်လိုက်တာ။

ရေအောက်မှာ သူနဲ့အတူ လက်တွဲပြီး ကျွမ်းထိုးမှောက်ခုံဆော့ချင်လိုက်တာ။

အဲလိုမျိုးဆိုရင် သိပ်ပျော်စရာကောင်းမှာ။

'ဒီနေ့မလိုက်နဲ့ဦးနော်၊ ဒီဒီ့ အဖေဆီကသော့ကို ရအောင်လုပ်၊ ရေငုပ်ပစ္စည်းတွေရရင် ဒီဒီနဲ့ကိုယ်နဲ့ အတူ ရေငုပ်မယ်ဟုတ်လား၊ ဟဲ.... ကိုယ်လစ်မယ်၊ ဒီဒီနဲ့ စကားပြောရတာ တခြားလူတွေ မမြင်စေချင်ဘူး၊ တကယ်လို့ တစ်ယောက်ယောက်နဲ့ မိသွားရင် ကိုယ့်ကို ပြောပစ်၊ဟောက်ပစ်၊ ဆူပစ်၊ ဒါမှ သူတို့မရိပ်မိမှာ၊ နော် ဒီဒီ'

'ဟုတ်....ဟုတ်ကဲ့ ကိုမျိုးခက်'

ခင်စန္ဒီ ဝိတ်မကောင်းစွာ ကျန်ရစ်ခဲ့ရှာသည်။

မျိုးခက်သည် ဆလုံကြီးဦးပိန်နေသော နောက်ဖေးတ

လျှားဆီသို့ ထွက်ခဲ့သည်။

ဆလုံကြီးသည် ကုက္ကိုပင်ကြီး အောက်တွင် ပက်လ

ကုလားထိုင်နှင့် ဆေးတံ မှိန်းနေသည်။

ဟိုကောင်တွေအုပ်စုကို မတွေ့ရ။

'အဘ'

သူ့ကို မြင်သွားသည်နှင့် ဆလုံကြီးက ပြုံးပြုံး နားကြ

ကလေးကို ကောက်ကိုင်လိုက်သည်။ ကိုမျိုးခက်သည် မီးခြ

ဘူးအရွယ် အသံချဲ့စက်ပါသော Pionet - Ha 27-B န

ကြုပ်ကလေးကို သတိပြုလိုက်မိသည်။

'အဘ'

'ဟေ'

'ပင်လယ်ကို သွားရအောင်'

'ဘာလုပ်ဖို့လဲ'

'ကျွန်တော် ဦးစောဒီကို ဘုတ်ယူသွားပြီး မုတ်ကော

သွားငုပ်မယ်၊ အဘကိုလဲ ခေါ်သွားမယ်လို့ ပြောခဲ့တယ

ကျွန်တော်တို့ မုတ်ကောင်တွေ သွားငုပ်ကြည့်ရအောင်၊ အ

လိုက်မယ်မဟုတ်လား'

'လိုက်မှာပ၊ ငါလဲပျင်းနေတာနဲ့ အတော်ပဲ'

'ဟိုကောင် ထိလပ်တို့အုပ်စုကော'





'မေရိုးဘေးဆိုလား ကင်းမော်ဆိုလား သွားကြတယ်၊

ကောင်တွေ မရှိတာ မျက်စိရှင်းတယ်၊ ရှိရင် တယ် မျက်စိ

ပ်သကိုးကွ'

ဆလုံကြီး ထလာသည်။

သူ့အခန်းသို့သွား၍ ထန်းလျှီးခါးပုံစံခါးမြှောင်နှင့်သား

ရ ခါးပတ်ပြားကြီးကို ပခုံးတွင်ချိတ်ရင်း ထွက်လာသည်။

သူတို့ နှစ်ယောက်သည် အိမ်ကြီးမဟာ၏ နောက်ဖေး

ပါက်မှ သံတွဲချောင်းထဲသို့ ဆင်းခဲ့ကြသည်။

မကြာခင် စပိဘုတ်ကလေး ဟိုင်း၏ စက်သံတဖုတ်ဖုတ်က

ည်လာသည်။

မြည်လာပြီး ထွက်သွားသည်။

ဟိုင်း၏နောက်တွင် ရေလှိုင်းဖွေးဖွေးတွေကျန်ရစ်ခဲ့သည်။

ခင်စန္ဒီသည် ကမ်းပါးပေါ်ရှိ စွယ်တော်ပင်ကြီး အောက်မှ

က်ကလေးယမ်းပြရင်း ကျန်ရစ်ခဲ့ရှာပါသည်။

မျိုးခက်သည် ဟိုင်းကို လိမ္မာသော မြင်းရိုင်းတစ်ကောင်

ကို ကျွမ်းကျင်စွာမောင်း၍ ပင်လယ်သို့ စပိအပြည့်နှင့်မောင်း

ာခဲ့သည်။

ရေပြာပြာသည် မေခလာ၏ နုတ်ရေကန်တဲ့သို့ စိမ်းမြ

ကြည်လင်လို့ နေသည်။

မျိုးခက်သည် ပင်လယ်ကို ချစ်သည်။

ရေပြာပြာတွေကို ချစ်သည်။

လှိုင်းတွေကို မြတ်နိုးသည်။

သူမြတ်နိုးရသော ချစ်ချစ်ထံကို သွားတွေ့ရမည်။
မျက်နှာ ရှေ့ထား၍ ပုလဲကြီးတွေကိုစုကို တိုင်ပင်ရဦးမည်
စပိဘုတ်ကလေး ဟိုင်းသည် ဂေါ်၊ မဇင်ကို ကျော်လ
သည်။လင်းရိုးမော် တောင်နှင့် နှစ်မိုင်ခန့်အကွာတွင် မျိုးခ
စက်ပိတ်လိုက်သည်။

'အဘ'

'ဟေ'

'ဟိုကလောက သံသေတ္တာကြီး တွေ့တယ်ဆိုတဲ့ နေရာဟ
ဒီနေရာပဲ၊ မနက်ဖြန်လောက်ဆိုရင် ဦးစောဒီရဲ့ ကရိန်းစ
ပါတဲ့ စက်လှေကြီးဟာ ရောက်လာတော့မယ်၊ သူတို့မှာ
ငုပ်ပစ္စည်းတွေ ရှိနေပြီဆိုတာလဲ ကျွန်တော် သိထားတယ
သူတို့ ဒီနေရာမှာ ရေငုပ် ကြည့်ကြမှာ သေချာတယ်၊ ကျ
တော်တို့ ဘယ့်နှယ်လုပ်မလဲ'

'ဒီနေရာကို ငမန်းတွေ ဝင်တတ်သလား'

'တစ်ခါတလေ ငါးလေးအုပ် ရှိရင်တော့ ကျားငမန်းေ
လာတတ်တယ်၊ ငါးအုပ်ကို လာစားတာ'

'တခြားငါးကြီး ဝင်တတ်သလား'

'ရေအောက်ကျောက်ဆောင်ကြားမှာတော့ ငါးတော
တူတွေ ဝင်ခိုနေတတ်တယ် အဘ'

'ဟန်ကျသဟေ့၊ ငါးတောက်တူက လူကိုတောင်မျိုသ
ကဲ....ငါခဏ ရေငုပ်လိုက်ဦးမယ်'

ဆလုံကြီးသည် အင်္ကျီကိုချွတ်၍ ခါးတောင်းကို ဖင်ကြ
ညပ်အောင် ကျိုက်လိုက်သည်။ လုံချည်က ရေကူးဘောင်း





ဖြစ်သွားသည်။ရှေးတုန်းကတည်းကမြန်မာရေငုပ်သမားများ
ဝတ်ခဲ့သည့် ရေငုပ်ဘောင်းဘီက နိုင်ငံခြားမှလာသည့် ရာ
ကျော်တန် စပီဒို Spedo ရေကူးဘောင်းဘီထက် ကောင်း
သည်။

ဆလုံကြီးသည် ခါးတွင် သားရေခါးပတ်ပြားကြီးကို ပတ်
လိုက်သည်။သူ့ဓားကြီးကလည်းတစ်တောင်နီးပါးခန့်ရှိသည်။
ပြီးတော့ ရေထဲသို့ ဇောက်ထိုးအောက်မျှော် ထိုးဆင်း
သွားသည်။

သည်ဆလုံကြီး ဘာသွားလုပ်သလဲ။

အဲဒါကိုလည်း မျိုးခက်မသိ။

သူ့ကို လူသားစားသည့် ငါးကြီးတွေ အကြောင်း မေး
သည်၊ မေးပြီး ရေအောက်ကို ထိုးဆင်းသွားသည်။

ဆလုံကြီး ဘာလုပ်မလဲ။

ရေထဲရှိ လူသားစား ငါးကြီးတွေကို ရေငုပ်၍ သွားသတ်
သလား။

'ဘွား'

ငါးမိနစ်ခန့်အကြာတွင် ရေပေါ်သို့ ဘွားခနဲ ပြန်ပေါ်
လာသည်။

မျိုးခက်က သူ့လက်ကို ဆွဲ၍ မော်တော်ပေါ်သို့ တင်ပေး
သည်။

ဦးပိန်သည် ခေါင်းနှင့် မျက်နှာကို ရေသုတ်ပြီး နားကြပ်
ကို ထပ်သည်။

'ဒီကောင်တွေ မနက်ဖြန် ဒီနေရာကို ဆင်းငုပ်ရင် ဒုက္ခ ကောင်းကောင်းတွေ့အောင် ငါ လုပ်ပစ်ခဲ့တယ်ဟေ့'

'ဘယ်လို လုပ်တာလဲ အဘ'

'ဟ....မင်းကလဲ ပင်လယ်မှာ နေလာတာ ကြာပြီဆို၊ ဒါလောက်မှ မသိဘူးလား၊ ကျောက်ဆောင်ကြားတွေမှာ ကျောက်ကမာတွေ၊ ဘောင်းတွေ၊ ဂျေးတွေ၊ ဂျိတ်တွေ တွယ် ကပ်နေတယ် မဟုတ်လား၊ အဲဒီ အကောင်တွေကို ငါ မားနဲ့ ရိုက်ခွဲ နုခြေမွပစ်ခဲ့တယ်'

'ဗျာ....'

'ဒီလိုလေကွာ၊ အဲဒီသတ္တဝါတွေရဲ့အသားအညှီနံ့ကြောင့် ငါးအုပ်ဝင်မယ်၊ ငါးလေးအုပ်ဝင်ရင် မင်းပြောတဲ့ လူသား စားတဲ့ ငါးတောက်တူတို့ ကျားငမန်းတို့ဟာ ငါးလေးအုပ် ကို အဝတုတ်ရအောင် ဒီနေရာတစ်ဝိုက်မှာ လာကြမှာ သေ ချာတယ် ငမန်းလေး၊ အေး....မင်းကောင်တွေ ငုပ်ရဲရင်ငုပ် ကြည့်ပေါ့ကွာ၊ မသာဖြစ်မှာ မြင်ယောင်နေသေးသပ'

'ဘယ်ဆိုးလို့လဲ....အဘရ'

'ဒါပေါ့ကွ၊ ငါက မွေးကတည်းက ပင်လယ်ထဲက လှေ ပေါ်မှာကြီးလာတာ၊ ရေဆိုတာ လေးဘက်သွားကတည်းက ကူးလာတာပါ၊ တို့ဆလုံ တိုင်းရင်းသားတွေဟာ ကမ္ဘာမှာ ရေငုပ် အသန်ဆုံးကွ၊ ဘာမှမပါဘဲ နှာရိုနဲ့ချီပြီးငုပ်နိုင်တာပ၊ နိုင်ငံခြားက သတ္တဝါတွေက အသက်ရှူဘူးတွေ၊ ရေငုပ်မှန် တွေပါမှ ငုပ်တာကွ၊ ဒါကို ကမ္ဘာက သိအောင် ဖော်ထုတ်





ပေးမယ်ဆိုရင် တိုင်းရင်းသား ဆလုံ အမျိုးသားတွေဟာ ဘယ်လောက်များ ဝမ်းသာလိုက်မလဲကွာ'

မှန်ပါသည်။

မြန်မာတိုင်းရင်းသားလူမျိုးအသီးသီးတွင် ကိုယ်စီကိုယ်စီ ကျွမ်းကျင်သော ပညာရပ်တွေ ရှိကြသည်။

နာဂတောင်တန်းမှ တိုင်းရင်းသား နာဂ လူမျိုးများ ကျားကို လှံတစ်ချောင်းနှင့် သတ်သည်။

နိုင်ငံခြားက ကမ္ဘာကျော်မုဆိုးတွေလို အင်မတန်စိတ်ချရ ပြီး ယမ်းအားပြင်းထန်သည့် ပွိုင့်သရီးဆဲဗင်းဖိုက် မက်ဂနမ် **Point 375 Magnum** တွေ ဘာတွေ မသုံး။

လှံတစ်ချောင်း။

မြားတစ်စင်း။

ဓားတစ်လက်သည် တိုင်းရင်းသားတွေ၏ လက်နက်။

သည်လက်နက်တွေနှင့် လွတ်လပ်ရေးရအောင် တိုက်ခဲ့ကြ သည် မဟုတ်လော။

သည်လက်နက်တွေနှင့်ပင် ဖက်ဆစ်တော်လှန်ရေးကြီးကို ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်၍ တိုင်းရင်းသားပေါင်းစုံ သွေးစည်းညီညွတ်စွာ တော်လှန်တိုက်ခိုက်ခဲ့ကြသည် မဟုတ် လော။

ရရာလက်နက်....တို့လက်နက်။

ယခုလည်း အဖျက်သမား ပြည်တွင်း ပြည်ပ ရန်သူများ ကို ရရာလက်နက်ဖြင့် အပြတ်တိုက်နေသည့် ပြည်သူ့စစ်တွေ ဒုနဲ့ဒေး။

မျိုးခက် တွေးနေသည်။

လက်နက်က အဓိကမဟုတ်။

လူ....

သတ္တိ....

မျိုးချစ်စိတ်....

စုပေါင်းကာကွယ်လိုစိတ်။

သည်စိတ်ဓာတ်တွေက အဓိကကျသည်။

တိုင်းပြည်တစ်ပြည်တွင် ပြည်သူတွေ၏ စိတ်ဓာတ်သည် အဓိကအကျဆုံး ဖြစ်သည်။

ပိစိကွေးနိုင်ငံကလေး အစ္စရေးကို မျိုးခက်တွေးနေသည်။ စစ်ပွဲတွေအကြောင်းကို ရေးသတင်းစာတွေထဲမှ သူအမြဲဖတ်ကြည့်ထားမိသည်။

'ဟေ့ ကောင်လေး၊ ဘာတွေတွေးပြီး ငေးနေတာလဲ'

'ဩော်....ဟုတ်သားပဲ၊ ပုလဲတွေအကြောင်း စဉ်းစားနေတာပါ အဘ'

'သွားကြမယ်လေကွာ၊ မင်းတွေ့ထားတယ်ဆိုတဲ့ ရာမာစူဇကီးရဲ့ ရေအောက်မုတ်ကောင်ရတနာသိုက်ကို အဲဒီနေရာကို မင်းသိတယ်ဆို'

'ဒီလိုရှိတယ်'

'ဘယ်လိုလဲဟ'

'အဲဒီနေရာက မုတ်ကောင်ကြီးတွေရဲ့အကြောင်းကို သိတဲ့လူ နောက်တစ်ယောက် ကျန်သေးတယ်၊ ဒီနေရာကို ဘယ်သူ





ကိုမှ မပြောပါဘူးလို့ သူနဲ့ ကျွန်တော် သစ္စာဆိုထားခဲ့မိကြတယ် အဘ'

'သူက ဘယ်သူလဲ'

'ချစ်ချစ်'

'ဒါဖြင့်ရင်လဲ မင့်သူငယ်ချင်း မောင်ချစ်ချစ်ကို သွားပြီးခွင့်တောင်းကြည့်ရအောင်၊ ကတိသစ္စာ ဆိုတာ ပျက်ရင်အသက်သေတတ်တယ်'

'မောင်ချစ်ချစ် မဟုတ်ဘူး အဘ၊ မချစ်ချစ်'

'ဟေ....သူက ဘယ်သူလဲ'

'ကျွန်တော့် ရည်းစား'

'ဟဲ့....ဟား....ဟား....ချောသလားဟေ့'

'ပင်လယ်ငါးရှဉ့်ထက် ချောသေးတယ်'

'ဘယ်မှာနေသလဲ'

'အပေါ်ရေကျွန်းမှာ'

'ဒါဖြင့်လဲ သွားမယ်လေကွာ'

သွားမယ်ဆိုပြန်တော့လည်း ချစ်ချစ်နှင့် ရင်ဆိုင်စကားပြောရမှာ အသည်းမသန်နိုင် ဖြစ်နေသည်။

အေးလေ....

သွားရတော့မှာပေါ့။

ကတိစကားဆိုတာ ဦးပိန်ပြောသလို တည်မှ ကောင်းသည်။

ကတိသစ္စာ တည်သောအခါ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သတဲ့။

မမြင်ဝံ့ပေမယ့် ချစ်ချစ်ကို ကြည့်ရတော့မည်။

ဟိုင်းကို စက်နှိုးလိုက်သည်။

မဇင်၊ ဇီးဖြူကုန်းကို ကျော်၍ ငပလီကို မောင်းခဲ့သည်။ မြပြင်နှင့် ဂျိတ်တော အနီးရှိ ချစ်ချစ်တို့ နေသော အပေါ် ရေကျွန်းသို့ သူ့မော်တော် ရောက်သွားသည်။

သူသည် ကျွန်းကို မကပ်သေး။

ဘေးကနေ ကွေ့ပတ်မောင်းနှင်ရင်း ချစ်ချစ်တို့ ပင်လယ်ကို ဆင်းသည်ကို စောင့်ကြိုနေသည်။

သိပ်မကြာလိုက်ပါ။

အမျိုးသမီး အုပ်စုတစ်စု ပင်လယ်ကမ်းခြေကို ဆင်းလာသည်။

ရေငုပ်မှန်တွေ၊ အောက်စီဂျင် အသက်ရှူဘူးတွေနှင့် ဖြစ်သည်။

အားလုံး လေးယောက်။

ထိုလေးယောက်ထဲတွင် ချစ်ချစ်နှင့် ရော်ရော်ကို အသေအချာ မှတ်မိသည်။

ရေကူးဝတ်စုံ အနီကလေးတွေကို ဝတ်ထားသည်။

သူတို့တစ်တွေကလည်း စပီဘုတ်ပေါ်က မျိုးခက်ကို ချက်ချင်း မြင်မိကြပါသည်။

အဝါနှင့် အစိမ်းကျား သုတ်ထားသော စပီဘုတ်ကို မတ်တတ်ရပ်ရင်း ကွေ့ပတ်မောင်းနှင်နေသောမျိုးခက်မှာ အင်္ကျီကိုယ်တုံးလုံးချွတ်ထားပြီး ဂျင်းဘောင်းဘီကိုဝတ်ထားသည်။





လည်ပင်းတွင် ချည်ထားသော နိုင်လွန်ပဝါ အနီကလေးက လေတွင် တဖျပ်ဖျပ် လွင့်နေသည်။

ရေမင်းသားလေးသည် ရေထဲတွင် လှနေ၏။

လှနေ၏။

စပီဘုတ်ကို အင်္ဂလိပ်အက္ခရာနံပါတ်ရှစ် NO.8 ပုံသဏ္ဌာန် ကွေ့ပတ် မောင်းနှင်နေသည်မှာ ကြည့်လို့သိပ်ကောင်းသည်။

မော်တော်ဦးသည် ရေပြင်ပေါ်မှ ကြွ၍ ခေါင်းကလေးထောင်ပြီး ဦးစောင်း ပတ်ပြေးနေသည်မှာ အသည်းယားစဖွယ် ကောင်းလှသည်။

ချစ်ချစ်၊ ရော်ရော်၊ မမလဲ့ပြာနှင့် ခင်ထားထားတို့ လေးယောက်သားသည် ရေပန်းကြီးများ ဖြာထွက်နေအောင် ပြေးလွှားနေသော စပီဘုတ်လေးကို ငေးကြည့်နေမိကြပေသည်။

'ဟေး....ချစ်ချစ်၊ ဘုတ်မောင်းနေတာ မင်းလူကွ'

'သိသားပဲ'

'မင်းနဲ့ တွေ့ချင်လို့နဲ့ တူတယ်'

ဟုတ်သည်။

ချစ်ချစ်လည်း သူ့ကို စကားတွေ အများကြီး ပြောချင်သည်။

သူနှင့် တွေ့ချင်သည်၊ သူနှင့်လည်း မတွေ့ချင်။

သူနှင့်တွေ့၍ အားရပါးရ ငိုချပစ်လိုက်ချင်သည်။

ဒါပေမယ့် သူ့မျက်နှာကို မကြည့်ရဲ။ သူ့ကိုလည်း ကြည့်ချင်သည်။

အို....ချစ်ချစ်ကလေး သူ့ကို ဘယ်လိုပြောရမလဲကွယ်။
သူနှင့် ဘယ်လိုရင်ဆိုင်ရမှာလဲ ရှင်ရယ်....
သောက ကလေးတွေက မချမ်းသာလိုက်တာ။
အလုပ်တာဝန်ကလည်း ရှိသေးသည်။

ညနေ လေးနာရီတွင်တော့ စခန်းတာဝန်ခံထံ မေမေဖေဖေတို့ဆီ သွားလည်ရန် တောင်းခံထားပါသည်။ ခွင့်ပြုချက်လည်း ရရှိပြီး ဖြစ်ပါသည်။

'မမလဲ့ပြာ'

'ဘာလဲ ချစ်ချစ်'

'ချစ်ချစ် မိတ်ဆွေတစ်ယောက်နဲ့ ခဏ စကားပြောပါရစေ'

'ဘယ်မလဲတဲ့ နှင့်မိတ်ဆွေ'

'အခု စပိဘုတ်မောင်းနေတဲ့ လူလေ၊ ချစ်ချစ် လေယာဉ်ပျက်ကျတုန်းက ကယ်ခဲ့တဲ့ ကျေးဇူးရှင်မို့ပါ'

အပေါ်ရေကျွန်းယူတွေမှာ အင်မတန် စည်းကမ်းကြီးသည်။

အလုပ်ချိန်တွင် ဧည့်သည် မတွေ့ရ။

ယောကျ်ားလေး မိတ်ဆွေ မတွေ့ရ။ မရင်း ဘိုင်အိုလောဂျစ် ဖြစ်လာမည့် အမျိုးသမီးတွေမှာ မိဝေးဖဝေး ပင်လယ်ထဲက ကျွန်းကလေးတွင် လာရောက်နေထိုင်ကြရသဖြင့် တင်းကျပ်သော စည်းကမ်းများ ချမှတ်ထားကြသည်။

မမလဲ့ပြာက သူတို့အုပ်စု၏ ခေါင်းဆောင်။





'ဟဲ့....နှင့်အသက်ကို ကယ်ထားတဲ့ အသက်သခင် ကျေးဇူးရှင်ပဲ ပြောပြော၊ သိပ်တော့ မကြာနဲ့၊ တို့မှာ မှတ်ပုံတင်ဖို့ တာဝန်ရှိသေးတယ်၊ ကဲ....ခေါ်လိုက်လေ၊ တို့ ဟိုကျွန်းဆွယ်ကို သွားပြီး ဂျီအိုင်ဝါယာတွေ သွားစစ်ရင်း စောင့်နေမယ်၊ ပြောပြီး လိုက်ခဲ့'

'ဟုတ်ကဲ့ မမလဲ့ပြာ'

သူတို့တစ်တွေ ထွက်ခွာသွားသည်။ ချစ်ချစ် တစ်ယောက်တည်း ကျန်ခဲ့သည်။

လက်ကလေး မြှောက်ပြလိုက်သည်နှင့် မျိုးခတ် ဝမ်းသာအားရ ကမ်းသို့ကပ်ခဲ့သည်။

'ဟာ....တယ်ချောပါလား၊ ဒါလား မင်းရည်းစား'

'အစစ်ပေါ့'

'တစ်တစ်ရစ်ရစ်ကလေးပါလား'

အဘိုးကြီးက ပြောသည်။

ဟုတ်သည်။

ရေငုပ်ဝတ်စုံကလေးက အနီ။

တစ်ကိုယ်လုံးတွင် ရှိသမျှအသားတွေကို ကပ်နေသည်။

အဲသည် တစ်တစ်ရစ်ရစ် ချစ်ချစ်ကလေးကြောင့် အသည်းတွေ ဒုက္ခပင်လယ်ဝေခဲ့ရသည်ကို သည်ဆလုံကြီး မသိ။

စပိဘုတ်ကိုစက်ရှိန်လျှော့၍ ချစ်ချစ်ရပ်နေသော ကျောက်ဆောင်ကြားထဲသို့ စက်ပိတ်ပြီး အရှိန်နှင့်ကွေ့ဝင်လိုက်သည်။

သူက စပိဘုတ်ပေါ်က....

ချစ်ချစ်က ကျောက်ဆောင်ပေါ်က။

'ချစ်ချစ်ဆီကိုလာတာ သိပ်အရေးကြီးတဲ့ စကားတွေ ပြောစရာရှိလို့ပါ'

'ချစ်ချစ်လဲ ကိုမျိုးနဲ့ အရေးကြီးတဲ့စကားတွေ ပြောစရာ ရှိပါတယ်၊ အခုတော့ ချစ်ချစ် အလုပ်တာဝန်တွေ ရှိသေးတယ်၊ ညနေ လေးနာရီခွဲမှာ မြပြင်ရွာထိပ်က စောင့်၊ ဟဲ.... ချစ်ချစ် သွားတော့မယ်'

ချစ်ချစ်သည် စွန့်စွန့်စားစား စကားလုံးတွေကို သူ့မျက်နှာကို မကြည့်ဘဲ ပြောလိုက်ရသည်။

သူမအသံက တည်သည်။

မပြုံးမရယ်။

'ဟုတ်ကဲ့ ချစ်ချစ်၊ ကိုမျိုးလဲ သွားတော့မယ်၊ ညနေမှာ မြပြင်ကမ်းခြေက အသေအချာ စောင့်နေမယ်နော်'

ချစ်ချစ် အသံမထွက်။

ခေါင်းကလေးကိုသာ မသိမသာ ညိတ်ပြသွားပါသည်။

မျိုးခက်ရင်မှာ ရင်နာတာကလေးတွေ ကုဋေကုဋာ ဆင့်ပွားသွားရသည်။

သူသစ္စာမရှိခဲ့မိ၍ အသည်းတွင် အချစ်ဒဏ်ရာ ထိထားသော ချစ်ချစ်ကို သနားမိသည်။

မျိုးခက်သည် ဟိုင်းကို အပေါ်ရေကျွန်းမှ ခွာခဲ့သည်။

မိန်းမချောလေးနှင့် မေန်းလေး ပြောကြသည့်စကားတွေကို ဆလုံကြီးဦးပိန်လည်း ကြားသည်။





'ဟဲ....တို့ ဘယ်သွားကြမလဲ၊ မင်းငနဲမလေးက ညနေမှ အားမှာ ဆိုတော့ အချိန်တွေ အများကြီး ကျန်သေးတယ်၊ အိမ်ကြီးမဟာကိုလဲ မပြန်ချင်သေးဘူးကွ'

'အဘ'

'ဟေ'

'အဘ ကျွန်းနံ့သာကို ရောက်ဖူးသလား'

'အား.... အရင်တုန်းက ရောက်ဖူးသပ၊ လိပ် သိပ်ပေါတယ်'

'ကျွန်တော်တို့ အဲဒီကိုသွားရအောင်'

'အဝေးကြီးကွ'

'ရပါတယ်၊ ကြည့်....ကျွန်တော် မောင်းပြမယ်'

မျိုးခက်သည် စပိဘုတ်ကလေး ဟိုင်းကို ကျွန်းနံ့သာဆီသို့ ဦးတည်၍ စက်ကုန်ဖွင့်လိုက်သည်။ Speed Boat ကလေးသည် ရေလွှာပေါ်တွင် မြောက်တက်မတတ် တရကြမ်း ပြေးထွက်လာသည်။

နှစ်နာရီခန့်မောင်းလိုက်သည်နှင့် ကျွန်းနံ့သာကို လှမ်းမျှော်၍ မြင်ရပါပြီ။

ကျွန်းနံ့သာ တစ်ခုတည်းတော့ မဟုတ်။

ကျွန်းနံ့သာကို တဖြည်းဖြည်း ချဉ်းကပ်နေသော စက်လှေကြီးတစ်စင်းကိုပါ ခပ်ပျပျ မြင်ကြရသည်။

'အဘ'

'ဟေ....'

'စက်လှေကြီး တစ်စင်းဗျ၊ ကျွန်းနံ့သာကို ဝင်လိမ့်မယ်နဲ့ တူတယ်'

'အေး....ငါလဲမြင်သကွ၊ ဦးစောဒီရဲ့ စက်လှေနဲ့ တူတယ်'

'ဟုတ်တယ်၊ ကျွန်းနံ့သာကို ဘာလာလုပ်သလဲ မသိဘူး၊ ကျွန်တော်တို့ နဂါးကျွန်း ကျောက်ဆောင်တွေဘက်က သူတို့ မမြင်အောင် လှည့်ဝင်ရအောင်'

'မင်းသဘောပဲ'

ကျွန်းနံ့သာသည် တစ်ကျွန်းတည်းဖြစ်သော်လည်း နဂါး တစ်ပိုင် နတ်တစ်ပိုင် နှစ်ပိုင်း ကွဲနေသည်။

နဂါးကျွန်း ကမ်းခြေကို နတ်ကျွန်းကမ်းခြေက မမြင်ရ သလို နတ်ကျွန်း ကမ်းခြေကို နဂါးကျွန်း ကမ်းခြေက ကြည့်လို့မရ။

မျိုးခက် စပီဘုတ်ကို အမြန်ဆုံး မောင်းနှင်နေရာမှ ကျွန်း သို့ မရောက်မီ ရုတ်တရက် စက်ပိတ်၍ ပဲ့ကို လိုသလိုထိန်းပြီး ကျောက်ဆောင် ကျောက်ကြားတွေထဲသို့ အသည်း ယား စဖွယ် ကွေ့မတ်ဝင်လိုက်သည်။

နဂါးကျွန်း ကမ်းခြေသို့ ကပ်မိပြီ။

ကျည်ဆန်တွေ၊ ဦးစောဒီ၏လူတွေက သူတို့ နှစ်ယောက် အား စောင့်ကြို၍ မနေချေ။

ကေန္တ ဦးစောဒီ၏ စက်လှေသည် နတ်ကျွန်း ကမ်းခြေသို့ ရပ်ရမည်။ တစ်ခါတုန်းက ထိလပ်နှင့်အတူ သူ နတ်ကျွန်းကို ရောက်ခဲ့ဖူးသည်။ သူနှင့် ဆလုံကြီးတို့ ကျွန်းနံ့သာကို ရောက် ရှိနေခဲ့ကြသည်ကို ဦးစောဒီ၏လူများ သိနိုင်မည် မဟုတ်ချေ။





ကမ်းခြေရှိ ကျောက်ဆောင် ကြားထဲတွင် စပီဘုတ်ကိုဝှက် ထားပြီး သူတို့နှစ်ယောက် ကျွန်းပေါ်သို့ တက်ခဲ့သည်။

တောထူသည်။

ရေတံခွန်တွေ၊ စိမ့်စမ်းတွေ များသည်။

ချုံပုတ်ထဲသို့ ဝင်ပြေးသော သင်းခွေချပ် တစ်ကောင်ကို အရင်ဆုံး မြင်လိုက်ပါသည်။ သည်ကျွန်းတွင် တောကောင် တွေများသည်။

'အား....ဟိုမှာ မြွေကြီးဟေ့၊ ခြေသလုံးလောက် တုတ် တယ်၊ စပါးကြီးနဲ့ တူတယ်'

သစ်အယ်ပင်ကြီး၏ အကိုင်းတွင် ခွေပတ်၍ ခေါင်းကို အောက်သို့ စိုက်ချထားသော ခေတ်မီ အင်ဒိုနီးရှား အင်္ကျီလို အကွက်လှလှကလေးများ ပါသော မြွေကြီး တစ်ကောင်ကို မျိုးခက်မျက်လုံးကလည်း မြင်သည်။

မြွေကြီးအောက်တွင် ငြိမ်သက်စွာရပ်၍ မြွေကြီးကို မော့ ကြည့်နေသော တောဆိတ်မကလေး တစ်ကောင်။

'သားကောင်ကို ညို့ထားတာကွ၊ ကြည့်နေ'

ခွေပတ်နေသော မြွေကြီးသည် သစ်ကိုင်းပေါ်မှ တဖြည်း ဖြည်း လျှောဆင်းလာ၍ သူ့ခန္ဓာကိုယ် ရှည်ရှည်မျောမျော ကြီးကို တောဆိတ်မပေါ်သို့ ဝုန်းခနဲ ဖြုတ်ချလိုက်သည်။

အဖြုတ်နှင့် အပတ်က လျှင်မြန်လှသည်။

တောဆိတ်၏ ခန္ဓာကိုယ်ကို တွန့်လိမ်၍ ရစ်ပတ်နေသလို တောဆိတ်ကလေးကလည်း အားရှိသမျှ ရုန်းသည်။ မရ။

ကျကျနန ပတ်မိသွားသည်နှင့် လိမ်ထားသော ကြိုးတစ်ချောင်းကို ဆွဲဆန့်လိုက်သလို တောဆိတ်မကို ပတ်ထားသော မြွေကြီး၏ ခန္ဓာကိုယ်က ဆွဲဆန့်ထုတ်လိုက်သည်။

'အစ်....အစ်....အစ်....အစ်'

'ဗျစ်....ဗျစ်....ဗျစ်....ဗျစ်'

တောဆိတ်မလေး၏ မချိမဆံ့ အော်သံနှင့်အတူ အရိုးကျိုးသံ တစ်ဗျစ်ဗျစ်ကို ကြားရသည်။

သေပြီပေါ့။

အဲသည်တော့ ကိုယ်ရွှေချောကြီးက ခေါင်းကစ၍မျိုတော့သည်။ သူ့ခန္ဓာကိုယ်၏ သုံးလေးဆခန့်ရှိသော အရိုးတွေကြေ၍ ပျော့ခွေနေသော ဘောဆိတ်မကို ရအောင်မျိုသည်။

မျိုးခက်သည် ခြေသလုံးမှ ပေါက်ဓားကို နုတ်လိုက်ပါသည်။

'ဒါ ဘာလုပ်မလို့လဲ'

'မြွေကြီးကို သတ်မလို့'

'မလုပ်နဲ့ ငမန်းလေး၊ ဆိတ်မဟာ မြက်ကို စားတယ်၊ ကျားဟာ သားကောင်ကို စားတယ်၊ စပါးကြီးမြွေဟာ သူ့အစာကို သူ့ဟာသူ ရှာစားတာ၊ သဘာဝကျတယ်၊ သတ္တလောကထဲက သတ္တဝါတွေဟာ သဘာဝက သူတို့အစာကို သူတို့စားဖို့ ဖန်တီးပေးထားပြီးသားကွ၊ အဲ....အဲ....ဒီသတ္တဝါတွေဟာ တို့လူတွေလို ရေခဲမုန့်တို့၊ ဝီစကီတို့၊ ဘူးသီးကြော်တို့ကို မစားနိုင်ဘူး၊ ဆေးတံတို့၊ စီးကရက်တို့ကို မသောက်





နိုင်ဘူး၊ ဟိုကွာ....ဘာတဲ့၊ ဦးစောဒီဆီမှာရှိတဲ့ ဒေါ်ဇဒါကားမျိုးလဲ မစီးနိုင်ဘူး'

'မာဇဒါပါ၊ ဘယ်က ဒေါ်ဇဒါကမှာလဲ'

'အဲ....ထားပါတော့၊ ဒီသတ္တဝါတွေက သဘာဝက သူတို့စားဖို့ ဖန်တီးထားပေးတဲ့ အစာကို စားတာပဲ၊ မင်းက မြွေကို ဘာဖြစ်လို့ သတ်ချင်တာလဲ ငမန်းလေး၊ အေး....ဆိတ်မကို သနားရင် မြွေကြီးကို မုန့်ဟင်းခါးတစ်ပွဲဝယ်ဖြီး သွားကျွေးလိုက်၊စားမလား၊ မစားဘူးလားဆိုတာမင်းသိသွားလိမ့်မယ်'

တကယ် သဘာဝကျသည့် စကားပါကလား။

မျိုးခေါင်း ဖျားသွားသည်။

သူထင်သည်ထက် ဆလုံကြီး၏ အတွေးအခေါ် အယူအဆတွေက မြင့်မား၍ သဘာဝ ကျသည်။ လက်တွေ့ ကျသည်။ လက်ခံနိုင်သည်။

သူသည် ရေငုပ်သန်သည့် ဆလုံကြီးတစ်ယောက် ဖြစ်ပြီး ခေတ်ပညာ မတတ်ပေမယ့် ဖီလော်ဆော်ဖာ တစ်ယောက်လို အတွေးအခေါ် ရင့်သန်နေသည်။

မကြာမီ....

မြွေကြီး၏ ခန္ဓာကိုယ် အလယ်ပိုင်းသည် လေပူဖောင်းတစ်လုံး မှုတ်လိုက်သလို ဖောင်းကြွလာ၏။

ဆိတ်မ၏ ခန္ဓာကိုယ်က သူ့ဗိုက်ထဲကို ရောက်သွားပြီ။

မြွေကြီးသည်အတော်နှင့်လှုပ်ရှားနိုင်တော့မည် မဟုတ်ပြီ။

'ကျွ....ဗွီး....'

ရောမပင်လယ်လင်းယုန်ကြီး Sea Hawkတစ်ကောင်သည် ကျွဲခနဲအသံပေး၍ ဝှီးခနဲမြေကြီးရှိရာသို့ထိုးဆင်းလာပါသည်။

'သွားကြပါစို့ကွာ၊လောကကြီးဟာနိုင်ရာစားတွေချည်းပဲ'

မြေကြီးနှင့် လင်းယုန်ကြီး၏ တိုက်ပွဲကိုတော့ မျိုးခက်တို့ မကြည့်တော့။

သူတို့မှာ သည်ထက် ထူးဆန်းတာတွေ ကြည့်စရာ ရှိသေးသည်။

မျိုးခက်သည် ဆလုံကြီးအား ကျွားလူများ အကြောင်းကို ကြိုတင် သတိပေးထားပြီး နဂါးကျွန်း နယ်မြေမှ နတ်ကျွန်း နယ်မြေသို့ ခြေသံ ပိုဝိရိရိဖြင့် ကူးခဲ့သည်။

သူတို့ နှစ်ယောက်စလုံး ခြေလှမ်းသည်။

ဖုံးကွယ်မှု ကောင်းသည်။

ကမ်းပါးစောင်းကြီး တစ်ခု၏ ပပ်ကြားအက်ထဲမှ ခက်ခဲစွာ တွယ်ကပ်၍ နတ်ကျွန်း၏ အမြင့်ဆုံး ကျောက်ဆောင်ကြီးပေါ်သို့ တက်သွားကြပါသည်။

'ဟာ....ကျွားသစ်တွေပါလား'

'ကျွားသစ်တွေက မတ်တတ်ရပ်ပြီး သေတ္တာတွေကို ကိုင်ထားတတ်သလား အဘ'

'ကြုံကြုံဖန်ဖန်ကွာ'

'အဲဒါ လူတွေပါ၊ ကျွားသစ်ရေကို ဝတ်ထားတာ'

'ဟော....'

'စက်လှေကြီးပေါ်ကို ဘာတွေ တင်နေကြတာလဲ အဘ'

'ဟ....ငါလဲ ဘယ်သိပါ့မလဲကွ'





'အဘ ကျွန်တော် တစ်ခုတော့ စဉ်းစားမိတယ်၊ မြိတ်ထားဝယ် တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်မှာ ငါးခိုးသင်္ဘောတွေနဲ့ ပြီးတော့ နိုင်ငံပိုင် ငါးဖမ်းသင်္ဘောတွေ ဖမ်းတာနဲ့ ငါးအုပ်တွေ ပြုန်းစ ပြုလာပြီထင်တယ်၊ ဒီ ငပလီပင်လယ်လောက် ငါးစာဖြစ်တဲ့ မျှောလှေး ရေညှိ ရေမှော်တွေ မပေါများတော့ဘူး အဘရ၊ နိုင်ငံခြားငွေ သိပ်ရတဲ့ ကျောက်ကမာ၊ စားကမာ၊ ရေခူ၊ပင်လယ်မျှော့၊ရေမျှောက်၊ အော်တိုပတ်စ်၊ ငါးမျိုးစုံနဲ့ဂျေး၊ ဂျိတ်၊ဂျင်း၊ဘောင်းတွေဟာ ငပလီမှာ စားလို့မကုန်အောင် ပေါတယ်၊ ပုလဲမွေးလို့ရတဲ့ Pearl Oyster တွေလဲရှိတယ်၊ ကျွန်တော့် အထင်ပြောရရင် သေတ္တာကြီးတွေ၊ သံစည်ပိုင်းကြီးတွေထဲမှာ အဲဒီပုလဲကမာနဲ့ သတ္တဝါတွေ ရှိနေလိမ့်မယ်ထင်တယ်'

'မင်းထင်တာဖြစ်နိုင်တယ်၊ အောက်ပိုင်းမှာ ငါးအုပ်နည်းသွားပြီကွ၊ ရာသီဥတု အပြောင်းအလဲကလဲ ရှိသေးတယ်၊ ငပလီ ရေပြင်ရဲ့ အပူအအေးဟာ ငါးတွေ ပင်လယ်သတ္တဝါတွေ ကြိုက်တတ်တဲ့ ရာသီမျိုးကွ၊ ငါက ရေငုပ်ကြည့်တာမို့ ငါးတွေ နေတတ်တဲ့ ရေအပူအအေးကို သိသကွ'

အဘိုးကြီးက တကွကွဖြင့် ပြောသည်။

ဖြစ်နိုင်သည်။

သိပ်ကို ဖြစ်နိုင်သည်။

ရေခူ တစ်လုံးကို တစ်ဒေါ်လာဈေးပဲထား။

ရေမျှောက် တစ်ကောင်ကို သုံးဒေါ်လာပဲ မှောင်ခိုရောင်းဦး ရေမျှော[illegible]အလုံး သုံးသော[illegible]ပါသွားလျှင် အမေရိကန်

ဒေါ်လာ ကိုးသောင်း၊ မြန်မာငွေနှင့်လဲလျှင် တစ်ဒေါ်လာ မြန်မာ့ငွေကို တရားဝင် လဲလှယ်ခွင့်တန်ဖိုး ခုနစ်ကျပ် ကျော်ကျော်ခန့်ရှိသော်လည်း မှောင်ခိုဈေးကွက်တွင် တစ်ဒေါ်လာကို နှစ်ဆယ့်ငါးကျပ်မှ သုံးလေးဆယ်အထိ ရှိသည်။

ဦးစောဒီ ချမ်းသာသည်။

ငွေမည်းတွေ ဦးစောဒီထံမှာ ရှိသည်။

သည်ငွေတွေ ဘယ်လိုရတာလဲ ဆိုသည်ကို မျိုးခက် တစ်စွန်းတစ်စ တွေးဆမိသည်။

ဦးစောဒီသည် အမိနိုင်ငံကို သစ္စာဖောက်နေသောစီးပွားရေး လောက်ကောင်ကြီး ပါကလား။

သည်မြေမှာ....နေ။

သည်....ရေကိုသောက်။

သည်....မြေကြီးမှာကြီး။

သည်တိုင်းပြည်က ဆန်ကိုစားပြီး....

သည်အမိနိုင်ငံ၏ကျေးဇူးသစ္စာကို မထောက်ညှာဘဲ လမ်းစဉ်နှင့် သွေဖည်နေသည့် ဒီဝိသမလောဘ သမားကြီးကို ပြတ်ပြတ်သားသား တိုက်ခိုက်ပစ်ရမည်။

ကျားလူများသည် သေတ္တာကြီးများ၊ သံစည်ပိုင်းပြတ်ကြီးများကို စက်လှေကြီးပေါ်သို့ အမြန်ဆုံး တင်နေကြသည်။

သူတို့အားလုံး ဆယ်ယောက်ခန့်ရှိသည်။

မကြာမီ....

ကျောက်ဆောင်ကြီးနှစ်ခုအကြားမှ စိုးနက်တို့အုပ်စုထွက်လာကြသည်။





ဦးစောဒီတော့ မပါ။

မျိုးခက် အံ့ဩသွားပါသည်။

အိမ်ကြီးမဟာက သူထွက်လာစဉ်က စိုးနက်တို့ ကျန်ခဲ့ကြသည်။ ဦးစောဒီတွင် လျှို့ဝှက်စွာ ဝှက်ထားသော စပိဘုတ်တွေရှိရမည်။

သူတို့လက်တွင် သေနတ်တွေတော့ပါသည်။

Gun Digest သေနတ်မဂ္ဂဇင်းတစ်ခုထဲတွင် မျိုးခက်မြင်ဖူးဖတ်ဖူးသော အစ္စရေး လုပ် အူဇီ-ဆပ်မရှင်းဂန်း၊ ရုရှားလုပ် အိတ်ချ်ကေဖော်တီဆဲဗင်း HK-47၊ အမေရိကန်လုပ် အမ်စစ်တီး အော်တိုမစ်တစ် M-16 Automatic Rifle.

အံမယ်....စိုးနက်လက်မှာ အင်ဂရမ် Angrim မီနီမရှင်းပစ္စတိုကြီးနဲ့ပါကလား။

မှောင်ခိုလက်နက်တွေ။

အကောင်းတွေ....အပျံစားတွေ။

ဒါတွေကို သည်အကောင်တွေ ဘာဖြစ်လို့ ကိုင်နေနိုင်ရသလဲ....

မျိုးခက် ခေါင်းထဲတွင် အစဉ်းစားခန်းကြီးတစ်ခု ဝင်လာပါသည်။

မကြာမီ....

ကျားလူတွေ ပျောက်သွားသည်။

စက်လှေကြီး ထွက်သွားသည်။

စက်လှေကြီးခပ်ဝေးဝေးသို့ အရောက်တွင် အစိမ်းနှင့်အညိုကွက်ကျား ရုတ်တရက် မမြင်နိုင်အောင် သစ်ခက်သစ်ရွက်

များဖြင့် ဖုံးအုပ်၍ Camouflag လုပ်ထားသော စပိဘုတ် တစ်စင်း ထွက်လိုက်သွားသည်။

ထိုဘုတ်ပေါ်တွင် စိုးနက်တို့အုပ်စု ပါသွားသည်။

စက်လှေကြီးသည် အရှေ့ဘက်သို့ ထွက်ခွာသွား၍ စိုးနက်တို့အုပ်စုပါသော စပိဘုတ်က အနောက်ဘက်သို့မောင်းထွက်သွားသည်။

'ဘာတွေလဲဟ'

'ဘယ်သိပါ့မလဲဗျ'

'ဘုတ်ထွက်သွားတဲ့ ပင်လယ်အဆုံးကို ကြည့်စမ်း မေန်းလေး၊ မင်း မျက်လုံးအားကောင်းတယ် မဟုတ်လား'

'အား.... ဟော်ရိုက်ဇွန်မှာ ကလေးကစားတဲ့ သင်္ဘောသေးသေးကလေး'

'ငါ့လခွီး.... သေးသေးရမှာလား၊ အဲဒါ နိုင်ငံခြား ပင်လယ်ကူးသင်္ဘောကြီး တစ်စင်းကွ၊ သိပ်ဝေးနေလို့ ကလေးကစားတဲ့ သင်္ဘောရုပ်ကလေးလို မြင်ရတာ၊ စိုးနက်တို့ အဲဒီကို သွားတာသေချာတယ်'

ဟုတ်သည်။

ပင်လယ်ပြင်နှင့် ကောင်းကင်တို့ မျက်စိတစ်ဆုံးထိ စပ်နေသော မိုးကုပ်စက်ဝိုင်း Horizon တွင် ပင်လယ်ကူးသင်္ဘောတစ်စင်း ကျောက်ချ၍ ရပ်နေသည်။ စိုးနက်တို့က အဲသည်ကို သွားနေကြသည်။

ဘာတွေလဲ။

ဘာလုပ်ကြတာလဲ။





ပုလဲတွေ စိုးနက်တို့ စပိဘုတ်ပေါ်တွင် ပါသွားနိုင်သည်။

ကျောက်မျက်ရတနာတွေ ပါသွားနိုင်သည်။ နိုင်ငံခြားပုဂ္ဂလိကပိုင်သင်္ဘောနှင့် အချိတ်အဆက်လုပ်၍ ခိုးထုတ်နိုင်သည်။

တစ်ခုလည်း စဉ်းစားမိသေးသည်။

မြိတ်၊ ထားဝယ်၊ မော်လမြိုင်လမ်းတွေက ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း အရှာအဖွေ အစစ်အဆေး အတားအဆီးများသည်။

ရန်ကုန်မှ သံတွဲ၊ စစ်တွေ၊ ကျောက်ဖြူသို့သွားသည့် ကုန်းလမ်း၊ ရေလမ်း၊ လေယာဉ်လမ်းတွေက အစစ်အဆေး နည်းသည်။

များသောအားဖြင့်မှောင်ခိုရတနာများမှာကျူးဒိုး၊ ကော့ကရိတ်၊ မြဝတီ၊ ကော့သောင်း၊ အထက်ပိုင်းဆိုလျှင် ကျိုင်းတုံ၊ တာချီလိတ်၊ အလယ်ပိုင်းကဆိုလျှင် မဲလူကြီး၊ မဲလူကလေး၊ ကျောက်ပခြား၊ ပခြားကလို့၊ ထမ်ဆိုင်းတံတားတို့ ဘက်က အထွက်များသည်။

လှိုင်ကော်ဘက်ကထွက်လျှင် နောင်မွန်၊ ဆိုင်ခေါင်၊ လွယ်ပွတ်အထိ ကားနှင့်ထုတ်၍ လွယ်ပွတ်မှတစ်ဆင့် ခြေကျင်ခရီးကြမ်းကို ဆက်ရသည်။

လွယ်ပွတ်မှ တောင်တက်၊ ပန်းသခွား။

ပန်းသခွားမှ ပွန်ချောင်းကိုကျော်၍ နမ်ဟီး၊ လွယ်လမ်း၊ သံလွင်မြစ်ကမ်းမှ ရွာတွေ။

ထိုမှတစ်ဆင့် သုံးအိမ်၊ဖယ်အော၊ ပြီးတော့ တစ်ဖက်နိုင်ငံမှ ဟော့ခန်ဆိုသည့် မှောင်ခိုဈေးကွက်ကြီးသို့ ရောက်တော့၏။

ထိုလမ်းတွေက အစိမ်း(ကျောက်စိမ်း)၊ အနီ(ပတ္တမြား)၊ အပြာ(နီလာ)တွေ ခြေထောက်ပေါက်၍ထွက်ကြသည်။မယ်ပါချောင်းကို ဆန့်တက်၍ ဟွာလေ့ အမည်ရှိ တစ်ဖက်နိုင်ငံမှ စခန်းကြီးမှာ ကျောက်မျက်ရတနာ၊ ဘိန်းဖြူ၊ ဘိန်းမည်းနှင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ မှောင်ခိုထုတ်ရာ အဓိက နေရာကြီး ဖြစ်သည်။

ပြည်သူ့ရဲ၊ ပြည်သူ့စစ်၊ တပ်မတော်၊ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးအဖွဲ့နှင့် တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် နေ့မအား ညမအား စောင့်ကြပ်စစ်ဆေးနေသည့်ကြားထဲက ဆီလို အပေါက်ရှာ၍ စိမ့်ထွက်ကြသည်။

ငွေသာရမည်ဆိုလျှင် ဘနဖူး သိုက်တူးမည့် စီးပွားရေးသမားများသည် တာမဆုံ အကုန်လုပ်သည်။

နောက်ဆုံးပြောရလျှင် ဗုဒ္ဓဘာသာအစစ်တွေ ကိုယ်တိုင်မြတ်စွာဘုရား၏ ရုပ်ပွားတော်များကို တောင်းတွေ၊ ပလုံးတွေ၊ ဂုန်နီအိတ်စုတ်တွေနှင့်ထုပ်၍ မှောင်ခိုထုတ်နေကြခြင်းပင် ဖြစ်သည်။

မျိုးခက် သည်သတ္တဝါတွေကိုအပြတ် နှိပ်ပစ်ချင်နေသည်။

ဦးစောဒီသည် သည်လိုလူစားမျိုးထဲက ဖြစ်နိုင်သည်။

သည်အကြောင်းတွေကို ကြက်ခြေနီခေါင်းဆောင်ကိုတင်မောင်ငွေ၊ ဆရာ မောင်မောင်ဦးတို့အား သတင်းပို့ရမည်။

'အဲဒီကျားလူတွေ ဘယ်မှာနေသလဲ ငမန်းလေး'





'ကျွန်တော်လဲမသိဘူး အဘ၊ ကျွန်တော်တို့ လိုက်ရှာကြရအောင်'

'တို့တို မြင်သွားလိမ့်မယ်'

'သားကောင်ကို မုဆိုးရှာသလိုပေါ့ အဘ၊ သူတို့က ကျား၊ ကျွန်တော်တို့က မုဆိုးပေါ့၊ စာရေးဆရာ ခင်မောင်အေး(မန္တလေး)ရေးတဲ့ ကျားနဲ့မုဆိုး ဘာကယ့်အဖြစ်အပျက်ဝတ္ထုတစ်ပုဒ်ကို ကျွန်တော် ဖတ်ဖူးထားတယ် အဘ၊ အဲဒီအထဲမှာ သားကောင်ချောင်းတဲ့ နည်းတွေပါတယ်၊ မုဆိုးတစ်ယောက်ရဲ့ သွားလာလုပ်ကိုင်လှုပ်ရှားရမယ့် စည်းကမ်းတွေကို ကျွန်တော် သေသေချာချာ မှတ်ထားတယ် အဘ'

'အေးကွ၊ငါလဲ တူမီးသေနတ်နဲ့ တောပစ်ဖူးပါတယ်၊ရှာမယ်ကွာ၊ ခြေသံလုံလုံသာ နင်းပေတော့'

ပင်လယ်ကျွေ့ရှိ ကျောက်ပပ်ကြားအက်ကို– 'သူတို့နှစ်ယောက် ခြေကန်၍ ဆင်းခဲ့ကြသည်။

အဘက်တုန်းကလည်းပပ်ကြားအက်ကပဲ တက်ခဲ့ကြသည်။

ကျန်သည့်နေရာက တက်လို့မရ။

ရေညှိတွေ၊မားသွားလိုံထက်သောကျောက်စွယ်၊ကျောက်ချွန်၊ ကျောက်သွားတွေ ရှိသည်။

ပပ်ကြားအက်က တက်လို့အကောင်းဆုံး ဖြစ်သည်။

ပင်လယ်ဒီရေကလည်း အမြင့်ဆုံးသို့ တက်လာပြီ။

သူတို့နှစ်ယောက်သည် တောအုပ်များ၊ ကျောက်ဆောင် ကျောက်စွယ်များ၊ လျှို မြောင်စိမ့်စမ်းများအကြားမှ ကျောက်များကို ရှာကြသည်။

မတွေ့။ တစ်ကျွန်းလုံး ဘယ်နေရာမှ မတွေ့။

'ဟော့....ဒီမှာခြေရာတွေကွ'

'ဟုတ်တယ် အဘ၊ ဒီရေအိုင်အစပ်မှာ ခြေရာတွေ ထပ်နေတယ်'

'ဟုတ်တယ်၊ ဒီကျောက်ဆောင်ကြားထဲက ရေကန်ဟာ ပင်လယ်ထဲက လာတဲ့ ဟိုရေမြောင်းကလေးနဲ့ ဆက်နေတယ်ကွ၊ ဒီကောင်တွေ လှေနဲ့ပင်လယ်ထဲကို အဲဟိုချောင်းကလေးထဲက ထွက်သွားနိုင်တယ်'

မျိုးခက် စဉ်းစားနေသည်။

ဆလုံကြီးပြောတာ ဖြစ်နိုင်ပါသည်။

နတ်ကျွန်းအလယ်ရှိ ကျောက်ဆောင်ကြီး နှစ်ခုကြားတွင် တစ်ကောခန့် ရေကန်ငယ်ကလေး ရှိနေပြီး ပင်လယ်ထဲက လာသော ချောင်းကလေးနှင့် ဆက်စပ်လို့ နေပါသည်။

ဒီရေတက်လျှင် ရေပြည့်၍ ဒီရေကျလျှင် ကန်ထဲတွင် ချောင်းရေပြင်နှင့်ညီသော ရေတွေသာ ကျန်ခဲ့မည်။ ရေကျန်သာရှိတော့မည်။ရေမည်းမျှနက်သည်ကိုတော့သူမခန့်မှန်းနိုင်။

ရေကန်ထဲတွင် ဒိုက်များ၊ ကျွန်းသေးသေးကလေးများ၊ ကျောက်စွယ်များ ထိုးထိုးထောင်ထောင် ပေါ်ထွက်နေသည်မှာ အင်မတန်လှပသည်။

'ဒီရေကျရင် ကန်ထဲက ကျောက်တုံး ကျောက်စွယ်တွေ ပိုပြီးပေါ်လာလိမ့်မယ် အဘ၊ချောင်းဝလဲ ပိတ်သွားလိမ့်မယ် ထင်တယ်'

'ဟုတ်တယ်၊ မင်းပြောတာမှန်တယ်'



'ကျွန်တော် ဒီကန်ထဲကို ငုပ်ကြည့်ချင်တယ် အဘ'

'ဟာ....ဘာလုပ်ဖို့လဲကွ'

'ဘာလုပ်ဖို့မှမဟုတ်ဘူး၊စိတ်ထဲမှာငုပ်ကြည့်ချင်စိတ်ရှိလို့'

'ငုပ်လေ၊ သတိတော့ထား'

ဝတ်ထားသောဂျင်းဘောင်းဘီကိုမျိုးခက်ချွတ်လိုက်သည်။

'ငမန်းလေး၊ ဘောင်းဘီပြန်ဝတ်'

'ဗျာ'

'ဟိုမှာကြည့်စမ်း'

ဆလုံကြီး လက်ညှိုးညွှန်ရာ ကျောက်ပပ်ကြားအက်ထဲသို့ ကြည့်လိုက်ပါသည်။

ငြိမ်သက်ကြည်လင်နေသောရေပြင်တွင် လှိုင်းတွန့်ကလေး ခတ္တ လှုပ်သွားသည်။ ရေပြင်ပေါ်တွင် မည်းမည်းချွန်ချွန်ကြီး ခပေါ်လာသည်။

ဟိုက်.... ငါးမန်းကြီးပါကလား။

ခွေးမသားကြီးသည် သူတို့နှစ်ယောက်ရပ်နေသော ကမ်းစပ်သို့ ပါးစပ်ကြီးဖြဲ၍ ပြောင်ပြောင်တင်းတင်းပင် ရေပေါ်ဖော်၍ လာနေပါပြီ။

ငါးစင်ရိုင်း မဟုတ်။ ငါးမန်းမှ ငါးမန်းအစစ်။

ရေရောထားသည့် ငါးမန်း။ ရေထဲက ငါးမန်း။

လူတစ်ယောက်ကိုကောင်းမကောင်းကြီးဝါးစားပစ်နိုင်၏။

'လစ်စို့ဟေ့....'

ကျောက်ဆောင်တွေကြားထဲက သူတို့နှစ်ယောက် ကိုယ်ယောင်ဖျောက်၍ နဂါးကျွန်းဘက်သို့ ကူးခဲ့သည်။

ကျောက်ဆောင်ကြားထဲတွင် ဝှက်ထားသော စပိဘုတ်ကို လှော်တက်ဖြင့် ခပ်ဝေးဝေးတိုင်အောင်လှော်၍ အသံမကြားအောင် ကျွန်းမှ ခွာသည်။

ကျွန်းနှင့် ခပ်ဝေးဝေး အရောက်တွင် စက်နှိုး၍ မောင်းနှင်လိုက်သည်နှင့် ဟိုင်းသည် ကျွန်းနံ့ သာကိုနောက်ချန်ထားခဲ့ပြီး လေကိုဆန်၍ ပြေးတော့သည်။

သည်ငါးမန်းက သည်ရေကန်ထဲကို ဘယ်လိုလုပ် ရောက်နေသလဲ....။

ငါးမန်းဆိုသည့် သတ္တဝါမျိုးမှာ ပင်လယ်ထဲတွင်သာ ကျက်စားတတ်ကြလေသည်။

အေးလေ....သူလည်း မျက်စိလည် လမ်းမှားပြီး ချောင်းထဲမှ ပင်လယ်ထဲရှိ ရေအိုင်ကြီးထဲသို့ ရောက်ရှိလာပုံရသည်။

'အဘ'

'ဟေ....'

'ငါးမန်းတွေဟာ ပင်လယ်ထဲမှာပဲ နေတာမဟုတ် လား'

'ဟုတ်သပ'

'ဒီမအေပေးကြီးက ကျွန်းပေါ်က ရေကန်ထဲကို ဘယ်လို ရောက်နေတာလဲ'

'ငါလဲ အဲဒါ စဉ်းစားနေတာပဲ'

'အဲဒီအကောင်ကြီးကို ကျွန်တော်တစ်နေ့မှာ သတ်ပြမယ်'

'ဘာနဲ့ သတ်မှာလဲ'

'ကျွန်တော့်ဆီမှာ ဒေါက်တာ ဦးငွေစိုး လက်ဆောင်ပေး ထားတဲ့ ရေအောက်ပစ် မြားသေနတ် ရှိတယ်'



'ဘယ်တော့ သတ်မှာလဲ'

'တစ်နေ့နေ့'

'အဲဒီနေ့အထိ မင်း အသက်ရှင်နေပါဦးမလားကွာ'

'ဗျာ....'

'ကို့နှစ်ယောက်ဟာ ဦးစောဒီရဲ့ လျှို့ဝှက်လုပ်ငန်းတွေကို အတိအကျ မဟုတ်ပေမယ့် တစ်စွန်းတစ်စ သိခဲ့ကြပြီ၊ အဲဒီတော့ အဘ အကြံတစ်ခု ပေးချင်တယ်ကွာ'

'ဘာအကြံလဲ အဘ'

'ဦးစောဒီဆီက ထွက်ပြေးပါ၊ မင်း သေလိမ့်မယ်'

'ဒီမယ် အဘ၊ သေခြင်းတရားဆိုတာ ဘယ်သူမှ ရှောင်လွှဲလို့ ရတာ မဟုတ်ပါဘူး၊ မွေးမပေး သေမယ်၊ ဒီနှစ်ခုအကြားမှာ ကျွန်တော်တို့တစ်တွေ လှုပ်ရှားရုန်းကန်နေကြရတယ်၊ ကျွန်တော်တော့ သက်ကြီးရွယ်အို မထူနိုင် မထနိုင်တဲ့ အထိ အသက်မရှည်ချင်ဘူး၊ တစ်ခုခုကို စွန့်စွန့်စားစား လုပ်ရင်း ဝုန်းခနဲ ဒိုင်းခနဲ သေပစ်လိုက်ချင်တယ်၊ ဒါပေမယ့် ကျွန်တော်ရဲ့ သေခြင်းဟာ လောကအတွက်၊ တိုင်းပြည်အတွက်၊ တစ်စုံတစ်ယောက်အတွက် အကျိုးဖြစ်ထွန်းစေရမယ် အဘ၊ ရှေ့တန်းမှာ တိုက်ပွဲဝင်ရင်း ငယ်ငယ်ရွယ်ရွယ်နဲ့ တိုင်းပြည်အတွက် အသက်ကို ပေးလှူသွားတဲ့ တပ်မတော်သားတွေကို ကျွန်တော် သိပ်လေးစားမိတာပဲ အဘ'

'မင်းက လူသာ ငယ်ပေမယ့် မင်းစိတ်ဓာတ်ကတော့ သိပ်ကောင်းသဟေ့၊ မင်းကို ငါ့သား ငါ့မြေးလို ငါခင်တယ်၊ အေးကွယ်....သတိတော့ ထားပေါ့၊ ဦးစောဒီဟာ လူကြီး လူ


မြိုးပန်းတစ်ရာစာပေ

ကောင်း ဖြစ်နေပေမယ့် စိတ်ကြီး စိတ်ကောင်း လုံးဝမရှိတာ သေချာတယ်'

'ဟုတ်ကဲ့ အဘ၊ အဖေမရှိတဲ့ ကျွန်တော့် ဘဝမှာ အဘကို ကျွန်တော့် အဖေလို အဘကို မြင်မြင်ချင်း ခင်မင်မိပါတယ်'

သူတို့နှစ်ယောက် အကြည့်ချင်း ဆုံမိကြသည်။

ထိုအကြည့်ထဲတွင် ယုံကြည်မှု၊ ကြင်နာမှု၊ ခင်မင်လေးစားမှု ကလေးတွေ ပါသည်။

သူတို့နှစ်ယောက်သည် ကျောက်မရဏစွယ်၌ မုတ်ကောင်ကြီးများကို ငုပ်ရန် ကိစ္စကို တိုင်ပင်ရင်း စပိဘုတ် ကလေးကို အပေါ်ရေကျွန်းဘက်သို့ စက်ကုန်ဖွင့်၍ မောင်းခဲ့သည်။

ညနေ လေးနာရီ မိနစ်နှစ်ဆယ် တစ်စက္ကန့်။

မျိုးခက်၏လက်မှ ဆီကိုကွတ်ဇ်နာရီခလုတ်ကလေးကို နှိပ်လိုက်သည်နှင့် ဒိုင်ခွက်ပေါ်တွင် အချိန်ကလေး ပေါ်လာသည်။

ချစ်ချစ်နှင့် တွေ့ရန် ကိုးမိနစ် ကိုးစက္ကန့်အလို။

'ဟိုနားက ရွှေဝါချိုင်ကွေ့မှာ အဘ စောင့်နေခဲ့၊ ကျွန်တော် တစ်ယောက်တည်း သွားမယ်၊ သူနဲ့ ဆွေးနွေးပြီးတာနဲ့ ပြန်လာခဲ့မယ်'

'အေး.... ငါ ဟောဟို အုန်းပင်အောက်မှာ ဆေးတံမီးနှိုးရင်း စောင့်နေမယ်'

*



## အခန်း (၁၅)

စောင့်လို့နေသည်။

ချစ်ချစ်က ကိုမျိုးကို စောင့်လို့နေသည်။

တင်မျိုးဆွေက ကပ္ပတိန် ဘခက်ကို စောင့်လို့နေသည်။

လူနှစ်ယောက်သည် လူနှစ်ယောက်ကို တစ်နေရာစီမှ စောင့်လို့ နေကြသည်ကို သူတို့အချင်းချင်း သိကြလေမည် မဟုတ်။

ဘီအေစီ လေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်းမှ F-27 ဖော်ကာဖရင်းရှစ် လေယာဉ်မှူး ကပ္ပတိန်ဘခက်သည် ဌာနမှ ယူထားသောခွင့်ရက် စေ့ရန် ငါးရက်သာ လိုတော့သည်။

သည်ရက်အတောအတွင်း သားကလေး မောင်မျိုးခက်နှင့် ဘဝနာမလေး တင်မျိုးဆွေ၏ ပြဿနာကို ဖြေရှင်းပေးရမည်။

ဤသည်မှာ တာဝန်။

အသည်းနှလုံးမှ ပေးအပ်ထားသော တာဝန်။

သစ္စာတရား၏ တာဝန်။

သို့ပါမှ မဟုတ်ပါလေလျှင် လူသားတစ်ယောက်၏ မေတ္တာတရားကို ကမ္ဘာမြေကြီး၏ ဟိုမှာဘက်သို့ ရောက်အောင် လွှင့်ပစ်ဖို့သာ ရှိတော့သည်။

ကပ္ပတိန်ဘာခက်သည် ညနေသုံးနာရီကတည်းက ပင်လယ်ကမ်းခြေရှိ သောင်ယံဦးဘားသို့ ရောက်နေခဲ့သည်။ သည်နေ့ ညနေ မဆွေနှင့်တွေ့ဖို့ ချိန်းထားသည်။

အစကတော့ လုံးဝ မသောက်တော့ဘူးဟု ဆုံးဖြတ်ထားသော်လည်း ကိုထွန်းရီက ဘီယာချပေးသည်။

တွေးရင်း ငေးရင်း ဘီယာတစ်လုံး ဗိုက်ထဲဝင်သွားတော့မှ ဘီယာထဲတွင် အိုးဘာရန်ဒီ ရောစပ်ထားသည်ကို သတိပြုမိသည်။

ခေါင်းထဲက ရီတီတီဖြစ်လာသည်။

'ကိုထွန်းရီ'

'ခင်ဗျာ'

'ဘီယာထဲမှာ ဟိုဟာတွေ ရောထားသလား'

'ရောထားတယ် ဗိုလ်မှူး'

'ဟာဗျာ... ဒုက္ခပါပဲ၊ ကျွန်တော်က ကျွန်တော့်မိန်းမ ပါလာမှ အရက်သောက်တာ၊ သူတို့မသိအောင် အစပ်ခိုင်းတာဗျ၊ ကိုင်း... တစ်ခွက်သောက်လဲ နံတာပဲ၊ နှစ်ခွက်သောက်လဲ နံတာပဲ'

'ဒုက္ခပါပဲ ဗိုလ်မှူးရာ၊ ဒါဖြင့် ဆက်မသောက်တော့ဘူးလား'

'အိုးဘာရန်ဒီ တစ်လုံးယူခဲ့'





ကပ္ပတိန်ဘာခက်သည် သူနှင့်ပတ်သက်နေသော လူသားအားလုံးအတွက် သောကမီးတွေ တောက်နေရသည်။

သမီးလေး ချစ်ချစ်။

အသက်လောက်ချစ်ရတဲ့ နုနုချွတ်။

အဖေပျောက်နေသော သားကလေး မောင်မျိုးခက်။

ဘဝတွင် အမည်းစက်ကြီးထင်အောင် သူ့ကြောင့် အနှစ်နှစ်ဆယ်ကျော် ဒုက္ခပင်လယ်ဝေခဲ့ရသော သစ္စာရှင်ခလေး တင်မျိုးဆွေ။

သည်ဖြစ်ရပ်တွေကို သမီးလေးချစ်ချစ် အားလုံးသိသွားခဲ့ပြီ။

ဟိုတစ်နေ့က....

တင်မျိုးဆွေနှင့် မောင်တော်ကျော်က ဘေးတွင် တွေ့ကြ၍ သူတို့တစ်တွေ ရင်ဖွင့်ခဲ့ကြသည်ကို ချစ်ချစ် ချောင်းကြည့်နေသည်။

သူတို့ပြောသည့် စကားတွေကို သမီးလေးချစ်ချစ် ကြားသည်။

ချစ်ချစ် ကြားသွားသည့် စကားတွေထဲတွင် မောင်နှမဆိုသော စကားလုံးမှာ ချစ်ချစ်၏ အသည်းနှလုံးကို ဖွဲ့ခြေဆုပ်ညှစ်လိုက်သလို ခံစားသွားရရှာသည်ကို ကပ္ပတိန်ဘာခက် သိခဲ့သည်။

အသက်သခင် ကျေးဇူးရှင်။

အချစ်ဆုံးချစ်သူ....။

မောင်နှမ....။

ကိုကိုနှင့် ညီမ....။

ကိုမျိုးက ချစ်ချစ်ရဲ့ကိုကို....။

'အို....ဖေဖေရယ်၊ ချစ်ချစ်တို့ ဘဝဟာ ဆိုးလှချည်လား ဖေဖေရယ်၊ ကိုမျိုးဟာ ချစ်ချစ်ရဲ့ ကိုကို၊ဖေဖေဟာ ကိုမျိုးရဲ့ ဖေဖေ၊ကိုမျိုးဟာဖေဖေရဲ့သားအရင်း၊ ပြီးတော့....ပြီးတော့ ချစ်ချစ်နဲ့ ကိုမျိုးဟာ သံယောဇဉ်တွေ အို....သမီး ရှက်တယ်၊ သမီး ရှက်တယ်'

ချစ်ချစ်သည် ဖေဖေ့ ရင်ခွင်တွင်းဝင်၍ အသည်းနှလုံး တွေ ပေါက်အောင် ငိုတော့သည်။ စကားတွေက ဆို့နင့် အက်ကွဲစွာ ထွက်ပေါ်လာသည်။ ငိုရင်း ရှိုက်ရင်း ပြောရှာ သည်။

'ဖေဖေဟာ သစ္စာမရှိတဲ့ယောကျ်ား၊ ကိုယ့်သားကိုအနှ နှစ်ဆယ်လုံး ပစ်ထားရက်တယ်၊ ပြီးတော့ အန်တီတင်မျိုး ဆွေရဲ့ ဘဝဟာ ဘယ်လောက် သနားစရာ၊ ရင်နာစရ ကောင်းသလဲ၊ အခုတော့ ချစ်ချစ်တို့ ဘယ်လို လုပ်ကြမလ ဖေဖေ ဟင်'

ကပ္ပတိန် ဘခက် ရင်မှာ လှိုင်းထနေသည်။

ပင့်လ[illegible]လှိုင်းလုံးကြီးများကလည်း တဝုန်းဝုန်း ရိုက်ခ နေသည်။

'ဖေဖေ....ချစ်ချစ်တို့ ဘာလုပ်ရမှာလဲ၊ ဘယ်လို ဖြေရှ ကြမှာလဲ၊ ဖေဖေနဲ့ အန်တီတင်မျိုးဆွေ ပြောကြတာတွေ သမီး ကြားတယ်၊ အခု....အခု ချစ်ချစ်တို့ ဘယ်လို လုပ် ရမှာလဲ၊ ဖေဖေ့အပြစ်....ဖေဖေ့အပြစ်'





ချစ်ချစ် အော်သည်။

ငိုသည်၊ ရှိုက်သည်။

'ချစ်ချစ် သမီး၊ ဒါတွေကို ဖေဖေ မသိခဲ့ရိုး အမှန်ပါ သမီးလေးရယ်၊ ဖေဖေ့အပြစ်ပါ၊ ဖေဖေမှားခဲ့လို့'

'မှားခဲ့လို့....ဟုတ်လား ဖေဖေ၊ ချစ်ချစ် သေမယ်၊ချစ်ချစ် သေချင်တယ်'

ချစ်ချစ်သည် ဖေဖေ့လက်မှ ရုန်းထွက်၍ ပင်လယ်ထဲသို့ ဆင်းပြေးသည်။ အရူးမလေးလို ဖြစ်နေသည်။

'ချစ်ချစ်....ချစ်ချစ်....သမီး'

လှိုင်းလုံးကြီးများကြားထဲသို့ ချစ်ချစ် တအားဆင်းပြေး သည်။

ကပ္ပတိန်ဘခက်က အတင်းဆင်းလိုက်ရသည်။လှိုင်းအရိုက် တွင် ပင်လယ်ထဲသို့ လဲကျသွားသောချစ်ချစ်ကို ပွေ့၍ မောင် တော်ကျောက်တုံး ဘေးသို့ ယူခဲ့သည်။

ချစ်ချစ်သည်မျက်လုံးတွေပွင့်နေသော်လည်း မလှုပ်မယှက် ငြိမ်သက်စွာ ပါလာသည်။

လူကတော့ မသေ။

စိတ်ကလေးတွေ သေသွားရှာပြီ။

တစ်ကိုယ်လုံး ပျော့ခွေနေရှာသည်။

ကပ္ပတိန်ဘခက်သည် ချစ်ချစ်ကိုကျောက်တုံးကြီးဘေးတွင် မှီ၍ ထိုင်စေသည်။ ရုပ်သေး မင်းသမီးလေးလို ဖြစ်သည်။ မျက်လုံးတွေက ကြောင်စီစီ။

'ဒီလောကကြီးမှာ မမျှော်လင့်တာတွေ၊ မထင်မှတ်တာတွေဟာ ဖြစ်နေတတ်ကြပါတယ် သမီး၊ ဖေဖေ့ သမီး ချစ်ချစ်ဟာ စိတ်ဓာတ်ခိုင်တယ်၊ သတ္တိရှိတယ်၊ လောကကို ရင်ဆိုင်ရဲတယ်၊ ဒီစိတ်ဓာတ်တွေဟာ ချစ်ချစ် ကိုယ်ထဲမှာ ရှိတယ်'

ချစ်ချစ်မျက်တောင်ကော့လေးတစ်ချက်ခတ်လိုက်ပါသည်။

'လောကကြီးမှာ အကောင်းအဆိုး အမှား အမှန်တွေဟာ အမြဲပဲ ရှိနေတတ်ကြတာပဲ သမီး၊ပြဿနာဆိုတာ လူတိုင်းမှာ ရှိကြတာချည်းပဲ၊အဲ....အဲဒီပြဿနာကို အရှုံးမပေးဘဲခေါင်း အေးအေးထားပြီး ဖြေရှင်းဖို့ဟာ အဓိကပဲ သမီး'

ချစ်ချစ် မျက်လုံးကလေးက ဖေဖေ့ကို ကြည့်မိသည်။

'ချစ်ချစ် အသေအချာ နားထောင်၊ ပဒိုင်းသီးဟာ ဆုပ်ရင်လဲစူး စားရင်လဲ ရူးတယ်၊ ဒါပေမယ့် အဲဒီ ပဒိုင်းသီးရဲ့ မကောင်းတာတွေကို ပယ်ထုတ်ပြီး ကောင်းတာတွေကို ရှာဖွေ ဖော်ထုတ်ယူကိုတာနဲ့ ဆေးဖော်တဲ့နေရာမှာ အင်မတန်ကောင်းတဲ့ ဆေးဖက်ဝင် ပစ္စည်းတစ်ခု ဖြစ်လာခဲ့တယ် သမီး၊ အခု ဖေဖေတို့ အဖြစ်အပျက်ဟာ ပဒိုင်းသီးနဲ့တူတယ်၊ ဖေဖေနဲ့ ဇာင်မျိုးဆွေဘို့ မတော်ဘဆ မှားခဲ့ကြတဲ့အဖြစ်၊ သားကလေး မောင်မျိုးခက်ရဲ့ ဘဝ၊ သမီးတို့ နှစ်ယောက် ချစ်ခင်နေကြတဲ့ အဖြစ်တွေ၊ ပြီးတော့ သမီးလေး ချစ်ချစ်ရဲ့ မိခင် စိတ်အညစ်မခံဝံ့တဲ့ အနိုးမီးယားရောဂါ၊ ဒါတွေဟာ ပဒိုင်းသီးလိုပဲ၊ အဲဒီ ပြဿနာတွေကို ချစ်ချစ်နဲ့ ဖေဖေ ပူးပေါင်းပြီး အကောင်းဆုံး အခြေအနေကို ရောက်အောင် ဖေဖေတို့ အဖြေရှာမယ်၊ သမီးကလေး ချစ်ချစ်ဟာ ဖေဖေနဲ့





မေမေကို တကယ်ချစ်တယ်ဆိုရင် သမီး သိပ်ဖြစ်ချင်လှတဲ့ မရင်းဘိုင်အိုလောဂျစ်တစ်ယောက်ဖြစ်ပြီး သမီးထမ်းဆောင်ချင်လှတဲ့ တိုင်းပြည်တာဝန်ကို ထမ်းဆောင်ချင်ရင် သတ္တိရှိရှိ စိတ်ခိုင်ခိုင်ထားပြီး ဖေဖေ့ အခက်အခဲကို အကူအညီ ပေးပါကွယ်'

ဖေဖေ့ အသံက တည်ငြိမ် နူးညံ့သည်။

ဖေဖေ့ မျက်လုံးတွေက သနားစရာ ကောင်းလှသည်။

ဖေဖေ့ကို သနားသည့် စိတ်က ချစ်ချစ် ရင်ထဲကို ဝင်သွားသည်။ ဖေဖေ့ စကားတွေကလည်း တရားနည်းလမ်းကျသည်။ ချစ်ချစ်သည် စိတ်ဓာတ်တွေကို မြှင့်လိုက်သည်။

ဖေဖေ့ကို ကူညီမှဖြစ်မည်။

ဖေဖေ့ကို ကူညီခြင်းသည် သူမနှင့်ပတ်သက်သမျှလူသားအားလုံးကို ကူညီခြင်းမည်ပေမည်။

ချစ်ချစ် သတ္တိရှိသည်။ စိတ်ဓာတ် ခိုင်မာသည်။

စောစောက ရေထဲ ဆင်းသေတော့မည့် တဒင်္ဂစိတ်ရူးကလေးကိုပင် ရှက်မိသွားသည်။ နှလုံးသား၏ အလိုကို ဦးနှောက်က အမှားအမှန် ဆုံးဖြတ်နိုင်ရမည်။

ချစ်ချစ် မျက်လုံးကလေးတွေ ကြည်လင် တောက်ပလာသည်။

'ဟုတ်ကဲ့ ဖေဖေ၊ ချစ်ချစ် မှားသွားပါတယ်၊ ဖေဖေ့ ဒုက္ခကို ချစ်ချစ် ကူညီပါ့မယ်၊ ချစ်ချစ် သတ္တိရှိပါတယ်၊ ဘာမဆို ရင်ဆိုင်ရဲပါတယ်၊ ဖေဖေတို့ဖြစ်ခဲ့ကြတာတွေလဲ သမီးသိတန်သလောက် သိပြီးပါပြီ ဖေဖေ'

'ချစ်ချစ် Experimental Psycho ကို ကျောင်းမှာ လေ့လာခဲ့ဖူးတယ် မဟုတ်လား၊ စမ်းသပ်မှုစိတ်တာ လောကထဲမှာရှိတဲ့ လူတွေရဲ့စိတ်ကို အဖြစ်အပျက် ခံစားမှုတွေနဲ့ စမ်းသပ်နေတာပဲ၊ ဘယ်လောက် ခံနိုင်ရည်ရှိသလဲ၊ ဘာကြောင့် ပြဿနာတွေ ဖြစ်လာသလဲဆိုတာ စမ်းသပ်လေ့လာစဉ်းစား ဆုံးဖြတ်နိုင်ရမယ် သမီး'

'သမီး....သိပါပြီ ဖေဖေ'

ချစ်ချစ်အသံ တည်ငြိမ်စပြုလာပြီ။

'ဖေဖေပြောမယ် သမီး၊ သတ္တဝါတွေ လူတွေရဲ့စိတ်နဲ့ အပြုအမူ Behaviour ကို လေ့လာတဲ့နေရာမှာ သိပ္ပံနည်းကျကျ Scientific Method နဲ့ ဆက်စပ်ပြီးကြည့်ရမယ်၊ သူတို့ရဲ့စိတ် Mental နဲ့ ကိုယ်ကာယကြံ့ခိုင်မှု Physical Strength ကိုလဲ ထည့်တွက်ရမယ်၊ ပြဿနာတိုင်းမှာ တွေးဆချက် Hypothesis တစ်ခုကို ချမှတ်ရမယ်၊ ချမှတ်တဲ့ ဟိုက်ပိုသီးစစ်ဟာ အမှန်ကန်ဆုံး ဖြစ်ရမယ်'

'သမီး ချစ်ချစ် နားလည်ပါပြီ ဖေဖေ၊ သမီး ဆိုက်ကိုတို လေ့လာခဲ့ဖူးပါတယ်၊ ဟုတ်တယ်၊ ဖေဖေပြောသလို ဒီပြဿနာတွေကို ချစ်ချစ်တို့ အကောင်းဆုံးဖြစ်အောင် လုပ်ကြရမှာပဲ၊ အခု သမီးရဲ့စိတ်ဟာ ပုံမှန်ဖြစ်သွားပါပြီ၊ အားလုံးကို ရဲရဲဝံ့ဝံ့ဖြေရှင်းဖို့ သမီးရဲ့စိတ်နဲ့ သဘောထားကို အဆင်သင့်ပြင်လိုက်ပါပြီ ဖေဖေ၊ သမီးရဲ့ Attitude နဲ့ Glanvalle, A.D ဟာ ပုံမှန်ဖြစ်သွားပါပြီ'





'ဝမ်းသာလိုက်တာ သမီးလေးရယ်၊ ဖေဖေ့ကို ကူညီပါ၊ ဒီပြဿနာတွေကို သမီးမေမေ မသိစေနဲ့၊ အနီးမီးယားရောဂါရှင်ဟာ စိတ်ထိခိုက်စရာတို့ကြုံတွေ့ရင် Shock ဖြစ်ပြီး အသက်ပါသွားနိုင်တယ်'

'ဟုတ်ကဲ့ ဖေဖေ'

'ဖေဖေပြောမယ်၊ ချစ်ချစ် ဘာမှပြန်မမေးရဘူးလို့ ကတိပေးမလား၊ အဲ...မေးချိန်တန်တော့မေး၊ အခုသာ ဘာမှ မမေးဘူးလို့ ကတိပေးမလား'

'ဖေဖေ့စကားကို သမီး အမြဲနားထောင်နေကျပါ ဖေဖေရယ်'

ချစ်ချစ်က ချိုသာစွာ ပြောသည်။

မသိမသာ အပြုံးကလေးတစ်ခုပင် မျက်နှာတွင် ထင်ဟပ်လာသည်။

ဖခင်နှင့်သမီး နားလည်မှု၊ ယုံကြည်မှု၊ ချစ်ခင်ကိုးစားမှုတွေ ပြန်လည်ရရှိသွားခဲ့ပြီ မဟုတ်လား။

ဤသည်မှာ မေတ္တာနှင့် စိတ်ပညာ။

'ဒီစကားကို ဖေဖေပြောပြီးရင် သမီးမေမေ စောင့်နေတဲ့ဆောင်ယံဦးကို ပြန်ကြမယ်၊ သမီး ဖေဖေ့ကို ဘာမှ ထပ်မမေးနဲ့'

'ခြေဒ်....ဖေဖေရယ်၊ သမီးစိတ်ခိုင်တယ်၊ ကတိတည်ပါတယ်'

'သမီးနဲ့ မောင်မျိုးခက်ဟာ ကိုကိုနဲ့ ညီမ၊ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ဘဝမှန်ကိုမသိကြလို့ ချစ်သူဘဝ

ကို ရောက်နေကြပြီ၊ အဲဒီတော့ မောင်မျိုးခက်ကို အခုအခြေအနေအတိုင်း ဆက်ပြီး ဆက်ဆံပါ၊ လာ....သွားကြစို့'

ချစ်ချစ်က အံ့ဩသွားရသည်မှာ မြင်းမိုရ်တောင်ထက်ကြီးသည်။ မမေးရဲ....

ဖေဖေက လက်ဆွဲခေါ်သည်ကိုတွဲ၍ သောင်ယံဦးဘက်သို့ ပင်လယ်ကမ်းခြေစပ်မှ လျှောက်ခဲ့သည်။ ရင်ထဲတွင်တော့ ပဟေဠိတွေ တစ်ထွေးကြီးနှင့် ဖြစ်သည်။

မေမေသည် သောင်ယံဦး ဝရန်တာမှ သူတို့ သမီးအဖကို စောင့်ကြိုနေသည်။ သမီးအမိ တွေ့ကြတော့ ချစ်ချစ်မျက်နှာကလေး ပြုံးကြည်ထားသည်။

'ကြာလိုက်တာ၊ ဘာငါးရသလဲ'

'မရပါဘူး မေမေရယ်၊ ဖေဖေက နေလုံးကြီး ဝင်တာကြည့်ချင်တယ်ဆိုလို့ မောင်တော်ကျောက်ဘေးမှာ ကြာသွားတာပါ'

'ချွတ်ချွတ်မပါတော့ အိုးဘရန်ဒီကလေးမော့ပြီး ဇိမ်တွေ့နေတယ်ပေါ့လေ'

နုနုချွတ်က ပြောသည်။

ဇိမ်မတွေ့ပါဘူး အချစ်ရယ်....

အချစ်ဟောင်းကလေး တစ်ချစ်အတွက် ရင်ထဲမှာ သောကတွေ ပါလာတာပါ။

အဲသည်လိုတော့ မပြောဝံ့ပါ။

'အိုးဘရန်ဒီက သုံးပက်တည်းပါ'

ကပ္ပတိန်ဘခက် ယောင်၍ အသံထွက်သွားမိသည်။





'ဘယ်က သုံးပက်ရမှာလဲ ဗိုလ်မှူးရ၊ တစ်လုံး....အလုံးကြီးတစ်လုံး၊ အခု တစ်ဝက်ချောသွားပြီဗျ'

ကိုထွန်းရီက ပြောသည်။

'ခါတိုင်းသောက်တာကို ပြောတာပါဗျာ'

အဲသည်တော့မှ တင်မျိုးဆွေနှင့် တွေ့ခဲ့သည့်နေ့က ဖြစ်ခဲ့ရသော ပြဿနာထဲတွင် အစဉ်းစားကျံ့ဝင်ပြီး အသံထွက်သွားမိသည်ကို သတိရ၍ ရှက်သွားမိသည်။

သည်နေ့ တင်မျိုးဆွေနှင့် တွေ့ရန် ချိန်းထားသည်။

မနေ့က တင်မျိုးဆွေနေသော ပုန်းညက်ရိပ်သာ ဘန်ဂလိုသို့ ကပ္ပတိန်ဘခက် ရောက်သွားသည်။တင်မျိုးဆွေ ကိုမတွေ့။

ပုန်းညက်ပင်ကြီးအောက်တွင် ထိုင်နေသော ဆယ်ကျော်သက်မ လှလှကလေးကို တွေ့ရသည်။ သူ မေးကြည့်မိသည်။

'သမီးက ဧည့်သည်လား'

'မဟုတ်ဘူး အန်ကယ်၊ ခင်ဖြူက ဒီဘန်ဂလိုကပါ'

'ဪ....ဒါနဲ့ ဒေါ်တင်မျိုးဆွေ ရှိသလားဟင်'

'မှိုဟင်းပြင်ဘက်ကို သွားတယ်၊ကိစ္စရှိရင် ခင်ဖြူ့ကို မှာခဲ့ပါလား၊ ဒီဘန်ဂလိုမှာ ဧည့်သည်ဆိုလို့ အန်တီ တင်မျိုးဆွေတစ်ယောက်ပဲရှိတာ အန်ကယ်ရဲ့'

'အဲသလိုဆိုရင်ကွာ၊ ဘီအေစီ လေယာဉ်မှူး တစ်ယောက်လာလည်တယ်၊ မနက်ဖြန်ညနေ လေးနာရီခွဲတိတိမှာ မောင်တော်ကျောက်က စောင့်မယ်လို့ ပြောပေးပါလား မခင်ဖြူ'

'ဟုတ်ကဲ့....အန်ကယ်၊ ခင်ဖြူ ပြောပေးပါ့မယ်'

အပျိုမငယ်ကလေးက ပြုံးရွှင်စွာ ပြောခဲ့သည်။

သည်ကနေ့ညနေ လေးနာရီခွဲတွင် မောင်တော်ကျောက်ဘေးတွင် တင်မျိုးဆွေနှင့် တွေ့ရမည်။

စဉ်းစားရင်း သောက်လိုက်သည်မှာ အိုးဘာချန်ဒီတစ်ဝက် ချောသွားပြီ။

'ကိုထွန်းရီ၊ ကျွန်တော် နာရီမေ့ကျန်ခဲ့လို့၊ ဘယ်နှစ်နာရီ ထိုးပြီလဲဗျ'

'ငါးနာရီ ငါးမိနစ်'

'ဟိုက်....'

ကပ္ပတိန်ဘခက်သည် လေးပေခန့်မြင့်သော မြေပြင်ပေါ်သို့ ဝရန်တာကိုကျော်၍ လွှားခနဲ ခုန်ဆင်းလိုက်သည်။

မောင်တော်ကျောက် ရှိရာသို့ မီတာဘစ်ရာ ပြေးပွဲဝင်သလို ပြေးတော့သည်။ တင်မျိုးဆွေကို မတွေ့။

ပုန်းညက်ရိပ်သာ ဘန်ဂလိုမှ မခင်ဖြူသည် မောင်တော်ကျောက်ဘေးတွင် ခရုခွံ လှလှအလေးတွေကို ကောက်နေသည်။

'မခင်ဖြူ'

'ရှင်....အန်ကယ်'

'ဒေါ်တင်မျိုးဆွေ မလာဘူးလား'

'လာတယ် အန်ကယ်ရဲ့၊ ခုနကပဲ ပုန်းညက်ကို ပြန်သွားတယ်'

ဟုတ်မည်။ သူ နောက်ကျသွားပြီ။

ညနေ ငါးနာရီ ဆယ်မိနစ်။

*



အခန်း (၁၆)

ညနေ ငါးနာရီ ဆယ်မိနစ်။

'ကိုမျိုးပြောခဲ့တဲ့ အကြောင်းတွေကို အသေအချာစဉ်းစားပါ ချစ်ချစ်ရယ်၊ ချစ်ချစ်နဲ့ ကိုမျိုးမှာ ကိုယ်ရေးကိုယ်တာ ပြဿနာလေးတွေ ရှိနေခဲ့ပေမယ့်လို့ အခု ကိုမျိုးပြောတဲ့ ပုလဲကြီးတွေ ကိစ္စဟာ နိုင်ငံအတွက် တိုင်းပြည်အတွက် အများကြီး အကျိုးရှိနိုင်တဲ့ ကိစ္စပါ'

'ဒါကို ချစ်ချစ် စဉ်းစားမိပါတယ် ကိုမျိုးရယ်'

'လူလည် စီးပွားရေးသမားကြီး ဦးစောဒီဟာ ဒီပုလဲရှိတဲ့ မုတ်ကောင်ကြီးတွေနေရာကို အသေအလဲ ရှာတော့မယ် ချစ်ချစ်၊ စောစောက ကိုမျိုးပြောခဲ့သလို ဒီပုလဲကြီးတွေရဲ့ ဝတ်ဆံ Pearl Nuclues ဟာ သိပ်တန်ဖိုးရှိတဲ့ စိန်ကျောက်ရတနာတွေထည့်ထားတဲ့ ပုလဲတွေမို့ ရောင်စုံဖြာနေအောင် အရောင်အသွေးကောင်းပြီး တန်ဖိုးသိပ်ကြီးတယ်'

'ဟုတ်တယ် ကိုမျိုး၊ မုတ်ကောင်တွေရဲ့ သက်တမ်းကို ရှည်အောင်လုပ်နိုင်တဲ့ ဆေးကို ဂျာမဏီဇာကီးက ထိုးပေးခဲ့တယ် ဆိုတော့ အဲဒီမုတ်ကောင်တွေကို ခွာတ်ခွဲပြီး ရိဆပ်ချ

လုပ်လိုက်ရင် ချစ်ချစ်တို့ ပုလဲမွေးမြူရေးလုပ်ငန်းမှာ သိပ်တန်ဖိုးရှိတဲ့ ဖော်မြူလာတစ်ခု ရလာနိုင်တယ်၊ တိုင်းပြည်အတွက် အကျိုးရှိနိုင်တယ်'

သူတို့နှစ်ယောက်သည် လှိုင်းလုံးကြီးများ ရိုက်ခတ်နေသော ပင်လယ်ကမ်းခြေမှ ကျောက်ဆောင်ကြီးဘေးတွင် အချစ်ရေးကလေးတွေကို ဘေးချိတ်ပြီး ပုလဲမုတ်ကောင်ကြီးအကြောင်း ဆွေးနွေးနေကြပါသည်။

ရင်ထဲမှာတော့ ပြောချင်တာကလေးတွေ ပြည့်လို့ လျှံလို့ပေါ့။

'အဲဒီတော့ ကိုမျိုးနဲ့ ချစ်ချစ် ကတိထားခဲ့ကြတဲ့ အတိုင်း ကိုမျိုးနဲ့ ချစ်ချစ် လက်ထပ်၊ အဲလေ.... ဟို.... ဟို.... အဲဒီမုတ်ကောင်ကြီးတွေကို ငုပ်ပြီး သက်ဆိုင်ရာကို အပ်လိုက်ရရင် မကောင်းဘူးလား'

'ချစ်ချစ်ကော လိုက်ရမှာလား'

'လိုက်ရမှာပေါ့၊ ချစ်ချစ်က ဘုတ်ပေါ်က ကြိုးပါတဲ့ ပိုက်ခြင်းနဲ့ မုတ်ကောင်တွေကို ဆွဲတင်ပေး၊ ကိုမျိုးနဲ့ ဆလုံကြီး ဦးပိန်က ငုပ်မယ်'

'ဆလုံကြီး ဦးပိန်'

'ဟုတ်တယ်၊ ကိုမျိုးရဲ့ သစ္စာရှိ မိတ်ဆွေကြီးပါ၊ ရာမာဇူစကီး အကြောင်းကို သူပဲ ပြောပြခဲ့တာ'

'ဘယ်တော့ ငုပ်မှာလဲ ကိုမျိုး'

'ငုပ်ရမယ့်အချိန်က ည၊ ဘယ်သူမှ မသိစေချင်ဘူး၊ အထူးသဖြင့် ဦးစောဒိတို့ မသိစေချင်ဘူး'





'ဒါဖြင့် ရေအောက်မှာ ညကြီးငုပ်ရမှာဆိုတော့ ရေအောက် မီးတွေ၊ အောက်စီဂျင် အသက်ရှူဘူးတွေ လိုမှာပေါ့၊ ဒါတွေကို ကိုမျိုး ဘယ်လိုလုပ် ရနိုင်မလဲ'

'ဒီကိစ္စကိုလဲ ကိုမျိုးစီစဉ်ထားပါတယ် ချစ်ချစ်၊ စနေနေ့ညမှာ ချစ်ချစ်အပြင်ထွက်ပြီး ညအိပ်ခွင့်ရဖို့သာ အရေးကြီးတာပါ'

'ရပါတယ်၊ ဖေဖေမေမေတို့ ဒီရောက်နေတာကို စခန်းတာဝန်ခံက သိပြီးသားမို့ ညအိပ်ခွင့်တောင်းရင် ပေးမှာသေချာပါတယ်'

'ဒါဖြင့် လာမယ့် စနေနေ့ညနေ ၅ ချစ်ချစ်၊ ကျောက်တလားကို သိသလား'

'သိတယ် ကိုမျိုး'

'အဲဒီနေရာက ကိုမျိုး ဘုတ်နဲ့စောင့်မယ်၊ အချိန်ကတော့ ည ကိုးနာရီတိတိ'

'ဖြစ်ပါတယ် ကိုမျိုးရယ်၊ တိုင်းပြည်အတွက်ပဲ၊ဖြစ်အောင်လာရမှာပေါ့'

အလုပ် စကားကလေးတွေ ကုန်သွားပြီ။

ရင်ထဲက အချစ်စကားတွေသာ ကျန်တော့သည်။

ဖေဖေက ပြောသည်။

ချစ်ချစ်နဲ့ ကိုမျိုး၊ ကိုကိုနဲ့ ညီမပါတဲ့။

ဒါပေမယ့် ချစ်သူလိုပဲ ဆက်ဆံပါတဲ့။

သည်စကားကိုချစ်ချစ်အချိန်ရှိသရွေ့ စဉ်းစားနေခဲ့သည်။

အဖြေက အမျိုးမျိုးထွက်သည်။

ဖအေတူ မအေကွဲ မောင်နှမ။

ကိုမျိုးကိုလည်း ဖေဖေ၏ သား ဆိုတာ မပြောဝံ့။

သူကလည်း ခင်စန္ဒီရဲ့ အချစ်မင်းသားကလေး ဖြစ်နေပြီ။

ငိုချင်လိုက်တာ....

သူ့ရင်ခွင်မှာ ခိုဝင်ပြီး ရင်ပွင့်အောင် ရင်ဖွင့်ပစ်လိုက်ချင်လိုက်တာ ရှင်ရယ်။

မျက်ရည်ပယ်ငယ်ကလေးတွေ လည်လာမိသည်။

ကိုမျိုးက ကြည့်တော့ ခေါင်းကလေးကို ငုံ့ပစ်ထားရသည်။

နေရောင်ခြည်လေးတွေ....

ရေလှိုင်းလေးတွေ....

လေပြည်ကလေးတွေ ရေ....

မင်းတို့တစ်တွေက ချစ်ချစ်ကိုယ်စား ကိုမျိုးကို ပြောပေးပါလားဟယ်။

'ချစ်ချစ်ရယ်....'

'ရှင်'

'မငိုလိုက်ပါနဲ့ကွယ်၊ ကိုမျိုးရင်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ ချစ်ချစ် မသိပါဘူး'

'သိတာယ် ကိုမျိုး၊ ချစ်ချစ်ကို ချစ်တယ်ဆိုတာ ချစ်ချစ်သိတယ်'

'တုတ်တယ်၊ သိပ်ချစ်တယ်'

'ခင်စန္ဒီကလဲ ပြောတယ်'

'ဘာပြောလို့လဲ'





'သူ့ကို ကိုမျိုးက မချစ်ပါဘူးတဲ့'

'အဲလိုမျိုး ပြောတယ်၊ ဟုတ်လား'

'အင်း....'

'ဘယ်တုန်းကလဲ'

'ခါတ်ပုံရိုက်တဲ့နေ့က၊ ကိုမျိုးတာယောကျ်ားတစ်ယောက်ပီသစွာ တာဝန်ယူပြီး သူ့ကိုဆက်ဆံနေတာပါတဲ့၊ အစကတော့ ခင်စန္ဒီကို မုန်းတယ်၊ စိတ်နာတယ်၊ သူပြောတာတွေကြားရတော့လဲ သနားမိပြန်တယ်'

မျိုးခက် သက်ပြင်းချမိသည်။

'ဟင်း....'

'ကိုမျိုးကိုလဲ မုန်းကြည့်တယ်၊ စိတ်နာကြည့်မိတယ်'

'ရလား'

'မရဘူး ကိုမျိုးရယ်၊ မျက်ရည်ပဲကျတယ်၊ ခင်စန္ဒီက သူ့အဖြစ်အပျက်ကိုပြောပြလို့ အားလုံးသိပြီးပါပြီ၊ ကိုမျိုးကို ချစ်ချစ် ခွင့်လွှတ်ပါတယ် ကိုမျိုးရယ်၊ အမှန်တော့ ခင်စန္ဒီ မိုက်တာ'

'ကိုမျိုး မှားတာပါ'

'ကိုမျိုးဟာ ယောကျ်ားပဲ၊ ချစ်ချစ်အပေါ်ကို စောင့်ထိန်းခဲ့နိုင်ပေမယ့် ခင်စန္ဒီက လွန်လာတော့ အို....ချစ်ချစ် ဘာမှမပြောချင်တော့ဘူး၊ ဘယ်သူ့မှ အပြစ်မတင်ချင်ဘူး၊ အချစ်ဆိုတာ ချစ်နေရရင် ဘာမှမလိုတော့ဘူး'

'လိုတယ် ချစ်ချစ်၊ အချစ်မှာ အချစ်တစ်ခုတည်း ရှိလို့မရဘူး'

မြုံးပန်းတစ်ရာစာပေ

'ချစ်ချစ် မသိချင်တော့ဘူး၊ မပြောနဲ့၊ ချစ်ချစ် ပြောတာကို နားထောင်မလား'

'ဘာစကားကို ပြောမှာလဲ'

'ကိုမျိုး ဘဝတစ်ခုလုံးနဲ့ ပတ်သက်နေတဲ့ စကား'

ချစ်ချစ် စကားတွေက တည်သွားသည်။

မျက်နှာကလေးကလည်း တည်သွားသည်။

'ဘဝနဲ့ပတ်သက်တဲ့စကား ဟုတ်လား၊ ဘာစကားလဲ'

'အဖေမရှိတဲ့သားဆိုပြီး ကိုမျိုးဟာ ကိုမျိုးမေမေ ဒေါ်တင်မျိုးဆွေကို နာကြည်းခဲ့တယ်မဟုတ်လား ဟင်'

မျိုးခက်ရင်ထဲတွင် လှုပ်ခတ်သွားရသည်။

ချစ်ချစ်နှင့် မေမေတို့ သိကျွမ်းနေခဲ့ကြမှန်း သူ လုံးဝမသိခဲ့။ ချစ်ချစ်က ဆွေးမြည့်သံကလေးနှင့် ပြောသည်။

'ဗကယ်တော့ အန်တီ တင်မျိုးဆွေက ကိုမျိုးကို အသက်လောက် ချစ်ရှာပါတယ်၊ ကိုမျိုးအတွက် ချစ်ချစ်ကတစ်ဆင့် ငွေငါးသောင်း လာပေးရှာသေးတယ်၊ အဘ ဦးနန္ဒနဲ့ တိုင်ပင်ပြီး ကိုမျိုးကို မပေးရဲလို့ အန်တီ တင်မျိုးဆွေကို ပြန်ပေးလိုက်ရတယ် ကိုမျိုး'

ချစ်ချစ်သည် ကိုမျိုးနေသော မြပြင်ရွာ အုန်းတောထဲမှ အိမ်လှလှကလေးသို့ ဒေါ်တင်မျိုးဆွေ ရောက်ရှိပြီး သူမနှင့် တွေ့ဆုံပုံများကို ပြောပြလိုက်သည်။

သားမျက်နှာကို ကွယ်ရာကကြည့်ရှာရသည့် ဒေါ်တင်မျိုးဆွေ၏ ရင်နင့်စဖွယ် အကြောင်းကလေးတွေကို ကိုမျိုးအား အသိပေးလိုက်မိသည်။





မေမေ့ကို မျိုးခက် သနားသွားမိသည်။

မိခင်၏ မေတ္တာကို ခံစားရလာသည်။

'အန်တီ တင်မျိုးဆွေဟာ သူအသက်လောက်ချစ်ရတဲ့ လူတစ်ယောက်အတွက် သူ့ဘဝတစ်ခုလုံးကို မြှုပ်နှံပြီး အနှစ် နှစ်ဆယ်လုံးလုံး ဒုက္ခခံခဲ့တဲ့ သစ္စာရှင်မကြီးပါ ကိုမျိုးရယ်'

'ဘာ'

'ကိုမျိုးမှာ ဖေဖေရှိတယ်၊ သူဟာ တိုင်းပြည် အတွက် အသက်ကို ပမာန မထားဘဲ တိုက်ပွဲဝင်ခဲ့တဲ့ သူရဲကောင်းတစ်ယောက် ဖြစ်သလို သူ့စိတ်ထားဟာ အင်မတန် မြင့်မြတ်ဖြူစင်ပါတယ်၊ ကိုမျိုးရဲ့ အဖေကို စိတ်မနာပါနဲ့'

'ဘာဖြစ်လို့လဲ ချစ်ချစ်'

'သူဟာ သူ့အဖြစ်ကို လုံးဝ မသိခဲ့ဘူး ကိုမျိုး၊ သူ့မှာ သားတစ်ယောက် ရှိတယ်၊မယားတစ်ယောက် ရှိတယ်ဆိုတာ လုံးဝကို မသိခဲ့ရှာပါဘူး ကိုမျိုးရယ်၊ အန်တီ တင်မျိုးဆွေနဲ့ ကိုမျိုးရဲ့ ဖေဖေဟာ အဲလိုမျိုး မသိနိုင်တဲ့အခြေအနေမှာ တွေ့ခဲ့ကြတယ်၊ မှားခဲ့ကြတယ်၊ ကိုမျိုးကို သားတစ်ယောက် အဖြစ် သတ္တိရှိရှိမွေးခဲ့တာ၊ လူ့လောကထဲကို ပို့ခဲ့တာဟာ ကိုမျိုးရဲ့ မေမေ သစ္စာရှင်မကြီးပါ'

မျိုးခက် မျက်လုံးတွေ ပြာသွားသည်။

ရေလှိုင်းကြီးတွေ ပျောက်သွားသည်။

ကျောက်ဆောင်ကြီးတွေ ကြေသွားသည်။

ကမ္ဘာမြေကြီးသည် နှစ်ဆယ့်လေးနာရီ လျှင် တစ်ပတ်လည်နေရာမှ ရုတ်တရက် ဆောင့်ရပ်လိုက်သလို အာကာသထဲသို့

သူ့အာရုံတွေ ပျံ့လွင့်သွားသည်။ သူက တစ်ခွန်းချင်း တည်ငြိမ်စွာ မေးသည်။

'အဖေ ဘယ်သူလဲ'

'ချစ်ချစ် မပြောရဲဘူး'

မျိုးခက်သည် လက်နှစ်ဖက်ကို ခါးတွင်ထောက်၍ ပေါင်ကားရပ်လိုက်သည်။

ကောင်းကင်ကို မျှော်ကြည့်သည်။

သို့ပေမယ့် ကောင်းကင်ကို မမြင်။

ရုပ်သွင်တစ်ခုက သူ၏အာရုံပျံ့လွင့်ခြင်း Distraction of Attention ၌ ပေါ်လွင်လာသည်။

လူသည် အင်မတန်ဆန်းကြယ်သည်။

လူသည် သူနှင့်ထိတွေ့သိမြင်ပတ်သက်ခဲ့ရသော ပတ်ဝန်းကျင်၊ ရုပ်လွှာ၊ စကားအပြောအဆို၊ အရွယ်အစား၊ ပုံ Figure နှင့် အဓိပ္ပာယ်တို့ကို အမြဲတစေတုံ့ပြန်နေကြရသည်။

'အာရုံသိမှု Perception သည် ရတောင့်ရခဲသော်လည်း သူ့ဘဝမှာ အဖေမရှိဟူသော အရိပ်မည်းကြီးက စိုးမိုးခဲ့သဖြင့် သူ့အဖေ၏ရုပ်သွင်ကို သူ့အမြင်တွင် မိုက်မဲကြမ်းတမ်းသော သတ္တဝါကြီးကဲ့သို့ မြင်ခဲ့မိသည်။

ယခု....

သူ့အဖေသည် သူရဲကောင်း။

စိတ်ထားမွန်မြတ်သည့် ယောကျ်ား။

သူ့ကို သားမှန်းမသိ။ သမီးရှိမှန်းလည်း မသိ။

သူ့အဖေ ရှိနေသည်။





သူ့အဖေ၏ရုပ်သွင်သည် သူ၏ အာရုံသိမှုပေါ်တွင် ထင်ဟပ်လာသည်။

သူ့အာရုံစိတ်တွင် စိတ်ပုံရိပ် ပေါ်ရုပ် Mental Image တစ်ခု ထင်ဟပ်လာသည်။

ထိုသူသည် သူ့အဖေ။

'ချစ်ချစ်'

'ရှင်....ကိုမျိုး'

'ကိုမျိုး သွားတော့မယ်၊ စနေနေ့ည ကိုးနာရီ တိတိမှာ ကျောက်တံတား ပင်လယ်ကမ်းစပ်က စောင့်နေ'

'ဟုတ်ကဲ့ ကိုမျိုး'

'မငိုနဲ့'

'ငိုတော့ ငိုပါရစေ ကိုမျိုးရယ်'

'သတ္တိရှိစမ်းပါ'

'သတ္တိရှိလို့ပေါ့၊ မရှိရင် အသည်းနှစ်ခြမ်းဖြန်းခနဲကွဲထွက်သွားမှာ သေချာတယ်၊ သိလား'

'ကိုမျိုးကိုချစ်ရင် ဒါတွေမပြောပါနဲ့လား ချစ်ချစ်ရယ်၊ ကိုမျိုးသွားတော့မယ်နော်'

ခေါင်းကလေးညိတ်သည်။

မျက်လုံးကလေး ညိတ်သည်။

နှုတ်ခမ်းကလေး ညိတ်သည်။

မျိုးခက်သည် ကျောက်ဆောင်ပေါ်သို့ ခုန်တက်လိုက်ပြီး ကျောက်ဆောင်အောက်ရှိ စပီဘုတ်ပေါ်သို့ လွှားခနဲခုန်ချလိုက်သည်။

ချစ်ချစ်ကို ပြုံး၍ နှုတ်ဆက်သည်။

ချစ်ချစ်က ကျောက်ဆောင်ပေါ်မှ လက်ကလေး ပြပြီး ပြုံးသည်။

ချစ်ချစ် နှလုံးသားထဲက အပြုံးကလေးတစ်ခု။

အပြုံးကလေးနှစ်ခုသည် တစ်နေရာ၌သွား၍ ဆုံစည်းကြပါသည်။

ထိုနေရာကလေး၌....

အချစ်ကလေးတွေ ကုဋေကုဋာမက ရှိပါသည်။

ရှင်ကြည်ချမ်းမြေ့ကြပါစေ။

ဆွေလှိုင်ဦး